မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily

ငြိမ်းချမ်းစွာနေနိုင်အောင် အားထုတ်

ဤလောက၌ ရန်တုံ့မူခြင်းဖြင့် ထိုရန်တို့သည် မည်သည့်အခါမှ မငြိမ်းကုန်၊ ရန်တုံ့မမူသည်းခံခြင်းဖြင့်သာ ရန်တို့သည် ငြိမ်းကုန်၏။ လူ့ဘောင်လောက၌ ထာဝရမှန်ကန်နေသော ဓမ္မတာသဘော တစ်ခုဖြစ်၍ ဘေးရန်မရှိ နေလိုသူများ၊ ကြုံတွေ့နေရသည့်ရန်ကို ပြေငြိမ်းလိုသူများသည် ရန်မရှိအောင်နေခြင်းဖြင့် ငြိမ်းချမ်းစွာ နေနိုင်အောင် အားထုတ်ကြရမည်ဖြစ်၏။ **ယမကဝဂ်(ဓမ္မပဒ - ၅)**

၁၃၇၉ ခုနှစ်၊ တန်ခူးလဆန်း ၁၄ ရက် ၂၀၁၈ ခုနှစ်၊ မတ် ၃၀ ရက်၊ သောကြာနေ့ အတွဲ (၅၇)၊ အမှတ် (၁၈၁)

အစိုးရသက်တမ်း နှစ်နှစ်ပြည့်မြောက်ပြီ

နိုင်ငံတော်ရဲ့ ဦးစားပေးလုပ်ငန်းတစ်ရပ်

တရားဥပဒေစိုးမိုးရေးနဲ့ တရားမျှတမှုကဏ္ဍ ပြုပြင်ပြောင်းလဲမှုဟာ နိုင်ငံတော်ရဲ့ ဦးစားပေးလုပ်ငန်း တစ်ရပ်ဖြစ်ပြီး နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနဲ့ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အရေးပါတဲ့ လုပ်ငန်းစဉ်လည်း ဖြစ်ပါတယ်။

(၇-၃-၂၀၁၈ ရက်နေ့တွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန (၂)၌ ကျင်းပသည့် တရားဥပဒေ စိုးမိုးရေးအတွက် တရားမျှတမှုဆိုင်ရာ ပေါင်းစပ်ညှိနှိုင်းရေးညီလာခံတွင် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ပြောကြားသည့်မိန့်ခွန်းမှ ကောက်နုတ်ချက်)

ပြည်ထောင်စုလွှတ်တော်တွင် နိုင်ငံတော်သမ္မတ ဦးဝင်းမြင့် ကတိသစ္စာပြုခြင်းနှင့် မိန့်ခွန်းပြောကြားခြင်းအစီအစဉ် တိုက်ရိုက်ထုတ်လွှင့်ပြသမည်

နေပြည်တော် မတ် ၂၉

၂၀၁၈ ခုနှစ်၊ မတ် ၃၀ ရက်တွင် ပြည်ထောင်စုလွှတ်တော်၌ ကျင်းပမည့် နိုင်ငံတော်သမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခံထားရသည့် ဦးဝင်းမြင့် ကတိသစ္စာပြုခြင်းနှင့် နိုင်ငံတော်သမ္မတက ပြည်ထောင်စုလွှတ်တော်တွင် မိန့်ခွန်းပြောကြားခြင်း အခမ်းအနား တိုက်ရိုက်ထုတ်လွှင့်မှု အစီအစဉ်ကို နံနက် ၉ နာရီ ၅၅ မိနစ်မှ စတင်၍ မြန်မာ့ရုပ်မြင်သံကြား(MRTV)၊ MRTV လွှတ်တော် Channel ၊ MITV ၊ mntv ၊ SKY Net Up to Date ၊ မြန်မာ့အသံရေဒီယို၊ MOI Webportal Myanmar Facebook ၊ MRTV Facebook နှင့် Myanmar Digital News Facebook တို့မှ တိုက်ရိုက် ထုတ်လွှင့်ပြသသွားမည်ဖြစ်ကြောင်း သိရှိရသည်။ **သတင်းစဉ်**

နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် တရုတ်ပြည်သူ့နိုင်ငံရေးအတိုင်ပင်ခံကွန်ဖရင့် အမျိုးသားကော်မတီ ဒုတိယဥက္ကဋ္ဌနှင့်အဖွဲ့အား လက်ခံတွေ့ဆုံ

နေပြည်တော် မတ် ၂၉

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် တရုတ်ပြည်သူ့နိုင်ငံရေး အတိုင်ပင်ခံကွန်ဖရင့် အမျိုးသားကော်မတီ ဒုတိယဥက္ကဋ္ဌ၊ မကာအို အထူးကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ အုပ်ချုပ်ရေးမှူးဟောင်း Mr. Edmund Ho Hau Wah ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား ယနေ့ နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ

စာမျက်နှာ ၃ ကော်လံ ၁ ❁

နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် တရုတ်ပြည်သူ့နိုင်ငံရေးအတိုင်ပင်ခံ ကွန်ဖရင့် အမျိုးသားကော်မတီ ဒုတိယဥက္ကဋ္ဌ Mr. Edmund Ho Hau Wah ဦးဆောင်သည့် ကိုယ်စားလှယ် အဖွဲ့အား လက်ခံတွေ့ဆုံစဉ်။ သတင်းစဉ်

ဒုတိယသမ္မတ ဦးမြင့်ဆွေ တရုတ်ပြည်သူ့နိုင်ငံရေးအတိုင်ပင်ခံကွန်ဖရင့် အမျိုးသားကော်မတီ ဒုတိယဥက္ကဋ္ဌနှင့် အဖွဲ့အား တွေ့ဆုံ ယဉ်ကျေးမှုဖလှယ်ရေးနှင့် ခရီးသွားလာရေးကဏ္ဍတွင် ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်ရေး ဆွေးနွေး

၈ > ၃

မြန်မာ့အလင်း

သီးနှံအာမခံစနစ်

သီးနှံအာမခံစနစ်ကို တောင်သူလယ်သမားတို့အတွက် ကမ္ဘာ့နိုင်ငံများစွာ၌ အကောင်အထည်ဖော် ဆောင်ရွက်ကြပါသည်။ မိုးခေါင်ခြင်းနှင့် ရေကြီးခြင်းကဲ့သို့သော သဘာဝဘေးအန္တရာယ်တို့ကြောင့်ဖြစ်ပေါ်သည့် ကောက်ပဲသီးနှံတို့ ပျက်စီးဆုံးရှုံးခြင်းအန္တရာယ်မှ ကာကွယ်သက်သာစေရန် တောင်သူလယ်သမားတို့သည် သီးနှံအာမခံကို ဝယ်ယူကြပါသည်။ ထို့အပြင် မမျှော်လင့်ထားသော ကောက်ပဲသီးနှံဈေးနှုန်းတို့ ကျဆင်းခြင်းအန္တရာယ်မှ ကာကွယ်သက်သာစေရန် တောင်သူလယ်သမားတို့သည် သီးနှံအာမခံကို ဝယ်ယူကြပါသည်။

အမေရိကန်ပြည်ထောင်စု၌ ဘက်ပေါင်းစုံသီးနှံအာမခံစနစ်ကို **Risk Management Agency** က စီမံခန့်ခွဲပါသည်။ သို့သော် တောင်သူလယ်သမားတို့အား သီးနှံအာမခံ တိုက်ရိုက်ရောင်းချခြင်းကို ပုဂ္ဂလိကကုမ္ပဏီတို့ကသာ ဆောင်ရွက်ပါသည်။ မျှော်လင့်မထားသော ပမာဏများပြားသည့် အာမခံလျော်ကြေးတို့အား ပေးနိုင်စွမ်းမရှိသည့် အခြေအနေမျိုးကို ရှောင်လွှဲနိုင်ရန် **Federal Crop Insurance Corporation** က အာမခံကုမ္ပဏီတို့အတွက် ထပ်ဆင့်အာမခံစနစ်ကို ဖန်တီးထားပါသည်။ အမေရိကန်ပြည်ထောင်စု၌ စီးပွားပျက်ကပ်အပြီး ၁၉၃၈ ခုနှစ်တွင် တောင်သူလယ်သမားတို့အနေဖြင့် ရင်ဆိုင်ရလျက်ရှိသော အခက်အခဲတို့ကို ကျော်လွှားနိုင်စွမ်းရှိစေရန် သီးနှံအာမခံစနစ်ကို စတင်ကျင့်သုံးခဲ့ပါသည်။ ထိုကဲ့သို့ စတင်ကျင့်သုံးစဉ် တောင်သူလယ်သမားတို့ထံ သီးနှံအာမခံစနစ်ကို ကျယ်ကျယ်ပြန့်ပြန့် ရောင်းချနိုင်စွမ်းမရှိခဲ့သည်ကို တွေ့ရှိရပါသည်။ ၁၉၈၀ ကျော်ကာလများတွင် အမေရိကန်အစိုးရက တောင်သူလယ်သမားတို့ ပေးချေရသည့် အာမခံထည့်ဝင်ကြေး၏ တစ်စိတ်တစ်ပိုင်းကို ပံ့ပိုးထောက်ပံ့မှု ပြုလုပ်ခဲ့သောအခါမှသာ သီးနှံအာမခံဝယ်ယူမှုကျယ်ပြန့်လာခဲ့ပါသည်။ ၁၉၉၄ ခုနှစ်တွင် အမေရိကန်ကွန်ဂရက်က အစိုးရထံမှ လယ်ယာစိုက်ပျိုးရေးဆိုင်ရာ ထောက်ပံ့မှုရယူသော လယ်သမားတိုင်း သီးနှံအာမခံဝယ်ယူရမည်ဟု ပြဋ္ဌာန်းခဲ့သောကြောင့် တောင်သူလယ်သမားတို့ကြား သီးနှံအာမခံဝယ်ယူမှု ပို၍ပို၍ ကျယ်ပြန့်လာခဲ့ပါသည်။

ယခုအခါ မြန်မာနိုင်ငံ၌ **Global World Insurance** ကုမ္ပဏီက စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၏ ခွင့်ပြုချက်ဖြင့် သီးနှံအာမခံစနစ်ကို မကွေး၊ မန္တလေး၊ ရောဝတီနှင့် ရန်ကုန်စသည့် တိုင်းဒေသကြီးလေးခုတွင် စမ်းသပ်အကောင်အထည်ဖော်ရန် ပြင်ဆင်ဆောင်ရွက်နေပြီဖြစ်ပါသည်။ ဤစမ်းသပ်ကာလကို နိုင်ငံတကာ၏ ကျင့်ထုံးများနှင့်အညီ နှစ်နှစ်အဖြစ် သတ်မှတ်ထားပါသည်။ အဆိုပါ သီးနှံအာမခံစနစ်ကို တစ်ဧက သီးနှံအထွက်နှုန်းအပေါ်အခြေခံ၍ အကောင်အထည်ဖော်မည်ဖြစ်ပါသည်။ ရာသီဥတု၊ သဘာဝဘေးအန္တရာယ်တို့ကြောင့် သီးနှံထွက်နှုန်းလျော့ကျဆုံးရှုံးမှုရှိပါက ဤသီးနှံအာမခံစနစ်က တောင်သူလယ်သမားတို့၏ ဆုံးရှုံးနစ်နာမှုကို ဖြေလျှော့ပေးမည်ဖြစ်ပါသည်။ အာမခံဈေးနှုန်း (ပရီမီယံနှုန်း)ကို တစ်ဧကလျှင် ပျမ်းမျှရရှိမည့် သီးနှံကာလပေါက်ဈေး၏ နှစ်ရာခိုင်နှုန်း(သို့မဟုတ်) ၂ ဒသမ ၅ ရာခိုင်နှုန်းသတ်မှတ်ရန် သုံးသပ်လျက်ရှိပါသည်။ ယခုအခါ **Global World Insurance** ကုမ္ပဏီသည် သီးနှံအာမခံစနစ်ကို စမ်းသပ်အကောင်အထည်ဖော်ရန် မကွေးတိုင်းဒေသကြီးအစိုးရ၊ စိုက်ပျိုးရေးဦးစီးဌာနတို့နှင့် နားလည်မှုသဘောတူစာချုပ်ချုပ်ဆိုနိုင်ရန် ညှိနှိုင်းဆွေးနွေးလျက်ရှိပါသည်။ တောင်သူလယ်သမားတို့အား အသိပညာပေးခြင်းအပါအဝင် လွှတ်တော်နှင့် အစိုးရပိုင်းဆိုင်ရာ ပံ့ပိုးကူညီမှုတို့အတွက် ကျယ်ကျယ်ပြန့်ပြန့် ဆက်လက်ညှိနှိုင်းရဦးမည်ဖြစ်သော်လည်း တောင်သူလယ်သမားတို့အတွက် များစွာအကျိုးရှိစေမည့် သီးနှံအာမခံစနစ် အကောင်အထည်ဖော်နိုင်ရေးအတွက် ကြိုးပမ်းဆောင်ရွက်ခဲ့သည့် ဌာနဆိုင်ရာအဖွဲ့အစည်းများနှင့် **Global World Insurance** ကုမ္ပဏီတို့အား ဂုဏ်ပြုကြိုဆိုပါကြောင်း လေးစားစွာတင်ပြအပ်ပါသည်။ ။

ဓမ္မာစရိယစာမေးပွဲ အဌမနေ့နှင့် ပါဠိပထမပြန်စာမေးပွဲ ဒုတိယနေ့ ကျင်းပ

နေပြည်တော် မတ် ၂၉

သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန၊ သာသနာရေးဦးစီးဌာနက ကြီးမှူး၍ နှစ်စဉ်ကျင်းပပြုလုပ်သော ၂၀၁၈ ခုနှစ် ဓမ္မာစရိယစာမေးပွဲကို ယနေ့ မွန်းတည့် ၁၂ နာရီမှ ညနေ ၄ နာရီအထိ နိုင်ငံတစ်ဝန်းလုံးရှိ စာဖြေဌာန ၅၂ ဌာနတို့၌ (အဌမနေ့)အဖြစ် လည်းကောင်း၊ မွန်းတည့် ၁၂ နာရီမှ မွန်းလွဲ ၃ နာရီအထိ ပါဠိ ပထမပြန် စာမေးပွဲကို နေပြည်တော်၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ စာဖြေဌာန ၂၄၂ ဌာနတို့၌ (ဒုတိယနေ့)အဖြစ် လည်းကောင်း ဖြေဆိုကြသည်။

ဓမ္မာစရိယ အဌမနေ့ကို စာရင်းသွင်းသံဃာနှင့် သီလရှင်စုစုပေါင်း စာရင်းသွင်း ၂၉၈ ပါးအနက် ၁၇၇ ပါး ဖြေဆိုကြသဖြင့် ၅၉ ဒသမ ၄၀ ရာခိုင်နှုန်း ဖြေဆိုကြပြီး ပါဠိပထမပြန်စာမေးပွဲ(ပထမကြီး၊ ပထမလတ်၊ ပထမငယ်၊ အခြေပြုမူလ) ဒုတိယနေ့ကို စာရင်းသွင်း သံဃာနှင့် သီလရှင် စုစုပေါင်း ၅၇၄၉၇ ပါး အနက် ၄၇၅၁၁ ပါး ဖြေဆိုကြပြီး ၈၂ ဒသမ ၆၃ ရာခိုင်နှုန်း ဖြေဆိုကြကြောင်း သာသနာရေးဦးစီးဌာနမှ သိရသည်။

သတင်းစဉ်

စိုက်ပျိုးရေးတက္ကသိုလ်ဘွဲ့ရ ကျောင်းသားဟောင်းများအသင်း၏ စကားဝိုင်းဆွေးနွေးပွဲ ကျင်းပမည်

နေပြည်တော် မတ် ၂၉

စိုက်ပျိုးရေးတက္ကသိုလ်ဘွဲ့ရ ကျောင်းသားဟောင်းများအသင်း AUAA ရန်ကုန်ရုံးခွဲက စီစဉ်သည့် စကားဝိုင်းဆွေးနွေးပွဲကို Market Oriented Agriculture **"ဈေးကွက်ဝင်သီးနှံစိုက်ပျိုးထုတ်လုပ်ခြင်း"** ခေါင်းစဉ်ဖြင့် မတ် ၃၁ ရက် နံနက် ၉ နာရီမှ ၁၁ နာရီအထိ စိုက်ပျိုးရေးဦးစီးဌာန မျိုးစေ့ဌာနခွဲ ကြို့ကုန်းတွင် ကျင်းပသွားမည်ဖြစ်သည်။

အဆိုပါ ဆွေးနွေးပွဲတွင် ဦးကျော်ကျော်(ရန်ကုန်တိုင်းစိုက်ပျိုးရေးဦးစီးမှူး)၊ ဒေါက်တာဥမ္မာခိုင်၊ ဦးသက်ဦး၊ ဦးပြည်စိုး၊ ဒေါက်တာဇော်ဝင်းမင်းတို့နှင့် စောနန္ဒာအောင်(ပြည်သူ့အရေးဂျာနယ်၏ ပင်တိုင်ဆောင်းပါးရှင်) တို့က ရှုထောင့်အသီးသီးမှ ဆွေးနွေးကြမည်ဖြစ်ပြီး မည်သူမဆို တက်ရောက်နိုင်ကြောင်း သိရသည်။ **သတင်းစဉ်**

ဆရာဇော်ဂျီ ရာပြည့်စာကြည့်တိုက်၏ မြန်မာစာဂုဏ်ထူးဆုနှင့် ဆရာဇော်ဂျီဆု ချီးမြှင့်မည်

ဖျာပုံ မတ် ၂၉

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံခရိုင် ဖျာပုံမြို့ရှိ ဆရာဇော်ဂျီရာပြည့်စာကြည့်တိုက်မှ နှစ်စဉ် ချီးမြှင့်မြဲဖြစ်သော ဆရာဇော်ဂျီရာပြည့်စာကြည့်တိုက် မြန်မာစာ ဂုဏ်ထူးဆုနှင့် ဆရာဇော်ဂျီမိသားစု၏ ဆရာဇော်ဂျီဆုချီးမြှင့်ပွဲ အခမ်းအနားကို ဧပြီ ၇ ရက် မွန်းလွဲ ၁ နာရီတွင် ဆရာဇော်ဂျီရာပြည့်စာကြည့်တိုက် တိုးချဲ့ဆောင်သစ်၌ စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

မြန်မာစာဂုဏ်ထူးဆု

ကျောင်းသားလူငယ်များ မြန်မာစာပေကို လေးစားတန်ဖိုးထား ချစ်မြတ်နိုးစေရေး၊ မြန်မာစာပေဖွံ့ဖြိုးတိုးတက်ရေး၊ ဖျာပုံသား ဆရာဇော်ဂျီကို ဂုဏ်ယူလေးစား အတုယူလာနိုင်စေရန် ရည်ရွယ်၍ နှစ်စဉ် ဆရာဇော်ဂျီရာပြည့်စာကြည့်တိုက်၏ မြန်မာစာ ဂုဏ်ထူးဆုများကို ချီးမြှင့်ရခြင်းဖြစ်ကြောင်း စာကြည့်တိုက် ကော်မတီဥက္ကဋ္ဌ ဦးသိန်းထွန်းက ပြောသည်။

၁၀နှစ်ပြည့်မြောက်

ဆရာဇော်ဂျီ ရာပြည့်စာကြည့်တိုက်သည် ဖျာပုံမြို့ဇာတိအမျိုးသားစာဆို ဆရာဇော်ဂျီကို ဂုဏ်ပြုသောအားဖြင့် ဆရာကြီး၏ဇာတိမြေ ဖျာပုံမြို့၌ ၂၀၀၈ ခုနှစ် ဧပြီ ၇ ရက်က စတင်တည်ထောင်ဖွင့်လှစ်လာခဲ့ရာ ယခုနှစ် ဧပြီ ၇ ရက်တွင် စာကြည့်တိုက် တည်ထောင်ဖွင့်လှစ်ခြင်း ၁၀ နှစ်တင်းတင်း ပြည့်မြောက်တော့မည်ဖြစ်သည်။

ဆရာဇော်ဂျီ ရာပြည့်စာကြည့်တိုက်၏ မြန်မာစာဂုဏ်ထူးဆုကို နှစ်စဉ် တက္ကသိုလ်ဝင်တန်းစာမေးပွဲတွင် ဖျာပုံမြို့နယ် စာစစ်ဌာနများမှ မြန်မာစာဂုဏ်ထူးဖြင့် အောင်မြင်ခဲ့ကြသူများကို ရွေးချယ်၍ ချီးမြှင့်နေခြင်းဖြစ်ပြီး ယခုနှစ်ဆိုလျှင် မြန်မာစာဂုဏ်ထူးရှင် ၂၁ ဦးအား ဆရာဇော်ဂျီ ရာပြည့်စာကြည့်တိုက်မှ ဂုဏ်ပြုဆုတံဆိပ်နှင့် ဆုငွေများချီးမြှင့်သွားမည်ဖြစ်ကြောင်း သိရသည်။

ဆက်သွယ်ပေးကြရန်

ထို့အပြင် ဆရာဇော်ဂျီ၏ ကျန်ရစ်သူမိသားစုကလည်း အဆိုပါ မြန်မာစာဂုဏ်ထူးရှင်များထဲမှ မြန်မာစာရမှတ်အများဆုံး ရရှိသူတစ်ဦးကို ရွေးချယ်၍ ဆရာဇော်ဂျီဆုအဖြစ် ရွှေတံဆိပ်ဆုနှင့် ဆုငွေကျပ် ငါးသောင်းတိတိ ပေးအပ်ချီးမြှင့်မည်ဖြစ်ရာ ဖျာပုံမြို့နယ်အတွင်းမှ ၂၀၁၇ ခုနှစ် တက္ကသိုလ်ဝင်တန်းစာမေးပွဲတွင် မြန်မာစာဂုဏ်ထူးရရှိခဲ့ကြသော ကျောင်းသား ကျောင်းသူများ အနေဖြင့် စာကြည့်တိုက်ကော်မတီ ဖုန်း ၀၉-၄၂၂ ၄၈၉၀၉ သို့ ဆက်သွယ်ပေးကြပါရန် စာကြည့်တိုက်ကော်မတီက နှိုးဆော်ထားသည်။

သူဇာနွယ်(ဖျာပုံ)

ရွှေ ၊ ငွေ ၊ စက်သုံးဆီနှင့် နိုင်ငံတကာသုံး ငွေကြေးပေါက်ဈေးနှုန်း

ခင်ရတနာ-စုစည်းသည်။

၂၉-၃-၂၀၁၈

ရွှေဈေးနှုန်း (အောင်သမာဓိရွှေဆိုင်)

ရန်ကုန်	၁၆ ပဲရည်	တစ်ကျပ်သား	ကျပ် ၉၄၀၀၀၀
ရန်ကုန်	၁၅ ပဲရည်	တစ်ကျပ်သား	ကျပ် ၈၈၄၇၀၀
မန္တလေး	၁၆ ပဲရည်	တစ်ကျပ်သား	ကျပ် ၉၄၀၅၀၀

စက်သုံးဆီဈေးနှုန်း (စက်သုံးဆီအသင်း)

ဒီဇယ်	၈၀၅/၈၁၅ ကျပ်	(လက်လီဈေး)
အောက်တိန်း ၉၂	၇၇၅/၇၈၅ ကျပ်	(လက်လီဈေး)
အောက်တိန်း ၉၅	၈၂၅/၈၃၀ ကျပ်	(လက်လီဈေး)
ပရီမီယံဒီဇယ်	၈၂၀/၈၃၀ ကျပ်	(လက်လီဈေး)

နိုင်ငံတကာ ငွေကြေးဈေးနှုန်း (ဗဟိုဘဏ်)

အမေရိကန်	တစ်ဒေါ်လာ	၁၃၃၅ ·၀
ဥရောပ	တစ်ယူရို	၁၆၄၄ ·၆
စင်ကာပူ	တစ်ဒေါ်လာ	၁၀၁၇ ·၇
ဂျပန်	ယန်း (၁၀၀)	၁၂၅၁ ·၂
ထိုင်း	တစ်ဘတ်	၄၂ ·၇
အိန္ဒိယ	တစ်ရူပီး	၂၀ ·၄
တရုတ်	တစ်ယွမ်	၂၁၁ ·၉
မလေးရှား	တစ်ရင်းဂစ်	၃၄၅ ·၁

မြန်မာ့အလင်း
၁၂၇၅ ခုနှစ်က တည်ထောင်သည်။
Myanma Alinn Daily

စာတည်းမှူးချုပ် - အောင်နိုင်ဦး
စာတည်းမှူး - ဝင်းရွှေ
စာတည်းမှူး - မြင့်ဆွေ(သတင်းထောက်ချုပ်)
စာတည်းများ - မြင့်စိုး၊ ကြည်ဝင်း၊ ဝင်းကျော်၊ ချိုးစန္ဒီနွေး၊ ကလျာမိုးမြင့်

အကြီးတန်းသတင်းထောက်များ - ကျော်သူဝင်း၊ ခင်ရတနာ၊ သိမ့်သိမ့်မိုး၊ ဇူလိုင်မိုး၊ စိန်လွင်အောင်၊ တင်စိုး(ခတ်ပုံ)
အငယ်တန်းသတင်းထောက်များ - တင်လင်းအောင်၊ တင်မောင်လွင်၊ ဇင်ဦး၊ နေဝင်းထွန်း(၂)၊ ဟိန်းထက်ဇော်၊ ဝေသူနွယ်
ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)၊ ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

မြန်မာ့အလင်း
mmalin.npt @ gmail.com,
www. facebook.com/MYANMAALINNNEWS
နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၆၊ ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။

MYANMAR DigitalNews
Presented by NPE
www.mdn.gov.mm

❀ ရှေ့ဖုံးမှ

နိုင်ငံတော် သမ္မတအိမ်တော် သံတမန်ဆောင် ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် ပညာရေး၊ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး၊ ခရီးသွားလုပ်ငန်း၊ ရုပ်ရှင်လုပ်ငန်း၊ ရင်းနှီးမြှုပ်နှံမှုနှင့် ကုန်သွယ်ရေးဆိုင်ရာ ကိစ္စရပ်များ အပါအဝင် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာကိစ္စရပ်များကို ဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲသို့ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်နှင့်အတူ ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့်၊ ဦးအုန်းမောင်နှင့် ဦးကျော်တင်၊ ဒုတိယဝန်ကြီး ဦးဆက်အောင်နှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး တရုတ်ပြည်သူ့နိုင်ငံရေး အတိုင်ပင်ခံကွန်ဖရင့် အမျိုးသားကော်မတီ ဒုတိယဥက္ကဋ္ဌနှင့်အတူ မြန်မာနိုင်ငံဆိုင်ရာ တရုတ်သံအမတ်ကြီး မစ္စတာဟုန်လျန်လည်း တက်ရောက်သည်။

သတင်းစဉ်

မြန်မာနိုင်ငံပြန်တမ်း

အမြဲတမ်းအတွင်းဝန်အဖြစ် တာဝန်ပေးအပ်ခြင်း

ပြည်ထောင်စု အစိုးရအဖွဲ့သည် အမျိုးသားလွှတ်တော်ရုံး၊ ညွှန်ကြားရေးမှူးချုပ် ဦးလွင်ဦးအား အမြဲတမ်းအတွင်းဝန် တာဝန်များကို ထမ်းဆောင်ရန် တာဝန်ပေးအပ်လိုက်သည်။

ဒုတိယသမ္မတ ဦးမြင့်ဆွေ တရုတ်ပြည်သူ့နိုင်ငံရေးအတိုင်ပင်ခံကွန်ဖရင့် အမျိုးသားကော်မတီ ဒုတိယဥက္ကဋ္ဌနှင့်အဖွဲ့အား တွေ့ဆုံ

ယဉ်ကျေးမှုဖလှယ်ရေးနှင့် ခရီးသွားလာရေးကဏ္ဍတွင် ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်ရေး ဆွေးနွေး

ဒုတိယသမ္မတ ဦးမြင့်ဆွေ တရုတ်ပြည်သူ့နိုင်ငံရေးအတိုင်ပင်ခံကွန်ဖရင့် အမျိုးသားကော်မတီ ဒုတိယဥက္ကဋ္ဌ၊ မကာအိုအထူးကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ အုပ်ချုပ်ရေးမှူးဟောင်း Mr. Edmund Ho Hau Wah ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံစဉ်။ သတင်းစဉ်

နေပြည်တော် မတ် ၂၉

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဦးမြင့်ဆွေသည် တရုတ်ပြည်သူ့နိုင်ငံရေး အတိုင်ပင်ခံကွန်ဖရင့် အမျိုးသားကော်မတီ ဒုတိယဥက္ကဋ္ဌ၊ မကာအိုအထူးကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ အုပ်ချုပ်ရေးမှူးဟောင်း Mr. Edmund Ho Hau Wah ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား ယနေ့ နံနက် ၁၁ နာရီခွဲတွင် နေပြည်တော်ရှိ ရွှေစံအိမ်ဟိုတယ်၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် မကာအိုအထူးကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသမှ မြန်မာနိုင်ငံတွင် ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှု ပိုမိုမြှင့်တင်ရေး၊ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေး၊ ယဉ်ကျေးမှုဖလှယ်ရေးနှင့် ခရီးသွားလာရေးကဏ္ဍတွင် ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်ရေးဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးကြသည်။

တွေ့ဆုံပွဲအပြီးတွင် ဒုတိယသမ္မတ ဦးမြင့်ဆွေသည် တရုတ်ပြည်သူ့နိုင်ငံရေးအတိုင်ပင်ခံ ကွန်ဖရင့် အမျိုးသားကော်မတီ ဒုတိယဥက္ကဋ္ဌ၊ မကာအိုအထူးကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ အုပ်ချုပ်ရေးမှူးဟောင်း Mr. Edmund Ho Hau Wah နှင့် အဖွဲ့အား အဆိုပါဟိုတယ်၌ နေ့လယ်စာဖြင့် တည်ခင်းဧည့်ခံသည်။

အဆိုပါတွေ့ဆုံပွဲနှင့် နေ့လယ်စာတည်ခင်းဧည့်ခံပွဲသို့ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဒေါက်တာသန်းမြင့်၊ ဦးအုန်းမောင်နှင့် ဦးကျော်တင်၊ ဒုတိယဝန်ကြီး ဦးဆက်အောင်၊ မြန်မာနိုင်ငံဆိုင်ရာ တရုတ်သံအမတ်ကြီး မစ္စတာဟုန်လျန်နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။ **သတင်းစဉ်**

မြန်မာနိုင်ငံဆိုင်ရာ ဂျော်ဂျီယာနိုင်ငံ သံအမတ်ကြီးအဖြစ် Mr. Nikoloz Apkhazava အား ခန့်အပ်ရန်သဘောတူ

နေပြည်တော် မတ် ၃၀

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရက Mr. Nikoloz Apkhazava အား ကွာလာလမ်ပူမြို့အခြေစိုက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ အထူးအာဏာကုန် လွှဲအပ်ခြင်းခံရသော ဂျော်ဂျီယာနိုင်ငံ သံအမတ်ကြီးအဖြစ် ခန့်အပ်ရန် သဘောတူညီပြီးဖြစ်သည်။

Mr. Nikoloz Apkhazava ကို ၁၉၇၁ ခုနှစ်၊ ဇူလိုင်လ ၆ ရက်နေ့တွင် ဂျော်ဂျီယာနိုင်ငံ၊ Zugdidi မြို့၌ မွေးဖွားခဲ့သည်။ ၎င်းသည် ၁၉၉၃ ခုနှစ်တွင် ဂျော်ဂျီယာနိုင်ငံ၊ Tbilisi Ivane Javakhishvili State University မှ နိုင်ငံတကာဥပဒေဘာသာရပ်ဖြင့် ဒီပလိုမာဘွဲ့ကို ရရှိခဲ့သည်။ ၁၉၉၈ ခုနှစ်မှ ၂၀၀၃ ခုနှစ်အထိ ဂျပန်နိုင်ငံ၊ ယိုကိုဟားမားတက္ကသိုလ်တွင် ပညာသင်ယူခဲ့ပြီး နိုင်ငံတကာနှင့် စီးပွားရေးဥပဒေမဟာဘွဲ့နှင့် နိုင်ငံတကာဥပဒေပါရဂူဘွဲ့တို့ကို ရရှိခဲ့သည်။ Mr. Nikoloz Apkhazava သည် ၁၉၉၃ ခုနှစ်၊ ဇူလိုင်လမှ အောက်တိုဘာလအထိ ဂျော်ဂျီယာလွှတ်တော်၊ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ကော်မရှင်တွင် ကျွမ်းကျင်ပညာရှင်အဖြစ် ဆောင်ရွက်ခဲ့ပြီး၊ စီးပွားရေးကုမ္ပဏီများတွင်လည်း ဥပဒေပညာရှင်အဖြစ် ဆောင်ရွက်ခဲ့သည်။ ၂၀၀၈ ခုနှစ်၊ အောက်တိုဘာလမှ ၂၀၁၁ ခုနှစ်၊ ဒီဇင်ဘာလအထိ တိုကျိုမြို့ရှိ ဂျော်ဂျီယာသံရုံးတွင် သံမှူးကြီးအဖြစ် လည်းကောင်း၊ ၂၀၁၂ ခုနှစ်၊ ဇန်နဝါရီလမှ ၂၀၁၇ ခုနှစ်၊ ဖေဖော်ဝါရီလအထိ ကိုရီးယားသမ္မတနိုင်ငံဆိုင်ရာ ဂျော်ဂျီယာနိုင်ငံသံအမတ်ကြီးအဖြစ် လည်းကောင်း၊ ၂၀၁၇ ခုနှစ်၊ ဧပြီလမှ လက်ရှိ အချိန်ထိ မလေးရှားနိုင်ငံဆိုင်ရာ ဂျော်ဂျီယာနိုင်ငံ သံအမတ်ကြီးအဖြစ်လည်းကောင်း တာဝန်ထမ်းဆောင်လျက်ရှိသည်။

Mr. Nikoloz Apkhazava သည် အိမ်ထောင်သည်တစ်ဦးဖြစ်သည်။

သတင်းစဉ်

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးလှသိန်း ဥရောပသမဂ္ဂသံအမတ်ကြီးနှင့်အဖွဲ့အား တွေ့ဆုံ

နေပြည်တော် မတ် ၂၉

ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးလှသိန်းသည် ဥရောပသမဂ္ဂ သံအမတ်ကြီး H.E. Mr. Kristian Schmidt နှင့်အဖွဲ့အား ယနေ့ နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင် ဥက္ကဋ္ဌရုံး၊ ဧည့်တွေ့ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။ **(ယာပုံ)**



ရှင်းလင်းပြောကြား

ထိုသို့တွေ့ဆုံရာတွင် ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌက ၂၀၁၈ ခုနှစ် ကြားဖြတ်ရွေးကောက်ပွဲအတွက် ကြိုတင်ပြင်ဆင်နေမှုနှင့် ၂၀၁၅ ခုနှစ် အထွေထွေ ရွေးကောက်ပွဲအတွက် ဥရောပသမဂ္ဂမှ ကူညီဆောင်ရွက်ပေးခဲ့မှုများအား ရှင်းလင်းပြောကြားရာ သံအမတ်ကြီးက ၂၀၂၀ ပြည့်နှစ် အထွေထွေ ရွေးကောက်ပွဲအတွက် ဆက်လက်ကူညီ ဆောင်ရွက်မည့် အစီအစဉ်အား ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ၂၀၁၅ ခုနှစ် အထွေထွေ ရွေးကောက်ပွဲအပြီး ရွေးကောက်ပွဲ လုပ်ငန်းစဉ်များအပေါ် EU-EOM မှ အကြံပြုချက်များနှင့် စပ်လျဉ်း၍ လည်းကောင်း၊ ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များနှင့် စပ်လျဉ်း၍ လည်းကောင်း ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြသည်။

တွေ့ဆုံပွဲသို့ ကော်မရှင်အဖွဲ့ဝင်များဖြစ်ကြသည့် ဦးအောင်မြင့်၊ ဦးစိုးရယ်၊ ဦးထွန်းခင်၊ ဦးလှတင့်၊ ဦးမြင့်နိုင်၊ ဦးသန်းဋ္ဌေးနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။ **သတင်းစဉ်**

Open Society Myanmar Foundation အမှုဆောင်ညွှန်ကြားရေးမှူးအား ပြည်ထောင်စုရှေ့နေချုပ် ဦးထွန်းထွန်းဦး လက်ခံတွေ့ဆုံ

နေပြည်တော် မတ် ၂၉

ပြည်ထောင်စုရှေ့နေချုပ် ဦးထွန်းထွန်းဦးသည် Open Society Myanmar Foundation အမှုဆောင်ညွှန်ကြားရေးမှူး Mr. James A. Goldston နှင့်အဖွဲ့အား ယနေ့ နံနက် ၁၁ နာရီတွင် ပြည်ထောင်စုရှေ့နေချုပ်ရုံး ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။ **(ဝဲပုံ)**

တွေ့ဆုံစဉ် ပြည်ထောင်စုရှေ့နေချုပ်က ဥပဒေကြမ်းများအပေါ် စိစစ်အကြံပြုခြင်း၊ နိုင်ငံတကာနှင့် ဒေသဆိုင်ရာစာချုပ်များအပါအဝင် စီးပွားရေးစာချုပ်စာတမ်းများအပေါ် စိစစ်အကြံပေးခြင်း၊ နိုင်ငံတော်ကိုယ်စား ပြစ်မှုဆိုင်ရာနှင့် တရားမမှုများတွင် လိုက်ပါဆောင်ရွက်ခြင်း၊ တရားဥပဒေစိုးမိုးရေးအတွက် သက်ဆိုင်ရာဌာနအဖွဲ့အစည်းများအကြား ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ခြင်း၊ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးရေးအတွက် ပြည်ပအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ခြင်းများကို ရှင်းလင်းပြောကြားပြီး တရားဥပဒေစိုးမိုးရေးလုပ်ငန်းများတွင် ပူးပေါင်းဆောင်ရွက်နိုင်မည့် လုပ်ငန်းများကို ဆွေးနွေးခဲ့ကြသည်။ **သတင်းစဉ်**

နိုင်ငံတော်သမ္မတအဖြစ် ဦးဝင်းမြင့်အား ရွေးချယ်တင်မြှောက်ခြင်းခံရသည့်အတွက် နိုင်ငံတကာမှ အကြီးအကဲများ၊ ခေါင်းဆောင်များက ဝမ်းမြောက်ကြောင်း သဝဏ်လွှာများပေးပို့

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတအဖြစ် ဦးဝင်းမြင့်အား ရွေးချယ်တင်မြှောက်ခြင်းခံရသည့်အတွက် နိုင်ငံတကာမှ အကြီးအကဲများ၊ ခေါင်းဆောင်များက ဝမ်းမြောက်ကြောင်း သဝဏ်လွှာများ ပေးပို့ခဲ့ကြသည်။

အိန္ဒိယသမ္မတနိုင်ငံ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတအဖြစ် ဦးဝင်းမြင့်အား ရွေးချယ်တင်မြှောက်ခြင်းခံရသည့်အတွက် အိန္ဒိယသမ္မတနိုင်ငံ သမ္မတ မစ္စတာ ရမ်နက်သ် ကိုဗင့်ဒ် က ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့ခဲ့သည်။

အဆိုပါ သဝဏ်လွှာတွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ၏ နိုင်ငံတော်သမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခြင်းခံရသည့် ကိစ္စနှင့်စပ်လျဉ်း၍ ကျွန်ုပ်အနေဖြင့် ဝမ်းမြောက်ဝမ်းသာနှုတ်ခွန်းဆက် ဆုမွန်ကောင်းတောင်းလိုက်ပါကြောင်း ဖော်ပြပါရှိပါသည်။

အိန္ဒိယနှင့် မြန်မာနိုင်ငံတို့သည် ခက်ခဲသည့်အချိန်များကို ကြံ့ကြံ့ခံကျော်ဖြတ်ပြီး ချစ်ကြည်ရင်းနှီးသည့်ပူးပေါင်းဆောင်ရွက်မှုများရှိခဲ့ပါကြောင်း၊ နှစ်နိုင်ငံကဏ္ဍများတွင် အကျိုးဖြစ်ထွန်းစေမည့် ပူးပေါင်းဆောင်ရွက်မှုများကို အတူတကွတိုးမြှင့်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံသည် ကဏ္ဍစုံဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများ၌ အိန္ဒိယနိုင်ငံအတွက်အလွန်အရေးကြီးသည့် မိတ်ဖက်နိုင်ငံတစ်နိုင်ငံဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် နိုင်ငံရေးနှင့် စီးပွားရေးဆိုင်ရာ ပြုပြင်ပြောင်းလဲမှုများ ပြုလုပ်ခဲ့သည့်အချိန်ကတည်းက အိန္ဒိယနိုင်ငံအနေဖြင့် မြန်မာနိုင်ငံနှင့်အတူ ရပ်တည်လျက်ရှိပါကြောင်း၊ သမ္မတအဖြစ် တာဝန်ယူတော့မည့် အဆွေတော်အတွက် ဂုဏ်ယူလျက်ရှိပြီး အစစအရာရာအဆင်ပြေပါစေကြောင်း ဆုတောင်းလိုက်ပါသည်ဟု ဖော်ပြပါရှိပါသည်။

ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတအဖြစ် ဦးဝင်းမြင့်အား ရွေးချယ်တင်မြှောက်ခြင်းခံရသည့်အတွက် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ သမ္မတ မစ္စတာ ကျန်းဒိုက်ကွမ်းနှင့် ဝန်ကြီးချုပ် မစ္စတာ ငုယင်စွမ်းဖု ကလည်း အစိုးရနှင့်ပြည်သူများ၏ကိုယ်စား ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့ခဲ့သည်။

အဆိုပါသဝဏ်လွှာတွင် အဆွေတော်အနေဖြင့် သမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခံရခြင်းသည် အဆွေတော်၏ ပြောင်မြောက်သော ကြိုးစားမှုများနှင့် နိုင်ငံတော်အတွက် အားကြိုးမာန်တက်ဆောင်ရွက်ခဲ့သည့် ရလဒ်ပင်ဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် လူမှု-စီးပွားဖွံ့ဖြိုးမှု၊ ပြည့်စုံကြွယ်ဝမှုနှင့် အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေးဆောင်ရွက်မှုများတွင် ကြီးမားသော အောင်မြင်မှုများရရှိခဲ့ကြောင်း၊ နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှု၊ အာဆီယံမူဘောင်များနှင့် ဘက်ပေါင်းစုံ ပူးပေါင်းဆောင်ရွက်မှုများတွင် တိုးတက်မှုများရရှိစေရန် အဆွေတော်နှင့် မြန်မာနိုင်ငံနှင့် အနာဂတ်တွင် အတူတကွနီးကပ်စွာ ပူးပေါင်းလုပ်ဆောင်သွားရန် မျှော်လင့်ပါကြောင်း၊ အဆွေတော်အနေဖြင့် စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ ကျန်းမာခြင်းနှင့် ပြည့်စုံပါစေရန် ဆန္ဒပြုပါကြောင်း ဖော်ပြပါရှိသည်။

ဘင်္ဂလားဒေ့ရှ်နိုင်ငံ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတအဖြစ် ဦးဝင်းမြင့်အား ရွေးချယ်တင်မြှောက်ခြင်းခံရသည့်အတွက် ဘင်္ဂလားဒေ့ရှ်နိုင်ငံ သမ္မတ မစ္စတာ အမ်ဒီ အဗဒူလ် ဟာမစ်က ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့ခဲ့သည်။

အဆိုပါသဝဏ်လွှာတွင် အဆွေတော်အနေဖြင့် သမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခံရခြင်းသည် အဆွေတော်၏ နိုင်ငံတော်အတွက် အားကြိုးမာန်တက်ဆောင်ရွက်ခဲ့သည့် ရလဒ်ဖြစ်သလို ပြည်သူများ၏ ကြီးမားသည့် ယုံကြည်မှုပင်ဖြစ်ပါကြောင်း၊ ဘင်္ဂလားဒေ့ရှ်နှင့် မြန်မာနိုင်ငံတို့သည် နှစ်နိုင်ငံအတွက်သာမက ဒေသတွင်းမှာပါ သိသာသော ဖွံ့ဖြိုးတိုးတက်မှုများရရှိဖြစ်ပေါ်ရန် ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊ နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်မှုမှတစ်ဆင့် ဒေသတွင်း အကျိုးစီးပွားဖြစ်ထွန်းပြီး ပိုမိုကောင်းမွန်သည့် နေရာတစ်ခုဖြစ်ပေါ်လာမည်ဟု ယုံကြည်ပါကြောင်း၊ အဆွေတော် နိုင်ငံတော်သမ္မတအဖြစ် ရွေးချယ်ခံခဲ့ရသည့်အတွက် နိုင်ငံတော် ငြိမ်းချမ်းရေး၊ တည်ငြိမ်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးတို့ကို ပိုမိုအကောင်အထည်ဖော်လာနိုင်မည်ဟု မျှော်လင့်ပါကြောင်း၊ မြန်မာနိုင်ငံနှင့် နိုင်ငံတွင်းမှီတင်းနေထိုင်ကြသူများအားလုံး အလွန်တရာ ငြိမ်းချမ်းပြီး ပြည့်စုံကြွယ်ဝပါစေရန် ဆန္ဒမွန်ကောင်းတောင်းပါကြောင်း ဖော်ပြပါရှိသည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတအဖြစ် ဦးဝင်းမြင့်အား ရွေးချယ်တင်မြှောက်ခြင်းခံရသည့်အတွက် ဘင်္ဂလားဒေ့ရှ်နိုင်ငံ ဝန်ကြီးချုပ် မစ္စစ်ရှိတ် ဟာဆီနာက ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့ခဲ့သည်။

အဆိုပါသဝဏ်လွှာတွင် အဆွေတော်အနေဖြင့် ယခုကဲ့သို့ နိုင်ငံတော်သမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခံရခြင်းသည် အဆွေတော်၏ပါတီ၊ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌတာဝန်နှင့် နိုင်ငံအတွက် စွမ်းစွမ်းတမံဆောင်ရွက်ခဲ့မှုများ၏ အကျိုးဆက်ပင်ဖြစ်ပါကြောင်း၊ အဆွေတော်၏ ဦးဆောင်မှုအောက်တွင် မြန်မာနိုင်ငံအနေဖြင့် ဒီမိုကရေစီနှင့် ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ အသီးအပွင့်များဖြစ်ပေါ်ရေး နိုင်ငံရေးနှင့် စီးပွားရေးပြုပြင်ပြောင်းလဲမှုများကို ပိုမိုဖန်တီးလုပ်ဆောင်နိုင်မည်ဟု မျှော်လင့်ပါကြောင်း၊ နှစ်နိုင်ငံကြား စိန်ခေါ်မှုများစွာရှိသော်လည်း နှစ်နိုင်ငံပြည်သူများကြား ပြည့်စုံကြွယ်ဝမှုများဖြစ်ပေါ်လာရေးအတွက် လူမှုရေးနှင့် စီးပွားရေးဆိုင်ရာ ကိစ္စရပ်များ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးနှင့် သမိုင်းကြောင်းဖလှယ်မှုများ လုပ်ဆောင်နိုင်ရေးတို့ကို ဆက်လက်လုပ်ဆောင်သွားမည်ဖြစ်ပါကြောင်း၊ အဆွေတော်အနေဖြင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတအဖြစ် ရွေးချယ်တင်မြှောက်မှုအပေါ် ထပ်လောင်းဂုဏ်ယူဝမ်းမြောက်ပါကြောင်း ဖော်ပြပါရှိပါသည်။ ။

ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တရုတ်နိုင်ငံ သံအမတ်ကြီးအား တွေ့ဆုံ မြန်မာ-တရုတ် တပ်မတော်နှစ်ရပ်အကြား ပူးပေါင်းဆောင်ရွက်မှုအခြေအနေဆွေးနွေး

နေပြည်တော် မတ် ၂၉

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် မြန်မာနိုင်ငံ ဆိုင်ရာ တရုတ်နိုင်ငံ သံအမတ်ကြီး မစ္စတာဟုန်လျန်အား ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ ဘုရင့်နောင်ရိပ်သာဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။

ထိုသို့တွေ့ဆုံရာတွင် ရခိုင်ပြည်နယ် ဘူးသီးတောင်-မောင်တောဒေသမှ နေရပ်စွန့်ခွာသူများအား မြန်မာ-ဘင်္ဂလားဒေ့ရှ် နှစ်နိုင်ငံသဘောတူညီချက်များနှင့်အညီ လက်ခံနိုင်ရေး ဆောင်ရွက်နေမှု၊ ကုလသမဂ္ဂနိုင်ငံတကာမျက်နှာစာတွင် တရုတ်နိုင်ငံက မှန်မှန်ကန်ကန် ပြတ်ပြတ်သားသား ရပ်တည်ပေးမှုအခြေအနေ၊ ရခိုင်ပြည်နယ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတကာမှ ပေးအပ်သော အကူအညီများအပေါ် ရခိုင်တိုင်းရင်းသားဒေသခံများက ယုံကြည်လက်ခံနိုင်ရေး ဆောင်ရွက်ပေးရန် လိုအပ်သည့် အခြေအနေ၊ ARSA အစွန်းရောက်အကြမ်းဖက်သမားများ ထပ်မံတိုက်ခိုက်မှုမဖြစ်ပွားစေရေးအတွက် မြန်မာနှင့်ဘင်္ဂလားဒေ့ရှ် တပ်မတော်နှစ်ရပ်အကြား၊ နယ်ခြားစောင့် ရဲတပ်ဖွဲ့များအကြား ညှိနှိုင်းပူးပေါင်းဆောင်ရွက်နေမှု၊ မြန်မာ-တရုတ်နှစ်နိုင်ငံ တပ်မတော်နှစ်ရပ်အကြား ပူးပေါင်းဆောင်ရွက်မှု အခြေအနေများနှင့်စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။

သတင်းစဉ်

နိုင်ငံတော်သမ္မတ ဦးဝင်းမြင့် ထံသို့ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် က ဂုဏ်ယူဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့

နေပြည်တော် မတ် ၂၉

၂၀၁၈ ခုနှစ်၊ မတ် ၂၈ ရက် ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် သတ္တမ ပုံမှန်အစည်းအဝေးတွင် ကျင်းပပြုလုပ်သော နိုင်ငံတော်သမ္မတရွေးချယ်တင်မြှောက်ပွဲ၌ ဦးဝင်းမြင့်အား နိုင်ငံတော်သမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခဲ့သည့်အတွက် ဂုဏ်ယူဝမ်းမြောက်ပါကြောင်းနှင့် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေး၊ နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် အောင်မြင်စွာဆောင်ရွက်နိုင်ပါစေရန် ဆုမွန်ကောင်းတောင်းပါကြောင်း သဝဏ်လွှာအား ယနေ့တွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်ထံသို့ ပေးပို့ခဲ့ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

ဆေးပညာသင်ကြားရေး အလုပ်ရုံဆွေးနွေးပွဲကျင်းပ

ရန်ကုန် မတ် ၂၉

သွားဘက်ဆိုင်ရာ ဆေးတက္ကသိုလ် (ရန်ကုန်)၏ ဆရာ ဆရာမများ သင်ကြားရေး စွမ်းရည်ထက်မြက်စေရေးအတွက် Awareness Raising Workshop on Medical Education (၁/ ၂၀၁၈) ဆေးပညာသင်ကြားရေး အလုပ်ရုံဆွေးနွေးပွဲကို မတ် ၂၈ ရက်နှင့် ၂၉ ရက်တို့တွင် သွားဘက်ဆိုင်ရာ ဆေးတက္ကသိုလ် (ရန်ကုန်) သဟဇာတခန်းမ၌ ကျင်းပရာ သင်ကြားရေး ဆရာ ဆရာမ ၃၀ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။

သတင်းစဉ်

◆ *ကျောဖုံးမှ*

မှာယူထားသည့် ဧည့်သည်များဖြင့် အခန်းလွတ်မရှိအောင်ပင် ပြည့်နေပြီဖြစ်သည့်အပြင် မြို့ပေါ်ရှိ ဘုန်းတော်ကြီးကျောင်းများ၊ မိုးကုတ်မြို့ခံအိမ်ရှင်တို့၏ အသိမိတ်ဆွေများဖြင့် အိမ်တိုင်းနီးပါး ဧည့်သည်များ ရောက်ရှိနေကြသည်။ ဘုရားဖူးကုသိုလ်ပြုကြသူများအား ရပ်ကွက်အလိုက်၊ အသင်းအဖွဲ့အလိုက် စတုဒိသာအကျွေးအမွေးများဖြင့် မိုးကုတ် နှစ် ၈၀၀ ပြည့်ပွဲတော်အား အနှစ်သာရပြည့်ဝစွာဖြင့် ပျော်ရွှင်စွာ ဆင်နွဲလျက်ရှိကြသည်။

သတင်းနှင့်ဓာတ်ပုံ-မောင်ယဉ်ကျေး

မိုးကုတ်မြို့ နှစ် ၈၀၀ ပြည့်ပွဲတော်သို့ လာရောက်သည့် ဧည့်ပရိသတ်များကို တွေ့ရစဉ်။

❖ *ကျောဖုံးမှ*

ဟံသာဝတီအသင်း၊ အောင်ဆန်းကွင်း၌ ဇွဲကပင်အသင်းနှင့် ရောဝတီအသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။ ပွဲစဉ် ၈ အပြီးတွင် ရန်ကုန်အသင်းက ၁၉ မှတ်၊ မကွေးအသင်းက ၁၇ မှတ်၊ ရတနာပုံအသင်းက ၁၅ မှတ်၊ လက်ရှိချန်ပီယံ ရှမ်းယူနိုက်တက်အသင်းက ၁၄ မှတ်၊ ဟံသာဝတီအသင်းက ၁၂ မှတ်၊ ရခိုင်အသင်းက ၁၁ မှတ်၊ ဇွဲကပင်အသင်းက ၁၀ မှတ်၊ ရောဝတီနှင့် Southern အသင်းက ကိုးမှတ်စီ၊ စစ်ကိုင်းယူနိုက်တက်အသင်းက ရှစ်မှတ်၊ GFA အသင်းက လေးမှတ်၊ မြဝတီအသင်းက နှစ်မှတ်ရထားသည်။ ရန်ကုန်အသင်းသည် ပွဲစဉ် ၈ တွင် မကွေးအသင်းကို ရှုံးနိမ့်ခဲ့သောကြောင့် ထိပ်ဆုံးနေရာတွင် ဆက်လက်ရပ်တည်နေသော်လည်း ဒုတိယမှ အသင်းနှင့် အမှတ်ကွာဟမှုမှာ နှစ်မှတ်သာရှိတော့ပြီး လက်ရှိချန်ပီယံ ရှမ်းယူနိုက်တက်အသင်းနှင့် တတိယနေရာမှ ရတနာပုံအသင်းသည် အိမ်ကွင်း၌ ကစားရမည်ဖြစ်သော်လည်း ခြေစွမ်းမာကျောသည့်အသင်းများနှင့် ယှဉ်ပြိုင်ရမည်ဖြစ်သောကြောင့် အနိုင်ရရန် ခက်ခဲဖွယ်ရှိသည်။

ညီမြတ်သော်တာ

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး ဥက္ကဋ္ဌ ဦးမျိုးညွန့် Open Society Justice Initiative မှ အမှုဆောင်ညွှန်ကြားရေးမှူးအား လက်ခံတွေ့ဆုံ

နေပြည်တော် မတ် ၂၉

နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေဆိုင်ရာခုံရုံးဥက္ကဋ္ဌ ဦးမျိုးညွန့်သည် အမေရိကန်အခြေစိုက် Open Society Justice Initiative မှ အမှုဆောင်ညွှန်ကြားရေးမှူး Mr.James A. Goldston အား ယနေ့ မွန်းလွဲ ၁၂ နာရီခွဲတွင် နေပြည်တော်ရှိ နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေဆိုင်ရာခုံရုံး ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

ထိုသို့တွေ့ဆုံရာတွင် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံးအကြောင်း သိကောင်းစရာများ၊ ဥပဒေရေးရာ အရည်အသွေးတိုးမြှင့်ရေးဆိုင်ရာကိစ္စရပ်များ၊ လူ့အခွင့်အရေးဆိုင်ရာကိစ္စရပ်များ၊ တရားဥပဒေစိုးမိုးမှု ပိုမိုအားကောင်းလာစေရေးအတွက် အထောက်အကူဖြစ်စေနိုင်မည့် ကိစ္စရပ်များ၊ ခုံရုံးရှိ သုတေသနအရာရှိများ၏ အရည်အသွေးမြှင့်တင်ရေးအတွက် အထောက်အကူပြုပေးနိုင်ရေး ကိစ္စရပ်များအပေါ် ခင်မင်ရင်းနှီးစွာ အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲသို့ နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေဆိုင်ရာခုံရုံး အဖွဲ့ဝင်များဖြစ်ကြသော ဒေါ်လှမျိုးနွယ်၊ ဦးကျော်ဆန်းနှင့် ညွှန်ကြားရေးမှူးချုပ်တို့ တက်ရောက်ကြသည်။

သတင်းစဉ်

နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေဆိုင်ရာခုံရုံးဥက္ကဋ္ဌ ဦးမျိုးညွန့်နှင့် Open Society Justice Initiative မှ အမှုဆောင်ညွှန်ကြားရေးမှူး Mr.James A. Goldston တို့ မှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။ သတင်းစဉ်

(၇၃)နှစ်မြောက် တပ်မတော်နေ့ စစ်ရေးပြအခမ်းအနားတွင် ပါဝင်ချီတက်ခဲ့သော မြန်မာနိုင်ငံရဲတပ်ဖွဲ့ကိုယ်စားပြု မြဝတီစစ်ကြောင်းမှ တပ်ဖွဲ့ဝင်များနှင့် နည်းပြများအား ပြည်ထောင်စုဝန်ကြီးက ဂုဏ်ပြုညစာစားပွဲဖြင့် တည်ခင်း

နေပြည်တော် မတ် ၂၉

(၇၃)နှစ်မြောက် တပ်မတော်နေ့ စစ်ရေးပြအခမ်းအနားတွင် ပါဝင်ချီတက်ခဲ့သော မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ကိုယ်စားပြု မြဝတီ စစ်ကြောင်းမှ တပ်ဖွဲ့ဝင်များနှင့် နည်းပြများအား ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဆွေက ယနေ့ ညနေ ၆ နာရီခွဲတွင် အမှတ် ၁၈ လုံခြုံရေးရဲတပ်ဖွဲ့ခွဲ မြက်ခင်းပြင်၌ ဂုဏ်ပြုညစာစားပွဲဖြင့် တည်ခင်းဧည့်ခံသည်။

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီးက နှစ်စဉ်ကျင်းပသည့် တပ်မတော်နေ့စစ်ရေးပြအခမ်းအနားကို မြန်မာနိုင်ငံရဲတပ်ဖွဲ့ကိုယ်စားပြု အမျိုးသားတပ်ခွဲအနေဖြင့် (၅၃)နှစ်မြောက် တပ်မတော်နေ့ စစ်ရေးပြအခမ်းအနားမှ ယခု (၇၃)နှစ်မြောက် တပ်မတော်နေ့ စစ်ရေးပြအခမ်းအနားအထိ အကြိမ်(၂၀) ပါဝင်ချီတက်ခဲ့ပြီး အမျိုးသမီးတပ်ခွဲအနေဖြင့်လည်း နှစ်(၇၀)ပြည့် တပ်မတော်နေ့ စစ်ရေးပြအခမ်းအနားမှ (၇၃)နှစ်မြောက် တပ်မတော်နေ့ စစ်ရေးပြအခမ်းအနားအထိ (၄)ကြိမ်ပါဝင်ချီတက်ခဲ့ကြောင်း၊ နှစ်(၇၀)ပြည့် တပ်မတော်နေ့ စစ်ရေးပြအခမ်းအနားမှ (၇၂)နှစ်မြောက် တပ်မတော်နေ့ စစ်ရေးပြအခမ်းအနားအထိ အမျိုးသားစစ်ရေးပြတပ်ခွဲ (၁)ခွဲနှင့် အမျိုးသမီးစစ်ရေးပြတပ်ခွဲ (၁)ခွဲတို့သာ ပါဝင်ချီတက်ခဲ့ရာမှ ယခု(၇၃)နှစ်မြောက် တပ်မတော်နေ့ စစ်ရေးပြအခမ်းအနားတွင် မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ကိုယ်စားပြု မြဝတီစစ်ကြောင်းအဖြစ် အလံအဖွဲ့၊ အမျိုးသားတပ်ခွဲ(၃)ခွဲ၊ အမျိုးသမီးတပ်ခွဲ (၂)ခွဲနှင့် ရဲတီးဝိုင်းအဖွဲ့အပါအဝင် တပ်ဖွဲ့ဝင်အင်အား ၁၈၁၃ ဦးတို့ ပါဝင်ချီတက်ခဲ့ကြောင်း၊ တပ်မတော်စစ်ကြောင်းများနှင့် လက်တွဲကာ စစ်ရေးပြဆောင်ရွက်ရာတွင် စစ်ရေးပြအဆင့်အတန်း မြင့်မားအောင် ဆောင်ရွက်နိုင်ခဲ့ပြီး တပ်ဖွဲ့ဝင်များ၏ စွမ်းဆောင်နိုင်ရည်များကိုလည်း ပြသနိုင်ခဲ့သည်ကို တွေ့ရှိရကြောင်း၊ စခန်းဝင်လေ့ကျင့်စဉ် ကာလတစ်လျှောက် စည်းကမ်းကောင်းမွန်မှု၊ စိတ်ဓာတ်ကောင်းမွန်မှု၊ ပူးပေါင်းဆောင်ရွက်မှုကောင်းစွာဖြင့် ရဲတပ်ဖွဲ့၏ ဂုဏ်သိက္ခာကို မြှင့်တင်ဆောင်ရွက်နိုင်ခဲ့သည်ကို အသိအမှတ်ပြုပါကြောင်း ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက မြန်မာနိုင်ငံရဲတပ်ဖွဲ့ကိုယ်စားပြု မြဝတီစစ်ကြောင်းမှ တပ်ဖွဲ့ဝင်များအား ဂုဏ်ပြုဆုငွေများ ချီးမြှင့်ပေးအပ်၍ ညစာ အတူတကွ သုံးဆောင်ကြပြီး မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ ရဲတီးဝိုင်းမှ ဂုဏ်ပြုဖျော်ဖြေခဲ့ကာ ပြည်ထောင်စုဝန်ကြီးနှင့် ဇနီးတို့က ရဲတီးဝိုင်းနှင့် ဖျော်ဖြေရေးအဖွဲ့မှ တပ်ဖွဲ့ဝင်များအား ဂုဏ်ပြုပန်းခြင်း ပေးအပ်ချီးမြှင့်သည်။

အဆိုပါအခမ်းအနားသို့ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးနှင့် ဇနီး၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ်နှင့် ဇနီး၊ ပြည်ထဲရေးဝန်ကြီးဌာနရှိ ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များနှင့် ဇနီးများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ ရဲအရာရှိကြီးများနှင့် ဇနီးများ၊ ဖိတ်ကြားထားသည့် ဧည့်သည်တော်များ၊ တပ်မတော်နေ့ စစ်ရေးပြအခမ်းအနားတွင် ပါဝင်ချီတက်ခဲ့သော မြန်မာနိုင်ငံရဲတပ်ဖွဲ့ကိုယ်စားပြု မြဝတီစစ်ကြောင်းမှ တပ်ဖွဲ့ဝင်များနှင့် နည်းပြများ တက်ရောက်ခဲ့ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

ပြည်သူများ လျှပ်စစ်ဓာတ်အားပိုမိုပြည့်ဝစွာသုံးစွဲနိုင်ရေး ထရန်စဖော်မာများ တိုးချဲ့တပ်ဆင် ဓာတ်အားဖြန့်ဖြူးပေးလျက်ရှိ

မန္တလေး မတ် ၂၉

လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန မန္တလေးလျှပ်စစ်ဓာတ်အားပေးရေး ကော်ပိုရေးရှင်းသည် မန္တလေးတိုင်းဒေသကြီးအတွင်းရှိ လျှပ်စစ်ဓာတ်အားသုံးစွဲသူပြည်သူများ ဗို့အားတည်ငြိမ်ပြည့်ဝစွာဖြင့် စဉ်ဆက်မပြတ် သုံးစွဲခွင့်ရရှိရေးအတွက် ဓာတ်အားခွဲရုံများ အသစ်တည်ဆောက်ခြင်း၊ ထရန်စဖော်မာများ တိုးချဲ့တည်ဆောက်ခြင်း၊ ဝန်အားတိုးမြှင့်တပ်ဆင်ခြင်း၊ ၆၆ ကေဗွီ၊ ၃၃ ကေဗွီ၊ ၁၁ ကေဗွီနှင့် ၀ ဒသမ ၄ ကေဗွီ ဓာတ်အားလိုင်းများ အသစ်တည်ဆောက် ဆွဲသားခြင်း၊ ရှုပ်ထွေးဆားဇစ်ကြိုးများ ရှင်းလင်းရန်အတွက် ဓာတ်အားလိုင်း တိုးချဲ့တည်ဆောက်ခြင်း၊ လိုင်းကြိုးအသေးများကို အကြီးများဖြင့် လဲလှယ်တပ်ဆင်ခြင်း၊ အချို့နေရာများတွင် ACSR Open Wire များကို ABC Cable များဖြင့် အစားထိုး လဲလှယ်ပေးခြင်း စသည့် လုပ်ငန်းများအား အားသွန်ခွန်စိုက် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။

ဆက်သွယ်ဖြန့်ဖြူးနေ

ထိုသို့ ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းများအနက် မန္တလေးခရိုင် ပြည်ကြီးတံခွန်မြို့နယ် စက်မှုဇုန်နှင့် အများပြည်သူသို့ ဓာတ်အားဖြန့်ဖြူးပေးထားသည့် 132/ 33 / 11KV စက်မှုဇုန် ၂ ဓာတ်အားခွဲရုံ၌ 132 / 11KV၊ 45 MVA ထရန်စဖော်မာအသစ် ထပ်မံတိုးချဲ့တပ်ဆင် ဓာတ်အားပေးနိုင်ရေးအတွက် စီစဉ်ဆောင်ရွက်လျက်ရှိရာ ယခုအခါ တည်ဆောက်တပ်ဆင်ရေးလုပ်ငန်းများ ရာနှုန်းပြည့်ပြီးစီး၍ မတ် ၂၆ ရက် မွန်းလွဲ ၃ နာရီမှ စတင်ဓာတ်အား ဆက်သွယ်ဖြန့်ဖြူးနေပြီ ဖြစ်ကြောင်း သိရသည်။

အဆိုပါ ဓာတ်အားခွဲရုံ၌ ယခင်က 132/11KV၊ 18 MVA ထရန်စဖော်မာ တစ်လုံး၊ 33/11KV(20+15) ထရန်စဖော်မာ နှစ်လုံး စုစုပေါင်း ထရန်စဖော်မာ သုံးလုံး တပ်ဆင်ဝန်အား 53 MVA ဖြင့် ဓာတ်အားဖြန့်ဖြူးပေးထားခြင်းဖြစ်ပြီး ယခု ထပ်မံတိုးချဲ့ တည်ဆောက်သည့် 132 / 11KV၊ 45 MVA ထရန်စဖော်မာမှ ဓာတ်အားဖြန့်ဖြူးပေးခြင်းကြောင့် မြို့နယ်အတွင်းရှိ လျှပ်စစ်ဓာတ်အားသုံးစွဲသူ ပြည်သူများ၊ စက်မှုဇုန်မှ အကြီးစား၊ အလတ်စားနှင့် အသေးစား စက်မှုလက်မှုလုပ်ငန်းရှင်များ လျှပ်စစ်ဓာတ်အား ပိုမိုတည်ငြိမ်ပြည့်ဝစွာ သုံးစွဲနိုင်မည်ဖြစ်ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့် တရုတ်ပြည်သူ့နိုင်ငံရေးအတိုင်ပင်ခံကွန်ဖရင့် အမျိုးသားကော်မတီ ဒုတိယဥက္ကဋ္ဌနှင့်အဖွဲ့အား တွေ့ဆုံ

နေပြည်တော် မတ် ၂၉

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့်သည် တရုတ်ပြည်သူ့နိုင်ငံရေးအတိုင်ပင်ခံကွန်ဖရင့် အမျိုးသားကော်မတီ ဒုတိယဥက္ကဋ္ဌ၊ မကာအိုအထူးကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ အုပ်ချုပ်ရေးမှူးဟောင်း H.E. Mr. Edmund Ho Hau Wah နှင့်အဖွဲ့အား ဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ လက်ခံတွေ့ဆုံသည်။ **(အပေါ်ပုံ)**

ထိုသို့တွေ့ဆုံရာတွင် နှစ်နိုင်ငံကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှု ပူးပေါင်းဆောင်ရွက်ရေး၊ မြန်မာနိုင်ငံမှ စီးပွားရေးလုပ်ငန်းရှင်များနှင့် မကာအိုအထူးဒေသမှ လုပ်ငန်းရှင်များအကြား စီးပွားရေးပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်နိုင်ရေး၊ နှစ်ဖက်အပြန်အလှန်လေးစားမှုနှင့် ချစ်ကြည်ရင်းနှီးမှုတို့ဖြင့် အနာဂတ် ပူးပေါင်းဆောင်ရွက်မှုလုပ်ငန်းများ မြှင့်တင်လုပ်ဆောင်ရေးတို့ကို ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။

သတင်းစဉ်

ဖိုးမောင် မသေပါ

မောင်နေ(အရာထမ်း)

ကြာတော့ကြာခဲ့ပြီ။ လွန်ခဲ့သော နှစ်နှစ်၊ သုံးနှစ်ခန့်ကဖြစ်မည်။ facebook စာမျက်နှာတွင် တစ်ဖန်ပြန်၍တွေ့ရသော ဆရာကြီး၏လက်ရာ ကဗျာလေး တစ်ပုဒ်ဖြစ်ပါသည်။ မှတ်မှတ်ရရဖြစ်မိသော၊ ရင်းနှီးတွယ်တာခဲ့ရသော ထိုကဗျာလေးကို ပြန်တွေ့ရလျှင် facebook တွင် ပြန်လည်မျှဝေမိသည်။ ဘယ်သို့ဆိုဆို နှစ်ခြိုက်စွဲလမ်းခဲ့ရသည့် ကဗျာလေးကို ဆက်လက်ရှင်သန်နေစေရန်၊ ပြန့်ပွားနေစေရန် ဖြန့်ဝေမိခြင်းဖြစ်သည်။ Netizen ဟု သုံးနှုန်းရလောက်အောင် အင်တာနက်အသုံးကြမ်းသည့်ခေတ်တွင် digital soft copy များဖြင့် ထိန်းသိမ်းဖြန့်ဖြူးရ လွယ်ကူလာသော်ငြား ဟိုးအရင်အတိတ်များဆီက ထိုကဗျာမူရင်းကို မိဘများ၏ နှုတ်ဖျားမှ ကြားခဲ့ရခြင်းဖြစ်သည်။ နှုတ်တိုက်ရွတ်ဆိုခဲ့ရခြင်းဖြစ်သည်။ ဆိုရင်း၏ အဓိပ္ပာယ်ကို မသိတတ်သေးခင်ကတည်းက ကဗျာကိုခြယ်မှုန်းသူ၏ ခံစားချက်နှင့်ထက်မြက်သောရသတို့ကြောင့် ရွတ်ဆိုခဲ့စဉ်၊ ကြားခဲ့စဉ်ကတည်းက ရင်မှာနင့်ခဲ့ရသည်။ ရိုးရှင်းသော လေးလုံးစပ်အရေးအဖွဲ့ဖြစ်သော်လည်း အနက်အဓိပ္ပာယ်များစွာ ထုံမွှမ်းထားခဲ့၊ ထားဆဲဖြစ်သောစာပေ၏ ခွန်အားကို တွေ့ရသည်။

ထိုကဗျာသည် ဆရာကြီးမင်းသုဝဏ်၏ **ဖိုးမောင်လာပြီ** ကဗျာ ဖြစ်ပါသည်။ ဆရာကြီး၏ စာပေသည် ၁၉၀၉ မှ ၂၀၀၄ အထိဖြစ်ပြီး လွတ်လပ်ရေးကြိုးပမ်းစဉ်ကာလမှ လွတ်လပ်ရေးရပြီးကာလများအတွင်း ထင်ရှားခဲ့သော ခေတ်စမ်းစာပေဖြစ်သည်။ ထိုခေတ်အခါက ကျေးလက်ဒေသလူမှုစရိုက်ကို နောက်ခံပြု ရေးဖွဲ့ခဲ့ဟန်ရှိသော ဤကဗျာ၏အစကား ဖိုးမောင်၏ လုပ်ငန်းသိမ်းချိန် ညဉ့်အမှောင် လူခြေတိတ်ချိန် ရွာကိုအပြန်လမ်းနှင့် စခဲ့သည်။

“ **မှိုင်းညို့ညဉ့်ရိပ်၊ လူခြေတိတ်၍၊ ရေဆိပ်အနား၊ ရွာတံခါးမှ၊ ဂုတ်ကျားကျယ်လောင်၊ ဆီးကြိုဟောင်သော်၊ ဖိုးမောင်လာပြီ ဆိုကြသည်** ” ဟူ၍ အချိန် နေရာ ဇာတ်ကောင်တို့ကို မိတ်ဆက်ခဲ့သည်။

လေးလုံးတစ်ပါဒတိုင်းကို အချိတ်အဆက်မိမိ “ရိပ်၊ တိတ်၊ ဆိပ်” “နား၊ ခါး၊ကျား” “လောင်၊ ဟောင်၊ မောင်” စသည်ဖြင့် ကာရန်ဖမ်းပုံက ထိမိပေါ်လွင်ပြီး ကဗျာ၏ အလျင်မှာ မြန်ခြင်း၊ နှေးခြင်းမရှိ သက်သောင့်သက်သာရှိလှသည်။ ညဉ့်၏အရိပ်ကျချိန် လောကဓာတ်တစ်ခွင် မှိုင်း၍ ညို့၍လာသောအချိန်၊ ကျေးလက်ဒေသ၏သဘာဝညစာစား၊ ဘုရားဝတ်ပြု၍ မှောင်ရိပ်သမ်းလျှင် လူခြေတိတ်၍ အိပ်ရာဝင်ချိန်၊ အချိန်၏ နှောင်းခြင်းကို “ **မှိုင်းညို့ညဉ့်ရိပ်၊ လူခြေတိတ်၍** ” ဟူသော အသုံးဖြင့် ကျင်လည်စွာ ဖွဲ့စပ်ထားခဲ့သည်။

သားရှာ၊ ငါးရှာ ထွက်ရရှာသည့်ဇာတ်ကောင်၏ စရိုက်ကို ပိုမိုခိုင်မာစေရန်၊ ရေဆိပ်၊ ရေချောင်း၊ ရေရင်းမြစ်ရှိရာ ရွာတစ်ရွာဟု ဒေသနောက်ခံဖြင့် ထင်ဟပ်ထားသည်။ ဖိုးမောင်သည် လာနေကျဖြစ်သည်။ ဖိုးမောင်လာလျှင် ရွာရှိခွေးတို့ကလည်း လှမ်း၍၊ ဆီး၍ ဟောင်နေကျမဲဖြစ်သည်။ “ ဟော့ ဂုတ်ကျားတောင်ဟောင်နေမှပဲ၊ ဖိုးမောင်လာပြီပေါ့၊ အချိန်တောင်မနည်းတော့ပဲ” ဟု ရွာသူ ရွာသားတို့၏ စိတ်ဝယ်စွဲရလောက်အောင်၊ ချိန်မှန်ဖြစ်ပျက်တတ်သည့်သရုပ်ကို “ **ဂုတ်ကျားကျယ်လောင်၊ ဆီးကြိုဟောင်သော်၊ ဖိုးမောင်လာပြီဆိုကြသည်** ” ဟူ၍ တင်ပြထားသည်။

ခွေးဟောင်သံများတိတ်၍၊ ဆိတ်၍ သွားချိန်မှာ ရွာ၏ တံခါးဝ ကင်းတဲဆီမှ ကင်းသမားနှင့်ဖိုးမောင်တို့ထူးကြ၊ ခေါ်ကြနှင့် ရွာတောင်ချောင်းမှ ငါးဖမ်းရန် မြှုံးထောင်၍ ပြန်ခဲ့ကြောင်း၊ ဖိုးမောင်၏အသံကို ကျက်မိသော ကင်းသမားက ရွာတံခါးကြီး၏အောက် လူတစ်ယောက်ဝင်သာရုံ မလွယ်ပေါက်တံခါးကိုဖွင့်၍ပေးလျှင် ညာဘက်လက်က၊ အုပ်ဆောင်းကိုကိုင်၊ ဘယ်လက်က လှော်တက်ကို ကိုင်၍ ပလိုင်းကို လွယ်ကာ မလွယ်ပေါက်မှ မသက်မသာ ဝင်ရပုံကို-

“ **တံခါးကြီးအောက်၊ မလွယ်ပေါက်ကို၊ တစ်ယောက်ဝင်သာ၊ ဖွင့်လိုက်ပါသော်၊ ယာတွင်အုပ်ဆောင်း၊ ဝဲတက်ချောင်းနှင့်၊ ခါးစောင်းကိုယ်ကိုင်း၊ ငါးပလိုင်းကို၊ လွယ်သိုင်းပြီးလျှင်၊ ရွာကိုဝင်သည်၊ လူပင်လေလား၊ တစ္ဆေလား** ” ဟု သရုပ်သကန် ပေါ်လွင်အောင် သီကုံးရေးဖွဲ့ခဲ့သည်။

ဖိုးမောင်သည် သက်မွေးဝမ်းကျောင်းမှုအရ ဖြစ်စေ၊ ရွာသူ၊ ရွာသားများအတွက် ဖြစ်စေ ရွာကလေးအတွက် သား၊ ငါးရှာဖွေပေးသူ အဓိက Supplier အဖြစ် တင်ဆက်ထားပြီး တစ္ဆေနှင့် မြွေကိုမကြောက်ဘဲ ညာဘက်စွန့်စား၍ ငါးထောင်သွားနေရပုံကို “ **တစ္ဆေမကြောက်၊ မြွေမကြောက်ဘဲ၊ တစ်ယောက်တည်းပင်၊ ညဉ့်မှောင်တွင်၌၊ သူလျှင်ငါးရှာ၊ မကျွေးပါက၊ တို့ရွာသူသား၊ လူအများတို့၊ ငါးစို ငါးစိမ်း၊ ငတ်ပေလိမ့်** ” ဟူ၍ ဇာတ်ကောင်၏ စရိုက်ကို အမွှမ်းတင်သီကုံးပေးခဲ့ပြန်သည်။

ဆရာသည် ဇာတ်၏ အချိုးအလှည့်ကို ဆောင်းညတစ်ညဖြင့်တည်၏။ ည၏ အေးပုံ၊ အမှောင်နက်ရှိုင်းသိပ်သည်းပုံ၊ နိမိတ်ဆောင်သော သတ္တဝါများဖြစ်သည့် ဇီးကွက်နှင့်တောက်တဲ့တို့ကလည်း တကြော်ကြော် အော်မြည်လာပုံ၊ ဟောင်နေကျ ဂုတ်ကျားပင် တစ်ရွာလုံးကြားအောင် စူးစူးဝါးဝါးထိုး၍ဟောင်ပုံကို နောက်ခံ မှုန်း၍ ဇာတ်အချိုး၏ ပြောင်းတော့မည့်အဖြစ်ကို သိရှိလိုစိတ် ပိုမိုပြင်းပြလာ အောင် “ **ဆောင်းတညဉ့်၌၊ ချမ်းမြစိမ့်အေး၊ လခြမ်းကွေး၍၊ ရွာဘေးကျီပျက်၊ မှောင်နက်နက်မှ၊ ဇီးကွက်ကအော်၊ တောက်တဲ့ကြော်စဉ်၊ ရွာပေါ်လွှမ်းအောင်၊ ဂုတ်ကျားဟောင်သည်၊ ဖိုးမောင်လာချိန်ပေတကား** ” စိတ်စွမ်းပြခြယ်မှုန်းခဲ့သည်။

ညဉ့်နက်ပြီ၊ လူခြေတိတ်ပြီ။ ဂုတ်ကျားလည်းဟောင်ပြီ။ တစ်ရွာလုံးသိသည်၊ ဒါသည်ဖိုးမောင်လာချိန်။ သို့သော်ခါတိုင်းလို ဖိုးမောင်မဆို။ ရွာတောင်ချောင်းမှာ ငါးထောင်ပြီးပြန်ခဲ့ပြီလို့မပြောတော့။ ဖိုးမောင်အော်ပါသည်။ “ မောင်းထုကြဗျို့၊ လူစုကြဗျို့၊ ခားပြဗျို့၊ ခားပြ၊ ကျုပ်ကိုဖမ်းထားတယ်ဗျို့၊ တံခါးမဖွင့်ကြနဲ့ဗျို့” စသည်ဖြင့် ဖိုးမောင်အော်ဟစ်သံ ရုတ်ရုတ်သဲသဲသဏ္ဌာန်ကို “ **သို့ဖြစ်သော်ငြား၊ ခါတပါးသို့၊ တံခါးဝင်လို၊ သူမဆိုဘဲ၊ မောင်းကိုထုပါ၊ လူစုပါဟော့၊ ရွာကိုဘေးမှ၊ ကာကွယ်ကြလော့၊ ခားပြင့်အား၊ ဖမ်း၍ထားဟု** ” ပေါ်လွင်အောင် ဇာတ်ထွတ်ကို တင်ပြနိုင်ခဲ့သည်။

အဖြစ်အပျက်ကမြန်ဆန်သည်။ ခားပြက ဖိုးမောင်အော်သည်ကို ခဏတော့ ကြက်သေသေနေမည်။ သတိဝင်လာတော့ သေနတ်တွေနဲ့ပစ်မည်။ ဖိုးမောင်ကျဆုံးသည်။ ရွာကတော့လုံခြုံသွားပြီ။ ဇာတ်အဆင်းပိုင်းရောက်ပြီဖြစ်ပြီး ဆရာက “ **စကားမဆုံး၊ ဟစ်အော်တုန်းတွင်၊ ဒိုင်းဒုန်းဒိန်းသံ၊ ရွာလုံးညံသည်၊ ချောင်းယံပဲ့တင်ထပ်သတည်း** ” ဟု ရုတ်ရုတ်သဲသဲဖြစ်ပြီးနောက် ဖိုးမောင် ကျဆုံးသွားပုံ အသံများကို ကြားယောင်လာနိုင်စေရန် ထိထိမိမိ ဖွဲ့စပ်သွားခဲ့သည်။

မျက်မှောက်ကာလတွင် အတ္တတရား အလွန်ထွန်းကားလာသည်။ အသက်စွန့်ဖို့မဆိုထားနှင့် မျက်စိအောက်က မတရားမှုများကိုပင် လျစ်လျူရှုလာကြသည်။ ကိုယ့်အတွက် အကျိုးမရှိလျှင် သတ္တိတွေ ပျောက်ကုန်ကြသည်။ ထိုထိုလူများထဲမှ အာဇာနည်တချို့လည်း ပေါ်ထွက်လျက်ရှိ

ဇာတ်သိမ်းပြီ။ ဖိုးမောင်လည်းသေပြီ။ ရွာကို သားစိုငါးစို ရှာကျွေးသော ဖိုးမောင်၊ ခားပြရန်မှ ကာကွယ်ပေးသော ဖိုးမောင်ဆုံးပြီ။ အရင်က **no one** ဖြစ်သည်၊ အခုတော့ဖိုးမောင် **some one** ဖြစ်လာသည်။ သို့သော် အသက်မရှိတော့။ လူကတော့သေပြီ၊ နာမည်က မသေ၊ ဖိုးမောင်ညတိုင်း ပြန်လာသည်။ ဂုတ်ကျားကလည်း ညတိုင်းဟောင်သည်။ ရွာကလေးကလည်း ဖိုးမောင်လာပြီဟု ယူဆဆဲ ဖြစ်သည်။ ရင်နင့်စရာဇာတ်လမ်းလေးကို ဆရာက ဤသို့မှုန်းထားသည်။

“ **ဖိုးမောင့်နိဂုံး၊ ဤတွင်ဆုံးလည်း၊ ရွာလုံးစိတ်တွင်၊ ဖိုးမောင်ဝင်၍၊ ပဲ့တင်ထပ်ကာ၊ ဟည်းလျက်ပါတည့်၊ ဘယ်ခါမဆို၊ ဆီးလင့်ကြိုသို့၊ မှိုင်းညို့ညဉ့်ရိပ်၊ လူခြေတိတ်၌ ရေဆိပ်အနား၊ ရွာတံခါးမှ၊ ဂုတ်ကျားကျယ်လောင်၊ ရမ်းရော်ဟောင်သော်၊ ဖိုးမောင်လာပြီဆိုဆဲပင်** ”

တံငါသည်လေး၊ ညအပြန်နောက်ကျမြဲဖိုးမောင်၊ ခားပြကဖမ်းပြီး ခားစာခံ ခေါ်ရွာတံခါးဖွင့်ခိုင်း၊ ဖိုးမောင်ကမကြောက် ရွာအတွက် ကိုယ်ကျိုးစွန့်သည်၊ ခားပြကသတ်သည်၊ ဖိုးမောင်သေသည်။ လူတွေပြောစမှတ်ဖြစ် ကျန်ရစ်သည်။ ဒီနေရာမှာ ဆရာ့ကဗျာ ပြီးသွားပြီ။

ဆရာ့ကဗျာတစ်ပုဒ်လုံးစွဲမက်ဖို့ကောင်းသည်။ လေး၊ သုံး၊ နှစ် ကာရန်က တစ်ပုဒ်လုံးနီးပါး လွှမ်းမိုးထားသည်။ မနှေးလွန်း၊ မမြန်လွန်း ပုံမှန်ကာရန်သွားဖြင့် တင်ဆက်ထားသည်။ အသုံးအနှုန်းကျစ်လျစ်ထိမိသည်။ ဖြစ်ရပ်နှင့် အဖြစ်အပျက်တည်ရှိရာ ကာလ၊ ဒေသ သရုပ်ဖော်ပုံအားကောင်းသည်။ စိမ့်၊ အေး၊ စိုစွတ်သော၊ ညနက်မှောင်သော အရေးအဖွဲ့များဖြင့် ဖတ်ရှုသူ၏ စိတ်ကို စိုးရွံ့စေသည်။ နိမိတ်ကောင်များပြု၍ ထိတ်လန့်မှုနှင့်အတူ စိတ်ဝင်စားမှုကို ပိုမိုမြှင့်တင်နိုင်သည်။ လူသူအော်သံ၊ သေနတ်သံတို့ဖြင့် ချောင်းကမ်းနားတစ်လျှောက် ပဲ့တင်မြည်ဟည်းတုန်လှုပ်စေခဲ့သည်။ ဂုတ်ကျားက ညတိုင်းဟောင်ပြီး၊ လူတွေက ဖိုးမောင်ပြန်လာသည်ဟုထင်ကြောင်း ဂယက်အနက်ကလေးဖန်တီး၍ သနားစဖွယ်ကောင်းအောင် အဆုံးသတ်ခဲ့သည်။

ဆရာရဲ့ နှလုံးရည်ဟုခေါ်ရမည်။ ဆရာရဲ့ စိတ်စွမ်းပြထားသည့် စာပေ၏ စွမ်းပကားဖြစ်သည်။ စာရေးသူများကို လက်စွမ်းပြခြင်းဟု မသုံးနှုန်းလိုပါ။ စိတ်စွမ်းပကားဖြင့်၊ ခံစားမှုဖြင့် ထိမိသော၊ ပြတ်ရှသောစကားလုံးများကို ရှာဖွေတည်ဆောက်ရသည်။ စာလုံး ၂၀၀ ဝန်းကျင်အတွင်း၊ လေးလုံးတစ်ပါဒအတွင်း ပေးချင်သည့်သဘောတရား၊ ပြောချင်သည့်အကြောင်းအရာကို စေ့စေ့ကုန်စင်အောင် သွတ်သွင်းခြယ်မှုန်းရသည်မှာ လွယ်ကူသည့် အလုပ်တော့ မဟုတ်ပါ။ ဆရာ့အရေးအသားသည် စိတ်စွမ်းပြထားခြင်းဖြစ်သည်။ ဆရာ ဘာကို ပေးခဲ့ချင်သလဲ...

ကြောက်တတ်လျှင် ဖိုးမောင် မသေပါ။ အများအကျိုးကို ထမ်းလိုသူသည် ဖိုးမောင်ကဲ့သို့ သတ္တိရှိသည်။ ဖိုးမောင်သည် လူထဲက လူတစ်ယောက်ဖြစ်သည်။ သို့သော် သာမန်လူကဲ့သို့ မကြောက်၊ ရဲရင့်သည်၊ စွန့်လွှတ်သည်၊ အာဇာနည်မည်သည်။

ဆရာတို့ခေတ်သည် ခေတ်စမ်း စာပေခေတ်ဖြစ်သည်။ လွတ်လပ်ရေးကြိုးပမ်းစဉ်ကာလမှ လွတ်လပ်ပြီးကာလအတွင်း ထွန်းကားခဲ့သည့် ဆရာတို့၏ ရည်ရွယ်ချက်မှာ တိုင်းပြည်အတွက် ကိုယ်ကျိုးစွန့် အနစ်နာခံခဲ့ပြီးသူများ၏ ကျေးဇူးကို သိတတ်လျှင် ကျန်ရစ်သူများက နိုင်ငံဖွံ့ဖြိုးတိုးတက်အောင် အဘက်ဘက်က ဝိုင်းဝန်းဆောင်ရွက်ကြစေလို၍ လှုံ့ဆော်ခြင်းဖြစ်ပေမည်။

မျက်မှောက်ကာလတွင် အတ္တတရား အလွန်ထွန်းကားလာသည်။ အသက်စွန့်ဖို့မဆိုထားနှင့် မျက်စိအောက်က မတရားမှုများကိုပင် လျစ်လျူရှုလာကြသည်။ ကိုယ့်အတွက် အကျိုးမရှိလျှင် သတ္တိတွေ ပျောက်ကုန်ကြသည်။ ထိုထိုလူများထဲမှ အာဇာနည်တချို့လည်း ပေါ်ထွက်လျက်ရှိပါသေးသည်။ ၁၂ ဘီးကားအတိုက်ခံရတော့မည့်ကျောင်းသားကို ကယ်တင်ရင်း အသက်ပေးခဲ့ရသည့် အလယ်တန်းပြဆရာမ ဒေါ်သန်းသန်းဝေ၊ ကိုယ်ဝန်ပျက်စီးနိုင်သည်ကို မမှုဘဲ ရေနစ်နေသူ ကလေးအား ကယ်ဆယ်ပြီး နှစ်ရက်အကြာတွင် ကိုယ်ဝန်ပျက်ခဲ့ရသည့် မသီတာဦးတို့ကဲ့သို့ စွန့်လွှတ်စွန့်စားသူများလည်း ရှိနေပါသေးသည်။ ထိုထိုသော စွန့်ဝံ့သူများသည် လူပင်သေသော်ငြားလည်း နာမည်သည် အစဉ်ထာဝရအဓွန့်ရှည်နေမည်ဖြစ်ကြောင်း ဆရာကြီးမင်းသုဝဏ်၏ ဖိုးမောင်ကဗျာလေးဖြင့် ဂုဏ်ပြုအပ်ပါသည်။

ဖိုးမောင်လာပြီ

မှိုင်းညို့ညဉ့်ရိပ်၊ လူခြေတိတ်၍
ရေဆိပ်အနား၊ ရွာတံခါးမှ
ဂုတ်ကျားကျယ်လောင်၊ ဆီးကြိုဟောင်သော်
ဖိုးမောင်လာပြီ ဆိုကြသည်။
ဟောင်သံရပ်၍၊ ထပ်ကြပ်ပေါ်လာ၊ အသံမှာကား
ညခါငါးထောင်၊ မောင်ဖိုးမောင်သည်
ရွာတောင်ချောင်းကပြန်ခဲ့ပြီ။
ဖိုးမောင်သံကြား၊ ကင်းသမားက
တံခါးကြီးအောက်၊ မလွယ်ပေါက်ကို
တစ်ယောက်ဝင်သာ၊ ဖွင့်လိုက်ပါသော်
ယာတွင်အုပ်ဆောင်း၊ ဝဲတက်ချောင်းနှင့်
ခါးစောင်းကိုယ်ကိုင်း၊ ငါးပလိုင်းကို၊ လွယ်သိုင်းပြီးလျှင်၊
ရွာကိုဝင်သည်၊ လူပင်လေလား၊ တစ္ဆေလား။
တစ္ဆေမကြောက်၊ မြွေမကြောက်ဘဲ၊ တစ်ယောက်တည်းပင်၊ ညဉ့်မှောင်တွင်၌
သူလျှင်ငါးရှာ၊ မကျွေးပါက၊ တို့ရွာသူသား၊ လူအများတို့၊ ငါးစို ငါးစိမ်း၊
ငတ်ပေလိမ့်။
ဆောင်းတညဉ့်၌၊ ချမ်းမြစိမ့်အေး၊ လခြမ်းကွေး၍။
ရွာဘေးကျီပျက်၊ မှောင်နက်နက်မှ၊
ဇီးကွက်ကအော်၊ တောက်တဲ့ကြော်စဉ်၊ ရွာပေါ်လွှမ်းအောင်၊
ဂုတ်ကျားဟောင်သည်၊ ဖိုးမောင်လာချိန်ပေတကား
သို့ဖြစ်သော်ငြား၊ ခါတပါးသို့၊ တံခါးဝင်လို၊ သူမဆိုဘဲ
မောင်းကိုထုပါ၊ လူစုပါဟော့၊ ရွာကိုဘေးမှ၊ ကာကွယ်ကြလော့
ခားပြင့်အား၊ ဖမ်း၍ထားဟု၊ စကားမဆုံး၊ ဟစ်အော်တုန်းတွင်၊
ဒိုင်းဒုန်းဒိန်းသံ၊ ရွာလုံးညံသည်၊ ချောင်းယံပဲ့တင်ထပ်သတည်း။
ဖိုးမောင့်နိဂုံး၊ ဤတွင်ဆုံးလည်း၊ ရွာလုံးစိတ်တွင်၊ ဖိုးမောင်ဝင်၍၊
ပဲ့တင်ထပ်ကာ၊ ဟည်းလျက်ပါတည့်၊ ဘယ်ခါမဆို၊
ဆီးလင့်ကြိုသို့၊ မှိုင်းညို့ညဉ့်ရိပ်၊ လူခြေတိတ်၌
ရေဆိပ်အနား၊ ရွာတံခါးမှ၊
ဂုတ်ကျားကျယ်လောင်၊ ရမ်းရော်ဟောင်သော်၊ ဖိုးမောင်လာပြီဆိုဆဲပင်။ ။
မင်းသုဝဏ်

နွေရာသီရေရှားပါးပြတ်လပ်သည့် မည်သည့်ကျေးရွာမဆို ဆက်သွယ်အကူအညီတောင်းခံနိုင်

နေပြည်တော် မတ် ၂၉

ယခုနှစ် နွေရာသီတွင် ကျေးရွာများ၌ သောက်သုံးရေရှားပါးပြတ်လပ်မှုမဖြစ်ပေါ်စေရေးနှင့် ရေရှားပါးပြတ်လပ်သည့် ကျေးရွာများသို့ သောက်သုံးရေများအချိန်နှင့်တစ်ပြေးညီပံ့ပိုးဖြည့်ဆည်းပေးနိုင်ရေးအတွက် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအနေဖြင့် ကျေးရွာများတွင် သောက်သုံးရေလုံလောက်မှု ရှိ၊ မရှိနှင့် ရေပြတ်လပ်မှုဖြစ်နိုင်ခြေများအားကွင်းဆင်း၍ ကြိုတင်စာရင်း ကောက်ယူခြင်း၊ ကျေးရွာများနှင့် တိုက်ရိုက်ဆက်သွယ်ဆောင်ရွက်နိုင်ရန် ကျေးရွာအုပ်ချုပ်ရေးမှူး၊ အထောက်အကူပြုကော်မတီဝင်များ၊ ကျေးရွာရေကော်မတီဝင်များ၊ ရပ်မိရပ်ဖများ၏အမည်နှင့် ဖုန်းနံပါတ်များအား စုစည်းပြုစုထားရှိခြင်း၊ သောက်သုံးရေအခက်အခဲဖြစ်ပေါ်ပါက အစုအဖွဲ့စနစ်ဖြင့် ကျေးရွာများသို့ သောက်သုံးရေ အလျင်အမြန် ပံ့ပိုးဖြည့်ဆည်းပေးမည့် အစီအစဉ်များအား မြို့နယ်အဆင့်ဌာနဆိုင်ရာများနှင့် ကြိုတင်ညှိနှိုင်းခြင်းများ စီမံဆောင်ရွက်ထားရှိပြီးဖြစ်ကြောင်း သိရသည်။

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအနေဖြင့် ရေရှားပါးပြတ်လပ်သည့်ကျေးရွာများသို့ သောက်သုံးရေဖြန့်ဝေပေးမှုများ ဆောင်ရွက်ပေးမည့်အပြင် ရေရှားပါးမှုများ ထပ်မံမဖြစ်ပေါ်စေရေးအတွက် ရေရှည်ရေရယူသုံးစွဲနိုင်မည့် နည်းလမ်းများကိုအသုံးပြု၍ ကျေးရွာရေရရှိရေးလုပ်ငန်းများအား အကောင်အထည်ဖော် ဆောင်ရွက်ပေးသွားမည်ဖြစ်ရာ စေတနာရှင်ပြည်သူများ၊ အလှူရှင်များအနေဖြင့်လည်း ပူးပေါင်းပါဝင်လှူဒါန်းနိုင်ပါကြောင်းနှင့် ရေရှားပါးမှုဖြစ်နိုင်ခြေကျေးရွာများစာရင်းနှင့် သတင်းအချက်အလက်များ ရယူလိုပါက ပံ့ပိုးကူညီဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

သို့ပါ၍ ရေရှားပါးပြတ်လပ်မှုဖြစ်ပေါ်သည့် မည်သည့်ကျေးရွာမဆို ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန (ရုံးချုပ်)အပါအဝင် သက်ဆိုင်ရာ တိုင်းဒေသကြီး၊ ပြည်နယ် (နေပြည်တော်ကောင်စီနယ်မြေအပါအဝင်)၊ ခရိုင်၊ မြို့နယ်ဦးစီးဌာနရုံးများသို့ဖုန်းဆက်သွယ်မှုအပြင် အခြားသော ဆက်သွယ်ရေးနည်းလမ်းမျိုးစုံဖြင့် အချိန်အခါမရွေး ဆက်သွယ်အကူအညီတောင်းခံနိုင်ပါကြောင်းနှင့် အကူအညီတောင်းခံလာပါက ချက်ချင်းဖြည့်ဆည်းဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

သတင်းစဉ်

ဖွံ့ဖြိုးရေးရန်ပုံငွေကို လိုအပ်သည့် မြို့နယ်၊ မဖွံ့ဖြိုးသည့် မြို့နယ်များတွင် ပိုမိုခွဲဝေပေးနိုင်ရန် ညှိနှိုင်းဆောင်ရွက်ပေးသွားမည်

❒ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးအနေဖြင့် ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ ဖွံ့ဖြိုးရေးရန်ပုံငွေဖြင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ပိုမိုထိရောက်အောင်မြင်စွာ ဆောင်ရွက်နိုင်ရေး၊ ဖွံ့ဖြိုးရေးရန်ပုံငွေကို ထိရောက်အကျိုးရှိစွာ အသုံးပြုရေးနှင့် ချမှတ်ထားသော မူဝါဒ၊ ရည်မှန်းချက်၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ အကောင်အထည်ဖော်ဆောင်ရွက်ရေးတို့ကို ကူညီထိန်းကျောင်းပေးသွားမည်

နေပြည်တော် မတ် ၂၉

ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် သတ္တမပုံမှန်အစည်းအဝေး ၂၁ ရက်မြောက်နေ့ကို ယနေ့ မွန်းလွဲ ၁ နာရီခွဲတွင် နေပြည်တော်ရှိ ပြည်ထောင်စုလွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် **ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးမှ ပေးပို့သည့် ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ် ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ ဖွံ့ဖြိုးရေးရန်ပုံငွေနှင့်စပ်လျဉ်းသည့် စစ်ဆေးတွေ့ရှိချက် အစီရင်ခံစာအပေါ် ပြည်သူ့ငွေစာရင်း ပူးပေါင်းကော်မတီ၏ လေ့လာတွေ့ရှိချက်နှင့် သဘောထားမှတ်ချက် အစီရင်ခံစာ(၅/၂၀၁၈)** အပါအဝင် လွှတ်တော်ကိုယ်စားလှယ်များ၏ ဆွေးနွေးချက်များနှင့်စပ်လျဉ်း၍ ပြည်ထောင်စုစာရင်းစစ်ချုပ် ဦးမော်သန်းက ပြန်လည်ရှင်းလင်းဆွေးနွေးသည်။

အပိုင်းသုံးပိုင်းတွေ့ရှိ

ပြည်ထောင်စုစာရင်းစစ်ချုပ် ဦးမော်သန်းက ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ ဖွံ့ဖြိုးရေးရန်ပုံငွေစာရင်းများ စစ်ဆေးတွေ့ရှိချက် အစီရင်ခံစာအပေါ် လွှတ်တော်ကိုယ်စားလှယ်များ၏ တင်ပြဆွေးနွေးချက်များနှင့်စပ်လျဉ်းပြီး မူဝါဒအပိုင်း၊ စီမံခန့်ခွဲမှုအပိုင်းနှင့် စာရင်းစစ်ချုပ်ရုံးအပိုင်းဟူ၍ အပိုင်းသုံးပိုင်း တွေ့ရှိရပါကြောင်း၊ မူဝါဒအပိုင်းနှင့် စီမံခန့်ခွဲမှုအပိုင်းများကို သက်ဆိုင်ရာအစီအစဉ်နှင့် ဆောင်ရွက်ရန်ဖြစ်ပါကြောင်း၊ စာရင်းစစ်ချုပ်ရုံးအပိုင်းနှင့်စပ်လျဉ်းပြီး လွှတ်တော်ကိုယ်စားလှယ်နှစ်ဦး၏ ဆွေးနွေးချက်ကို ပြန်လည်ရှင်းလင်း ဆွေးနွေးသွားမည်ဖြစ်ပါကြောင်း။

ပထမဆုံး လှိုင်းဘွဲ့မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးခင်ချို ဆွေးနွေးသည့် တိုင်းဒေသကြီး၊ ပြည်နယ်များသို့ လွှဲပို့ငွေထဲတွင် မသုံးစွဲသဖြင့် ပိုလျှံငွေများကို ၂၀၁၇ ခုနှစ် နိုဝင်ဘာလအထိ ပေးသွင်းရန်ကျန်ငွေကျပ် ၀ ဒသမ ၀၈၂ သန်းအနက် ငွေကျပ် ၀ ဒသမ ၀၀၁ သန်းကို ပေးသွင်းခဲ့ပြီး ကျန်ငွေကျပ် ၀ ဒသမ ၀၈၁ သန်းကို မပေးသွင်းခဲ့ပါကြောင်း၊ ၎င်းတို့မှာ ကသာမြို့နယ်မှ ငွေကျပ် ၀ ဒသမ ၀၁၆ သန်း၊ ကံမမြို့နယ်မှ ငွေကျပ် ၀ ဒသမ ၀၀၁ သန်း၊ ကျိုက်မရောမြို့နယ်မှ ငွေကျပ် ၀ ဒသမ ၀၁၀ သန်း၊ ဒဂုံဆိပ်ကမ်းမြို့နယ်မှ ငွေကျပ် ၀ ဒသမ ၀၅၀ သန်း၊ ဆိပ်ကမ်းမြို့နယ်မှ ငွေကျပ် ၀ ဒသမ ၀၀၁ သန်းနှင့် ခရမ်းမြို့နယ်မှ ငွေကျပ် ၀ ဒသမ ၀၀၃ သန်း စုစုပေါင်း ငွေကျပ် ၀ ဒသမ ၀၈၁ သန်းဖြစ်ပြီး အဆိုပါငွေများကို ၂၀၁၈ ခုနှစ် မတ်လ ၁၄ ရက်အထိ ငွေတိုက်ဦးစီးဌာနမှ ပေးပို့သည့်စာရင်းများအရ လွှဲပြောင်းပေးသွင်းမှု မရှိသေးပါကြောင်း။

ကချင်ပြည်နယ် ဆွမ်ပရာဘွမ်မြို့နယ် မူလတန်းကြိုကျောင်းအား မူလအဆိုပြုချက်အတိုင်း မဆောက်လုပ်သဖြင့် ပြန်လည်ပေးသွင်းရမည့် ငွေကျပ်သန်း ၄ ဒသမ ၉၀ ကို ငွေတိုက်ဦးစီးဌာနသို့ ၂၀၁၈ ခုနှစ် မတ်လ ၂၃ ရက်တွင် ပြန်လည်ပေးသွင်းပြီးဖြစ်ကြောင်း ကချင်ပြည်နယ်လွှတ်တော်ရုံးမှ ပြည်ထောင်စုလွှတ်တော်ရုံးသို့ တင်ပြထားပါကြောင်း။

ပြည်ထောင်စုလွှတ်တော်ရုံးသို့ တင်ပြထား

ရန်ကုန်တိုင်းဒေသကြီး တွံတေးမြို့နယ် အဒွန်းကျေးရွာစာသင်ကျောင်းရှေ့ ကမ်းပြိုနေရာတွင် ကမ်းပါးထိန်းနံရံပြုလုပ်ခြင်းမှ ဆောင်ရွက်ရန်ကျန်ရှိသည့် လုပ်ငန်းများကို ၂၀၁၈ ခုနှစ် မတ်လ ၁၃ ရက်တွင် ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း တွံတေးမြို့နယ် ဖွံ့ဖြိုးရေးလုပ်ငန်း အကောင်အထည်ဖော်ရေးအဖွဲ့မှ ပြည်ထောင်စုလွှတ်တော်ရုံးသို့ တင်ပြထားပါကြောင်း။

ပုဏ္ဏားကျွန်းမြို့နယ် လွှတ်တော်ကိုယ်စားလှယ် ဦးဦးထွန်းမောင်က မြို့နယ်စာရင်းစစ်အဖွဲ့များမှ စာရင်းနှင့် မြေပြင်လုပ်ငန်းဆောင်ရွက်မှု ရှိ၊ မရှိ စစ်ဆေးသည့် လုပ်ငန်းအားလုံးကို နီးသည်ဖြစ်စေ၊ ဝေးသည်ဖြစ်စေ သွားရောက်စစ်ဆေးပေးရန် အဆင့်ဆင့် ညွှန်ကြားပေးသင့်သည်ဟု ဆွေးနွေးထားပါကြောင်း။

ဝေးသည့်ဒေသ၊ နယ်မြေလုံခြုံမှုမရှိသော ဒေသများကို ဓာတ်ပုံအထောက်အထားများနှင့်သာ စစ်ဆေးနေကြရပြီး မြေပြင်မစစ်ဆေးနိုင်ပါကြောင်း၊ သို့ရာတွင် မြေပြင်စစ်ဆေးမှုကို လွှတ်တော်ကိုယ်စားလှယ် တင်ပြဆွေးနွေးသကဲ့သို့ နယ်မြေလုံခြုံမှုမရှိသော ဒေသများမှအပ လုပ်ငန်းများကို သွားရောက်စစ်ဆေးရန် ဒေသစာရင်းစစ်ရုံးများသို့ ညွှန်ကြားသွားမည် ဖြစ်ပါကြောင်း။

ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးအနေဖြင့် ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ ဖွံ့ဖြိုးရေးရန်ပုံငွေဖြင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ပိုမိုထိရောက်အောင်မြင်စွာ ဆောင်ရွက်နိုင်ရေး၊ ဖွံ့ဖြိုးရေးရန်ပုံငွေကို ထိရောက်အကျိုးရှိစွာ အသုံးပြုရေးနှင့် ချမှတ်ထားသော မူဝါဒ၊ ရည်မှန်းချက်၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ အကောင်အထည်ဖော်ဆောင်ရွက်ရေးတို့ကို ကူညီထိန်းကျောင်းပေးသွားမည်ဖြစ်ပါကြောင်း ပြန်လည်ရှင်းလင်းဆွေးနွေးသည်။

ပြည်သူထည့်ဝင်ငွေဖြင့် ဆောင်ရွက်

ထို့နောက် ပြည်ထောင်စုလွှတ်တော် ဖွံ့ဖြိုးရေးလုပ်ငန်း ဗဟိုကော်မတီမှ အတွင်းရေးမှူး ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၆)မှ ဒေါက်တာစိုင်းဆိုင်ကျော်ဆမ်က အစီရင်ခံစာအပေါ် လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးရာတွင် ကိုယ်စားလှယ်အများစုသည် မိမိတို့ မဲဆန္ဒနယ်မြေများတွင် ပြည်သူလူထု အမှန်တကယ်လိုအပ်သည့်လုပ်ငန်းများကို အကျိုးရှိစွာ ဆောင်ရွက်နိုင်ပါကြောင်း၊ ပြည်သူများ၏ ယုံကြည်မှုကိုလည်း ရရှိခဲ့သည့်အတွက် ခွင့်ပြုရန်ပုံငွေအပါအဝင် ပြည်သူထည့်ဝင်ငွေဖြင့် လုပ်ငန်းကြီးများကို လုပ်ကိုင်ဆောင်ရွက်နိုင်ခဲ့သည်ကို သိရှိရသည့်အတွက်လည်း ဝမ်းသာဂုဏ်ယူမိပါကြောင်း။

ကိုယ်စားလှယ်များ၏ ဆွေးနွေးတင်ပြချက်များ၊ အကြံပြုချက်များကို အနှစ်ချုပ်ကြည့်သည့်အခါ နယ်မြေဒေသအကျယ်အဝန်း၊ ဖွံ့ဖြိုးမှုအနည်း၊ အများအပေါ်မူတည်ပြီး ဖွံ့ဖြိုးရေးရန်ပုံငွေကို လိုအပ်သည့်ဒေသများတွင် ပိုမိုခွဲဝေသုံးစွဲရေး၊ မြေပြင်ပကတိ အခြေအနေများ၊ ဆောင်ရွက်မှု အတွေ့အကြုံများအပေါ် အခြေခံ၍ လုပ်ငန်းတစ်ခုလျှင် ငွေကျပ်သိန်း ၅၀ ထက် မပိုစေရဆိုသည့်အချက်ကို သင့်လျော်သည့် ပမာဏသတ်မှတ်ပြီး ပိုမိုခွင့်ပြုနိုင်ရေး၊ ဆောင်ရွက်ပြီး လုပ်ငန်းများ ရေရှည်တည်တံ့ရေးအတွက် အစီအမံများချမှတ်ရေး၊ အစီရင်ခံစာ အပိုဒ် ၁၅(ခ)၊ အပိုဒ် ၁၆(က) ရှိ ပြည်ထောင်စုလွှတ်တော်

စာမျက်နှာ ၁၀ သို့

ဒုတိယအကြိမ် အမျိုးသားလွှတ်တော် သတ္တမပုံမှန် အစည်းအဝေး အောင်မြင်စွာ ကျင်းပပြီးစီး

ပြည်သူလူထု၏ မျှော်လင့်ချက်များ၊ ဆန္ဒများကို အကောင်အထည်ဖော်နိုင်ရန် မဲဆန္ဒရှင် ပြည်သူများနှင့် တွေ့ဆုံပြီး ဆက်လက်ဆောင်ရွက်

နေပြည်တော် မတ် ၂၉

ဒုတိယအကြိမ် အမျိုးသားလွှတ်တော် သတ္တမပုံမှန် အစည်းအဝေး ၃၃ ရက်မြောက်နေ့ကို ယနေ့ နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ အမျိုးသားလွှတ်တော်အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အတည်ပြုချက်ရယူ

အစည်းအဝေးတွင် အမျိုးသားလွှတ်တော် ပြည်သူ့ငွေစာရင်းကော်မတီ၊ လွှတ်တော်အခွင့်အရေးကော်မတီ၊ နိုင်ငံတကာဆက်ဆံရေး၊ လွှတ်တော်ချင်းချစ်ကြည်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးကော်မတီ၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဆိုင်ရာကော်မတီ၊ အစိုးရမဟုတ်သော ပြည်တွင်းပြည်ပအဖွဲ့အစည်းများဆိုင်ရာကော်မတီနှင့် ပြည်တွင်းပြည်ပ အလုပ်သမားဆိုင်ရာ ကော်မတီတို့၏ လုပ်ငန်းဆောင်ရွက်မှု အစီရင်ခံစာတို့ကို သက်ဆိုင်ရာကော်မတီအလိုက် သဘောတူလက်ခံရန် အဆိုတင်သွင်းကြပြီး လွှတ်တော်၏ အတည်ပြုချက်ရယူသည်။

ဦးလှဆန်း
မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)

ဒေါ်ရွှေရွှေစိန်လတ်
ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)

ဆက်လက်၍ အမျိုးသားလွှတ်တော် ပညာရေးမြှင့်တင်မှုကော်မတီ၊ ပြည်သူတို့၏ တိုင်ကြားစာဆိုင်ရာ ကော်မတီ၊ ကျန်းမာရေး၊ အားကစားနှင့် ယဉ်ကျေးမှုဆိုင်ရာကော်မတီ၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ရေလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးကော်မတီ၊ တိုင်းရင်းသားရေးရာကော်မတီနှင့် အမျိုးသမီးနှင့် ကလေးသူငယ်အခွင့်အရေးဆိုင်ရာ ကော်မတီတို့၏ လုပ်ငန်းဆောင်ရွက်မှု အစီရင်ခံစာတို့ကို သက်ဆိုင်ရာကော်မတီအလိုက် အဆိုတင်သွင်းကြပြီး လွှတ်တော်၏ အတည်ပြုချက်ရယူသည်။

ထို့နောက် အမျိုးသားလွှတ်တော်အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီ၏ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေးတွင် တင်သွင်းမေးမြန်းခဲ့သည့် အဆိုများ၊ မေးခွန်းများနှင့်စပ်လျဉ်းသည့် အစီရင်ခံစာကို လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးကြသည်။

ပူးပေါင်းဆောင်ရွက်ရန်လိုအပ်

မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)မှ ဦးလှဆန်းက ကော်မတီ၏ လုပ်ဆောင်ချက်များသည် မည်သည့်အခြေအနေအထိ ထိရောက်သည်ကို ပြန်လည်သုံးသပ်ရန် လိုအပ်ပါကြောင်း၊ ပဉ္စမပုံမှန်အစည်းအဝေး ငါးကြိမ်အတွင်း ကော်မတီ၏ အစီရင်ခံစာများတွင် အဆိုပေါင်း ခြောက်ခုမှ တစ်ခုသာပြီးမြောက်ပြီး ငါးခုကျန်ရှိနေပါကြောင်း၊ ကြယ်ပွင့်ပြမေးခွန်းပေါင်း ၃၆၂ ခုတွင် ၁၇ ခုသာ ပြီးပြတ်ပြီး ၃၄၅ ခု ကျန်နေပါကြောင်း၊ ကြယ်ပွင့်မပြ မေးခွန်းပေါင်း ၂၇၅ ခုတွင် ၁၈ ခု ပြီးမြောက်ပြီး ၂၅၇ ခု ကျန်ရှိနေပါကြောင်း၊ သက်ဆိုင်ရာအစိုးရဝန်ကြီးဌာနများ၏ ဆောင်ရွက်မှုကိစ္စပြီးစီးမှုရာခိုင်နှုန်းအဆို ၁၆ ဒသမ ၆ ရာခိုင်နှုန်း၊ ကြယ်ပွင့်ပြမေးခွန်း ၄ ဒသမ ၇ရာခိုင်နှုန်း၊ ကြယ်ပွင့်မပြမေးခွန်း ၆ ဒသမ ၅ ရာခိုင်နှုန်းသာ အောင်မြင်သည်ဟု ဆိုနိုင်ပါကြောင်း၊ ကော်မတီအနေဖြင့်လည်း မကြာခဏ အဖွဲ့အစည်းများဖွဲ့၍ ကွင်းဆင်းစစ်ဆေးလိုပါကြောင်း၊ လွှတ်တော်ကိုယ်စားလှယ်များကလည်း မိမိတို့ဒေသရောက်ရှိပါက ပူးပေါင်းဆောင်ရွက်ရန် လိုအပ်ပါကြောင်း ဆွေးနွေးသည်။

တည်ဆဲဥပဒေများနှင့်အညီ

ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)မှ ဒေါ်ရွှေရွှေစိန်လတ်က အဆိုနှင့်စပ်လျဉ်း၍ ကော်မတီ၏ဆောင်ရွက်မှုများကို ကျေးဇူးတင်ပါကြောင်း၊ ယင်းအဆိုသည် မိမိတို့အတွက် များစွာအရေးကြီးပါကြောင်း၊ အကြံပြုလိုသည်မှာ စီမံကိန်းများအတွက် ကုမ္ပဏီများနှင့် နှစ်ဦးနှစ်ဖက်စာချုပ်ချုပ်ဆိုရာတွင် ပုဂ္ဂလိကကုမ္ပဏီများကိုလည်း မျှတမှုရှိစေရန်၊ နိုင်ငံတော်၏ သဘာဝပတ်ဝန်းကျင်ဆိုင်ရာပျက်စီးမှုနှင့် အလုပ်သမားများ၊ ဝန်ထမ်းများ၏နစ်နာမှုစသည့် ဆုံးရှုံးနိုင်ခြေရှိသည့် အခြေအနေများကို ထည့်သွင်းချုပ်ဆို၍ အဆိုပါ အခြေအနေများကို မည်သို့အစားထိုးဆောင်ရွက်မည်ဆိုသည်ကို စာချုပ်များတွင် တည်ဆဲဥပဒေများနှင့်အညီ ရေးဆွဲသွားမည်ဆိုပါက မလိုလားအပ်သည့် ပြဿနာများ မဖြစ်ပေါ်ပါကြောင်း၊ တာဝန်ယူမှု တာဝန်ခံမှုနှင့် ပြဿနာဖြစ်ပေါ်ပါက မည်သို့ ပြစ်ဒဏ်များချမှတ်မည်ဆိုသည်ကို ထည့်သွင်းရေးဆွဲရန် လိုအပ်ပါကြောင်း ဆွေးနွေးသည်။

အဆိုပါအစီရင်ခံစာနှင့် စပ်လျဉ်း၍ ကချင်ပြည်နယ်မဲဆန္ဒနယ်အမှတ်(၁၁)မှ ဒေါက်တာခွန်ဝင်းသောင်း၊ တနင်္သာရီတိုင်းဒေသကြီး

စာမျက်နှာ ၁၀ သို့

ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် သတ္တမပုံမှန်အစည်းအဝေး အောင်မြင်စွာ ကျင်းပပြီးစီး

အစည်းအဝေးကာလအတွင်း ဥပဒေကြမ်း ၃၅ ခု ဆွေးနွေးဆောင်ရွက်ခဲ့ပြီး ၁၄ ခု အတည်ပြုနိုင်ခဲ့

နေပြည်တော် မတ် ၂၉

ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် သတ္တမပုံမှန် အစည်းအဝေး ၃၂ ရက် မြောက်နေ့ကို ယနေ့ နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ ပြည်သူ့ လွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပသည်။ **(ယာပုံ)**

အစည်းအဝေးတွင် အိမ်မဲ မဲဆန္ဒနယ်မှ ဒေါ်သန္တာ၏ **နိုင်ငံတကာအဆင့်မီ သတင်းမီဒီယာ သမားများပေါ်ထွန်းလာစေရေးအတွက် သတင်း မီဒီယာကျောင်းများ ဖွင့်လှစ်ရန် အစီအစဉ်ရှိ၊ မရှိ** မေးခွန်းနှင့် စပ်လျဉ်း၍ ပြန်ကြားရေးဝန်ကြီး ဌာန ဒုတိယဝန်ကြီး ဦးအောင်လှထွန်းက ပြန်ကြားရေးဝန်ကြီးဌာနအနေဖြင့် နိုင်ငံအတွင်း ထူးချွန်ထက်မြက်ပြီး နိုင်ငံတကာအဆင့်မီ သတင်းသမားကောင်းများ မျိုးဆက်မပြတ် ပေါ်ထွန်းလာရေးအတွက် ရေရှည်၊ ရေတို စီမံကိန်း များချမှတ်ကာ သတင်းမီဒီယာကျောင်းများ ဖွင့်လှစ်ရန် ကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ် ပါကြောင်း။

မီဒီယာသမားကောင်းများ ပေါ်ထွန်းလာရေး

သတင်းမီဒီယာကောင်းများ ပေါ်ထွန်းရေး တွက် ယူနက်စကိုအပါအဝင် နိုင်ငံတကာမှ မီဒီယာဆိုင်ရာ အဖွဲ့အစည်းများ၊ ပြည်တွင်း မီဒီယာအဖွဲ့များနှင့် အနီးကပ် ပူးပေါင်းဆောင် ရွက်လျက်ရှိပါကြောင်း၊ မြန်မာနိုင်ငံအတွင်း ဖွင့်လှစ်ထားပြီးဖြစ်သည့် မြန်မာနိုင်ငံ သတင်း မီဒီယာအတတ်သင်တန်းကျောင်း (Myanmar Journalism Institute)နှင့် မြန်မာ့မီဒီယာ ဖွံ့ဖြိုးတိုးတက်ရေးစင်တာ(Myanmar Media Development Center) တို့နှင့် မီဒီယာ သမားကောင်းများ ပေါ်ထွန်းလာရေးအတွက် ပူးပေါင်းဆောင်ရွက်လျက်ရှိပါကြောင်း။

အသိအမှတ်ပြု ကတ်ပြားများ

ဒုတိယမေးခွန်းဖြစ်သည့် မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီက သတင်းသမား အသိအမှတ်ပြုကတ် ထုတ်ပေးရန် အစီအစဉ် ရှိ၊ မရှိ မေးခွန်းနှင့် စပ်လျဉ်း၍ မြန်မာနိုင်ငံ သတင်း မီဒီယာကောင်စီ၏ ပြန်ကြားချက်အပေါ် အခြေ ခံပြီး ဖြေကြားရာတွင် မြန်မာနိုင်ငံ သတင်း မီဒီယာကောင်စီ၏ လက်ရှိအနေအထားအရ မြန်မာနိုင်ငံအတွင်းရှိ သတင်းသမားအားလုံးကို တစ်ဦးချင်းစိစစ်ကာ သတင်းသမား အသိအမှတ် ပြုကတ်ပြားထုတ်ပေးရန် လက်တွေ့မကျသော လုပ်ငန်းဖြစ်နေပါကြောင်း၊ နိုင်ငံတော်က အသိ အမှတ်ပြုထားသော သတင်းမီဒီယာ အဖွဲ့ အစည်းများဖြစ်ကြသည့် မြန်မာနိုင်ငံ သတင်းစာ ဆရာအသင်း(MJA)၊ မြန်မာဂျာနယ်လစ်ကွန်ရက် (MJN)၊ မြန်မာသတင်းသမဂ္ဂ (MJU)၊ မြန်မာ အမျိုးသမီးသတင်းသမားအဖွဲ့(MWJS)၊ မြန်မာ နိုင်ငံတကာ သတင်းအဖွဲ့ (BNI)၊ မြန်မာနိုင်ငံ နိုင်ငံခြားသတင်းထောက်များအသင်း (MFCC) တို့က တာဝန်ယူ ထုတ်ဝေပေးထားသော သတင်း သမားကတ်များနှင့် ပြန်ကြားရေးဝန်ကြီးဌာန မူပိုင်ခွင့်နှင့် မှတ်ပုံတင်ဌာနခွဲတွင် တရားဝင် မှတ်ပုံတင်ထားပြီး ထုတ်လုပ်ဖြန့်ချိနေကြ သော ပုံနှိပ်မီဒီယာ၊ ရုပ်သံလွှင့်မီဒီယာ၊ အွန်လိုင်း မီဒီယာတို့က သတင်းသမားများအား ထုတ်ပေး ထားသည့် အသိအမှတ်ပြု ကတ်ပြားများကို ထပ်ဆင့် အသိအမှတ်ပြုခြင်းကိုသာ သတင်း မီဒီယာကောင်စီက ဆောင်ရွက်ပေးနိုင်ပါ ကြောင်း၊ သတင်းသမားများအား အသိအမှတ်ပြု ကတ်ပြားများ ထုတ်ပေးရန်သည် သတင်းမီဒီယာ အဖွဲ့အစည်းများနှင့် သတင်းမီဒီယာတိုက်များ တာဝန်ဖြစ်ပြီး မြန်မာနိုင်ငံ သတင်းမီဒီယာ ကောင်စီအနေဖြင့် ယင်းအဖွဲ့အစည်းများနှင့် မီဒီယာတိုက်များ လုပ်ကိုင်ဆောင်ရွက်ချက်များ ကျင့်ဝတ်နှင့် ညီ၊ မညီ ကြီးကြပ်ရန်သာ တာဝန်ရှိ ပါကြောင်း ရှင်းလင်းဖြေကြားသည်။

မြန်မာ့ရုပ်ရှင် ပြန်လည်ဦးမော့ရန်

သထုံမဲဆန္ဒနယ်မှ ဒေါ်မာမာခိုင်၏ **နိုင်ငံတော် က ပုဂ္ဂလိက စီးပွားရေးလုပ်ငန်းရှင်များထံ ရောင်းချခဲ့သော ရုပ်ရှင်ရုံနေရာများ၌ အနည်းဆုံး ရုပ်ရှင်ရုံတစ်ရုံ ပြန်လည်တည်ဆောက်ပေးရန် သဘောတူညီမှုဖြင့် ရောင်းချခဲ့သော်လည်း ယနေ့တိုင် အကောင်အထည်ဖော်ဆောင်ရွက် ခြင်းမပြုသေးသည့် ရုပ်ရှင်ရုံ ၄၁ ရုံနှင့် ပတ်သက်၍သော် လည်းကောင်း၊ Digital စနစ်ဖြင့် ပြောင်းလဲအသုံးပြုပြသခြင်းမရှိသေး သော ရုပ်ရှင်ရုံ ၇၀ ရုံနှင့် ပတ်သက်၍သော်လည်း ကောင်း မည်ကဲ့သို့အရေးယူ စီမံဆောင်ရွက်မည် ကို သိလိုခြင်း**နှင့် စပ်လျဉ်း၍ ပြန်ကြားရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်လှထွန်းက နိုင်ငံတော်မှ ပုဂ္ဂလိက စီးပွားရေးလုပ်ငန်းရှင်များ သို့ အပြီးရောင်းချခဲ့သည့် ရုပ်ရှင်ရုံပေါင်း ၁၃၆ ရုံရှိပြီး ရုပ်ရှင်ပြသခြင်းလုပ်ငန်းကို ဆက်လက် လုပ်ကိုင်ရန် စည်းကမ်းသတ်မှတ်ချက်ပါ သည့် ရုပ်ရှင်ရုံ ၉၄ ရုံနှင့် ရုပ်ရှင်ပြသခြင်းလုပ်ငန်း ဆက်လက်လုပ်ကိုင်ရန် စည်းကမ်းသတ်မှတ် ချက်မပါသည့် ရုပ်ရှင်ရုံ ၄၂ ရုံဖြစ်ပါကြောင်း၊ ရုပ်ရှင်ပြသခြင်းနှင့် စပ်လျဉ်း၍ ယခင်က ဖလင် စနစ်နှင့် ပြသခဲ့ပါကြောင်း၊ နောက်ပိုင်းတွင် ဖလင်များ ရှားပါးလာမှုနှင့်အတူ ရုပ်ရှင်ထုတ် လုပ်ရေးသည်လည်း ကျဆင်းလာခဲ့ပါကြောင်း၊ တစ်နှစ်တာလုံးတွင် ရုပ်ရှင်ကားထုတ်လုပ်မှုသည် ဆယ်ဂဏန်းအောက်လျော့သည့် အခြေအနေထိ ဖြစ်လာခဲ့ပါကြောင်း၊ နိုင်ငံတကာတွင် ဖလင်များ သုံးစွဲခြင်းမရှိသလောက် နည်းပါးလာမှုကြောင့် မြန်မာ့ရုပ်ရှင် ပြန်လည်ဦးမော့ရန်ဆိုလျှင် ကမ္ဘာ တွင် အသုံးပြုနေသည့် Digital စနစ်ကို ပြောင်းလဲရန် လိုအပ်လာပါကြောင်း၊ ထို့ကြောင့် ရုပ်ရှင်ရုံများတွင် Digital Cinema Package(DCP) အဖြစ် အသွင်ပြောင်းနိုင်ရန် ပြန်ကြားရေးဝန်ကြီးဌာနအနေဖြင့် ၂၀၁၃ ခုနှစ် မှစပြီး တွန်းအားပေး ဆောင်ရွက်ခဲ့ပါကြောင်း။

ဥပဒေနှင့်အညီ ဆောင်ရွက်လျက်ရှိ

ပုဂ္ဂလိကကို အပြီးရောင်းချပြီးဖြစ်သည့် ရုပ်ရှင်ပြသခြင်းလုပ်ငန်း ဆက်လက်လုပ်ကိုင်ရ မည့် ရုပ်ရှင်ရုံ ၉၄ ရုံအနက် ၂၀၁၇ ခုနှစ် ဒီဇင်ဘာ ၁၃ ရက်အထိ Digital စနစ်သို့ ပြောင်းလဲပြီး ပြသလျက်ရှိသည့် ရုပ်ရှင်ရုံ ၁၄ ရုံသာရှိပြီး ၂၀၁၈ ခုနှစ် နှစ်လယ်ပိုင်းတွင် Digital စနစ်သို့ ပြောင်းလဲပြသနိုင်မည့် ရုပ်ရှင်ရုံ ငါးရုံသာ ရှိသည့်အတွက် Digital စနစ်သို့ ပြောင်းလဲရန် ရုပ်ရှင်ရုံ ၇၅ ရုံ ကျန်ရှိနေပါကြောင်း၊ ရုပ်ရှင်ရုံ များနှင့် ပတ်သက်၍ ရုပ်ရှင်ပြသရန် သတ်မှတ် ထားသော်လည်း ရုပ်ရှင်ပြသမှု မရှိခြင်းနှင့် အခြားလုပ်ငန်းများ လုပ်ကိုင်နေခြင်းအတွက် စာချုပ်ပါ စည်းကမ်းဖောက်ဖျက်မှုများအပေါ် ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်လျက်ရှိပါ ကြောင်း၊ စည်းကမ်းဖောက်ဖျက်သည့် ရုပ်ရှင်ရုံ များကို ဥပဒေနှင့်အညီ ဆောင်ရွက်လျက်ရှိသကဲ့ သို့ တစ်ဖက်တွင်လည်း မိမိတို့အနေဖြင့် Digital စနစ်သို့ ပြောင်းလဲရာတွင် အရင်းအနှီး အခက် အခဲ၊ နည်းပညာ အခက်အခဲကြောင့် ဆောင်ရွက် ရန် နှောင့်နှေးနေသည့် အခြေအနေကို ကူညီ ဖြေရှင်းသည့်အနေဖြင့် Digital စနစ်ဖြင့် ပြောင်းလဲပြသနိုင်ရန် စိတ်ဝင်စားသည့် ပုဂ္ဂလိက လုပ်ငန်းရှင်များ၊ ရုပ်ရှင်ရုံများ ဖွံ့ဖြိုးရေးဆောင် ရွက်နေသည့် ကုမ္ပဏီအဖွဲ့အစည်းများနှင့် ပေါင်းစပ်ညှိနှိုင်းလုပ်ဆောင်နိုင်ရန် ကူညီပံ့ပိုး ပေးလျက်ရှိပါကြောင်း။

ရုပ်ရှင်ရုံများဖွံ့ဖြိုးတိုးတက်ရေး

ထို့အပြင် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ပုဂ္ဂလိကသို့ အပြီးအပိုင် ရောင်းချထားသည့် ရုပ်ရှင်ရုံများနှင့် ပြန်ကြားရေးဝန်ကြီးဌာနက တာဝန်ယူ ဆောင်ရွက်နေသည့် နှစ်ရှည်ငှား ရုပ်ရှင်ရုံများ၏ စီမံခန့်ခွဲမှုဆိုင်ရာကိစ္စရပ်များကို သက်ဆိုင်ရာ တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရ အဖွဲ့များထံ လွှဲပြောင်းနိုင်ရေးကို စီစဉ်ဆောင် ရွက်လျက်ရှိပါကြောင်း၊ ယခုလို လွှဲပြောင်းပေး နိုင်ခြင်းအားဖြင့် ရုပ်ရှင်ရုံများဖွံ့ဖြိုးတိုးတက်ရေး ကို သက်ဆိုင်ရာ တိုင်းဒေသကြီး အစိုးရနှင့် ပြည်နယ်အစိုးရများအလိုက် ပိုမိုအာရုံစိုက်ပြီး ဆောင်ရွက်နိုင်မည်ဖြစ်ပါကြောင်း။

ရုပ်ရှင်ကားများ ထုတ်လုပ်မှု များပြားလာ သည်နှင့်အမျှ ပုဂ္ဂလိက ရုပ်ရှင်ရုံများလည်း ပေါ်ပေါက်လာနေပါကြောင်း၊ ပြန်ကြားရေးဝန်ကြီး ဌာနအနေဖြင့် တည်ဆဲဥပဒေများနှင့်အညီ လိုအပ်ချက်များကို ဝိုင်းဝန်းပူးပေါင်းဆောင်ရွက် ပေးလျက်ရှိပါကြောင်း၊ နိုင်ငံတော်ပိုင် ရုပ်ရှင်ရုံ ၂၇ ရုံရှိသည့်အနက် Red Theater အဖြစ် စီစဉ်ဆောင်ရွက်နေသည့် ရုပ်ရှင်ရုံတစ်ရုံမှအပ ပုဂ္ဂလိကသို့ နှစ်ရှည် ငှားရမ်းထားသည့် ရုပ်ရှင်ရုံ ၂၆ ရုံရှိသည့်အနက် Digital စနစ်သို့ ပြောင်းလဲ ပြီးသည့် ရုပ်ရှင်ရုံ ၂၂ ရုံရှိနေပြီး ကျန်ရှိနေသည့် လေးရုံကိုလည်း Digital စနစ်သို့ ပြောင်းလဲ နိုင်ရေး ဆက်လက် ဆောင်ရွက်လျက်ရှိပါ ကြောင်း ရှင်းလင်းဖြေကြားသည်။

အချိန်နှင့်တစ်ပြေးညီ မှန်ကန်စေရန်

ကျောက်တန်း မဲဆန္ဒနယ်မှ ဒေါ်အေးမြမြ မျိုး၏ **အများပြည်သူ သတင်းအချက်အလက် ရယူပိုင်ခွင့်နှင့် စပ်လျဉ်း၍ မည်သို့ စီစဉ်ဆောင် ရွက်ထားသည်ကို သိလိုခြင်း** နှင့် စပ်လျဉ်း၍ ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်လှထွန်းက အများပြည်သူ သတင်း အချက်အလက် ရယူပိုင်ခွင့်နှင့်စပ်လျဉ်း၍ ဝန်ကြီး ဌာနအလိုက် ပြောရေးဆိုခွင့်ရှိသူများစာရင်းကို ဖွဲ့စည်းထုတ်ပြန်ထားပြီး ပြန်ကြားရေးဝန်ကြီး ဌာန Web Portal ဖြစ်သည့် www.moi.gov.mm တွင် လွှင့်တင်ထားပါကြောင်း၊ ထို့အပြင် ပြည်သူများနှင့် တိုက်ရိုက်ထိတွေ့ဆက်ဆံရသော ဦးစီးဌာန၊ လုပ်ငန်းများသို့ ရုံးလုပ်ငန်းကိစ္စရပ် များ ဆောင်ရွက်ရန် လာရောက်ကြသည့် ပြည်သူ များအနေဖြင့် အဆင်ပြေလွယ်ကူစေရေးအတွက် သက်ဆိုင်ရာဌာနများ၏ ရုံးလုပ်ထုံးလုပ်နည်း များ၊ လုပ်ငန်းစဉ်များနှင့် လိုအပ်သည့် သတင်း အချက်အလက်များကို အများပြည်သူ မြင် သော နေရာများတွင် ချိတ်ဆွဲပြသထားရန်နှင့် Website၊ Social Media အစရှိသော အင်တာနက် လူမှုကွန်ရက်များတွင် ဖော်ပြပေး ခြင်းတို့ကို အထူးအလေးထား ဆောင်ရွက်ရန် နိုင်ငံတော်သမ္မတရုံးက ဗဟိုအဖွဲ့အစည်းများ၊ ပြည်ထောင်စုဝန်ကြီးဌာနများသို့ လည်းကောင်း၊ ပြည်ထောင်စု အစိုးရအဖွဲ့ရုံးက နေပြည်တော် ကောင်စီ၊ တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရအဖွဲ့တို့ သို့ လည်းကောင်း အကြောင်းကြားထားပြီးဖြစ် ပါကြောင်း၊ အဆိုပါ Web Portal၊ Website နှင့် Social Media များတွင် လွှင့်တင်ထား သည့် ကိန်းဂဏန်း၊ စာရင်း၊ ဇယားနှင့် အချက် အလက်အချို့တွင် အချိန်ကြာမြင့်သည်နှင့်အမျှ ပြောင်းလဲခဲ့ပြီးဖြစ်သည့်အတွက် ယင်းတို့ကို အချိန်နှင့်တစ်ပြေးညီ မှန်ကန်စေရန်အတွက် စဉ်ဆက်မပြတ် Update လုပ်ပေးရန် သက်ဆိုင်ရာ ဝန်ကြီးဌာနများသို့ ဆက်သွယ်ညှိနှိုင်း နှိုးဆော် လျက်ရှိပါကြောင်း။

အလွယ်တကူ သိရှိနိုင်စေရန်

ပြန်ကြားရေးဝန်ကြီးဌာနအနေဖြင့် ရရှိ သည့် အချက်အလက်များ၊ ရုံးလုပ်ထုံးလုပ်နည်း များ၊ လုပ်ငန်းစဉ်အပါအဝင် အခြားသော ဝန်ကြီး ဌာနများ၏ သတင်းအချက်အလက်များ၊ မိုးလေ ဝသ သတင်းများ၊ ထူးခြားဖြစ်စဉ် သတင်းများနှင့် နေ့စဉ်လုပ်ငန်း ဆောင်ရွက်မှု သတင်းများကို ပြည်သူများအလွယ်တကူ သိရှိနိုင်စေရန်အတွက် ပြန်ကြားရေးဝန်ကြီးဌာန Call Center Hot Line(1883) ဖွင့်လှစ် ဆောင်ရွက်ပေးလျက် ရှိပါကြောင်း။

ထို့အပြင် ဒီမိုကရေစီ လူ့ဘောင်တစ်ခုတွင် အများပြည်သူသို့ မဏ္ဍိုင် ၃ ရပ်၏ လုပ်ကိုင် ဆောင်ရွက်မှုများကို အသိပေးရသည့် သတင်း မီဒီယာများမှတစ်ဆင့် အများပြည်သူ သိသင့် သိထိုက်သည့် သတင်းအချက်အလက်များကို စနစ်တကျပေးပို့နိုင်ရန်အတွက် မဏ္ဍိုင် ၄ ရပ် ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်ရေးဆွေးနွေး ပွဲများကို နေပြည်တော်၊ တိုင်းဒေသကြီးများ နှင့် ပြည်နယ်များ၌ ပြုလုပ်၍ မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီမှတစ်ဆင့် ညှိနှိုင်း ဆောင်ရွက်လျက်ရှိပါကြောင်း၊ နိုင်ငံသားအားလုံး သတင်းအချက်အလက်သိရှိပိုင်ခွင့်ကို စနစ်တကျ ရရှိစေရန်အတွက် သတင်းအချက်အလက် ရပိုင် ခွင့်ဥပဒေ(Right to Information Law) ပြဋ္ဌာန်းနိုင်ရေးအတွက် ညှိနှိုင်းဆောင်ရွက်လျက် ရှိပါကြောင်း ရှင်းလင်းဖြေကြားသည်။

■ **နိုင်ငံအတွင်း ထူးချွန်ထက်မြက်ပြီး နိုင်ငံတကာအဆင့်မီ သတင်းသမားကောင်းများ မျိုးဆက်မပြတ်ပေါ်ထွန်းလာရေးအတွက် ရေရှည်၊ ရေတို စီမံကိန်းများ ချမှတ်ကာ သတင်းမီဒီယာကျောင်းများ ဖွင့်လှစ်ရန် ကြိုးပမ်းဆောင်ရွက်သွားမည်**

■ **နိုင်ငံသားအားလုံး သတင်းအချက်အလက်သိရှိပိုင်ခွင့်ကို စနစ်တကျရရှိစေရန်အတွက် သတင်းအချက်အလက် ရပိုင်ခွင့်ဥပဒေ (Right to Information Law) ပြဋ္ဌာန်းနိုင်ရေးအတွက် ညှိနှိုင်းဆောင်ရွက်လျက်ရှိ**

စာမျက်နှာ ၉ သို့

“ နိုင်ငံပိုင်သတင်းစာများအနေဖြင့် ပြည်သူနှင့် အစိုးရအကြားတွင် ပေါင်းကူးတံတားသဖွယ် ဆက်သွယ်ဆောင်ရွက်ပေးရန် အဓိကတာဝန်ရှိသည့်အတွက် ပြည်သူများ စျေးနှုန်းချိုသာစွာဖြင့် သတင်းစာဖတ်ရှုနိုင်ရေးကိုသာ ဦးတည်ဆောင်ရွက်နေခြင်းဖြစ် ”

စာမျက်နှာ ၈ မှ

တွံတေးမဲဆန္ဒနယ်မှ ဦးမြင့်လွင်၏ **ပုဂ္ဂလိကသတင်းစာများ အားကောင်းမောင်းသန် ရှင်သန်ရပ်တည်သွားနိုင်ရေးအတွက် လိုအပ်သည့် ကူညီပံ့ပိုးမှုအစီအမံများရှိ၊ မရှိ** မေးခွန်းနှင့် စပ်လျဉ်း၍ ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်လှထွန်းက ပြန်ကြားရေးဝန်ကြီးဌာနအနေဖြင့် ပုဂ္ဂလိကသတင်းစာ ၃၇ စောင်နှင့် ဌာနဆိုင်ရာ သတင်းစာ ခုနစ်စောင် စုစုပေါင်း ၄၄ စောင်ကို ထုတ်ဝေခွင့်ပြု ထားရှိပါကြောင်း၊ ယင်းတို့အနက် လက်ရှိအခြေအနေတွင် မန္တလေးနေ့စဉ်၊ မြဝတီရောင်စုံ၊ ရတနာပုံ၊ မြို့တော်၊ မြန်မာ့အလင်း၊ ကြေးမုံနှင့် Global New Light of Myanmar စသည့် ဌာနဆိုင်ရာသတင်းစာများ စုစုပေါင်း ခုနစ်စောင်ရှိပါကြောင်း၊ ပုဂ္ဂလိက သတင်းစာများမှာ အင်္ဂလိပ်ဘာသာဖြင့် ထုတ်ဝေသည့် The Straits Times, New York Times, Myanmar Times နှင့် China Daily လေးစောင် ရှိပါကြောင်း၊ မြန်မာဘာသာဖြင့် ထုတ်ဝေသည့် စံတော်ချိန်၊ ခေတ်သစ်၊ ဒီမိုကရေစီတူဒေး၊ 7 day daily, Daily Eleven, The Voice Daily, ပြည်ထောင်စုနေ့စဉ်၊ မြန်မာတိုင်းမ်၊ မြန်မာသံတော်ဆင့်၊ ဝိတိုရိယနှင့် ညနေခင်းသတင်းစာ ၁၁ စောင်နှင့် ကချင်၊ကယား၊ ကရင်၊ ချင်း၊ မွန်၊ ရခိုင်၊ ရှမ်းနှင့် တအာင်းပလောင် စသည့်တိုင်းရင်းသားဘာသာအသီးသီးဖြင့် ထုတ်ဝေနေသည့် သတင်းစာနှင့် ဂျာနယ် ၄၇ စောင် ရှိပါကြောင်း၊ အဆိုပါအခင်းအကျင်းကို ကြည့်ခြင်းအားဖြင့် ပုဂ္ဂလိကသတင်းစာများ လွတ်လပ်စွာ ထုတ်ဝေဖြန့်ချိလျက်ရှိသည်ကို တွေ့မြင်ရမည် ဖြစ်ပါကြောင်း။

ပြောင်းလဲထုတ်ဝေ

ယခုအခါ နိုင်ငံတကာတွင် ဆက်သွယ်ရေးနည်းပညာ တစ်ဟုန်ထိုး တိုးတက်လာသည့်အလျောက် Online Media မှာ လျင်မြန်စွာ ဖွံ့ဖြိုးလာနေပြီး Print Media များ၏ အခန်းကဏ္ဍမှာ တရိပ်ရိပ် ကျဆင်းလာနေသည်ကို တွေ့ရပါကြောင်း၊ ၂၀၀၈ ခုနှစ်ခန့်မှ စတင်၍ ကမ္ဘာကျော် သတင်းစာကြီးများ အပါအဝင် ပုံနှိပ်သတင်းစာအများအပြားကို အွန်လိုင်းသတင်းစာအဖြစ် လုံးဝပြောင်းလဲ၍ ဖြစ်စေ၊ ပုံနှိပ်သတင်းစာနှင့် ယှဉ်တွဲ၍ဖြစ်စေ စတင်ထုတ်ဝေလာခဲ့ကြပါကြောင်း၊ ၁၇၃၄ ခုနှစ်တွင် စတင်ထုတ်ဝေခဲ့သည့် ကမ္ဘာ့သက်တမ်းအရှည်ဆုံး Lloyd’s List Journal သည် ပုံနှိပ်ထုတ်ဝေနေရာမှ Online Version သို့ ၂၀၁၃ ခုနှစ်တွင် ပြောင်းလဲခဲ့ရပါကြောင်း၊ မြန်မာနိုင်ငံတွင်လည်း Mizzima Newspaper အပါအဝင် သတင်းစာအများအပြားကို Digital Newspaper များအဖြစ် ပြောင်းလဲထုတ်ဝေလာခဲ့ကြသည်ကို တွေ့ရှိရပါကြောင်း။

ပုံနှိပ်သတင်းစာများ ရပ်တည်ရန် ခက်ခဲရသည့် အဓိကအကြောင်းရင်းတစ်ခုမှာ သတင်းစာများ ရောင်းချရမှုနှင့် ကြော်ငြာမှ ရရှိသည့် ဝင်ငွေတို့ ကျဆင်းလာရခြင်းတို့ကြောင့် ဖြစ်ပါကြောင်း၊ လက်ရှိအချိန်တွင် ကြော်ငြာဝင်ငွေများသည် ပုံနှိပ်မီဒီယာအပြင် ရေဒီယိုရုပ်သံ (Broadcast)နှင့် Digital အစရှိသည့် Online Media များသို့ ခွဲဝေပေးနေရမှုကြောင့် ပုံနှိပ်မီဒီယာများအနေဖြင့် ကြော်ငြာမှ ရရှိသည့် ဝင်ငွေများကျဆင်းလျက်ရှိရာ လုပ်ငန်းလုပ်ကိုင်ရာတွင် ကန့်သတ်ချက်များ ကြုံတွေ့ရခြင်းဖြစ်ပါကြောင်း။

ပေးဆောင်နေရ

သတင်းစာအပါအဝင် ပုံနှိပ်လုပ်ငန်းများအနေဖြင့် အကောက်ခွန်၊ ကုန်သွယ်လုပ်ငန်းခွန်၊ အမြတ်ခွန် အစရှိသည့် အခွန်အခများကြောင့် လုပ်ငန်းများ လုပ်ကိုင်ရာတွင် အခက်အခဲများရှိနေသည့်အတွက် Withholding Tax ကို နိုင်ငံတော်အစိုးရက ပယ်ဖျက်ပေးရန် စီစဉ်ဆောင်ရွက်လျက်ရှိသည်ကို သိရပါကြောင်း၊ အခွန်အခများ ကင်းလွတ်ခွင့်ရရှိရေး၊ လျှော့ပေါ့ပေးရေးကိစ္စသည် သက်ဆိုင်သူများအားလုံး ဝိုင်းဝန်း၍ ဆောင်ရွက်ရမည့် ကိစ္စရပ်ဖြစ်ပါကြောင်း၊ ပြန်ကြားရေးဝန်ကြီးဌာနတစ်ခုတည်းက ဆောင်ရွက်၍ မရနိုင်ပါကြောင်း၊ နိုင်ငံပိုင်သတင်းစာများသည်လည်း စျေးကွက်စီးပွားရေးမူဝါဒများအရ အခွန်အခများ ကင်းလွတ်ခွင့်မရရှိဘဲ ပုဂ္ဂလိက သတင်းစာများ နည်းတူပေးဆောင်နေရသည် ဖြစ်ပါကြောင်း။

နိုင်ငံပိုင်သတင်းစာများသည် နိုင်ငံတော်၏ဘဏ္ဍာငွေကို အသုံးပြု၍ လည်ပတ်ရသော နိုင်ငံပိုင် စီးပွားရေးလုပ်ငန်းဖြစ်သည့်အတွက် အရှုံးဖြင့် ရပ်တည်၍မရနိုင်ပါကြောင်း၊ စီးပွားရေးအားဖြင့် အရှုံးနှင့်ရင်ဆိုင်ရနိုင်ခြေ ရှိပါကလည်း အကျိုးတူပူးပေါင်းဆောင်ရွက်ခြင်း စသည့် နည်းလမ်းများကို ရှာဖွေဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊ နိုင်ငံပိုင်သတင်းစာများအနေဖြင့် အရှုံးမရှိစေရ ကန့်သတ်ချက်အပြင် အမြတ်အစွန်းများစွာ ရရှိရေးကိုလည်း ဦးတည်၍မရဘဲ ပြည်သူများ စျေးနှုန်းချိုသာစွာဖြင့် သတင်းစာဝယ်ယူ ဖတ်ရှုခွင့်ရရှိရေးအတွက် ဦးတည်ကာ သတင်းစာတန်ဖိုးကို ကြော်ငြာဝင်ငွေဖြင့် ခုနှိမ်ပြီး သတင်းစာ အမှန်တကယ်ကျသင့်တန်ဖိုးထက် လျှော့ချပြီး ရောင်းချနေရခြင်း ဖြစ်ပါကြောင်း၊ ထူထောင်ဆဲနိုင်ငံများတွင် နိုင်ငံပိုင်သတင်းစာများအနေဖြင့် ပြည်သူနှင့် အစိုးရအကြားတွင် ပေါင်းကူးတံတားသဖွယ် ဆက်သွယ်ဆောင်ရွက်ပေးရန် အဓိက တာဝန်ရှိသည့်အတွက် ပြည်သူများ စျေးနှုန်းချိုသာစွာဖြင့် သတင်းစာဖတ်ရှုနိုင်ရေးကိုသာ ဦးတည်ဆောင်ရွက်နေခြင်းဖြစ်ပါကြောင်း။

ပုဂ္ဂလိက သတင်းမီဒီယာများမှ သတင်းထောက်များ၊ ဌာနဆိုင်ရာသတင်းများ ရယူမှုပိုမိုလွယ်ကူမြန်ဆန်စေရန် ၂၀၁၆ ခုနှစ်မှ စတင် ၍ မဏ္ဍိုင် ၃ ရပ်နှင့် သတင်းမီဒီယာများ တွေ့ဆုံဆွေးနွေးပွဲများကို သတင်းမီဒီယာကောင်စီနှင့် ပူးပေါင်းလျက် မြန်မာနိုင်ငံအနှံ့ ဆောင်ရွက်လျက်ရှိပါကြောင်း၊ တစ်ဦး၏ လုပ်ငန်းသဘောသဘာဝကို တစ်ဦးသိရှိကာ သတင်းကိစ္စဆက်သွယ်ဆောင်ရွက်မှု ချောမွေ့လွယ်ကူစေရန်များစွာ အထောက်အကူပြုလျက်ရှိပါကြောင်း၊ မဏ္ဍိုင် ၃ ရပ်တွင် ပြောရေးဆိုခွင့်ရှိသူများကို ရွေးချယ်တာဝန်ပေးထားပြီး ယင်းတို့ကို သတင်းမီဒီယာများနှင့် ဆက်သွယ်ဆောင်ရွက်မှုဆိုင်ရာ သတင်းများ ပြုလုပ်ပေးခဲ့ပါကြောင်း။

ဒုတိယဝန်ကြီး ဦးအောင်လှထွန်း
ပြန်ကြားရေးဝန်ကြီးဌာန

ဒုတိယဝန်ကြီး ဗိုလ်ချုပ်အောင်စိုး
ပြည်ထဲရေးဝန်ကြီးဌာန

ကြေးမုံနှင့် မြန်မာ့အလင်းသတင်းစာတို့တွင် ပြင်ပပုဂ္ဂလိက ကြော်ငြာကုမ္ပဏီများနှင့် ပူးပေါင်းပြုလုပ်သည့် ကြော်ငြာစာမျက်နှာများ ရိုက်နှိပ်ပြီး ကြားညှပ်ထည့်သွင်း ဖြန့်ချိခြင်းလုပ်ငန်းကို ပြင်ပပုဂ္ဂလိက သတင်းစာ၊ဂျာနယ်များသို့ ခွဲဝေရောက်ရှိစေနိုင်ရန် ရည်ရွယ် ပြီး ၂၀၁၆ ခုနှစ် ဇွန် ၁ ရက်မှစ၍ ဖျက်သိမ်းပေးခဲ့ပါကြောင်း၊ နိုင်ငံတော်အဆင့် တာဝန်ရှိသူများ၏ သတင်းများအပါအဝင် ဌာနဆိုင်ရာသတင်းများ၊ ဓာတ်ပုံများကို ပြင်ပပုဂ္ဂလိက မီဒီယာများအနေဖြင့် နိုင်ငံပိုင်သတင်းစာများနှင့် အတူတစ်ပြေးညီရရှိစေရန် Website များ၌ တင်ပေးထားပြီး သတင်းရရှိမှုအပိုင်းတွင် မြန်ဆန်စေရန် စီမံဆောင်ရွက်ပေးလျက်ရှိပါကြောင်း။

သီးခြားပုံစံတစ်မျိုးဖြင့် ရပ်တည်

နေပြည်တော်၌ ကျင်းပသော အခမ်းအနားကြီးများနှင့် နိုင်ငံတကာမှ စိတ်ဝင်စားမှုရှိသည့် ရခိုင်ပြည်နယ် မောင်တောဒေသခရီးစဉ်များတွင် နိုင်ငံခြားသတင်းမီဒီယာများနှင့်အတူ ပြည်တွင်းပုဂ္ဂလိကမီဒီယာများအားလုံး တစ်ပြေးညီကိုယ်တိုင်ကိုယ်ကျ တက်ရောက် သတင်းယူနိုင်စေရန်အတွက် နေရာထိုင်ခင်းနှင့် သွားလာရေးအခက်အခဲကြောင့် လူဦးရေ ကန့်သတ်ရသည့် အခါများမှလွဲ၍ အလှည့်ကျ သတင်းရယူနိုင်ရန် စီစဉ်ပေးလျက်ရှိပါကြောင်း၊ နိုင်ငံတော်အနေဖြင့် ပုဂ္ဂလိကသတင်းစာများ လွတ်လပ်စွာ ရေးသားထုတ်ဝေခွင့်များရရှိစေရန် ဆောင်ရွက်ပေးသည့်နေရာတွင် လိုအပ်ချက်များစွာရှိနေသေးသည်ကို ပြန်ကြားရေးဝန်ကြီးဌာနအနေဖြင့် အသိအမှတ်ပြုပြီး ပိုမိုတိုးတက်ကောင်းမွန်အောင် ကြိုးပမ်းဆောင်ရွက်နေပါကြောင်း၊ နိုင်ငံပိုင်သတင်းစာများကို အစိုးရ၏ ဆောင်ရွက်ချက်များအား ပြည်သူများသိရှိစေရန်၊ ပြည်သူများ၏ လိုအပ်ချက်များကို နိုင်ငံတော်အစိုးရနှင့် သက်ဆိုင်ရာကဏ္ဍအလိုက် တာဝန်ရှိသူများ သိရှိစေရန်၊ ပြင်ပမီဒီယာက စိတ်ဝင်စားမှု နည်းပါးသည့် လူနည်းစု တိုင်းရင်းသားများအကြောင်းနှင့် အခြားပြည်သူလူထု သိသင့်သိထိုက်သည်များကို သိရှိစေရန် စသည့် ရည်ရွယ်ချက်များဖြင့်သာ ထုတ်ဝေဖြန့်ချိနေပြီး ပြင်ပပုဂ္ဂလိကသတင်းစာများနှင့် ပြိုင်ဆိုင်မှုမပြုဘဲ သီးခြားပုံစံတစ်မျိုးဖြင့် ရပ်တည်ကာ ပုဂ္ဂလိကသတင်းစာများ ရှင်သန်ရပ်တည်နိုင်ရေးအတွက် လမ်းဖွင့်ပေးလျက်ရှိပါကြောင်း ရှင်းလင်းဖြေကြားသည်။

ဆက်လက်၍ အင်္ဂပူမဲဆန္ဒနယ်မှ ဦးအေးဝင်းနှင့် ဝေါမဲဆန္ဒနယ်မှ ဦးတင်ထွေးတို့၏ မေးခွန်းများနှင့်စပ်လျဉ်း၍ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်အောင်စိုးက ရှင်းလင်းဖြေကြားသည်။

ထို့နောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ်က ဆောက်လုပ်ရေးဝန်ကြီးဌာနမှ ပေးပို့သော စုပေါင်းပိုင် အဆောက်အအုံဆိုင်ရာ နည်းဥပဒေများနှင့် စပ်လျဉ်း၍ စမ်းချောင်းမဲဆန္ဒနယ်မှ ဦးဘိုဘိုဦး၏ ပြင်ဆင်ချက်အဆိုအပေါ် ပြင်ဆင်ချက်တင်သွင်းလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာသည်။

ယင်းနောက် အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့လာသော ပေါက်ကွဲစေတတ်သော ဝတ္ထုပစ္စည်းများဆိုင်ရာ ဥပဒေကြမ်းကို လက်ခံရရှိကြောင်း ကြေညာပြီး အဆိုပါ ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ပြင်ဆင်ချက်အဆို တင်သွင်းလိုသည့် ကိုယ်စားလှယ်များရှိပါက အမည်စာရင်းတင်သွင်းနိုင်ကြောင်း လွှတ်တော်သို့ အသိပေးတင်ပြသည်။

ဆက်လက်၍ အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်မရှိ ပြန်လည်ပေးပို့သော အမျိုးဇာတ်ပျက်ယွင်းခြင်းမှ ဖယ်ရှားသည့် အက်ဥပဒေ(The Caste Disabilities Removal Act) ကို ပြင်ဆင်သည့် ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ လက်ခံရရှိကြောင်းနှင့် ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း လွှတ်တော်သို့ အသိပေးသည်။

ထို့နောက် ပြန်ကြားရေးဝန်ကြီးဌာနက တင်သွင်းသည့် ရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်ခြင်းဆိုင်ရာ ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ပြင်ဆင်ချက်ဖြင့် အတည်ပြုရန် လွှတ်တော်၏ အဆုံးအဖြတ်ရယူရာ လွှတ်တော်က ပြင်ဆင်ချက်အတိုင်း အတည်ပြုကြောင်းနှင့် ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ်က ကြေညာသည်။

ယင်းနောက် ပြန်ကြားရေးဝန်ကြီးဌာနက တင်သွင်းသည့် ရုပ်မြင်သံကြားနှင့် ဗီဒီယိုဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ တင်သွင်းထားသည့် ပြင်ဆင်ချက်အဆိုအား ဥပဒေကြမ်းကော်မတီက အဆိုတင်သွင်းပြီး လွှတ်တော်၏ အဆုံးအဖြတ်ရယူရာ လွှတ်တော်က သဘောတူ အတည်ပြုသည်။

ဆက်လက်၍ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ်က နိဂုံးချုပ်အမှာစကား ပြောကြားရာတွင် အစည်းအဝေးကာလအတွင်း ဆောင်ရွက်ချက်များအနေဖြင့် ကြယ်ပွင့်ပြမေးခွန်း ၁၉၁ ခု မေးမြန်းဖြေကြားခြင်း၊ ကြယ်ပွင့်မပြမေးခွန်း ၆၂၈ ခု ဖြေကြားခြင်းများ ဆောင်ရွက်နိုင်ခဲ့ပါကြောင်း၊ အဆို ကိုးခု တင်သွင်းနိုင်ခဲ့ပြီး အတည်ပြုအဆို နှစ်ခုနှင့် မှတ်တမ်းတင်အဆို ခုနစ်ခုတို့ ဖြစ်ကြပါကြောင်း၊ ဥပဒေကြမ်းများအနေဖြင့် ဆွေးနွေးဆောင်ရွက်ခဲ့သည့် ဥပဒေကြမ်း ၃၅ ခုရှိပြီး ဥပဒေကြမ်း ၁၄ ခုကို အတည်ပြုနိုင်ခဲ့ပါကြောင်း၊ ဆက်လက်ဆောင်ရွက်ရန် ဥပဒေကြမ်း ၂၁ ခု ကျန်ရှိပါကြောင်း၊ ထို့ပြင် ပြည်သူ့လွှတ်တော်က ဖွဲ့စည်းထားသည့် ကော်မတီ ၁၄ ခု၏ သက်တမ်းတိုးမြှင့်ခြင်းနှင့် အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေး ကော်မတီ၏ အစီရင်ခံစာကို အတည်ပြုခြင်းများကိုလည်း ဆောင်ရွက်နိုင်ခဲ့ပါကြောင်း။

ကိုယ်စားလှယ်များက မိမိကိုယ်ကိုယ် ကောင်းအောင်ကြိုးစားရင်း မိမိပတ်ဝန်းကျင်နှင့် ပြည်သူလူထု၏ စံနမူနာပြ ကျင့်ကြံဆောင်ရွက်နိုင်မှသာ မိမိတို့မျှော်မှန်းထားသည့် ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုကြီးကို တည်ဆောက်နိုင်ကြမည် ဖြစ်ပါကြောင်း၊ ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုတည်ဆောက်ရန်အတွက် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးသည် အဓိကအရေးကြီးဆုံး ဆောင်ရွက်ကြရမည့် တာဝန်တစ်ရပ်ဖြစ်ပါကြောင်း၊ နိုင်ငံသားအားလုံး ပြည်ထောင်စုစိတ်ဓာတ်၊ တိုင်းရင်းသားအချင်းချင်း ချစ်ကြည်ရင်းပင်းသည့် စိတ်ဓာတ်ရှိမှသာ ပြည်ထောင်စုဆိုသည့် အဓိပ္ပာယ်သည် ပိုပြီးပြည့်စုံလာခြင်းဖြစ်ပါကြောင်း၊ ယနေ့အချိန်အခါသည် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးအတွက် တွေ့ဆုံဆွေးနွေးညှိနှိုင်း အဖြေရှာသည့် နိုင်ငံရေးနည်းလမ်းများကို လက်ကိုင်ထားပြီး ငြိမ်းချမ်းရေးလုပ်ငန်းစဉ် အဆင့်ဆင့်ကို ဖော်ဆောင်နေသည့် ကာလဖြစ်ပါကြောင်း၊ တစ်ပြိုင်တည်းတွင် မိမိတို့နိုင်ငံတော်၏ စီးပွားရေး၊ လူမှုရေးစသည့် ကဏ္ဍပေါင်းစုံမှ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်အောင် ကြိုးပမ်းတည်ဆောက်နေသည့် ကာလလည်း ဖြစ်ပါကြောင်း။

အချိန်ကာလတစ်ခု လိုအပ်

ထိုသို့ ဆောင်ရွက်သည့်အခါတွင် မိမိတို့လွှတ်တော်ကိုယ်စားလှယ်များ၏ အခန်းကဏ္ဍသည်လည်း ဥပဒေပြုရေးမဏ္ဍိုင်ကို ကိုယ်စားပြုပြီး ပါဝင်ဆောင်ရွက်ကြရမည် ဖြစ်ပါကြောင်း၊ ကိုယ်စားလှယ်များ၏ အတွေးအခေါ်၊ အယူအဆ၊ အမူအကျင့်များသည်လည်း ခေတ်နှင့် လိုက်လျောညီထွေသည့် အတွေးအခေါ်မျိုးထားရှိရမည် ဖြစ်ပါကြောင်း၊ အပြောင်းအလဲတိုင်းသည် အချိန်ကာလတစ်ခု လိုအပ်စမြဲ ဖြစ်သည့်အတွက် မိမိတို့အားလုံးသည် သံသယကင်းသည့် အကြွင်းမဲ့ယုံကြည်မှု၊ ခိုင်မာသည့် စည်းလုံးမှု၊ ပြတ်သားသည့် သန္နိဋ္ဌာန်စိတ်တို့နှင့် ဒီမိုကရေစီဖက်ဒရယ် ပြည်ထောင်စုကြီးကို ဆက်လက်ကြိုးပမ်း ဆောင်ရွက်သွားကြရန် တိုက်တွန်းမှာကြားလိုပါကြောင်း။

လွှတ်တော်၏ အဓိကလုပ်ငန်း တာဝန် ၃ ရပ်ဖြစ်သည့် ဥပဒေပြုခြင်း (Legislation)၊ စောင့်ကြည့်ထိန်းညှိခြင်း (Oversight)နှင့် ကိုယ်စားပြုခြင်း (Representation) တာဝန် ၃ ရပ်ကို ပီပြင်စွာ ထမ်းဆောင်နိုင်သည့် လွှတ်တော် ကိုယ်စားလှယ်များဖြစ်အောင် စဉ်ဆက်မပြတ် ကြိုးစားဆောင်ရွက်ကြပါ။ ပထမတာဝန်ဖြစ်သည့် ဥပဒေပြုခြင်းလုပ်ငန်း တာဝန်များ ထမ်းဆောင်နိုင်ရန်အတွက် အရည်အချင်းပြည့်ဝသည့် လွှတ်တော်ကိုယ်စားလှယ်များအဖြစ် တည်ဆောက်ပြီး နိုင်ငံတော်နှင့် နိုင်ငံသားများ၏ အကျိုးစီးပွားကို ကာကွယ်မြှင့်တင်ပေးနိုင်သည့် ဥပဒေများ ပြဋ္ဌာန်းနိုင်ရန်အတွက် ဆောင်ရွက်ကြပါ။ ဒုတိယတာဝန်ဖြစ်သည့် စောင့်ကြည့်ထိန်းညှိခြင်းလုပ်ငန်းတာဝန်အတွက် ဒေသနယ်ပယ်အလိုက် အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးကဏ္ဍများ တည့်မတ်မှန်ကန်အောင် (Parliamentary Oversight)အဖြစ် စောင့်ကြည့်ထိန်းညှိပေးကြပါ။

တတိယတာဝန်ဖြစ်သည့် ကိုယ်စားပြုခြင်းလုပ်ငန်းတာဝန်အတွက် မဲဆန္ဒရှင် ပြည်သူလူထုထံ ပြန်လည်ရောက်ရှိသည့်အခါ ပြည်သူ့အသံနှင့် ပြည်သူတို့၏ တင်ပြချက်များကို အလေးထားမှတ်သား နားထောင်ကြပါ။ ပြည်သူကိုကိုယ်စားပြုပြီး ပြည်သူ့အသံ၊ လွှတ်တော်အသံဆိုသည့် ဆောင်ပုဒ်နှင့်အညီ ဆောင်ရွက်ကြပါ။ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး ကိစ္စများတွင် ပြည်သူနှင့်အတူ ပူးပေါင်းဆောင်ရွက်ကြပါ။ ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုနိုင်ငံတော် တည်ဆောက်ရန် ပြည်သူအားလုံး ပူးပေါင်းပါဝင်သည့် (All Inclusive Democracy) ဖော်ဆောင်ရေးကို ဝိုင်းဝန်းကူညီ ဆောင်ရွက်ပေးကြပါဟု ပြောကြားသည်။

ထို့နောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ်က ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် သတ္တမပုံမှန် အစည်းအဝေးပြီးစီးကြောင်း ကြေညာသည်။

အေးအေးသန့်(သတင်းစဉ်)

ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပြုချက်များအနက် လက်ရှိတွင် ပြန်လည်လက်ခံရေးလုပ်ငန်းများ ဦးစားပေးဆောင်ရွက်နေ

နေပြည်တော် မတ် ၂၉

ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပြုချက်များအပေါ် အကောင်အထည်ဖော်ဆောင်ရွက်ရေးကော်မတီ၏ ၃/၂၀၁၈ ကြိမ်မြောက် အစည်းအဝေးကို ယနေ့ မွန်းလွဲ ၂ နာရီ တွင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။ (ယာပုံ)

အစည်းအဝေးသို့ ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပြုချက်များအပေါ် အကောင်အထည်ဖော် ဆောင်ရွက်ရေးကော်မတီဥက္ကဋ္ဌ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး၊ ပူးတွဲဥက္ကဋ္ဌ ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးညီပု၊ အတွင်းရေးမှူး နယ်စပ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ် သန်းထွဋ်၊ တွဲဖက်အတွင်းရေးမှူး လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးစိုးအောင်နှင့် ကော်မတီအဖွဲ့ဝင်များ တက်ရောက်ကြသည်။

ဆက်လက်တိုးမြှင့် ဆောင်ရွက်

ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပြုချက်များအပေါ် အကောင်အထည်ဖော် ဆောင်ရွက်ရေး ကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးက အကြံပြုချက်များအနက် ချက်ချင်းအကောင်အထည်ဖော် ဆောင်ရွက်နိုင်သောအချက်များ ပါဝင်သကဲ့သို့ ချက်ချင်းလက်ငင်း ဆောင်ရွက်နိုင်ခြင်းမရှိသေးဘဲ အချိန်ယူဆောင်ရွက်ရမည့် အချက်များလည်း ရှိနေပါကြောင်း၊ အရှိန်အဟုန်ဖြင့် ဆောင်ရွက်ရန်ခက်ခဲသော အချက်များလည်း ရှိနေပါကြောင်း၊ လက်ရှိတွင် ပြန်လည် လက်ခံရေးလုပ်ငန်းများ ဦးစားပေးဆောင်ရွက်နေပါကြောင်း ၊ ပြန်လည်လက်ခံရေး၊ ပြန်လည်နေရာချထားရေး ကိစ္စများ၊ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများကို ကော်မတီတစ်ခုနှင့်တစ်ခု ဆက်စပ်ဆောင်ရွက်လျက်ရှိပါကြောင်း ၊ ပြန်လည်လက်ခံရေးဆိုင်ရာ ဆောင်ရွက်ချက်များကို အသစ်ဖွဲ့စည်းထားသော ကော်မတီသို့ တင်ပြရန် ဖြစ်ပြီး အဆိုပါကော်မတီမှ ရခိုင်ပြည်နယ် တည်ငြိမ်အေးချမ်းမှုနှင့် ဖွံ့ဖြိုးမှုတိုးတက်ရေးအကောင်အထည်ဖော်ရေး ဗဟိုကော်မတီသို့ ဆက်လက်တင်ပြသွားမည်ဖြစ်ကြောင်း ၊ UEHRD ထံမှ လိုအပ်သော အကူအညီများ ရယူဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ၊ ရခိုင်ပြည်နယ်အစိုးရအဖွဲ့က ဖွဲ့စည်းထားသည့် မောင်တောခရိုင် မီးလောင်မြေရှင်းလင်းရေးနှင့် ပြန်လည်နေရာချထားရေး လုပ်ငန်းကော်မတီနှင့် ဆက်စပ်ကော်မတီများကို ကြီးကြပ်လမ်းညွှန်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပြုချက်များနှင့် စပ်လျဉ်း၍ ဝန်ကြီးဌာနများအလိုက် ဆောင်ရွက်နေမှုများကို ဆက်လက်တိုးမြှင့်ဆောင်ရွက်ပေးကြပါရန်နှင့် ဆောင်ရွက်ရန် ကျန်ရှိနေသည့် အချက်များကို တစ်ချက်ချင်းအလိုက် သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပြီး လုပ်ငန်းများကို ပူးပေါင်းဆောင်ရွက်မည်ဖြစ်ပြီး တိုးတက်အောင် ဆောင်ရွက်ပေးကြရန် ဆွေးနွေးပြောကြားသည်။

နှစ်ဖက်အဖွဲ့ အစည်းများတွေ့ဆုံနိုင်ရေး

ဆက်လက်၍ ကော်မတီပူးတွဲဥက္ကဋ္ဌ၊ ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးညီပုက ရခိုင်ပြည်နယ်အတွင်း ဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် လုံခြုံရေးကိစ္စကို ပူးတွဲစဉ်းစားရန် လိုအပ်ပြီး လုပ်ငန်းများဆောင်ရွက်ရာတွင် ဟန်ချက်ညီစွာ ဆောင်ရွက်ရန် လိုအပ်ပါကြောင်း ၊ IDP စခန်းများ ပိတ်သိမ်းရေးနှင့် ပတ်သက်၍ ကျောက်တော် IDP စခန်းကဲ့သို့ အမြန်ဆုံးပိတ်သိမ်းရေးဆောင်ရွက်နိုင်မည့် စခန်းများကို ဦးစားပေး ဝိုင်းဝန်းဆောင်ရွက်ပေးကြစေလိုပါကြောင်း၊ သတင်းရယူခွင့်နှင့်ပတ်သက်၍ လိုအပ်သည်များကို တိုးမြှင့် ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း၊ နှစ်ဖက်အဖွဲ့အစည်းများ တိုးမြှင့်တွေ့ဆုံနိုင်ရေး ဆောင်ရွက်သကဲ့သို့ ဆွေးနွေးမှုမှ ရရှိလာသည့် အကြောင်းအရာများ အကောင်အထည်ဖော် ဆောင်ရွက်ရန် လိုအပ်ပါကြောင်း ၊ ဖြစ်စဉ်ကြောင့် ပုဒ်မ -၁၄၄ ထုတ်ပြန်ထားသော နေရာများအနက် ရသေ့တောင်ကို ဦးစွာ ရုပ်သိမ်းခဲ့ပါကြောင်း၊ ဆက်လက်ပြီး ကျန်ဒေသများကိုလည်း ရုပ်သိမ်းသွားမည်ဖြစ်ပါကြောင်း ဆွေးနွေးပြောကြားသည်။

ညှိနှိုင်းဆွေးနွေး

ဆက်လက်၍ ကော်မတီအတွင်းရေးမှူး၊ နယ်စပ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်သန်းထွဋ်၊ တွဲဖက်အတွင်းရေးမှူး လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးစိုးအောင်နှင့် တက်ရောက်လာကြသည့် ကော်မတီအဖွဲ့ဝင် ဝန်ကြီးဌာနများမှ တာဝန်ရှိသူများက လုပ်ငန်းဆောင်ရွက်မှု အခြေအနေများ ၊ အခက်အခဲများ ၊ ဆက်လက်ဆောင်ရွက်မည့် ကိစ္စရပ်များကို ညှိနှိုင်းဆွေးနွေးတင်ပြကြပြီး လိုအပ်သည်များကို ကော်မတီဥက္ကဋ္ဌနှင့် ပူးတွဲဥက္ကဋ္ဌတို့က ဖြည့်စွက်ဆွေးနွေးခဲ့ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

ပြင်ဦးလွင်ညဈေးတန်း နေရာသစ်သို့ပြောင်းရွှေ့ ဖွင့်လှစ်

ပြင်ဦးလွင် မတ် ၂၉

ယခင်နှစ်အတန်ကြာဖွင့်လှစ်ရောင်းချခဲ့သော ပြင်ဦးလွင်မြို့ဈေးကြီးညဈေးတန်းအား အမှတ်(၄) အထက ဘောလုံးကွင်းဘေးသို့ မတ် ၂၉ ရက် ညနေမှ စတင်ပြောင်းရွှေ့ဖွင့်လှစ်ခဲ့ကြောင်း သိရသည်။

စည်ပင်သာယာမြို့မဈေးကြီးတွင် ဖွင့်လှစ်ခဲ့သော ညဈေးသည် ရောင်းဝယ်လာသူများပြားလာသည်နှင့်အမျှ လမ်းပိတ်ဆို့မှုများဖြစ်ပေါ်ခြင်း၊ မြို့လယ်၌ သန့်ရှင်းသပ်ရပ်မှုအားနည်းလာခြင်းတို့ကြောင့် ပိုမိုကျယ်ဝန်းကောင်းမွန်သော နေရာသစ်သို့ပြောင်းရွှေ့ဖွင့်လှစ်ရခြင်းဖြစ်ကြောင်း ညဈေးရောင်းချသူတစ်ဦး၏ ပြောပြချက်အရ သိရသည်။

ယခု အသစ်ဖွင့်လှစ်ရောင်းချလိုက်သောနေရာသည် ယခင်က လူသွားလူလာ ပြတ်လပ်မှုရှိခြင်း ၊ အလင်းရောင်အားနည်းခြင်း၊ လူနေအိမ်ခြေများ နည်းပါးသဖြင့် မကြာခဏဆိုသလို ဒုစရိုက်သမားတို့၏ လှုပ်ရှားသွားလာရာ ၊ နှောင့်ယှက်လုယက်ရာနေရာတစ်ခုဖြစ်ခဲ့ပြီး ယခုကဲ့သို့ ညဈေးတန်းကို ပြောင်းရွှေ့ဖွင့်လှစ်လိုက်သဖြင့် လူအများသွားလာရာနေရာတစ်ခုအဖြစ် စည်ကားသွားပြီး ဒုစရိုက်လုပ်ငန်းတို့ ကွယ်ပျောက်လျော့နည်းသွားနိုင်ကြောင်း မြို့မိ မြို့ဖတစ်ဦး၏ ပြောပြချက်အရ သိရသည်။

ပြင်ဦးလွင်ညဈေးတန်းအား ခေတ်မီညဈေးတန်းအဖြစ် လွတ်လပ်ရေးကျောက်တိုင်ရင်ပြင်ကွင်း၌ တည်ဆောက်ပြုလုပ်ရန် မြို့ခံ စီးပွားရေးလုပ်ငန်းရှင်တစ်စုက အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ကြသော်လည်း မြို့နေပြည်သူတို့၏ ကန့်ကွက်မှု၊ မြို့မိမြို့ဖတို့၏ဝေဖန်မှုတို့ကြောင့် အောင်မြင်မှုမရှိသေးဘဲ အများပြည်သူများလိုလားလျက်ရှိနေသော ယခုနေရာသို့ ညဈေးတန်းနေရာသစ်အဖြစ် စတင်ဖွင့်လှစ်ရောင်းချနေကြောင်း သိရသည်။

သက်နိုင်(ပြင်ဦးလွင်)

ပြည်ထောင်စုလွှတ်တော်မှ

ဆိုင်ရာ ဖွံ့ဖြိုးရေးလုပ်ငန်းများ အသုံးအနှုန်းအစား လွှတ်တော်ဆိုင်ရာ ဖွံ့ဖြိုးရေးလုပ်ငန်းများဟု ပြောင်းလဲပြီး ပြည်ထောင်စုနယ်မြေရှိ မြို့နယ်များအတွက် ပြည်ထောင်စုလွှတ်တော်ရုံး၏ ဘတ်ဂျက်မှ လည်းကောင်း၊ တိုင်းဒေသကြီး၊ ပြည်နယ်များရှိ မြို့နယ်များအတွက် သက်ဆိုင်ရာ တိုင်းဒေသကြီး၊ ပြည်နယ်လွှတ်တော်ရုံးများ၏ ဘတ်ဂျက်မှ လည်းကောင်း၊ ထောက်ပံ့ငွေ အသုံးစရိတ်အဖြစ် လျာထားဆောင်ရွက်ရေး ကိစ္စရပ်ကို တည်ဆဲဖွံ့ဖြိုးရေး ရန်ပုံငွေဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်သင့်ကြောင်း ဆွေးနွေးသွားသည်ကိုလည်း တွေ့ရှိရပါကြောင်း။

ပိုမိုခွဲဝေပေးနိုင်ရန် ပြန်လည်သုံးသပ်

လွှတ်တော်ကိုယ်စားလှယ်များ၏ ဆွေးနွေးချက်များနှင့်စပ်လျဉ်း၍ ဖွံ့ဖြိုးရေးလုပ်ငန်း ဗဟိုကော်မတီအနေဖြင့် တည်ဆဲဖွံ့ဖြိုးရေးရန်ပုံငွေဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ ဆက်လက်ဆောင်ရွက်သွားနိုင်မည်ဖြစ်ပါကြောင်း၊ ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ ဖွံ့ဖြိုးရေးရန်ပုံငွေကို တစ်မြို့နယ်လျှင် ငွေကျပ်သိန်း ၁၀၀၀ စီ အညီအမျှ ခွဲဝေပေးမည့်အစား လိုအပ်သည့် မြို့နယ်၊ မဖွံ့ဖြိုးသည့် မြို့နယ်များတွင် ပိုမိုခွဲဝေပေး နိုင်ရန် ဗဟိုကော်မတီအနေဖြင့် ပြန်လည်သုံးသပ်၍ ညှိနှိုင်းဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း။

ပြဋ္ဌာန်းချက်နှင့် ကိုက်ညီခြင်းမရှိ

လက်ရှိ ဆောင်ရွက်နေသည့် ၂၀၁၇ - ၂၀၁၈ ဘဏ္ဍာရေးနှစ်တွင် လုပ်ငန်းများ ဆောင်ရွက်သည့်အခါ ခွင့်ပြုမိန့်ပါလုပ်ငန်းများအတိုင်း မြေပြင်တွင် ဆောင်ရွက်ကြရန်နှင့် ဘဏ္ဍာရေးလုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ရန် လိုအပ်ပါကြောင်း၊ လက်ရှိအချိန်အထိ လုပ်ငန်းပြီးစီးကြောင်း တင်ပြလာသည့် မြို့နယ် ၁၈ မြို့နယ်အနက် မြို့နယ်တစ်ခုမှ လုပ်ငန်းပြောင်းခွင့်ပြုမိန့်တင်ပြခြင်းမရှိဘဲ မြေပြင်တွင် လုပ်ငန်းပြောင်းလဲဆောင်ရွက်ထားသည်ကို စိစစ်တွေ့ရှိရပါကြောင်း၊ ဖွံ့ဖြိုးရေးရန်ပုံငွေဥပဒေပါ ပြဋ္ဌာန်းချက်နှင့် ကိုက်ညီခြင်းမရှိသည့်အတွက် သက်ဆိုင်ရာ မြို့နယ်လုပ်ငန်း အကောင်အထည်ဖော်ရေးအဖွဲ့အနေဖြင့် အမြန်ဆုံးပြန်လည်တင်ပြပြီး ပြင်ဆင်ဆောင်ရွက်ထားရန် လိုအပ်ပါကြောင်း ရှင်းလင်းပြောကြားသည်။

စစ်ဆေးတွေ့ရှိချက် အစီရင်ခံစာ

ယင်းနောက် **ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးမှ ပေးပို့သည့် ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ် ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ ဖွံ့ဖြိုးရေးရန်ပုံငွေနှင့်စပ်လျဉ်းသည့် စစ်ဆေးတွေ့ရှိချက် အစီရင်ခံစာအပေါ် ပြည်သူ့ငွေစာရင်းပူးပေါင်းကော်မတီ၏ လေ့လာတွေ့ရှိချက်နှင့် သဘောထားမှတ်ချက် အစီရင်ခံစာ(၅/၂၀၁၈)**ကို လွှတ်တော်မှ သဘောတူလက်ခံရန်အဆိုကို ပြည်သူ့ငွေစာရင်းပူးပေါင်း ကော်မတီအဖွဲ့ဝင် မကွေးတိုင်းဒေသကြီး ချောက် မဲဆန္ဒနယ်မှ ဦးဘိုကြီးက ပြည်ထောင်စုလွှတ်တော်သို့ တင်သွင်းရာ လွှတ်တော်က သဘောတူ အတည်ပြုကြောင်း ပြည်ထောင်စုလွှတ်တော်နာယကက ကြေညာသည်။

ကျင်းပရန် လျာထား

ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် သတ္တမပုံမှန်အစည်းအဝေး ၂၂ ရက်မြောက်နေ့ကို မတ်လ ၃၀ ရက်တွင် ကျင်းပသွားရန် လျာထားကြောင်း သိရသည်။

သူရဇော်(သတင်းစဉ်)

အမျိုးသားလွှတ်တော်မှ

မဲဆန္ဒနယ်အမှတ်(၁၂)မှ ဦးခင်မျိုးဝင်း၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)မှ ဦးအောင်သိန်း၊ တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၇) မှ ဦးဇော်ဟိန်း၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၄)မှ ဦးသန်းစိုး(ခ) သန်းစိုး (ဘောဂဗေဒ) တို့က ဆက်လက်ဆွေးနွေးကြသည်။

ယင်းနောက် အမျိုးသားလွှတ်တော်အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီဥက္ကဋ္ဌ ဦးသိမ်းဆွေက အဆိုပါအစီရင်ခံစာကို သဘောတူလက်ခံရန် အဆိုတင်သွင်း၍ လွှတ်တော်၏ အတည်ပြုချက်ရယူသည်။

နိုင်ငံတော်သမ္မတရွေးချယ်ရေး

ထို့နောက် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်းက နှုတ်ဆက်စကား ပြောကြားရာတွင် လွှတ်တော်ကိုယ်စားလှယ်များအနေဖြင့် သတ္တမပုံမှန်အစည်းအဝေးကာလအတွင်း မေးခွန်းများ မေးမြန်းခြင်း၊ အဆိုများတင်သွင်းဆွေးနွေးခြင်း၊ ဥပဒေကြမ်းများ အသစ်ရေးဆွဲခြင်း၊ ပြင်ဆင်ခြင်း၊ ရုပ်သိမ်းခြင်းတို့အပြင် ၂၀၁၈ခုနှစ် ဧပြီလမှ စက်တင်ဘာလအထိ နိုင်ငံတော်၏ အမျိုးသားစီမံကိန်း၊ ဘတ်ဂျက်နှင့် အခွန်အကောက်ဆိုင်ရာ ဆွေးနွေးစိစစ်ခြင်းနှင့် နိုင်ငံတော်သမ္မတ ရွေးချယ်ရေးကိစ္စရပ်များကိုလည်း ဆောင်ရွက်ခဲ့ကြရပြီး ဖြစ်ပါကြောင်း။

လွှတ်တော်ကိုယ်စားလှယ်ကြီးများ အနေဖြင့် အစည်းအဝေးပြီးဆုံးပြီး မိမိတို့၏ မဲဆန္ဒနယ်မြေအသီးသီးကို ပြန်ရတော့မည်ဖြစ်ပါကြောင်း၊ မိမိတို့မဲဆန္ဒနယ်မြေများကို ပြန်လည်ရောက်ရှိသည့်အခါ မိမိတို့နယ်မြေဒေသဖွံ့ဖြိုးရေး ကိစ္စရပ်များ၊ ပြည်သူလူထု၏ မျှော်လင့်ချက်များ၊ ဆန္ဒများကို အကောင်အထည်ဖော်နိုင်ရန်အတွက် မဲဆန္ဒရှင် ပြည်သူများနှင့် တွေ့ဆုံပြီး ဆက်လက်ဆောင်ရွက်ကြရဦးမည် ဖြစ်ပါကြောင်း၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ နိုင်ငံတော်၏အကျိုး၊ မဲဆန္ဒရှင်ပြည်သူများ၏အကျိုး သယ်ပိုးဆောင်ရွက်နိုင်ကြပါစေကြောင်းနှင့် မိမိတို့ နေရပ်ဒေသသို့ ဘေးမသီရန်မခဘဲ ချောမောစွာ ရောက်ရှိကြပါစေကြောင်း ပြောကြားသည်။

ယင်းနောက် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ဒုတိယအကြိမ် အမျိုးသားလွှတ်တော် သတ္တမပုံမှန်အစည်းအဝေး အောင်မြင်စွာ ကျင်းပပြီးစီးကြောင်း ကြေညာသည်။

အောင်ရဲသွင်(သတင်းစဉ်)

နိုင်ငံတော်ဓာတ်အားရောက်ပြီ...ရသေ့တောင်ဆီ

■ မောင်လွမ်းနီ(ရေစကြို)

၂၀၁၈ ခုနှစ် ဧပြီလ ၁ ရက်နေ့တွင် ရခိုင်ပြည်နယ် ရသေ့တောင်မြို့သို့ နိုင်ငံတော် ဓာတ်အားစနစ်မှ ဓာတ်အား စတင်သုံးစွဲနိုင်တော့မည်ဖြစ်သည်။

လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနအနေဖြင့် ရခိုင်ပြည်နယ်အထက်ပိုင်းရှိ ရသေ့တောင်၊ ဘူးသီးတောင်၊ မောင်တောဒေသများသို့ နိုင်ငံတော်ဓာတ်အားစနစ် ရောက်ရှိပို့လွှတ်နိုင်ရေးအတွက် ၂၃၀ ကေဗွီ ပုဏ္ဏားကျွန်းပင်မဓာတ်အားခွဲရုံကြီးမှ တစ်ဆင့် ပုဏ္ဏားကျွန်း-ရသေ့တောင်-ဘူးသီးတောင်-မောင်တော ၆၆ကေဗွီ ဓာတ်အားလိုင်း (၆၄ ဒသမ ၅)မိုင်နှင့် ဓာတ်အားခွဲရုံများ ဆက်လက်တည်ဆောက်လျက်ရှိသည်။ ယခုအခါ အဆိုပါစီမံကိန်း၏ ပထမအဆင့်ဖြစ်သော ၆၆ကေဗွီ ပုဏ္ဏားကျွန်း-ရသေ့တောင် ဓာတ်အားလိုင်း(၂၂ ဒသမ ၂)မိုင်နှင့် ၆၆/၁၁ ကေဗွီ၊ ၅ အမ်ဗွီအေ ရသေ့တောင်ဓာတ်အားခွဲရုံတို့ တည်ဆောက်ခြင်းလုပ်ငန်းအားလုံး ပြီးစီးပြီဖြစ်၍ ၂၀၁၈ ခုနှစ် ဧပြီလ ၁ ရက်နေ့တွင် ရသေ့တောင်မြို့သို့ နိုင်ငံတော်ဓာတ်အားစနစ် ရောက်ရှိတော့မည် ဖြစ်ပေသည်။ ယခင်က ဒီဇယ်အင်ဂျင်ဓာတ်အားပေးစက်များဖြင့် အချိန်ပိုင်းသာ လျှပ်စစ်မီးရရှိခဲ့သော ရသေ့တောင်မြို့သည် မကြာမီကာလတွင် ဓာတ်အားလိုသလောက် ပြည့်ပြည့်ဝဝ အသုံးပြုခွင့် ရရှိပေတော့မည်။

ဘူးသီးတောင်၊ မောင်တောဒေသများသို့ ဓာတ်အားရရှိရေးအတွက် တည်ဆောက်ရေးလုပ်ငန်းများကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်လျက် ရှိပေသည်။ ၂၀၁၈ ခုနှစ် ဒီဇင်ဘာလအတွင်း ဘူးသီးတောင်နှင့် မောင်တောသည်လည်း နိုင်ငံတော် ဓာတ်အားစနစ်၏ အသီးအပွင့်များကို ခံစားနိုင်ကြတော့မည်

ယခုဆောင်ရွက်သည့်အဆင့်တွင် ပုဏ္ဏားကျွန်းမြို့သို့ ယခင်ကထက် ဓာတ်အား တိုးတက်ဖြန့်ဖြူးနိုင်ရန် ၆၆/၁၁ကေဗွီ ၂၀ အမ်ဗွီအေ ထရန်စဖော်မာကြီးတစ်လုံးကိုလည်း တစ်ပါတည်း တိုးချဲ့တပ်ဆင်ပေးနိုင်ခဲ့သည်။

ပုဏ္ဏားကျွန်း-ရသေ့တောင် ဓာတ်အားလိုင်းနှင့် ရသေ့တောင်ဓာတ်အားခွဲရုံ တည်ဆောက်ခြင်းစီမံကိန်းကို ၂၀၁၇ ခုနှစ် စက်တင်ဘာလတွင် အကြိုအင်ဂျင်နီယာလုပ်ငန်းများ၊ တိုင်းတာခြင်းလုပ်ငန်းများကို စတင်ခဲ့သည်။ တည်ဆောက်ရေးလုပ်ငန်းများကိုကား ၂၀၁၇ ခုနှစ် အောက်တိုဘာလ ၁ ရက်နေ့တွင် စတင်ဆောင်ရွက်ခဲ့သည်။ တည်ဆောက်ရေး လုပ်ငန်းများကို စီမံကိန်းလက်ကျန်ပစ္စည်းများဖြင့် ဆောင်ရွက်ခဲ့ရသည်။

သတ်မှတ်ထားသည့်အချိန်တိုကာလအတွင်း ပြီးစီးနိုင်ရေးအတွက် ဖောင်ဒေးရှင်းအဖွဲ့ ခြောက်ဖွဲ့၊ အင်အား ၁၂၀ ခန့်ဖြင့် လည်းကောင်း၊ တိုင်ဆင်အဖွဲ့ ငါးဖွဲ့ ၁၀၀ ခန့်ဖြင့် လည်းကောင်း၊ ကြိုးဆွဲအဖွဲ့ သုံးဖွဲ့ အင်အား ၁၂၅ ဦးခန့်ဖြင့် လည်းကောင်း၊ ခွဲရုံတည်ဆောက်ရေးအဖွဲ့ နှစ်ဖွဲ့ အင်အား ၃၀ ခန့်ဖြင့် လည်းကောင်း တစ်ပြိုင်တည်း ဆောင်ရွက်ခဲ့ရခြင်း ဖြစ်ပေသည်။

ရသေ့တောင်မြို့ကား ၂၄ နာရီ မီးရရှိပေတော့မည်။ လျှပ်စစ်ဓာတ်အား အပြည့်အဝရရှိသည်နှင့်အညီ ရသေ့တောင်ဒေသ၏ လူမှုစီးပွားဘဝများကား မကြာမီတိုးတက်ကောင်းမွန်လာတော့မည်မှာ မလွဲပေ။ ကျန်ရှိနေသေးသော ဘူးသီးတောင်၊ မောင်တောဒေသများသို့ ဓာတ်အားရရှိရေးအတွက် တည်ဆောက်ရေးလုပ်ငန်းများကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်လျက်ရှိပေသည်။ ၂၀၁၈ ခုနှစ် ဒီဇင်ဘာလအတွင်း ဘူးသီးတောင်နှင့် မောင်တောသည်လည်း နိုင်ငံတော် ဓာတ်အားစနစ်၏ အသီးအပွင့်များကို ခံစားနိုင်ကြတော့မည် ဖြစ်သည်။

ယခင်က ရခိုင်ပြည်နယ်သို့ နိုင်ငံတော်ဓာတ်အားစနစ် မရောက်ရှိခဲ့ပါ။ ဒီဇယ်အင်ဂျင် ဓာတ်အားပေးစက်များဖြင့်သာ အချိန်ပိုင်းမျှ ဓာတ်အားပေးနိုင်ခဲ့ပါသည်။ သဘာဝသယံဇာတများ ပေါကြွယ်ဝလှသော်လည်း လျှပ်စစ်ဓာတ်အား အပြည့်အဝ မရရှိခဲ့သော ရခိုင်ပြည်နယ်၏ လူမှုစီးပွားဘဝများမှာလည်း တိုးတက်သင့်သလောက် မတိုးတက်နိုင်ခဲ့ပေ။

လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနအနေဖြင့် ရခိုင်ပြည်နယ်သို့ နိုင်ငံတော်ဓာတ်အားစနစ်မှ ဓာတ်အားပို့လွှတ်ပေးနိုင်ရေးအတွက် ၂၀၁၁ ခုနှစ်မှစတင်၍ လေ့လာတိုင်းတာခြင်း လုပ်ငန်းများကို ဆောင်ရွက်ခဲ့ပါသည်။ တည်ဆောက်ရေးလုပ်ငန်းများကို ၂၀၁၂ ခုနှစ်တွင် စတင်နိုင်ခဲ့သည်။

တောင်ကုတ်မြို့သို့ ရောက်ရှိလာသော ၂၃၀ ကေဗွီ ဓာတ်အားကို တောင်ကုတ်-မအီ ဓာတ်အားလိုင်းဖြင့် မအီမြို့သို့ ဆက်လက်တည်ဆောက်ခဲ့သည်။ မအီ အရောက်တွင် လိုင်းနှစ်လိုင်းထပ်ခွဲသည်။ မအီမှ အမ်းနှင့် ပုဏ္ဏားကျွန်းတို့သို့ တစ်လိုင်း၊ မအီမှ ကျောက်ဖြူသို့ တစ်လိုင်းကို ကာလတိုအတွင်း အပြီး တည်ဆောက်နိုင်မှုကြောင့် ရခိုင်ပြည်နယ် တောင်ပိုင်းရော မြောက်ပိုင်းပါ နိုင်ငံတော်ဓာတ်အားစနစ် လွှမ်းခြုံရောက်ရှိခဲ့လေသည်။

မဟာဓာတ်အားလိုင်းများသာမက တောင်ကုတ်၊ ကျောက်ဖြူ၊ အမ်းနှင့် ပုဏ္ဏားကျွန်းမြို့များတွင် ၂၃၀ကေဗွီ ပင်မဓာတ်အားခွဲရုံကြီးများကိုလည်း တစ်ပြိုင်တည်း တည်ဆောက်ရသေးသည်။ ထိုပင်မဓာတ်အားခွဲရုံကြီးများမှတစ်ဆင့် စစ်တွေ၊ ကျောက်တော်၊ မြောက်ဦး၊ သံတွဲ၊ ရမ်းဗြဲမြို့များတွင် ၆၆ ကေဗွီ ဓာတ်အားခွဲရုံများကိုလည်း တစ်ပြိုင်တည်း တည်ဆောက်ပေးခဲ့ရပြန်သည်။

တည်ဆောက်ချိန် သုံးနှစ်ခန့်ကာလအကြာ ၂၀၁၄ ခုနှစ် ဒီဇင်ဘာလအတွင်းတွင်ပင် တောင်ကုတ်၊ သံတွဲ၊ ကျောက်ဖြူ၊ အမ်း၊ မြောက်ဦး၊ ကျောက်တော်၊ ပုဏ္ဏားကျွန်းနှင့် စစ်တွေမြို့များသို့ ဆက်တိုက်လိုလိုပင် ဓာတ်အားဖြန့်ဖြူးပေးနိုင်ခဲ့တော့သည်။ ထိုကာလအတွင်းက တည်ဆောက်ခဲ့သမျှမှာ ၂၃၀ ကေဗွီ မဟာဓာတ်အားလိုင်းစုစုပေါင်း ၄၀၈ ဒသမ ၂၅ မိုင်၊ ၂၃၀ ကေဗွီ ပင်မဓာတ်အားခွဲရုံ လေးရုံ၊ ၆၆ကေဗွီ ဓာတ်အားလိုင်း ၃၅၄ ဒသမ ၇၁ မိုင်နှင့် ၆၆ ကေဗွီဓာတ်အားခွဲရုံ ငါးရုံဖြစ်၏။

အဆိုပါ စီမံကိန်းလုပ်ငန်းများအတွက် နိုင်ငံတော်ဘတ်ဂျက်မှ နိုင်ငံခြားငွေ အမေရိကန်ဒေါ်လာ ၂၈ ဒသမ ၃၄၉သန်း၊ အိန္ဒိယနိုင်ငံ ချေးငွေ အမေရိကန်ဒေါ်လာ ၆၄ ဒသမ ၀၇ သန်း၊ တရုတ်နိုင်ငံမှ လှူဒါန်းငွေ အမေရိကန်ဒေါ်လာ ၁၀ သန်း စုစုပေါင်း အမေရိကန်ဒေါ်လာ ၁၀၂ ဒသမ ၄၁၉ သန်းခန့် ကုန်ကျခဲ့၏။ ပြည်တွင်းငွေကျပ် ၈၈ ဘီလီယံခန့်လည်း ကုန်ကျခဲ့သည်။ ရခိုင်ပြည်နယ်မှ ထွက်ရှိသည့် သဘာဝဓာတ်ငွေ့ကို အသုံးပြု၍ စက်တပ်ဆင်အား ၁၀၀ မဂ္ဂါဝပ်ရှိ ဓာတ်အားပေးစက်ရုံတစ်ရုံကိုလည်း ကျောက်ဖြူမြို့တွင် တည်ဆောက်ထားသည်။ ၂၀၁၆ ခုနှစ်အတွင်း ၆၆ကေဗွီ ဓာတ်အားလိုင်းနှင့် ဓာတ်အားခွဲရုံများ တိုးချဲ့တည်ဆောက်ပေးခဲ့ပြီး မအီ၊ မင်းပြား၊ မြေပုံ၊ ပေါက်တောနှင့် ဂွမြို့နယ်များသို့ နိုင်ငံတော်ဓာတ်အားစနစ် ချိတ်ဆက်လွှမ်းခြုံ၍ ဓာတ်အားပေးနိုင်ခဲ့ပေသည်။ ရခိုင်ပြည်နယ်သို့ ဓာတ်အားစနစ် ပိုမိုတိုးတက်ကောင်းမွန်စေရေးအတွက် ၂၃၀ ကေဗွီ မန်း (မင်းဘူး)-အမ်း ဓာတ်အားလိုင်းကိုလည်း ဆက်လက်တည်ဆောက်၍ ဓာတ်အားချိတ်ဆက်ပေးနိုင်ခဲ့ပါသည်။

ရခိုင်ပြည်နယ်သည် ၂၀၁၂ ခုနှစ်ပတ်ဝန်းကျင်က လမ်းပန်းဆက်သွယ်ရေး အလွန်ခက်ခဲခဲ့သည်။ တောင်ကုန်းတောင်တန်းများ ထူထပ်ပေါများလှသည်။ မိုးများသော အရပ်ဒေသဖြစ်ပြီး မြစ်ချောင်းအင်းအိုင်ကလည်း ပေါများလှသည်။ ပင်လယ်ဆားငန်ရေဝင်ရောက်မှုရှိပြီး ဒီရေအတက်အကျလည်း ရှိသည်။ အလွန်ခက်ခဲပင်ပန်းခဲ့ကြ၏။

ယခုကဲ့သို့ မင်္ဂလာရှိလှသော ရသေ့တောင်မြို့ ဓာတ်အားရရှိမည့်အချိန်တွင် ပြည်သူလူထု တစ်ရပ်လုံးအနေဖြင့်လည်း လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန၏ စီမံကိန်းလုပ်ငန်းများတွင် ဝိုင်းဝန်းကူညီခြင်း၊ တည်ဆောက်ပြီး ဓာတ်အားလိုင်းများကို ရေရှည် တည်တံ့ခိုင်မြဲရေးအတွက် ဝိုင်းဝန်းစောင့်ရှောက်ခြင်းဖြင့် နိုင်ငံတော်၏ လျှပ်စစ်ဓာတ်အား တိုးတက်ဖွံ့ဖြိုးရေးလုပ်ငန်းများကို ဌာနနှင့် လက်တွဲဆောင်ရွက်သင့်လှပါကြောင်း တိုက်တွန်းရေးသားအပ်ပါသည်။ ။

ရခိုင်ပြည်နယ် မောင်တောဒေသ မြေပြင်အခြေအနေ သတင်းရယူရန် ပြည်တွင်းသတင်းဌာန ၁၃ ခုမှ သတင်းသမားများ စစ်တွေမြို့ရောက်ရှိ

စစ်တွေ မတ် ၂၉

ရခိုင်ပြည်နယ် မောင်တောဒေသ တည်ငြိမ်အေးချမ်းရေး၊ လုံခြုံရေး၊ ဖွံ့ဖြိုးတိုးတက်ရေး၊ နေရပ်စွန့်ခွာသူများ ပြန်လည်လက်ခံရေးကိစ္စရပ်များအပါအဝင် မြေပြင်ကွင်းဆင်း သတင်းရယူရန် ပြည်တွင်းသတင်းဌာန ၁၃ ခုမှ သတင်းသမားများသည် ယနေ့ ညနေပိုင်းတွင် စစ်တွေမြို့သို့ ရောက်ရှိကြသည်။ (ဓါတ်ပုံ)

သတင်းမီဒီယာအဖွဲ့တွင် SkyNet, MRTV-4, Myanmar Times, Mizzima, Irrawaddy, Eleven, The Voice, Frontier Myanmar, Hot News, Myanmar Press Photo Agency, MRTV, MITV နှင့် MNA တို့မှ သတင်းသမား စုစုပေါင်း ၁၄ ဦး ပါဝင်သည်။

ကျော်သူထက်

မြန်မာနိုင်ငံ စာပေထုတ်ဝေသူနှင့် ဖြန့်ချိသူများအသင်းက စုစည်းတင်ပြသော ၂၀၁၈ ခုနှစ် မတ်လ ၁၆ ရက်နေ့မှ မတ်လ ၂၂ ရက်နေ့အထိ တစ်ပတ်အတွင်းထွက်ရှိသော စာအုပ်စာရင်း

စဉ်	စာအုပ်အမည်	စာရေးသူ	ဈေးနှုန်း	ထုတ်ဝေသည့်တိုက်
၁	ဘာကြောင့်စိတ်ဖိစီးနေရသလဲ	အလင်းပွင့်	၁၈၀၀	စိတ်ကူးချိုချို
၂	မိတ္ထီလာတိုက်ပွဲ	သောင်းဝေဦး	၃၀၀၀	မြရတနာ
၃	မိုင်ပေါင်းတစ်ထောင် မြောက်ကိုရီးယားမှ လွတ်မြောက်ခြင်း	စိန်ဝင်းစိန်	၃၀၀၀	အိပ်မက်သစ်
၄	ဂြိုဟ်မွှေတဲ့ဂြိုဟ်နှင့် အခြားဝတ္ထုများ	ကျော်လှိုင်ဦး	၂၅၀၀	စာနဒီ
၅	တရားစီရင်မှု မှတ်တမ်းအတွင်းရေးများ	အံ့ခေါင်မင်း	၄၀၀၀	Journalist
၆	ပင်လယ်ရေကြောင်း ကုန်သွယ်ရေးဆိုင်ရာ သိကောင်းစရာများ	သန့်ဇင်	၄၅၀၀	မျိုးဆက်သစ်
၇	မြန်မာ့နေ့ရက်များနှင့်ပန်းများ	ဂျူနီယာဝင်း	၂၀၀၀	ရန်အောင်
၈	ဖေ့စ်ဘုတ်ပေါ်ကမွေ့ရသစာစုများ	ဒေါက်တာအုန်းမောင်	၁၅၀၀	ရာပြည့်
၉	မက်ခီယာ ဗယ်လီ၏ မင်းသား	ကျော်ထက်ထွန်း	၂၀၀၀	ယဉ်မျိုး
၁၀	အာဆီယံနိုင်ငံများ အရှေ့အာရှနိုင်ငံများ	ကပ္ပတိန်သာစိန်	၂၅၀၀	သင်းစာပေ
၁၁	မိုဘီဒစ်	တင်မောင်မြင့်	၂၅၀၀	လင်းလွန်းခင်
၁၂	သဘာဝရှိန်စော်	စစ်ကိုင်းဦးဘိုးသင်း	၃၅၀၀	စိတ်ကူးချိုချို
၁၃	ဟပ်မွန်းဘေးမှာတစ်လကြာ	ဒေါက်တာဘဒ္ဒန္တစန္ဒာဝရ	၁၅၀၀	ဆုပြည့်စုံထွန်း
၁၄	ရွှေရောင်လူငယ်နှင့် ရွှေရောင်အနာဂတ်	မိုးပန်းမွန် (ရာမည)	၂၀၀၀	ကောင်းဆုသာ
၁၅	အောင်မြင်ဖို့ဆို လိုအပ်တာတစ်ခုတည်း	ရဲဦး	၁၂၀၀	စိတ်ကူးချိုချို
၁၆	ငါ့ကို Like ပါ	မိုးသက်ငြိမ်းဦး	၂၀၀၀	ယဉ်မျိုး
၁၇	မြန်မာ့နိုင်ငံရေးပန်းချီထဲက ဒေါ်အောင်ဆန်းစုကြည်	မောင်ဆန်းကြယ်	၆၅၀၀	ကိုနေမန်း
၁၈	ဘာကြောင့် ကြီးကြီးကျယ်ကျယ် စဉ်းစားသင့်တာလဲ	ကောင်းသာ	၂၅၀၀	စိတ်ကူးချိုချို
၁၉	အကြမ်းထည် စိတ်ကူးအိပ်မက်တို့၏ ဆင့်ကဲအတွေးစများ	မောင်အေးကို	၂၅၀၀	ကမ်းလက်များ
၂၀	တစ်ယောက်တစ်လမ်း	ကလောင်စုံ	၂၀၀၀	ယဉ်မျိုး
၂၁	အင်္ဂုရတ်ပညာနိဒါန်း မှတ်စု-မှတ်တမ်း	ဆရာကြီးဦးရာဇာ	၂၅၀၀	ခင်မြတ်သူ
၂၂	သမိုင်းထဲကမဟာအာဇာနည် သူရဲကောင်းဗိုလ်ချုပ်အောင်ဆန်း	မောင်မြင့်ထွန်း	၁၂၀၀	နေစေးစာပေ
၂၃	ကြီးကြီးတွေးမြင့်မြင့်ကြံ	ဇန်းမော်သိန်းဇေ	၃၀၀၀	ပဋ္ဌာဂံ

(ဆက်လက်ဖော်ပြပါမည်)

ရေတာရှည်မြို့နယ် သစ်တောကြိုးဝိုင်းအတွင်း တရားမဝင်ကျွန်းနှင့် ပျဉ်းကတိုးခွဲသား ၂၇ တန်ကျော် ဖမ်းဆီးရမိ

ရေတာရှည် မတ် ၂၉

ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ် သစ်တောကြိုးဝိုင်း အောင်ချမ်းသာကျေးရွာအနီး၌ တရားမဝင်ကျွန်းခွဲသားများ စုပုံထားကြောင်း ဒေသခံပြည်သူများ၏ သတင်းပေးပို့မှုအရ မြို့နယ်သစ်တောဦးစီးဌာန ဦးစီးအရာရှိ ဦးကျော်ဆန်းမိုးနှင့် သစ်တောဝန်ထမ်းများသည် မတ် ၂၈ ရက် နံနက် ၃ နာရီ မိနစ် ၅၀ ခန့်က ဝင်ရောက်ရှင်းလင်းရှာဖွေခဲ့ရာ အောင်ချမ်းသာကျေးရွာအနီး၌ စုပုံထားသော တရားမဝင်ကျွန်းခွဲသား ဆိုဒ်စုံ ၁၄၆ ချောင်း (၁၅ ဒသမ ၄၁၃)တန်အား ပိုင်ရှင်မဲ့ သိမ်းဆည်းရမိခဲ့သည်။

ထို့အတူ မတ် ၂၉ ရက် မွန်းလွဲ ၁ နာရီ မိနစ် ၄၀ ခန့်က စမိုးဘိနယ် ကြိုးပြင်ကာကွယ်တောအတွင်းသို့ ဆက်လက်ရှင်းလင်းခဲ့ရာ ကျွန်းခွဲသား ၂၆၁ ချောင်း (၂ ဒသမ ၂၀၆ တန်)၊ ပျဉ်းကတိုးခွဲသား ၅၁၆၃ ချောင်း (၁၀ ဒသမ ၁၁၃၈ တန်) စုစုပေါင်း ၂၇ ဒသမ ၇၅၇၄ တန်ကို ဖမ်းဆီးရမိခဲ့ပြီး ဖမ်းဆီးရမိသစ်များအား မြို့နယ် သစ်တောဦးစီးဌာနရုံးဝင်းအတွင်းသို့ သယ်ယူထိန်းသိမ်းထားကြောင်း သိရသည်။

ကိုလွင်(ဆွာ)

ဇနီးနှင့် သမီးကို ဓားဖြင့်ခုတ်သတ်၍ ထွက်ပြေးတိမ်းရှောင်သူအား ဖမ်းဆီးရမိ

ကျိုင်းတုံ မတ် ၂၉

ကျိုင်းတုံမြို့နယ် ပန်မောက်ကျေးရွာတွင် မတ် ၂၆ ရက် ည ၇နာရီ ခန့်က လင်မယားချင်း စကားများရန်ဖြစ်ကာ ခင်ပွန်းဖြစ်သူက ဇနီးဖြစ်သူ မယေတနှင့် သမီးဖြစ်သူ မယေမိန်းတို့ကို ဓားဖြင့်ခုတ်သတ်ကာ နေအိမ်တံခါးသော့ခတ်၍ ထွက်ပြေးတိမ်းရှောင်နေသဖြင့် မတ် ၂၉ ရက် နံနက် ၁၁ နာရီခွဲက သေဆုံးသူမယေတ၏ ဖခင်ဖြစ်သူက ကျိုင်းတုံမြို့မရဲစခန်းသို့ လာရောက်တိုင်တန်းသဖြင့် အမှုဖွင့်ခဲ့သည်။

ကျိုင်းတုံမြို့မရဲစခန်းမှူး ဒုတိယရဲမှူး သန်းထွန်းအောင်နှင့် တပ်ဖွဲ့ဝင်များသည် အခင်းဖြစ်ရာသို့ သွားရောက်စစ်ဆေးခဲ့ပြီး ပြစ်မှုကျူးလွန်သူအားဖာ(ခ)အားရှို့သည် ကျိုင်းတုံမြို့နယ် လွိုင်မွေကျေးရွာအုပ်စု ဟိုလတ်(၁)ရွာအနီး တောထဲ၌ ရောက်ရှိနေကြောင်း သတင်းရရှိ၍ စခန်းမှူးနှင့်အဖွဲ့ သွားရောက်ဖမ်းဆီးရာ ဟိုလတ်(၁)ရွာ အနီးတောထဲ၌ ယနေ့ မွန်းလွဲပိုင်းက ဖမ်းဆီးရမိခဲ့သည်။

လင်မယားချင်းစကားများ ရန်ဖြစ်ရာမှ စိတ်မထိန်းနိုင်ဘဲ ဇနီးနှင့် သမီးကို ဓားဖြင့် ခုတ်သတ်ခဲ့ကြောင်း၊ အခင်းဖြစ်ချိန် အသုံးပြုခဲ့သည့် အရှည် ၂၀ လက်မ၊ ဖြက်တစ်လက်မရှိ ဓားကို သိမ်းဆည်းရမိပြီး အားဖာ(ခ)အားရှို့ကို ကျိုင်းတုံမြို့မရဲစခန်းတွင် အမှုဖွင့်ထားကြောင်း သိရသည်။

မောင်မောင်နိုင်(ကျိုင်းတုံ)

မိုင်းတုံမြို့နယ်၌ သေနတ်ပစ်ခတ်ခံရ၍ ရွာသားတစ်ဦးသေဆုံး

နေပြည်တော် မတ် ၂၉

မိုင်းတုံမြို့နယ် ဝမ်ဆာလားကျေးရွာသားများသည် စက်လှေဖြင့် သံလွင်မြစ်အထက်ပိုင်းသို့ သစ်၊ ဝါးခုတ်ရန်သွားရောက်စဉ် သေနတ်ဖြင့်ပစ်ခတ်ခံရ၍ တစ်ဦးသေဆုံးသွားကြောင်း သိရသည်။

ဖြစ်စဉ်မှာ မတ် ၂၇ ရက် နံနက် ၁၀ နာရီက ဦးလောထံ(၄၅နှစ်)၏ စက်လှေဖြင့် ဦးပေတိပါ သုံးဦးတို့ သစ်ခုတ်ရန် သွားရောက်စဉ် သံလွင်မြစ် အနောက်ဘက်ကမ်း(မိုင်းပန်မြို့နယ် တောအုပ်အစပ်ဘက်)မှ လက်နက်ကိုင်အဖွဲ့တစ်ဖွဲ့(စိစစ်ဆဲ)က လက်နက်ငယ်ဖြင့် ပစ်ခတ်သဖြင့် ဦးပေတိတွင် ဒဏ်ရာ(စိုးရိမ်ရ)တို့ ရရှိခဲ့ပြီး ဝမ်ဆာလားကျေးရွာသို့ ပြန်သယ်လာစဉ် သေဆုံးသွားသဖြင့် မိုင်းတုံမြို့မရဲစခန်းက အမှုဖွင့် စုံစမ်းလျက်ရှိကြောင်း သိရသည်။ **ကိုရဲ**

ပုသိမ်ကြီးမြို့နယ်၌ ယာဉ်တစ်စီးပေါ်မှ ကျောက်စိမ်းတုံးများ သိမ်းဆည်းရမိ

နေပြည်တော် မတ် ၂၉

မန္တလေးတိုင်းဒေသကြီး ပုသိမ်ကြီးမြို့နယ် မြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များသည် မန္တလေး-မတ္တရာကားလမ်း ကုလားမတောင်ကျေးရွာအနီးတွင် ယာဉ်တစ်စီးအား စစ်ဆေးစဉ် တရားမဝင်ကျောက်စိမ်းတုံးများ သိမ်းဆည်းရမိခဲ့သည်။

ဖြစ်စဉ်မှာ မတ် ၂၈ ရက် ည ၉ နာရီခွဲက ပူးပေါင်းအဖွဲ့များ စစ်ဆေးနေစဉ် မန္တလေးဘက်မှ မဟာအောင်မြေမြို့နယ် ရွှေကူရပ်ကွက်နေ ဝင်းမင်းထွန်း (၄၁ နှစ်)မောင်းနှင်လာသော 2K/----- ယာဉ်ပေါ်မှ ကျောက်စိမ်းပွတ်ချောတုံးဆိုက်စုံ ခြောက်တုံး၊ ကျောက်စိမ်းဖြတ်စပိုင်းတစ်ထုပ် စုစုပေါင်း ၂၆ ဒသမ ၈ ကီလိုဂရမ်ခန့်အား တွေ့ရှိသိမ်းဆည်းရမိခဲ့သဖြင့် ဝင်းမင်းထွန်းအား ပုသိမ်ကြီးမြို့မရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

ကိုရဲ

ယာဉ်ပေါ်၌ ခြင်ဆေးခွေထွန်း၍ ညအိပ်စောင့်စဉ် မီးလောင်၍ နှစ်ဦးသေဆုံး

နေပြည်တော် မတ် ၂၉

ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာမြို့နယ် အလယ်ကျေးရွာ အနော်ရထာလမ်းမဘေးရှိ YBS(53)ကားဂိတ်၌ မတ် ၂၈ ရက် ည ၁၁ နာရီ မိနစ် ၂၀ က မီးလောင်မှုဖြစ်၍ လူနှစ်ဦးသေဆုံးသွားကြောင်း သိရသည်။

ဖြစ်စဉ်မှာ မတ် ၂၈ ရက် နံနက်ပိုင်းက မြို့နယ်ရဲတပ်ဖွဲ့မှူးဦးစီးသည့် တပ်ဖွဲ့ဝင်များ အဆိုပါနေရာသို့ သွားရောက်စစ်ဆေးခဲ့ရာ ကားဂိတ်၌ ညအိပ်ရပ်နားထားသော 1H/-----YBS(53)ယာဉ်ပေါ်တွင် အမှတ်(၁၅)ရပ်ကွက်နေ ယာဉ်မောင်း ဇော်ချစ်(၂၂နှစ်)သည် တစ်ရပ်ကွက်တည်းနေ ဝေလင်းအောင်(၁၃ နှစ်)နှင့်အတူ ယာဉ်ရှေ့ခန်း၌ ခြင်ဆေးခွေထွန်း၍ ညစောင့်အိပ်စဉ် ခြင်ဆေးခွေမီးမှ တစ်ဆင့် အနီးရှိထိုင်ခုံဆိုဖာကူရှင်များသို့ မီးကူးစက်လောင်ခဲ့ကြောင်း သိရသည်။

အဆိုပါ မီးလောင်မှုကြောင့် ဇော်ချစ်နှင့် ဝေလင်းအောင်တို့တွင် မီးလောင် ဒဏ်ရာများရရှိကာ အခင်းဖြစ်နေရာ၌ပင် သေဆုံးသွားသည်။ ဖြစ်စဉ်နှင့် ပတ်သက်၍ ဇော်ချစ်အား လှိုင်သာယာ မြို့မရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။ **ကိုရဲ**

လျှပ်စစ်ဝန်ထမ်း အယောင်ဆောင်သူနှစ်ဦး ဖမ်းဆီးရမိ

တံတားဦး မတ် ၂၉

တံတားဦးမြို့နယ် လျှပ်စစ်အင်ဂျင်နီယာရုံးမှ ဦးအောင်ဇေယျ(၅၉ နှစ်) သည် မြို့နယ် လျှပ်စစ်အင်ဂျင်နီယာရုံး၌ တာဝန်ထမ်းဆောင်နေစဉ် မတ် ၂၉ ရက် မွန်းလွဲ ၁၂ နာရီခွဲက ဥတည်ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး ဦးသန်းနိုင်ဦးက လူနှစ်ဦး လျှပ်စစ်ဝန်ထမ်းဝတ်စုံဝတ်ဆင်၍ လျှပ်စစ်မီတာခများ လာရောက်ကောက်ခံနေကြောင်း ဖုန်းဆက်အကြောင်းကြားခဲ့သဖြင့် သွားရောက်စစ်ဆေးရာ လျှပ်စစ်ဝန်ထမ်းအယောင်ဆောင်၍ ငွေကြေးကောက်ခံနေသူများကို ဖမ်းဆီးရမိခဲ့သည်။

ဖြစ်စဉ်မှာ မတ် ၂၉ ရက် မွန်းလွဲပိုင်းက အဆိုပါဖုန်းသတင်းအရ ဦးအောင်ဇေယျနှင့်အတူ လျှပ်စစ်မီတာစာရေးဝန်ထမ်းများဖြစ်သော ဦးမြင့်မြတ်သူ၊ ဦးလွင်သောင်း၊ တံတားဦးမြို့မရဲစခန်း နယ်ထိန်းရဲတပ်ဖွဲ့ဝင်များနှင့်အတူ သွားရောက်စုံစမ်းစစ်ဆေးရာ အဆိုပါ လူနှစ်ဦးမှာ ဈေးချိုကျေးရွာနေ ဒေါ်ခင်စောဝင်း (၅၆ နှစ်)၊ တောင်ဈေးကြီးရပ်နေ ဒေါ်ရီမြင့်(၅၅ နှစ်)၊ ဥတည်ကျေးရွာအုပ်စု ညောင်ဇင်ကျေးရွာနေ ဒေါ်ခင်စောဝင်း (၆၀နှစ်)တို့ နေအိမ်ထံမှ လျှပ်စစ်မီတာစာရေး အယောင်ဆောင်၍ နေအိမ်များအတွင်း မီးစမ်းကျောက်လှည့်ဖြင့် လျှပ်စစ်မီးများ စမ်းခြင်း၊ မီတာခဆောင်ထားသော ပြေစာရွက်များတောင်းခံခြင်း၊ မီးကလစ်တစ်ခု လဲလှယ်ရန်အတွက် ကျသင့်ငွေကျပ် ၄၆၀၀ တောင်းခံ၍ ထွက်ပြေးသွားကြောင်း သိရသည်။

အဆိုပါ လူနှစ်ဦးအား လိုက်လံရှာဖွေခဲ့ရာ တံတားဦးမြို့ပန်းဆေးချောင်းအနီးတွင် တွေ့ရှိရသဖြင့် စစ်ဆေးရာ ဘေးလွယ်အိတ်အတွင်းမှ မီးစမ်းကျောက်လှည့်တစ်ခု၊ မီတာဆောင်ထားသော ပြေစာသုံးရွက်တို့ တွေ့ရှိရသဖြင့် လျှပ်စစ်မီတာစာရေး အယောင်ဆောင်သူ အောင်မြေသာဇံမြို့နယ် အနိုပ်တော်ရပ်ကွက် (၄၈/၄၉)နေ မျိုးမင်း(ခ)ထွန်းကျော် (၃၃ နှစ်)နှင့် ပုသိမ်ကြီးမြို့နယ် ကုန်းတန်းရပ်နေ လှိုင်ထွန်း(၃၄ နှစ်)တို့နှစ်ဦးအား ဥပဒေအရ အရေးယူပေးရန် တရားလို ဦးအောင်ဇေယျမှ လာရောက်တိုင်တန်းသဖြင့် တံတားဦးမြို့မရဲစခန်းက အမှုဖွင့်အရေးယူ ဆောင်ရွက်ထားကြောင်း သိရသည်။

ရဲတင့်

ကားဘီးပေါက်ပြီး တိမ်းမှောက်ရာမှ မီးလောင်မှုဖြစ်

မိုးကောင်း မတ် ၂၉

ကချင်ပြည်နယ် မိုးကောင်းမြို့နယ် အင်းပေါင်းကျေးရွာနှင့် ဆားမော်ကျေးရွာကြားတွင် မတ် ၂၉ ရက် ညနေ ၃ နာရီက ပါဂျဲရိုးမော်တော်ယာဉ်တစ်စီး ဘီးပေါက်၍ တိမ်းမှောက်ကာ မီးလောင်မှုဖြစ်ပွားခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ မိုးညှင်းမြို့ဘက်မှ မြစ်ကြီးနားဘက်သို့ မြစ်ကြီးနားမြို့ အေးစေတီရပ်ကွက် ယာဉ်မောင်း နိုင်လင်းထွန်း(၃၀ နှစ်) မောင်းနှင်လာသည့် KCK-9F/----ပါဂျဲရိုးယာဉ်သည် ဆားမော်ကျေးရွာနှင့် အင်းပေါင်းကျေးရွာကြား ကျေးရွာချင်းဆက်လမ်း မိုင်တိုင်အမှတ် ၅/၅ နှင့် ၅/၆ အရောက်တွင် ကားဘီးပေါက်၍ လမ်း၏ယာဘက်သို့ တိမ်းမှောက်ကာ မီးလောင်မှုဖြစ်ပွားခဲ့ပြီး မော်တော်ယာဉ်မောင်းသူမှာ ထိခိုက်ဒဏ်ရာရရှိမှုမရှိကြောင်း သိရသည်။

မီးလောင်မှုဖြစ်ပွားရာသို့ မြို့နယ်မီးသတ်တပ်ဖွဲ့မှ မီးသတ်ဒုတိယဦးစီးမှူး ဦးချမ်းငြိမ်းသူနှင့် မီးသတ်တပ်ဖွဲ့ဝင်များ၊ ဆားမော်ကျေးရွာမှ မီးသတ်တပ်ဖွဲ့ဝင်များ ဝိုင်းဝန်းငြိမ်းသတ်မှုကြောင့် ညနေ ၃ နာရီခွဲတွင် မီးငြိမ်းသွားခဲ့ပြီး ယာဉ်မောင်း နိုင်လင်းထွန်းအား မိုးကောင်းမြို့မရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

ဝင်းနိုင်(ကချင်မြေ)

ခရီးသည်တင်ယာဉ်ကို စစ်ဆေးရှာဖွေရာ အထောက်အထားမဲ့ကုန်ပစ္စည်းများ ဖမ်းမိ

နေပြည်တော် မတ် ၂၉

တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးအတွက် ရေပူနှင့် မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းတို့အား ဌာနဆိုင်ရာ ပူးပေါင်းအဖွဲ့များဖြင့် ၂၀၁၇ ခုနှစ် မတ် ၁ ရက်က စတင်ဖွင့်လှစ်ဆောင်ရွက်ခဲ့ပြီး မတ် ၂၈ ရက်တွင် မန္တလေး-မူဆယ် ပြည်ထောင်စုလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန်အစီး ၁၁၆၀၊ သွင်းကုန် ၉၈၆ စီး၊ ရန်ကုန်-မြဝတီလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၆၁ စီး၊ သွင်းကုန် ၁၉၈ စီး ကုန်စည်များ သယ်ယူပို့ဆောင်လျက်ရှိသည်။

အဆိုပါ စစ်ဆေးရေးစခန်းများက တင်သွင်း၊ တင်ပို့သော ကုန်ပစ္စည်းများအား စစ်ဆေးမှုပြုလုပ်ဆောင်ရွက်လျက်ရှိရာ မတ် ၂၈ ရက်က ရေပူအမြဲတမ်းစစ်ဆေးရေးစခန်းမှ တားဆီးမှု ခုနစ်မှု ခန့်မှန်းတန်ဖိုးငွေကျပ် ၄၁ ဒသမ ၉၄ သန်းခန့်၊ မရမ်းချောင်အမြဲတမ်း စစ်ဆေးရေးစခန်းမှ တားဆီးမှုခြောက်မှု ခန့်မှန်းတန်ဖိုးငွေကျပ် ၃ ဒသမ ၉၇၉ သန်းခန့်၊ စုစုပေါင်းတားဆီးမှု ၁၃ မှု ခန့်မှန်းတန်ဖိုးငွေကျပ် ၄၅ ဒသမ ၉၁၉ သန်းခန့်အား ဖမ်းဆီးရမိခဲ့သည်။

ထူးခြားဖမ်းဆီးမှုအနေဖြင့် မတ် ၂၈ ရက်တွင် မန္တလေးမြို့နှင့် မူဆယ်မြို့များသို့ သွားရောက်မည့်ယာဉ်များအား ရေပူအမြဲတမ်းစစ်ဆေးရေးစခန်း ပူးပေါင်းစစ်ဆေးရေးအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်စဉ် မန္တလေးသို့ သွားရောက်မည့် ခရီးသည်တင်မော်တော်ယာဉ်တစ်စီးအား တားဆီးစစ်ဆေးခဲ့ရာ တရားဝင်စာရွက်စာတမ်း အထောက်အထား တစ်စုံတစ်ရာတင်ပြနိုင်ခြင်း မရှိသည့် RIVO Mobile Handset ၁၉၉၅ လုံး၊ MI Handset အလုံး ၄၂၀၊ အမျိုးသမီးဝတ်အင်္ကျီ အထည် ၃၆၀၀၊ Network Video Recorder အခု ၁၁၀၊ Micro SD အခု ၃၈၀၀၊ Power Supply ၇၂ ခု၊ Video Matrix Platform တစ်ခု၊ LTE Wireless Home Network အခု ၂၀၀ နှင့် Fixed Wireless Terminal အခု ၁၇၀ စုစုပေါင်း ခန့်မှန်း တန်ဖိုးငွေကျပ် ၃၆ ဒသမ ၈၆၅ သန်းခန့်အား စစ်ဆေးတွေ့ရှိ၍ ဖမ်းဆီးခဲ့ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

တိုင်းပြည်တိုးတက်သာယာဖို့ မူးယစ်ဆေးကိုရှောင်ရှားစို့

မြန်မာ့ရုပ်မြင်သံကြား

၃၀ -၃-၂၀၁၈ (သောကြာနေ့)

နံနက်ပိုင်း

၆း၀၀ - မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
၇း၀၀ - Breakfast News
၁၀း၀၀ - **နိုင်ငံတော်သမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခံထားရသည့် ဦးဝင်းမြင့် ကတိသစ္စာပြုခြင်း တိုက်ရိုက်ထုတ်လွှင့်မှု အစီအစဉ်**
- **နိုင်ငံတော်သမ္မတက ပြည်ထောင်စုလွှတ်တော်တွင် မိန့် ခွန်းပြောကြားခြင်း တိုက်ရိုက်ထုတ်လွှင့်မှု အစီအစဉ်**

ညပိုင်း

၁၇း၂၀ - **ကြယ်ရောင်လမ်း** (အပိုင်း-၈)
၁၇း၃၅ - Weekly Sport Info
၁၈း၂၀ - ရုပ်ရှင်ရိုက်မယ် (အပိုင်း-၉) (မိကျောင်းကန်၊ ကျော်ကျော်)
၁၉း၁၅ - မြန်မာဇာတ်လမ်းတွဲ **ကြမ္မာနံ့** (အပိုင်း-၇)
၂၀း၀၀ - ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း၊ မိုးလေဝသအခြေအနေ
၂၀း၅၀ - America's Got Talent (29)
- နိုင်ငံခြားဇာတ်လမ်းတွဲ **ချစ်ကြွေးရာဇဝင်** (အပိုင်း-၂၁)
- ဟာသရုပ်စုံစင်တော်ကြီး

ဖူဆယ်ပြိုင်ပွဲ ဒုတိယအဆင့် ရှုံးထွက်ပွဲများ ပြီးဆုံး

ရန်ကုန် မတ် ၂၉

မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်က ကြီးမှူးကျင်းပသည့် MFF Open Cup ဖူဆယ်ပြိုင်ပွဲ ဒုတိယအဆင့်ရှုံးထွက်ပွဲ နောက်ဆုံးနေ့ကို ယနေ့နံနက်ပိုင်းက အမျိုးသားအားကစားပြိုင်ပွဲရုံ-၁ သုဝဏ္ဏ၌ကျင်းပရာ MIC အသင်း၊ UM အသင်း၊ Titans XII အသင်းနှင့် Best Friends အသင်းတို့ ကွာတားဖိုင်နယ် တက်ရောက်သွားသည်။

ရှုံးထွက်ပွဲများတွင် MIC အသင်းက MIC Legend အသင်းကို ခြောက်ဂိုး-တစ်ဂိုး၊ UM အသင်းက Bo ၁၀၀၀ အသင်းကို လေးဂိုး-သုံးဂိုး၊ Titans XII FC အသင်းက Dala United အသင်းကို ရှစ်ဂိုး-တစ်ဂိုး၊ Best Friends အသင်းက Comrade အသင်းကို သုံးဂိုး-နှစ်ဂိုးဖြင့် အနိုင်ရခဲ့သည်။ ကွာတားဖိုင်နယ်ပွဲများအဖြစ် MIC အသင်းနှင့် GV Athletic အသင်း၊ Titans XII FC အသင်းနှင့် ရွှေမြဝတီအသင်း၊ UM အသင်းနှင့် VUC အသင်း၊ RDZ အသင်းနှင့် Best Friends အသင်းတို့ တွေ့ဆုံနေကာ မတ် ၃၁ ရက်တွင် ကျင်းပမည်ဖြစ်သည်။ **ရဲရင့်ရှိုင်း**

မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးဇော်ဇော်အား အက်ဒ်မီလ်ဆင် တွေ့ဆုံ

ရန်ကုန် မတ် ၂၉

မြန်မာလူငယ် ဘောလုံးသမားများအား ဘောလုံးအခြေခံ နည်းစနစ်များ သင်ကြားပေးရန် ရန်ကုန်မြို့သို့ ရောက်ရှိနေသည့် ဘရာဇီးလက်ရွေးစင်ဘောလုံးသမားဟောင်း အက်ဒ်မီလ်ဆင် သည် ယမန်နေ့က မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးဇော်ဇော်နှင့် သွားရောက် တွေ့ဆုံခဲ့သည်။

မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးဇော်ဇော်သည် ဘရာဇီးလက်ရွေးစင် ဘောလုံးသမားဟောင်း အက်ဒ်မီလ်ဆင်နှင့်အဖွဲ့အား ရင်းရင်းနှီးနှီးတွေ့ဆုံ၍ မြန်မာ့ဘောလုံး တိုးတက်ရေးအတွက် နည်းစနစ်အကူအညီပေးရန်နှင့် အခြားကိစ္စရပ်များအတွက် ဘရာဇီးဘောလုံးအဖွဲ့ချုပ်နှင့် ဆက်သွယ်ဆောင်ရွက်ရန် ပြောကြားခဲ့သည်။

ဘရာဇီး လက်ရွေးစင်ဘောလုံးသမားဟောင်း အက်ဒ်မီလ်ဆင်သည် ယနေ့ညနေပိုင်းတွင် သုဝဏ္ဏမြက်ခင်းတု ကွင်း၌ ကျင်းပသည့် သရုပ်ပြဘောလုံးပွဲသို့ တက်ရောက်ကြည့်ရှုအားပေးကာ ဆုချီးမြှင့်ခဲ့သည်။ သရုပ်ပြဘောလုံးပြိုင်ပွဲအဖြစ် မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်မှ ယူ-၁၃ အသင်းနှင့် Dream Train အသင်းတို့မှ ကစားသမားများအားပေါင်းစပ်ကာ နှစ်သင်းခွဲ၍ ယှဉ်ပြိုင်စေခဲ့ပြီး အက်ဒ်မီလ်ဆင် ကိုင်တွယ်သည့် အပြာအသင်းက လေးဂိုး-သုံးဂိုးဖြင့် အနိုင်ရခဲ့သည်။ ဘောလုံးပွဲမစတင်မီ မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး ဦးကိုကိုသိန်းက ကျေးဇူးတင်စကားပြောကြားပြီး ပထမပိုင်းအပြီးတွင် တေးသံရှင် အမွန်းက တေးသီချင်းများဖြင့် သီဆိုဖျော်ဖြေခဲ့သည်။

ပြိုင်ပွဲအပြီးတွင် ဘရာဇီးလက်ရွေးစင် ဘောလုံးသမားဟောင်း အက်ဒ်မီလ်ဆင်က အနိုင်ရခဲ့သည့် အပြာအသင်းအား ဆုဖလားချီးမြှင့်ကာ ကလေးငယ်များအား ရင်းရင်းနှီးနှီး နှုတ်ဆက်ပြီး အမှတ်တရစုပေါင်းဓာတ်ပုံ ရိုက်ကြသည်။

သတင်း - ညီမြတ်သော်တာ

ဓာတ်ပုံ - MFF

KBZ Bank Women' League ပြိုင်ပွဲ ဆက်လက်ကျင်းပ

ရန်ကုန် မတ် ၂၉

မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်က ကြီးမှူး၍ KBZ Bank ၏ အဓိကပံ့ပိုးကူညီမှုဖြင့်ကျင်းပသည့် ၂၀၁၇-၂၀၁၈ ရာသီ KBZ Bank Women' League ပြိုင်ပွဲ ဒုတိယအကျော့ ပွဲစဉ် ၈ ပထမနေ့ကို ယနေ့ညနေပိုင်းက အောင်ဆန်းကွင်း၌ ဆက်လက်ကျင်းပရာ လက်ရှိချန်ပီယံ မြဝတီအသင်း ဂိုးပြတ်နိုင်ပွဲရခဲ့သည်။

မြဝတီအသင်းသည် ဂန္ဓမာအသင်းကို ကိုးဂိုးပြတ်အနိုင်ရခဲ့ပြီး ဇယားထိပ်ဆုံးတွင် ဆက်လက်ဦးဆောင်နိုင်ခဲ့သည်။ မြဝတီအသင်းသည် ဂန္ဓမာအသင်းကို နှစ်ကျော့စလုံးဂိုးပြတ်အနိုင်ရခဲ့ပြီး ယခုပွဲတွင် တိုက်စစ်မှူး ဝင်းသိင်္ဂီထွန်းက ငါးဂိုးအထိ သွင်းယူခဲ့သည်။ မြဝတီအသင်းအတွက် အနိုင်ဂိုးများကို ၂၂၊ ၂၆၊ ၃၂၊ ၄၆၊ ၅၅ မိနစ်တွင် ဝင်းသိင်္ဂီထွန်း၊ ၂၅ မိနစ်တွင် ခင်သန်းဝေ၊ ၄၇ မိနစ်တွင် လှယဉ်ဝင်း၊ ၅၂ မိနစ်တွင် ဇင်မာထွန်း၊ ၈၅ မိနစ်တွင် ရှုပါခိုင်တို့က သွင်းယူခဲ့သည်။

ပွဲစဉ် ၈ တတိယနေ့ကို မတ် ၃၀ ရက် **(ယနေ့)** ဆက်လက်ကျင်းပမည်ဖြစ်ပြီး အား/ကာသိပ္ပံအသင်းနှင့် ဇွဲကပင်အသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

သတင်း - ရဲရင့်ရှိုင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပြည်ထောင်စုတရားလွှတ်တော်ချုပ် ကြော်ငြာစာအမှတ်(၁/၂၀၁၈) လျှောက်လွှာခေါ်ယူခြင်း

၁။ ပြည်ထောင်စုတရားလွှတ်တော်ချုပ် လက်အောက်ရှိ တရားရုံးအသီးသီးတွင် လစာနှုန်းကျပ် ၁၈၀၀၀၀-၂၀၀၀-၁၉၀၀၀၀ရရှိသော တရားရေးဝန်ထမ်းအဆင့်(၄)(ဒုတိယမြို့နယ်တရားသူကြီးအဆင့်)ရာထူးနေရာ ၈၀(ကျား၄၀+မ ၄၀) လစ်လပ်လျက်ရှိပါသဖြင့် ၂၀၁၈ခုနှစ်၊ ဧပြီလမှ စက်တင်ဘာလအထိ(၆)လကာလအတွင်း တရားရေးဝန်ထမ်းအဆင့်(၄) (ဒုတိယမြို့နယ်တရားသူကြီးအဆင့်)ရာထူးနေရာကို လျှောက်ထားလိုသူများအတွက် လျှောက်လွှာခေါ်ယူခြင်းဖြစ်သည်။

၂။ လျှောက်ထားသူသည်-
(က) ပြည်ထောင်စုမြန်မာနိုင်ငံသားဖြစ်ရမည်။
(ခ) အနိမ့်ဆုံးဥပဒေဘွဲ့(အယ်လ်အယ်လ်ဘီဘွဲ့)ရရှိပြီးသူ ဖြစ်ရမည်။
(ဂ) ဒေသမရွေး သွားရောက်တာဝန်ထမ်းဆောင်နိုင်သူ ဖြစ်ရမည်။
(ဃ) ကျန်းမာသန်စွမ်းသူဖြစ်ရမည်။
(င) ၂၀၁၇ခုနှစ်၊ ဒီဇင်ဘာ ၃၁ရက်တွင် အသက်(၂၇)နှစ်ထက် မကျော်လွန်သူဖြစ်ရမည်။ မဟာဥပဒေဘွဲ့ရရှိသူဖြစ်ပါက အသက်(၃၀)နှစ်ထက် မကြီးသူဖြစ်ရမည်။
လက်ရှိဝန်ထမ်းဖြစ်ပါက အသက်(၃၀)နှစ်ထက်မကြီးသူဖြစ်ရမည်။
(စ) အကျင့်စာရိတ္တကောင်းမွန်သူ ဖြစ်ရမည်။

၃။ လျှောက်ထားသူသည် ရေးဖြေစာမေးပွဲဖြေဆိုရမည်။ ရေးဖြေစာမေးပွဲတွင် အောက်ပါ ဘာသာရပ်(၄)ခုကို ဖြေဆိုရမည်-
(က) မြန်မာစာ
(ခ) အင်္ဂလိပ်စာ
(ဂ) အထွေထွေဗဟုသုတ
(ဃ) ဥပဒေဘာသာရပ်
(ရာဇသတ်ကြီး၊ ရာဇဝတ်ကျင့်ထုံးဥပဒေ၊အထူးနှင့် အထွေထွေဥပဒေ၊ တရားမကျင့်ထုံးဥပဒေ၊ သက်သေခံဥပဒေ၊ ၂၀၀၈ခုနှစ် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ)

၄။ စာမေးပွဲအစီအစဉ်ကို သတင်းစာများ၌ ထပ်မံကြေညာမည်။ ရေးဖြေစာမေးပွဲအောင်မြင်သူများကိုသာ လူတွေ့စစ်ဆေးခြင်းပြုမည်။

၅။ စာမေးပွဲဝင်ကြေးငွေ ၁၀၀၀ိ/-(ကျပ်တစ်ထောင်တိတိ)ကို မြို့နယ်များမှ လျှောက်ထားသူများသည် မိမိတို့မြို့နယ်များရှိ မြန်မာ့စီးပွားရေးဘဏ် (ရုံးခွဲ) များတွင် ဘဏ်ငွေလွှဲလက်မှတ်ပြုလုပ်၍ လက်ထောက်အထွေထွေမန်နေဂျာ၊ နေပြည်တော်ဘဏ်(အမ်ဒီ-၀၁၀၂၅၉)သို့ ပေးသွင်းရပါမည် (သို့မဟုတ်) နေပြည်တော်၊ မြန်မာ့စီးပွားရေးဘဏ်ရှိ ငွေစာရင်းအမှတ် (အမ်ဒီ-၀၁၀၂၅၉) သို့လည်း ပေးသွင်းနိုင်ပါသည်။

၆။ လျှောက်လွှာတွင် လိပ်စာအပြည့်အစုံ (စာတိုက်အမည်ပါ) ဖော်ပြ၍ လျှောက်လွှာနှင့်အတူ-
(က) ဝင်ကြေးငွေပေးသွင်းသည့်ငွေသွင်းပြေစာလက်ခံမူရင်း (သို့မဟုတ်) ချလန်မူရင်း၊
(ခ) ပညာအရည်အချင်းလက်မှတ်မိတ္တူမှန်၊ (စစ်ဆေးသည့်အခါမူရင်း တင်ပြနိုင်ရမည်)
(ဂ) အမှတ်စာရင်းမိတ္တူမှန်
(ဃ) အသက်အတွက် တက္ကသိုလ်ဝင်လက်မှတ်မိတ္တူမှန် (သို့မဟုတ်) အခြေခံပညာအထက်တန်း စာမေးပွဲအောင်လက်မှတ်မိတ္တူမှန်၊ (စစ်ဆေးသည့်အခါ မူရင်းတင်ပြနိုင်ရမည်။)
(င) လူမှုရေးဆောင်ရွက်ချက် အကျဉ်းချုပ်နှင့် ဓာတ်ပုံတစ်ပုံ၊
(စ) ဝန်ထမ်းမဟုတ်သူများအတွက် ပြန်တမ်းဝင်အရာရှိ တစ်ဦးထံမှ ၃၁-၃-၂၀၁၈ရက် နောက်ပိုင်းရရှိသည့် အကျင့်စာရိတ္တကောင်းမွန်ကြောင်း ထောက်ခံချက်မူရင်း၊
(ဆ) ဝန်ထမ်းမဟုတ်သူများအတွက် အလုပ်သမားမှတ်ပုံတင်ကတ်ပြားမိတ္တူမှန်တို့ ပူးတွဲတင်ပြရမည်။

၇။ ရွေးချယ်ခံရသူများသည် သတ်မှတ်ထားသည့် ဆေးအဆင့်နှင့် ပြည့်စုံကြောင်း ဆေးလက်မှတ်တင်ပြနိုင်ရမည်။

၈။ လျှောက်ထားသူများသည် သတ်မှတ်ထားသော လျှောက်လွှာပုံစံဖြင့် လျှောက်ထားရမည်။ လျှောက်လွှာပုံစံများကို တိုင်းဒေသကြီး/ပြည်နယ်တရားလွှတ်တော်များ၌ စာမေးပွဲဝင်ကြေးငွေ ပေးသွင်းပြီးဖြစ်ကြောင်း ဘဏ်ငွေလွှဲလက်မှတ် (သို့ မဟုတ်) ချလန်ကိုပြသ၍ လျှောက်လွှာတစ်စောင်လျှင် ၁၀၀၀ိ/-နှုန်းဖြင့် ဝန်ထမ်းဖြစ်ပါက (၂)စောင်နှင့် ဝန်ထမ်းမဟုတ်သူများ (၁) စောင်ဝယ်ယူဖြည့်သွင်းလျှောက်ထားရပါမည်။

၉။ (က) ဝန်ထမ်းများသည် လျှောက်လွှာ(၁)စောင်ကို မိမိတို့ဝယ်ယူသည့် တိုင်းဒေသကြီး/ပြည်နယ်တရားလွှတ်တော်များတွင် ၂၀၁၈ ခုနှစ် ဧပြီလ ၃၀ ရက်အရောက် နောက်ဆုံးထား၍တင်သွင်းရမည်။ ကျန်လျှောက်လွှာ(၁)စောင်ကို မိမိတို့တာဝန်ထမ်းဆောင်သည့် ဌာနဆိုင်ရာ အကြီးအကဲမှတစ်ဆင့် ပြည်ထောင်စုတရားလွှတ်တော်ချုပ်သို့ ကြိုတင်ပေးပို့ရန်ဖြစ်သည်။
(ခ) ဝန်ထမ်းမဟုတ်သူများသည် လျှောက်လွှာများကို မိမိတို့ဝယ်ယူသည့် တိုင်းဒေသကြီး/ပြည်နယ်တရားလွှတ်တော်များတွင် ၂၀၁၈ ခုနှစ် ဧပြီ ၃၀ ရက်အရောက် နောက်ဆုံးထား၍ တင်သွင်းရမည်။

၁၀။ လျှောက်လွှာနှင့်စပ်လျဉ်း၍ သတ်မှတ်ထားသော စာရွက်စာတမ်း မပြည့်စုံလျှင်သော်လည်းကောင်း၊ သတ်မှတ်ထားသောရက်ထက် နောက်ကျရောက်ရှိလျှင်သော်လည်းကောင်း လျှောက်လွှာများကို လက်ခံစဉ်းစားမည်မဟုတ်ပါ။

၁၁။ ရွေးချယ်ခြင်းခံရပါက အနည်းဆုံး(၇)နှစ်တာဝန်ထမ်းဆောင်နိုင်သူဖြစ်ရမည်။

၁၂။ ရေးဖြေစာမေးပွဲ လာရောက်ဖြေဆိုရာတွင်သော်လည်းကောင်း လူတွေ့စစ်ဆေးရန် လာရောက်သည့်အခါတွင်သော်လည်းကောင်း မိမိစရိတ်ဖြင့် လာရောက်ကြရမည်။

ပြည်ထောင်စုတရားလွှတ်တော်ချုပ်

ဧရာဝဏ်၊ ရတနာ အထပ်မြင့်အိမ်ရာစီမံကိန်း ဒဂုံဆိပ်ကမ်းမြို့နယ် (အဆိုပြုတင်ဒါခေါ်ယူခြင်း)

၁။ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနမှ ဒဂုံဆိပ်ကမ်းမြို့နယ်၊ ဧရာဝဏ်၊ ရတနာအထပ်မြင့်အိမ်ရာစီမံကိန်း B-7 တွင် ပြင်ပမိလ္လာလုပ်ငန်းအတွက် မိလ္လာကန် တည်ဆောက်ခြင်းလုပ်ငန်း အဆိုပြုတင်ဒါခေါ်ယူခြင်း။

၂။ တင်ဒါပုံစံများကို အောက်ပါအတိုင်း ရုံးချိန်အတွင်း ရောင်းချသွားပါမည်-
(က) **တင်ဒါပုံစံ စတင်ရောင်းချမည့်ရက်** - ၂-၄-၂၀၁၈ရက် (တနင်္လာနေ့)
(ခ) **တင်ဒါပုံစံ နောက်ဆုံးတင်သွင်းရမည့် ရက်နှင့်အချိန်** - ၃၀-၄-၂၀၁၈ရက် (တနင်္လာနေ့) မွန်းတည့် ၁၂ နာရီ

၃။ တင်ဒါပုံစံဝယ်ယူရန်နှင့် အခြားသိလိုသော အသေးစိတ်အချက်အလက်များအတွက် ဧရာဝဏ်၊ ရတနာအထပ်မြင့်အိမ်ရာစီမံကိန်း၊ ရတနာနှင်းဆီအဆင့်မြင့်အိမ်ရာ၊ ရတနာလမ်း၊ အလိုတော်ပြည့် ဘုန်းတော်ကြီးကျောင်းအနီး၊ ဒဂုံဆိပ်ကမ်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးတွင် ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းဆောင်ရွက်နိုင်ပါသည်။

စုံစမ်းရန်ဖုန်း-၀၉-၇၈၀၆၈၈၄၆၁၊ ၀၉-၅၁၃၀၉၅၆

လုပ်ငန်းအိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

ကယားပြည်နယ်အတွင်း ပြည်နယ်အစိုးရအဖွဲ့၏ ပြည်နယ်ရန်ပုံငွေဖြင့် လမ်းဦးစီးဌာနမှ ဆောင်ရွက်ရန်ရှိသော ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်၊ ပထမ(၆)လပတ် လမ်း/တံတား လုပ်ငန်းများအား လွိုင်ကော်ခရိုင်၊ ဘောလခဲခရိုင်နှင့် လမ်းတည်ဆောက်ရေးအထူးအဖွဲ့(၁၃)တို့မှ လုပ်ငန်းတင်ဒါစနစ်ဖြင့် ဆောင်ရွက်မည်ဖြစ်သောကြောင့် မြန်မာနိုင်ငံသားလုပ်ငန်းရှင်များထံမှ အိတ်ဖွင့်တင်ဒါ တင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

အသေးစိတ်သိရှိလိုသော အချက်အလက်များကို လမ်းဦးစီးဌာန၊ ပြည်နယ်ညွှန်ကြားရေးမှူးရုံးနှင့် ခရိုင်လက်ထောက်ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး ဖုန်း-၀၈၃-၂၂၂၁၄၉၄၊ ၀၈၃-၂၂၂၁၀၀၈၊ ၀၈၃-၂၂၅၀၁၀၂တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

လုပ်ငန်းအိတ်ဖွင့်တင်ဒါစိစစ်ရေးကော်မတီ
ကယားပြည်နယ်၊ လမ်းဦးစီးဌာန

မကွေးတိုင်းဒေသကြီး၊ ဂန့်ဂေါခရိုင်၊ ထီးလင်းမြို့နယ် တင်ဒါခေါ်ယူရေးကော်မတီမှ အိတ်ဖွင့်တင်ဒါ(Open Tender)ခေါ်ယူခြင်း

၁။ မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့၊ ကုန်သွယ်လုပ်ငန်းခွန် ရန်ပုံငွေဖြင့် ဆောင်ရွက်မည့် ထီးလင်းမြို့၊ (၂)ရပ်ကွက်ရှိ မြို့နယ်ခန်းမ(ရွှေထီးခန်းမ)အသစ်ဆောက်လုပ်ခြင်းလုပ်ငန်းကို တင်ဒါစနစ်ဖြင့်လုပ်ငန်းအပ်နှံဆောင်ရွက်သွားမည်ဖြစ်ပါသဖြင့် အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ အိတ်ဖွင့်တင်ဒါကို အောက်ပါအစီအစဉ်အတိုင်း တင်သွင်းရန်ဖြစ်ပါသည်-
(က) **တင်ဒါလျှောက်လွှာ စတင်ရောင်းချမည့်ရက်** - ၃၀-၃-၂၀၁၈
(ခ) **တင်ဒါလျှောက်လွှာ နောက်ဆုံးတင်သွင်းရမည့်ရက်** - ၅-၅-၂၀၁၈
(ဂ) **တင်ဒါတင်သွင်းရမည့်နေရာ** - မကွေးတိုင်းဒေသကြီး၊ ဂန့်ဂေါခရိုင်၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနရုံး၊ ထီးလင်းမြို့။

၃။ အသေးစိတ်သိရှိလိုပါက ထီးလင်းမြို့နယ် တင်ဒါခေါ်ယူရေးကော်မတီ ဖုန်း-၀၉-၂၅၀၂၀ ၂၁၄၄၊ ၀၉-၄၀၀၄၅၉၆၀၄တို့သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

တင်ဒါခေါ်ယူရေးကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာခြင်း

ပြင်ဦးလွင်မြို့၊ ထုံးဘိုကျေးရွာအုပ်စု၊ ထုံးကုန်းကျေးရွာရှိ အရှေ့လားသော် ဦးဝင်းနိုင်၏ ခြံမြေ၊ အနောက်လားသော်လမ်း၊ တောင်လားသော် ဦးမောင်မောင်အေး၏ခြံမြေ၊ မြောက်လားသော် ဒေါ်ထိုက်၏ခြံမြေ စသည့်အလားလေးရပ်အတွင်းရှိ အရှေ့ပေ ၆၀၊ အနောက်ပေ ၆၁၊ တောင် ၁၇၂ပေ၊ မြောက် ၁၇၂ပေရှိ မြေနှင့် ယင်းမြေပေါ်တွင် ဆောက်လုပ်ထားသော အဆောက်အအုံအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်များအားလုံးအား လက်ရှိပိုင်ဆိုင်သူ ဦးကြည်မြင့်(WLT-106406)ထုံးကုန်းကျေးရွာ၊ ထုံးဘိုကျေးရွာအုပ်စု၊ ပြင်ဦးလွင်မြို့နေသူထံမှ ကျွန်ုပ်၏မိတ် ဆွေဖြစ်သူ ဦးသန်းလွင် ၁၂/ကမရ(နိုင်)၀၀၀၀၄၇ အမှတ် (၂၂၁)၊ အထက်ကြည့်မြင်တိုင်လမ်းမ၊ သာစုအရှေ့ရပ်ကွက်၊ ကြည့်မြင်တိုင်မြို့နယ်၊ ရန်ကုန်မြို့နေသူမှ အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသအား ပေးချေထားပြီးဖြစ်ပါသည်။ ဖော်ပြပါမြေနှင့် ပတ်သက်ပိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆို ကန့်ကွက်လိုသူများရှိပါက ကြော်ငြာပါသည့်ရက်မှစ၍ ၁၄ရက်အတွင်း ကျွန်ုပ်ထံသို့ စာရွက်စာတမ်းမူရင်းများနှင့်တကွ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်သည်အထိ ကန့်ကွက်သူမရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးအကြောင်းကြားအပ်ပါသည်။

ဦးအောင်စန်းငြေး(LL.B) **ဦးမြတ်ကိုကို(LL.B)**
အထက်တန်းရှေ့နေ(စဉ်-၄၃၂၆၂) **အထက်တန်းရှေ့နေ(စဉ်-၄၈၂၀၄)**
အမှတ်(၂၄၀)၊ ပြည်တော်သာ(၅)လမ်း၊ ရပ်ကွက်ကြီး(၅)၊ ပြင်ဦးလွင်မြို့

အမည်ပြောင်း

မော်လမြိုင်မြို့၊ မုပွန်ရပ်ကွက်၊ ဓမ္မာရုံကျောင်းလမ်းနေ ဦးမောင်အေး၏သမီး မခိုင်ရီလွင်မြင့် ၁၀/မလမ(နိုင်)၂၄၉၆၃၃ အား ယနေ့မှစ၍ မနှင်းလေပြေဟု ပြောင်းလဲခေါ်ပါရန်။

မနှင်းလေပြေ

တစ်ဦးတည်းဖြစ်ပါကြောင်းနှင့် မွေးသက္ကရာဇ်အမှန်

ကျောက်တံခါးမြို့နယ်၊ ပဲခွယ်ကုန်းမြို့၊အောင်မြေရပ်ကွက်၊ တောင်သလဲပင် ကျေးရွာနေ ဦးမြင့်အောင်၏သမီး၊ မငယ်လေး ၇/ကတခ(နိုင်) ၁၉၅၉၈၈ နှင့် မထက်ထက်အောင်မှာ တစ်ဦးတည်းဖြစ်ပါကြောင်းနှင့် ၎င်း၏ မွေးသက္ကရာဇ်အမှန်မှာ ၁၀-၇-၁၉၉၉ ဖြစ်ပါကြောင်း။

မငယ်လေး(ခ)မထက်ထက်အောင်

ပြင်ဆင်ဖတ်ရှုပါရန်

၂၉-၃-၂၀၁၈ ရက်ထုတ် ဤသတင်းစာ စာမျက်နှာ(၂၆)တွင် ပါရှိသော ပညာရေးဝန်ကြီးဌာန အဆင့်မြင့်ပညာ ဦးစီးဌာန အရှေ့တောင်အာရှ ပညာရေးဝန်ကြီးများအဖွဲ့ဒေသဆိုင်ရာ သမိုင်းနှင့် ရိုးရာဓလေ့ဌာန၊ SEAMEO CHAT ကြော်ငြာတွင် သင်တန်းဝင်ခွင့်အရည်အချင်း၌ သတ်မှတ်ထားသော အောင်လက်မှတ်ရရှိသူများအစား အောင်မှတ်ရရှိသူများဟု ပြင်ဆင်ဖတ်ရှုပါရန်။

ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 8H/4192 ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကညန၊ (ရွာသာကြီး)

ဖခင်အမည်မှန်

မြင်းခြံမြို့နယ်၊ WSEC ကိုယ်ပိုင်အထက်တန်းကျောင်း တတိယတန်းမှ မောင်ဖြိုးသီဟကျော်၏ ဖခင်အမည်မှန်မှာ ဦးပိုးညီ(ခ)ဦးအောင်ကြည်မြင့် ၉/မခန(နိုင်)၂၄၂၁၅၂ ဖြစ်ပါကြောင်း။

ဦးအောင်ကြည်မြင့်၉/မခန(နိုင်)၂၄၂၁၅၂

ဥတ္တရာသီ တောကိုမီ

နယ်စပ်လုံခြုံရေးနှင့် လူဝင်မှုကြီးကြပ်ရေးတို့တွင် ဆက်လက်ပူးပေါင်းသွားကြရန် ဗဟိုဥရောပနိုင်ငံများ သဘောတူညီ

ဘူဒါပတ်စ် မတ် ၂၉

ဗဟိုဥရောပနိုင်ငံခြောက်နိုင်ငံတို့မှ ကာကွယ်ရေးဝန်ကြီးများနှင့် ပိုလန်တို့သည် Schengen ဇုန်နယ်စပ်နှင့် ဥရောပ၏ဂုဏ်ကို ပိုမိုကောင်းမွန်စွာ ကာကွယ်ရန် နှင့် ကာကွယ်ရေးဆိုင်ရာစွမ်းရည်များကို အဆင့်မြှင့်တင်သွားရန် သဘောတူညီခဲ့ကြကြောင်း သိရသည်။

ဗဟိုဥရောပဒေသ၏ လုံခြုံမှုသည် ဥရောပ၏အနာဂတ်အတွက် အာမခံချက်တစ်ခုပင်ဖြစ်ကြောင်း ဟန်ဂေရီကာကွယ်ရေးဝန်ကြီး Isvan Simicskou က ဗဟိုဥရောပကာကွယ်ရေးပူးပေါင်းဆောင်ရွက်မှုအစည်းအဝေး(CEDC)အပြီး သတင်းစာရှင်းလင်းပွဲတွင် ပြောကြားခဲ့သည်။

CEDC သည် ဩစတြီးယား၊ ချက်သမ္မတနိုင်ငံ၊ဆလိုဗက်ကီးယား၊ ဟန်ဂေရီ၊ ဆလိုဗေးနီးယားနှင့် ခရိုအေးရှားနိုင်ငံတို့ ပါဝင်သည့် စစ်ရေးဆိုင်ရာပူးပေါင်းဆောင်ရွက်မှုအဖွဲ့အစည်းဖြစ်သည်။ ပူးတွဲရည်မှန်းချက်သည် ကာကွယ်ရေးဆိုင်ရာပူးပေါင်းဆောင်ရွက်မှုကို တိုးမြှင့်ရန်ဖြစ်သည်။ ၂၀၁၅- ၂၀၁၆ ဥရောပဒုက္ခသည်ပြဿနာဖြစ်ပွားခဲ့ချိန်မှ စတင်ကာ ယင်းပူးပေါင်းဆောင်ရွက်မှုသည် အများအပြားရွှေ့ပြောင်းသွားလာမှုကို ကိုင်တွယ်ဖြေရှင်းရန် အဓိကထားခဲ့သည်။

အဖွဲ့ဝင်နိုင်ငံများသည် တစ်နိုင်ငံနှင့်တစ်နိုင်ငံ လျင်မြန်စွာအကူအညီပေးရန်အတွက် ပူးတွဲဆောင်ရွက်မှုအစီအစဉ်တစ်ရပ်ကို အဆင့်မြှင့်တင်ခဲ့ကြောင်း Simicsko က ပြောကြားခဲ့သည်။ ကာကွယ်ရေးဆိုင်ရာအာဏာပိုင်များသည် တရားမဝင်ရွှေ့ပြောင်းသွားလာသူအစုလိုက်အပြုံလိုက်ဝင်ရောက်မှုနှင့် အကြမ်းဖက်မှုကဲ့သို့သော မတူညီသည့် ခြိမ်းခြောက်မှုများနှင့် လုံခြုံရေးဆိုင်ရာအခြေအနေများကို ပြန်လည်သုံးသပ်မှုများ လုပ်ဆောင်ခဲ့ကြပြီး ရွှေ့ပြောင်းသွားလာမှုပြဿနာ ရှည်ကြာနေမှုအတွက် ကြိုတင်ပြင်ဆင်ထားခြင်းက ကောင်းမွန်သင့်လျော်မည်ဖြစ်သည်ဟု သဘောတူညီခဲ့ကြကြောင်း သိရသည်။

ဆင်ဟွာ

ဆူဒန်အစိုးရတပ်ဖွဲ့ အပစ်အခတ်ရပ်စဲရေးကာလကို နောက်ထပ် သုံးလတိုးမြှင့်

ခါတွန် မတ် ၂၉

ဆူဒန်အစိုးရတပ်ဖွဲ့က ပဋိပက္ခဖြစ်ပွားသော နယ်မြေများတွင် အပစ်အခတ်ရပ်စဲရေးကာလကို နောက်ထပ်သုံးလထပ်မံတိုးမြှင့်လိုက်ကြောင်း ဆူဒန်သမ္မတအိုမာအယ်လ်ဘာရှာက မတ် ၂၈ ရက်တွင် ကြေညာချက်တစ်စောင် ထုတ်ပြန်ခဲ့သည်။

ထပ်မံတိုးမြှင့်လိုက်သည့် အပစ်ရပ်စဲရေးကာလကို ၂၀၁၈ခုနှစ် ဇွန် ၃၀ ရက်အထိထပ်မံတိုးမြှင့်လိုက်ခြင်း ဖြစ်ကြောင်း သိရသည်။

ဆူဒန်အစိုးရတပ်ဖွဲ့သည် ၂၀၁၁ ခုနှစ်မှစပြီး အတိုက်အခံအဖွဲ့အစည်းဖြစ်သည့် ဆူဒန်ပြည်သူ့လွတ်မြောက်ရေးလှုပ်ရှားမှုအဖွဲ့နှင့် တိုက်ပွဲဖြစ်ပွားခဲ့သည်။

၂၀၁၄ ခုနှစ် ဇန်နဝါရီလနောက်ပိုင်းတွင် ပဋိပက္ခများ လုံးဝချုပ်ငြိမ်းသွားရန်နှင့် ငြိမ်းချမ်းရေးအကောင်အထည်ဖော်နိုင်ရန် သမ္မတအိုမာအယ်လ်ဘာရှာသည် တစ်နိုင်ငံလုံးအတိုင်းအတာအရ တွေ့ဆုံဆွေးနွေးညှိနှိုင်းမှုများ ပြုလုပ်ခဲ့ကြောင်း သိရသည်။

လွန်ခဲ့သော ၂၀၁၆ ခုနှစ် ဇွန်လကလည်း ဆူဒန်အစိုးရတပ်ဖွဲ့က လေးလ အပစ်ရပ်စဲမည်ဟု ဆူဒန်သမ္မတက သတင်းထုတ်ပြန်ခဲ့သည်။ နောက်ပိုင်းတွင်လည်း ဆူဒန်အစိုးရသည် အပစ်ရပ်စဲရေးကာလကိုတစ်ဖက်သတ်အကြိမ်ပေါင်းများစွာ တိုးမြှင့်ခဲ့သည်။

ဆင်ဟွာ

ဗင်နီဇွဲလားအလယ်ပိုင်း ရဲအချုပ်ခန်းတွင် အဓိကရုဏ်းဖြစ်ပွား ၆၈ ဦးထက်မနည်းသေဆုံး

ကရာကတ် မတ် ၂၉

ဗင်နီဇွဲလားနိုင်ငံအလယ်ပိုင်း ဗယ်လန်စီယာမြို့ရှိ ရဲအချုပ်ခန်းတစ်ခုအတွင်း အဓိကရုဏ်းနှင့် မီးလောင်ကျွမ်းမှုဖြစ်ပွားခဲ့ပြီးနောက် လူ ၆၈ဦးထက်မနည်း သေဆုံးခဲ့ကြောင်း ဗင်နီဇွဲလားနိုင်ငံ တာဝန်ရှိသူများက မကြာသေးမီက ပြောခဲ့သည်။

သေဆုံးသူများထဲတွင် ၆၆ ဦးမှာ အမျိုးသားများဖြစ်ပြီး ကျန်နှစ်ဦးမှာ အမျိုးသမီးများဖြစ်ကြောင်း သိရသည်။ ၎င်းတို့အားလုံးသည် ရဲအချုပ်တွင် တစ်ညတာ ထိန်းသိမ်းထားသူများဖြစ်ကြောင်း ရှေ့နေချုပ် တာရက်ခ်ဝီလီယံဆက်ဘ်က ပြောကြားခဲ့သည်။ အဆိုပါဖြစ်စဉ်ကို စုံစမ်းစစ်ဆေးရန် ရှေ့နေလေးဦးအား တာဝန်ပေးထားကြောင်း သတင်းများတွင် ဖော်ပြထားသည်။

ဆင်ဟွာ

မြောက်ကိုရီးယားကို ဂျပန်ဆက်လက်ဖိအားပေးသွားမည်

တိုကျို မတ် ၂၉

ဂျပန်နိုင်ငံခြားရေးဝန်ကြီးတာရိုကိုနိုသည် မြောက်ကိုရီးယားနိုင်ငံက နျူကလီးယားလက်နက်လျှော့ချရေးကိုဆောင်ရွက်နေသည်ဟု လက်ဆုပ်လက်ကိုင်ပြနိုင်သည့်လှုပ်ရှားမှုမတွေ့ရှိရသေးသရွေ့ မြောက်ကိုရီးယားနိုင်ငံအပေါ်ဖိအားဆက်လက်ပေးနေဦးမည်ဖြစ်သည်ဟု အလေးအနက်ပြောကြားခဲ့ကြောင်း သိရသည်။

ယခုရက်သတ္တပတ် အစောပိုင်းက ပေကျင်း၌မြောက်ကိုရီးယားနှင့် တရုတ်နိုင်ငံတို့ ပြုလုပ်ခဲ့သည့်ထိပ်သီးအစည်းအဝေးကျင်းပမှုနှင့် ဆက်စပ်ကာ ကိုနိုကထိုသို့ပြောကြားခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ ကိုနိုသည် အထက်လွှတ်တော်နိုင်ငံခြားရေးရာနှင့် ကာကွယ်ရေးကော်မတီ၌ ကြာသပတေးနေ့တွင် စကားပြောဆိုခဲ့သည်။

မြောက်ကိုရီးယားသည် နျူကလီးယားလက်နက်လျှော့ချရေးဆောင်ရွက်သွားမည့် ၎င်း၏ရည်ရွယ်ချက်ကို လူသိရှင်ကြားထုတ်ဖော်ကြေညာခြင်းမရှိသေးကြောင်းနှင့် အခြေအနေအရပ်ရပ်အပေါ်တွင် အနီးကပ်စောင့်ကြည့်သွားရန် လိုအပ်နေဆဲဖြစ်ကြောင်း ကိုနိုက ပြောကြားခဲ့သည်။

အင်န်အိတ်ချ်ကေ

ကိုကင်းများကို ကော်ဖီအဖြစ်အသွင်ပြောင်းသယ်ဆောင်လာသူနှစ်ဦးကို ဖမ်းဆီး

အော့တဝါ မတ် ၂၉

ကနေဒါနိုင်ငံ တိုရန်တို ပီရာဆန်လေဆိပ်တွင် ကိုကင်းများအား ကော်ဖီအဖြစ်အသွင်ပြောင်းသယ်ဆောင်လာသည့် ဂျမေကာနိုင်ငံမှ လူနှစ်ဦးအား ဖမ်းဆီးထိန်းသိမ်းခဲ့ကြောင်း ကနေဒါနိုင်ငံနယ်စပ်ရေးရာဌာနမှ မတ် ၂၈ ရက်က ပြောခဲ့သည်။

ကနေဒါနိုင်ငံ နယ်စပ်ရေးရာဌာနတာဝန်ရှိသူများက မတ် ၂၂ ရက်တွင် ခရီးဆောင်အိတ်များအား စစ်ဆေးနေစဉ်အတွင်း ခရီးသည်တစ်ဦးချင်းစီသည် ကော်ဖီဟု ရေးသားထားသည့် အိတ်ခြောက်လုံးစီကို သယ်ဆောင်လာကြောင်း စစ်ဆေးတွေ့ရှိခဲ့သည်။

တာဝန်ရှိသူများက အဆိုပါအိတ်များအား ဖွင့်ဖောက်ပြီးနောက် အဖြူရောင်ပေါင်ဒါမှုန့်များကို တွေ့ရှိခဲ့သည်။ အဆိုပါ အမှုန့်များအား မသင်္ကာသဖြင့် စမ်းသပ်စစ်ဆေးခဲ့ရာ ကိုကင်းများ ဖြစ်နေသည်ကို တွေ့ရှိခဲ့သည်။ စုစုပေါင်း ကိုကင်းအလေးချိန် ၇ ကီလိုဂရမ်ကျော် သိမ်းဆည်းရမိခဲ့သည်။



ယင်းတို့ကို သယ်ဆောင်လာသည့် တရားခံများအား တော်ဝင်ကနေဒါရဲတပ်ဖွဲ့ထံသို့ လွှဲပြောင်းခဲ့ကြောင်း သိရသည်။

၂၀၁၈ ခုနှစ်အတွင်းတွင် ကနေဒါနိုင်ငံနယ်စပ်ရေးရာဌာနက အလေးချိန် ၁၄၅ ကီလိုဂရမ်ကျော်ထည့်သွင်းထားသည့် မူးယစ်ဆက်စပ်ပစ္စည်းပေါင်း ၂၅ ခုကို သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။

ဆင်ဟွာ

နိုင်ငံတကာသတင်းတိုထွာ

တူရကီအလယ်ပိုင်း၌ ယာဉ်တိုက်မှုကြောင့် နှစ်ဦးသေဆုံးပြီး ၃၃ ဦးဒဏ်ရာရရှိ

အန်ကာရာ မတ် ၂၉

တူရကီအလယ်ပိုင်း ကိုရွန်ပြည်နယ်၌ ဗုဒ္ဓဟူးနေ့က ယာဉ်မတော်တဆမှုတစ်ခု ဖြစ်ပွားခဲ့ရာ လူနှစ်ဦးသေဆုံးပြီး ၃၃ ဦး ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။

ထရက်ဇွန်မှ အစ္စတန်ဘူလ်သို့ လမ်းကြောင်းအတိုင်း မောင်းနှင်လာသည့် ဘတ်စ်ကားသည် အဝေးပြေးလမ်းမပေါ်တွင် အရှိန်လွန်ကာ လမ်းကြောင်းပြောင်းလဲသွားခဲ့ပြီး သစ်ပင်များနှင့်နံရံတစ်ခုကို တိုက်မိခဲ့ကြောင်း အနာဒိုလူသတင်းအေဂျင်စီက ဖော်ပြခဲ့သည်။

မီးသတ်ကယ်ဆယ်ရေးအဖွဲ့နှင့် လူနာတင်ယာဉ်များသည် ယာဉ်တိုက်မှုဖြစ်ဖြစ်ချင်း အခင်းဖြစ်ပွားရာသို့ ရောက်ရှိခဲ့ပြီး ထိခိုက်ဒဏ်ရာရရှိသူများကို နီးစပ်ရာဆေးရုံများသို့ ပို့ဆောင်ခဲ့ကြောင်း သိရသည်။ **ဆင်ဟွာ**

မြောက်ကိုရီးယား နျူကလီးယားလက်နက် လျှော့ချရေး ဆန္ဒရှိ

ပြုံယမ်း မတ် ၂၉

မြောက်ကိုရီးယားခေါင်းဆောင် ကင်ဂျုံအန်းသည် ၎င်း၏နိုင်ငံက ကိုရီးယားကျွန်းဆွယ် နျူကလီးယားလက်နက်လျှော့ချရေးကို ဆန္ဒရှိကြောင်း သဘောထားပြသခဲ့သည်ဟု တရုတ်နိုင်ငံက ပြောကြားခဲ့ကြောင်း သိရသည်။

တရုတ်သမ္မတရှီကျင့်ဖျင်နှင့် မြောက်ကိုရီးယားခေါင်းဆောင်ကင်ဂျုံအန်းတို့သည် ပေကျင်း၌ ထိပ်သီးအစည်းအဝေးတစ်ရပ်ကို ကျင်းပလျက်ရှိသည်။

မြောက်ကိုရီးယားသည် ကိုရီးယားနှစ်နိုင်ငံဆက်ဆံရေးကို ပြန်လည်ရင်ကြားစေသည့် အခြေအနေသို့ပြောင်းလဲရောက်ရှိစေရန် ဆုံးဖြတ်ထားကြောင်း ကင်က ပြောကြားခဲ့ပြီး အမေရိကန်နှင့်ထိပ်သီးအစည်းအဝေးတစ်ရပ်ကျင်းပရန်ဆန္ဒရှိနေသည်ဟု ပြောကြားခဲ့ကြောင်း သိရသည်။ **အင်န်အိတ်ချ်ကေ**

ဗင်ဘာဘွေသမ္မတ တရုတ်သို့ လာမည်

ပေကျင်း မတ် ၂၉

ဇင်ဘာဘွေသမ္မတ အီမာဆန် မနန်ဂွါသည် တရုတ်သမ္မတ ရှီကျင့်ဖျင်၏ ဖိတ်ကြားချက်အရ တရုတ်နိုင်ငံသို့ ချစ်ကြည်ရေးခရီးစဉ် လာရောက်မည်ဖြစ်ကြောင်း သိရသည်။

ဇင်ဘာဘွေသမ္မတသည် ချစ်ကြည်ရေးခရီးစဉ်အဖြစ် တရုတ်နိုင်ငံသို့ ဧပြီ လ ၂ ရက်မှ ၆ ရက်အထိ လာရောက်မည်ဖြစ်ကြောင်း နိုင်ငံခြားရေးဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူက မတ် ၂၈ ရက်တွင် ပြောခဲ့သည်။

ဆင်ဟွာ

စပိန်နဲ့ ဥရောပနိုင်ငံတွေကြား စမ်းသပ်မှုတစ်ခုဖြစ်လာစေတဲ့ ကတ်တလန်အရေး

မြူးစန္ဒီမွေး

ခွဲထွက်ရေးလှုပ်ရှားသူ ကားလက်စ်ပူ့ချ်ဒီမောင့်ကို ဂျာမနီရဲများဖမ်းဆီးပြီးနောက် ဘာစီလိုနာ၌ ဆန္ဒပြပွဲများ ထွက်ပေါ်လာ။

စပိန်နိုင်ငံ ကတ်တလိုးနီးယားဒေသမှာ ခွဲထွက်ရေးအတွက် ဆန္ဒပြတောင်းဆိုမှုတွေ၊ နိုင်ငံရေးမငြိမ်မသက်ဖြစ်မှုတွေဖြစ်ပွားပြီး လပေါင်းများစွာအကြာမှာတော့ စပိန်ဗဟိုအစိုးရဟာ ဒီကိစ္စကို အပြီးသတ်ရှင်းလင်းနိုင်ရေး၊ ခွဲထွက်ရေးခေါင်းဆောင်တွေကို ကိုင်တွယ်ဖြေရှင်းနိုင်ရေးကို မျှော်လင့်ထားပါတယ်။ ခွဲထွက်ရေးအဓိကခေါင်းဆောင်တစ်ဦးဖြစ်တဲ့ ကားလက်စ်ပူ့ချ်ဒီမောင့်ကို ဂျာမနီနိုင်ငံမှာ ဖမ်းဆီးမိတာဖြစ်ပြီး သူဟာစပိန်နိုင်ငံကို ပြန်ရောက်တဲ့အခါမှာတော့ တရားရင်ဆိုင်ရတော့မှာပါ။ ကားလက်စ်ပူ့ချ်ဒီမောင့်ကို တနင်္ဂနွေနေ့က ဖမ်းမိခဲ့တာဖြစ်ပါတယ်။ တကယ်လို့များ ကားလက်စ်ပူ့ချ်ဒီမောင့်ကို စပိန်နိုင်ငံမှာပဲ တရားရုံးတင်စစ်ဆေးမယ်ဆိုရင် ထည့်သွင်းစဉ်းစားရမယ့် အချက်တွေရှိပါတယ်။

ခွဲထွက်ရေးလှုပ်ရှားမှုရှည်ကြာလာနိုင်

အဲဒါကတော့ သူ့ကိုစပိန်နိုင်ငံ ပြန်ခေါ်လာတဲ့အခါ ရလဒ်တွေဟာ တစ်မျိုးတစ်မည် ပြောင်းလဲသွားနိုင်ပါတယ်။ ခွဲထွက်ရေးသမားတွေကိုပိုမိုလှုံ့ဆော်ပေးလိုက်သလို ဖြစ်သွားနိုင်ပြီး စပိန်နိုင်ငံရဲ့ပေါင်းစည်းညီညွတ်မှုကိုခြိမ်းခြောက်နေတဲ့ ခွဲထွက်ရေးဆိုတဲ့ လှုပ်ရှားမှုကိုလည်း ရှည်ကြာလာစေနိုင်ပါတယ်။

၂၀၁၂ခုနှစ်ကတည်းက မက်ဒရစ်နဲ့ဘာစီလိုနာက နိုင်ငံရေးသမားတွေဟာ ကတ်တလန်ဒေသမှာ ပိုမိုအဆင်ပြေမယ့် အခွန်ကောက်ခံမှုအတွက် တောင်းဆိုမှုကို လက်ခံခဲ့ကြပါတယ်။ ကတ်တလန်ဒေသမှာဆိုရင် ဗဟိုအစိုးရက အခွန်ကောက်ခံမှုစနစ်ကို မကျေနပ်တဲ့အတွက် အခုလိုခွဲထွက်ရေးဆိုတဲ့ကိစ္စတွေအထိ ပြဿနာကြီးခဲ့ရတာလည်း ဖြစ်တယ်။ စပိန်ဝန်ကြီးချုပ် မာရီယာနိုရာဂျွိုင်းကတော့ ဒီပဋိပက္ခကို ကိုင်တွယ်ဖြေရှင်းတဲ့အခါ နိုင်ငံရေးဆိုတာထက် တရားဥပဒေစိုးမိုးရေးအတွက်သာ ဦးတည်ပြီးဖြေရှင်းသွားမယ်လို့ ပြောခဲ့ပါတယ်။

ခက်ခက်ခဲခဲတားဆီးခဲ့ရ

လွန်ခဲ့တဲ့နှစ်က စပိန်တရားရုံးမှာ ကတ်တလန်ဒေသ ခွဲထွက်ရေးအတွက် လူထုဆန္ဒခံယူပွဲကို ပြုလုပ်မယ်လို့ တရားမဝင်ကြေညာခဲ့ပါတယ်။ ခွဲထွက်ရေးအတွက် ကတ်တလန်ဒေသမှာ ပြုလုပ်မယ့် လူထုဆန္ဒခံယူပွဲကိုစပိန်ဗဟိုအစိုးရက ခက်ခက်ခဲခဲတားဆီးခဲ့ရပါတယ်။ ဒါဟာကတ်တလန်ဒေသက လူတွေအများကြီးကို ပိုမိုဒေါသထွက်စေခဲ့ပါတယ်။

စပိန်အထူးတရားရုံးကတရားသူကြီးကတော့ ကတ်တလန်ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌဟောင်း ကားလက်စ်ပူ့ချ်ဒီမောင့် အပါအဝင် နောက်ထပ်နိုင်ငံရေးသမားငါးဦးကို ဖမ်းဆီးမိန့်ထုတ်ခဲ့ပါတယ်။ ခွဲထွက်ရေးအတွက် လှုပ်ရှားခဲ့ကြတဲ့ နိုင်ငံရေးသမားငါးဦးကတော့ တရားစွဲဆိုခံရမှာ ကြောက်တဲ့အတွက် စပိန်နိုင်ငံကနေ ရှောင်ပြေးသွားကြတာပါ။ စပိန်အာဏာပိုင်တွေကတော့ မစ္စတာကားလက်စ်ပူ့ချ်ဒီမောင့်ကို ပြည်သူ့ဘဏ္ဍာငွေတွေ အလွဲသုံးတယ်ဆိုပြီး စွပ်စွဲထားပါတယ်။ လက်ရှိမှာတော့ ဂျာမနီဒေသဆိုင်ရာ တရားရုံးကနေ သူ့ကိုတရားခွင်ကို ပို့သင့်မပို့သင့် ရက်ပေါင်း ၆၀အတွင်းမှာ ဆုံးဖြတ်ပေးရမှာပဲ ဖြစ်တယ်။

တားဆီးလိုက်သလိုဖြစ်

တကယ်လို့များ ဂျာမနီဒေသဆိုင်ရာ တရားရုံးက သူ့ကိုအကျင့်ပျက်ခြစားမှုဆိုတဲ့ခေါင်းစဉ်နဲ့ စပိန်နိုင်ငံကိုပြန်လွှဲပေးလိုက်မယ်ဆိုရင် စပိန်အစိုးရအနေနဲ့ မစ္စတာကားကို ပုန်ကန်သူဆိုတဲ့ခေါင်းစဉ်နဲ့ တရားဆိုစွဲမယ့်အရေးကို တားဆီးလိုက်သလိုဖြစ်သွားမှာပါ။ ဒါဟာစပိန်အစိုးရအနေနဲ့ ကတ်တလန်အရေးဖြေရှင်းပေးဖို့အတွက် ဥရောပကတရားသူကြီးတွေရဲ့အဆုံးအဖြတ်ကိုကြည့်မယ့် အခြေအနေတစ်ရပ်ကို ဖန်တီးနေသလိုပါပဲလို့ အောက်စ်ဖို့တက္ကသိုလ်ကနိုင်ငံရေးဆိုင်ရာပါမောက္ခ ဆာဂီပါဒို့စ်ပါဒိုက ပြောပါတယ်။ တစ်ချိန်တည်းမှာပဲ ဥရောပသမဂ္ဂအနေနဲ့လည်း သူ့နိုင်ငံသားတွေနဲ့ ပြန်လည်ဆက်သွယ်ပြီး ပိုပြီးတိတိကျကျလုပ်ဆောင်ဖို့လိုအပ်တယ်လို့ ဆိုပါတယ်။

မေးခွန်းတွေထွက်ပေါ်လာ

စပိန်အစိုးရက အလိုရှိနေတဲ့နိုင်ငံရေးသမားနှစ်ဦးရဲ့ ရှေ့နေကလည်းနိုင်ငံရပ်ခြားက တရားရုံးတွေဟာသူ့ရဲ့အမှုသည်တွေကိုသူပုန်အမှုနဲ့ အဖမ်းခံရအောင် ခွင့်ပြုပေးမှာမဟုတ်ဘူးလို့ ယုံကြည်ပါတယ်လို့ စပိန်သတင်းမီဒီယာတွေနဲ့တွေ့ဆုံတဲ့အခါ ဖြေကြားခဲ့ပါတယ်။ မစ္စတာကားလက်စ်ရဲ့ ဖမ်းဆီးခံရမှုဟာ စပိန်နဲ့ ဂျာမနီကြား ဆက်ဆံရေးကို စမ်းသပ်နေသလိုပါပဲ။ ကတ်တလန်အရေးကိစ္စမှာ ဥရောပအစိုးရအတော်များများဟာ လျစ်လျူရှုခဲ့ကြပြီး ခွဲထွက်ရေးသမားတွေဘက်က မလိုက်ခဲ့ပါဘူး။ ဒီကိစ္စကြောင့်ပဲ ဥရောပဟာတကယ်ပဲ တစ်သမတ်တည်းဖြစ်တဲ့ တရားဥပဒေစိုးမိုးမှုအောက်မှာရှိရဲ့လား၊ အခြားသော ခွဲထွက်ရေး လှုပ်ရှားမှုတွေမှာလည်း ဘယ်လိုမျိုး တုံ့ပြန်မှာလဲဆိုတဲ့ မေးခွန်းတွေ ထွက်ပေါ်လာစေပါတယ်။

“ခွဲထွက်ရေးအတွက် လှုပ်ရှားခဲ့ကြတဲ့ နိုင်ငံရေးသမားငါးဦးကတော့ တရားစွဲဆိုခံရဖို့ ကြောက်တဲ့အတွက် စပိန်နိုင်ငံကနေ ရှောင်ပြေးသွားကြတာပါ။ စပိန်အာဏာပိုင်တွေကတော့ မစ္စတာကားလက်စ်ပူ့ချ် ဒီမောင့်ကို ပြည်သူ့ဘဏ္ဍာငွေတွေ အလွဲသုံးတယ်ဆိုပြီး စွပ်စွဲထားပါတယ်”

ကတ်တလန်အရေး ဆောင်ရွက်ခဲ့ကြတဲ့ အခြားသော ခွဲထွက်ရေးခေါင်းဆောင်တွေဟာ စကော့တလန်၊ ဘယ်လ်ဂျီယံနဲ့ ဆွစ်ဇာလန်တို့မှာ ရောက်ရှိနေပါတယ်။ ဒီလူတွေကိုဖမ်းဆီးရရှိရေးအတွက်လည်း စပိန်အစိုးရကအလိုရှိတယ်။ ဒီနိုင်ငံတွေအနေနဲ့ စပိန်အစိုးရက အလိုရှိနေတဲ့ ခွဲထွက်ရေးသမားတွေကို ပြန်လည်လွှဲပြောင်းပေးတဲ့အခါ စပိန်အစိုးရစွပ်စွဲထားသလို သူပုန်ဆိုတဲ့ခေါင်းစဉ်နဲ့ပဲ ပြန်ပို့ရမလားဆိုတာ စဉ်းစားစရာဖြစ်နေပါတယ်။ မစ္စတာကားလက်စ်ပူ့ချ်ဒီမောင့် ကိုယ်တိုင်ဟာလည်း ဘယ်လ်ဂျီယံနိုင်ငံအခြေစိုက်ပါပဲ။ ဘယ်လ်ဂျီယံဆိုတာ ဥရောပသမဂ္ဂရုံးစိုက်ရာနေရာပါ။ ဂျာမနီကတရားသူကြီးတွေကတော့ မစ္စတာကားလက်စ်ပူ့ချ်ဒီမောင့်ကို ခေတ္တထိန်းသိမ်းထားဖို့ အမိန့်ထုတ်ထားပါတယ်။

လက်ရှိအခက်အခဲ

ကတ်တလန်အရေးကိစ္စနဲ့ ခွဲထွက်ရေးခေါင်းဆောင် ကားလက်စ်ကို ဂျာမနီမှာ အဖမ်းခံရတဲ့ကိစ္စဟာ ဥရောပသမဂ္ဂအတွက် နောက်ထပ်မီးစတစ်ခုပါပဲ။ ဗြိတိန်ကလည်း အဖွဲ့ကြီးကနေ ခွဲထွက်ဖို့အရေးအပြီးသတ်နိုင်ဖို့ စီစဉ်နေတယ်။ အီတလီမှာလည်း လက်ယာယိမ်းတွေရဲ့ လှုပ်ရှားမှုတွေက များလာတယ်။ ပြင်သစ်မှာဆိုရင်လည်း အလုပ်သမားရေးရာမငြိမ်သက်မှုတွေကိုအခုထိမဖြေရှင်းနိုင်သေးဘူး။ ဒုက္ခသည်ခွဲတမ်းကိစ္စနဲ့ပတ်သက်ပြီး ပိုလန်၊ ဟန်ဂေရီအစိုးရတို့နဲ့ ဘယ်လ်ဂျီယံအစိုးရတို့က သဘောထားချင်းကွဲလွဲနေကြတယ်။ ဒီကြားထဲ ဥရောပနိုင်ငံတွေနဲ့ ရုရှားတို့ကြား သဘောထားကလည်း ပိုပြီးဆိုးလာတယ်။ ဒါတွေကတော့ ကုလသမဂ္ဂအဖွဲ့ကြီးရဲ့ လက်ရှိအခက်အခဲတွေပါပဲ။

ကတ်တလန်ခွဲထွက်ရေးသမားတွေအတွက်ကတော့ ခက်ခဲကြမ်းတမ်းတဲ့အချိန်ပါပဲ။ အောက်တိုဘာလအတွင်းမှာ ကတ်တလန်ဒေသအတွက် လွတ်လပ်ရေးကြေညာခဲ့ပြီးတဲ့နောက်ပိုင်း အခြေအနေတွေအားလုံးဟာလည်း ရှုပ်ထွေးကုန်ပါတယ်။ ဒေသတွင်းရွေးကောက်ပွဲအသစ်တစ်ခုထပ်လုပ်ခဲ့ရပြီး တခြားသောပါတီတွေကလည်း ဒီပြဿနာကို ဖြေရှင်းဖို့ရာ မစွမ်းဆောင်နိုင်ခဲ့ပါဘူး။ ဒီတော့ ကတ်တလန်ဒေသမှာ ဥက္ကဋ္ဌအသစ်ရွေးချယ်တဲ့ ကိစ္စဟာလွယ်လွယ်နဲ့ လုပ်ဆောင်လို့မရတဲ့အရာတစ်ခုဖြစ်လာခဲ့တယ်။ မစ္စတာ ကားလက်စ်ပူ့ချ်ဒီမောင့် အပါအဝင် အခြားသော ခွဲထွက်ရေးခေါင်းဆောင်တွေ ပြောကြတာကတော့ စပိန်အစိုးရဟာသူတို့အတွက် တရားမျှတမှုရှိတဲ့ တရားခွင်တစ်ခု ဖန်တီးပေးမှာမဟုတ်ဘူးဆိုတာပါပဲ။ စပိန်တရားရေးရာကျွမ်းကျင်သူတွေကတော့ ဒီလူတွေကို ဖမ်းဆီးထောင်ချလိုက်ရုံနဲ့ ပြဿနာတွေအားလုံးကို ဖြေရှင်းပြီးသားဖြစ်သွားမှာမဟုတ်ဘူးလို့ ဝေဖန်ကြပါတယ်။

ဆန္ဒပြသူတွေလမ်းပေါ်ပြန်ထွက်လာ

တကယ်တမ်းကျတော့ ကတ်တလိုးနီးယားဟာ သာမန်ဒေသတစ်ခုတော့မဟုတ်ပါဘူး။ သူဟာစပိန်နိုင်ငံစီးပွားရေးရဲ့ငါးပုံပုံတစ်ပုံကိုကိုယ်စားပြုပါတယ်။ ကတ်တလန်ပါလီမန်ကိုတော့ ဒီဇင်ဘာလအတွင်းမှာ ပြန်လည်ကျင်းပခဲ့တာဖြစ်တယ်။ သောကြာနေ့က ခွဲထွက်ရေးလှုပ်ရှားခဲ့တဲ့ ခေါင်းဆောင်တွေကို နိုင်ငံရပ်ခြားမှာ ဖမ်းဆီးမိန့် ထုတ်ပြန်ခဲ့တဲ့ နောက်မှာတော့ ဘာစီလိုနာနဲ့ အခြားသော မြို့ကြီးတွေမှာရှိတဲ့ ဆန္ဒပြသူတွေဟာ လမ်းမပေါ် ပြန်ထွက်လာကြတယ်။ ခွဲထွက်ရေးခေါင်းဆောင် ကားလက်စ်ပူ့ချ်ဒီမောင့် အပါအဝင်အခြား ခွဲထွက်ရေးခေါင်းဆောင်တွေကို အမိန့်ချတဲ့အခါ စပိန်အစိုးရအနေနဲ့ အခက်ကြုံရဦးမှာပါ။ အရင်ကဖြစ်ပွားခဲ့သလို လူထုဆူပူအုံကြွမှုတွေ တစ်ဖန်ဖြစ်လာဦးမယ်ဆိုရင်တော့ ထိန်းသိမ်းရခက်တဲ့ အခြေအနေတွေကို တစ်ဖန်ဖြတ်ကျော်ရဦးမယ်။ ဥရောပနိုင်ငံတွေအနေနဲ့လည်း သူတို့ဆီမှာ ရောက်ရှိနေတဲ့ ခွဲထွက်ရေး ခေါင်းဆောင်တွေကို စပိန်နိုင်ငံကို ပြန်လွှဲပေးတဲ့အခါ သူပုန်ဆိုတဲ့ စွဲချက်နဲ့ပဲ ပြန်လွှဲပေးရမှာလား ဒါမှမဟုတ် အခြားသော ခေါင်းစဉ်နဲ့ပဲ ပြန်လွှဲရမလားဆိုတာ ခေါင်းစားကြရဦးမှာပါ။ ဘာပဲပြောပြော ကတ်တလန်ခေါင်းဆောင်ဖမ်းဆီးခံရမှုဟာ စပိန်နဲ့ ဥရောပနိုင်ငံတွေကြား စမ်းသပ်မှုတစ်ခုဖြစ်လာဦးမှာပါ။ ။

ကိုးကား-နယူးယောက်တိုင်းစ်

ဥပဒေအတွေး ရေးပါရစေ၊ အပိုင်း (၁၁၄)

ခုခံချေပခွင့်

ဦးဟန်ညွန့် (ဥပဒေ)

ခုခံချေပခွင့်

ဥပဒေအရ ခုခံချေပခွင့်သည် လိုအပ်သည်။ ခုခံချေပခွင့်ရှိမှ ဥပဒေအာနိသင် တည်မည်။ ဥပဒေကို လိုက်နာသူသည် ဥပဒေ၏ အနှစ်သာရနှင့် ကင်းကွာ၍မရ။ အသက်တစ်ရာ မနေရသော်လည်း အမှုတစ်ရာကြုံတတ်စမြဲ။ အမှု ဘာကြောင့်ဖြစ်သလဲ။ အကြောင်းရှိသည်။ အကျိုးရှိသည်။ အကြောင်းနှင့် အကျိုး ဆိုရိုးစကားအတိုင်း ရှင်းရမည်။ လင်းရမည်။ ခုခံရမည်။ ချေပရမည်။ ခုခံချေပခွင့် မရှိမဖြစ် လိုအပ်သည်။

စွပ်စွဲခံရသူ

"စွပ်စွဲခံရသူ" ဟူသော အသုံးစကား ခေတ်စားသည်။ တကယ်တော့ **တရားခံ** ပါပဲ။ သို့သော်ငြား တရားခံဟု အပြောခံရလျှင် မကြိုက်။ အဖိနှိပ်ခံရသူ၊ အသိကင်းမဲ့သူ ဟု ဆိုချင်သလား။ မျက်လုံးထောင့်ထောက် အကြည့်ခံရပြီလား။ စဉ်းစားကြသည်။ ထို့ကြောင့် တရားခံဟု အပြောမခံချင်။ မသုံးစွဲစေချင်။ မည်သို့ဆိုစေ၊ တရားခံ (အစား) စွပ်စွဲခံရသူဟု ခေါ်သည်က တော်သေးသည်။ စွပ်စွဲခံရသူ၊ ပြဿနာတစ်ရပ်၊ အမှုတစ်ခု အတွက် ရှင်းရမည့်သူ။ စွဲချက်အတင်ခံရသူ။ ရိုးစွပ်ခံရသူဟု မှတ်ယူကြပါစို့။

ရှေ့နေ

ရှေ့နေနှင့်တွေ့ခွင့်၊ ဆွေးနွေးခွင့် ရှိရမည်။ တိုင်ပင်ရမည်။ မေးမြန်းရမည်။ ဤကား စွပ်စွဲခံရသူ၏ အခွင့်အရေး။ ဤသို့ တွေ့မှု၊ ဤသို့ဆွေးနွေးမှု၊ ဤသို့တိုင်ပင်မှု ရှေ့နေနှင့် တွေ့ခွင့်၊ ဆွေးနွေးခွင့်၊ တိုင်ပင်ခွင့်ရခြင်းသည် တရားခံ၏ အခွင့်အရေး။ စွပ်စွဲခံရသူ၏ အခွင့်အရေး။ ဤအခွင့်အရေး ဘယ်ပြေးမလဲ။ ဤအခွင့်အရေး မပေး၍မရ။ မရ၍မဖြစ်။ ရှေ့နေနှင့် တွေ့ပြီး၊ တိုင်ပင်စရာ၊ မေးစရာ၊ ထွက်ပေါက်ရစရာ၊ ခုခံချေပစရာ လွတ်လပ်စွာ ဥပဒေအကြံဉာဏ် ရယူသည်။ မဖြစ်မနေ ရယူရမည့် အခွင့်အရေး။

ရှေ့နေနှင့် တရားခံ တွေ့ခွင့်မပေးခြင်းမျိုးလည်း ကြုံဖူးသည်။ ဘယ်လိုကြီးလဲ။ ဘာ့ကြောင့် ဤသို့ဖြစ်ရသလဲ။ စောကြောရသည်။ ဥပဒေနှင့်အညီ လိုက်နာမှု၊ ကျင့်ကြံမှု၊ ဥပဒေအခွင့်အရေးပေးပါမှသာ မှန်မည်။ တရားမျှတသည်။

အမှုအတွက် ဥပဒေနှင့်အညီ ခုခံရမည်။ ချေပရမည်။ ထုချေရမည်။ မညှဉ်းပန်းနှင့်။ မနှိပ်စက်နှင့်။ ရှေ့နေနှင့် ပေးတွေ့။ မေးပါစေ၊ ဖြေပါစေ၊ ချေပပါစေ၊ လွတ်လပ်ပါစေ၊ ဥပဒေ အထောက်အကူ ရကြပါစေ။

အခြေခံဥပဒေအခွင့်အရေး

အခြေခံဥပဒေတွင် အခွင့်အရေးများအကြောင်း ပြဋ္ဌာန်းထားသည်။ ခုခံချေပခွင့်အကြောင်း ပြဋ္ဌာန်းသည်။ အယူခံပိုင်ခွင့် အကြောင်း ပြဋ္ဌာန်းသည်။ ဥပဒေနှင့်အညီ ခုခံချေပခွင့် ရှိစေရမည်ဟု အတိအလင်းပါသည်။

တရားစီရင်ရေးဥပဒေ

တရားစီရင်ရေးဥပဒေတွင်လည်း အမှုများတွင် ခုခံချေပပိုင်ခွင့်နှင့် အယူခံပိုင်ခွင့်ရရှိရေး အလေးပေးပြဋ္ဌာန်းသည်။

ရာဇဝတ်ကျင့်ထုံးဥပဒေ

ရာဇဝတ်ကျင့်ထုံးဥပဒေ ပုဒ်မ ၃၄၀/၁ တွင် ရာဇဝတ်တရားရုံး တစ်ရုံးတွင် ပြစ်မှုတစ်ရပ်ဖြင့် စွပ်စွဲခံရသူ မည်သူမဆို သို့မဟုတ် ဆိုခဲ့သည့် တရားရုံးတစ်ရုံးတွင် ဤကျင့်ထုံးဥပဒေအရ အမှုစွဲဆိုခြင်းခံရသူ မည်သူမဆို ရှေ့နေဖြင့် ခုခံချေပပိုင်ခွင့်ရှိသည်ဟု ပြဋ္ဌာန်းထားသည်။

ဥပဒေဆိုင်ရာ အထောက်အကူပေးရေး ဥပဒေ ပုဒ်မ ၂၅ တွင်-

(က) ရဲစခန်း သို့မဟုတ် အခြားတစ်နေရာ၌ ထိန်းသိမ်းခြင်း သို့မဟုတ် ဖမ်းဆီးခြင်းခံရသူ၏ မိသားစုများကို အသိပေး အကြောင်းကြားခြင်းနှင့် လိုအပ်ပါက ဤဥပဒေနှင့်အညီ ဥပဒေဆိုင်ရာ အထောက်အကူပေးနိုင်ရန် ဆောင်ရွက်ရမည်။

(ခ) တရားရုံးတွင် ချုပ်မိန့်တောင်းခံသည့်အခါတွင်ဖြစ်စေ၊ ချုပ်မိန့်ဖြင့် ဆက်လက်ချုပ်နှောင်ခံရသည့်အခါတွင်ဖြစ်စေ၊ ခုခံချေပနိုင်ရေး အတွက် ဥပဒေဆိုင်ရာ အထောက်အကူ ပေးရမည်။

(ဂ) တရားစွဲတင်မည့် ရဲတပ်ဖွဲ့ သို့မဟုတ် သက်ဆိုင်ရာ အစည်းအဝေးက စုံစမ်းစစ်ဆေးရာတွင် ဖြစ်စေ၊ စိစစ်ဆောင်ရွက်ရာတွင်ဖြစ်စေ ခုခံချေပနိုင်ရေးအတွက် ဥပဒေဆိုင်ရာ အထောက်အကူပေးရမည်။

(ဃ) တရားရုံးတွင် အမှုစစ်ဆေးဆဲကာလအတွင်း လိုအပ်သော ဥပဒေဆိုင်ရာ အထောက်အကူ ပေးရမည်။

ပုဒ်မ ၂၆

ဥပဒေဆိုင်ရာ အထောက်အကူပေးရေး ဥပဒေ ပုဒ်မ ၂၆ အရ-

ပြစ်ဒဏ်ချခံရသော တရားခံနှင့်ပတ်သက်၍-

(က) အယူခံမှု၊ ပြင်ဆင်မှုနှင့် အထွေထွေ လျှောက်ထားမှုများတွင် လိုအပ်သော ဥပဒေဆိုင်ရာ အထောက်အကူပေးရမည်။

(ခ) အချုပ်ခန်း၊ အကျဉ်းထောင် သို့မဟုတ် စိုက်ပျိုးရေး၊ မွေးမြူရေး၊ ကုန်ထုတ်လုပ်ရေးနှင့် သက်မွေးပညာသင်စခန်းများတွင် အပို့ခံထားရသူများရထိုက်သည့် သက်သာခွင့် အရပ်ရပ်အတွက် ဥပဒေဆိုင်ရာ အထောက်အပံ့ပေးရမည်။

ပုဒ်မ ၃၁

ကလေးသူငယ်၊ မသန်စွမ်းသူ၊ အမျိုးသားခုခံအား ကျဆင်းမှုရောဂါနှင့် အခြားဥပဒေဆိုင်ရာ အထောက်အကူ ရရှိရန် ဦးစားပေးဆောင်ရွက်ရမည်။

ပုဒ်မ ၄၃

ဆင်းရဲနွမ်းပါးသူများ၊ ကလေးသူငယ်များ၊ အမျိုးသမီးနှင့် မသန်စွမ်းသူများ၏ အခွင့်အရေးနှင့်စပ်လျဉ်း၍ လိုအပ်လျှင် စာချွန်တော်အမိန့် လျှောက်ထားရာ၌ အကူအညီပေးရမည်။

ရှေ့နေချုပ်နည်းဥပဒေ ၁၁၀

သေဒဏ်ထိုက်သည့် တရားခံများ၊ ဆင်းရဲနွမ်းပါး၍ ရှေ့နေ မငှားနိုင်သူများအတွက် တရားရုံးက ရှေ့နေချုပ်ရုံး၊ ဥပဒေရုံး အဆင့်ဆင့်နှင့်ညှိနှိုင်း၍ အစိုးရစရိတ်ဖြင့် ရှေ့နေငှားရမ်းပေးရသည်။

တရားရုံးများလက်စွဲအပိုဒ် ၄၅၇ (၁)

သေဒဏ်ထိုက်သည့် တရားခံများ၊ ဆင်းရဲနွမ်းပါးသူများ အတွက် အစိုးရစရိတ်ဖြင့် ရှေ့နေငှားရမ်းခြင်းအကြောင်း ပြဋ္ဌာန်းသည်။

နိုင်ငံတကာစံနှုန်း

ပြည်သူ့ရေးရာနှင့် နိုင်ငံရေးအခွင့်အရေးများဆိုင်ရာ အပြည်ပြည်ဆိုင်ရာ သဘောစာချုပ် အပိုဒ် ၁၄ (၃) အရလည်း ပြစ်မှုဖြင့် တရားစွဲခံရသူများသည် ရွေးချယ်သော ဥပဒေရေးရာ အကူအညီဖြင့် မိမိအမှုကို ခုခံကာကွယ်ခွင့် ရှိပေသည်။

[ပြည်ထောင်စုရှေ့နေချုပ်ရုံးက ထုတ်ဝေသောမျှတသော တရားစီရင်ရေးဆိုင်ရာ စံနှုန်း (၂၀၁၈) (စာ-၃၅)]

တရားမျှတမှု

တရားမျှတမှုကို လူတိုင်းအလိုရှိသည်။ ဥပဒေနှင့်အညီသာ တရားမျှတမှုရမည်။ တရားဥပဒေစိုးမိုးမှုလည်း ဥပဒေအခွင့်အရေးရမည့် စံနှုန်းများ မြင့်မားမည်။ ဥပဒေရှေ့မှောက်တွင် အားလုံးအညီအမျှဖြစ်သည်။

စေတနာ

အသက်တစ်ရာ မနေရသော်ငြား-
အမှုတစ်ရာ ကြုံတွေ့တတ်သော
လူ့လောကဝယ် တရားဥပဒေ၏
မျှတသော ခုခံချေပခွင့်
အပြည့်အဝရရှိရေး တွေးခေါ်စဉ်းစားမိသော
ကျွန်တော်၏ စေတနာ
ဥပဒေအတွေးမျှသာပါ------။ ။

> **“ ‘စွပ်စွဲခံရသူ’ ဟူသော အသုံးစကား ခေတ်စားသည်၊ တကယ်တော့ တရားခံပါပဲ။ သို့သော်ငြား တရားခံဟု အပြောခံရလျှင် မကြိုက်၊ အဖိနှိပ်ခံရသူ၊ အသိကင်းမဲ့သူဟု ဆိုချင်သလား၊ မျက်လုံးထောင့်ထောက် အကြည့်ခံရပြီလား၊ စဉ်းစားကြသည်။ ထို့ကြောင့် တရားခံဟု အပြောမခံချင်၊ မသုံးစွဲစေချင်။ မည်သို့ဆိုစေ၊ တရားခံ (အစား) စွပ်စွဲခံရသူဟု ခေါ်သည်က တော်သေးသည်။ စွပ်စွဲခံရသူ၊ ပြဿနာတစ်ရပ်၊ အမှုတစ်ခုအတွက် ရှင်းရမည့်သူ၊ စွဲချက်အတင်ခံရသူ၊ ရိုးစွပ်ခံရသူဟု မှတ်ယူကြပါစို့”**

မိုးကြိုးချည်မျှင်ရှည်ဝါ တစ်ဧက ဝါပိသာ တစ်ထောင် ထွက်ရှိရေး ကွင်းဆင်းအသိပညာပေး

မိတ္ထီလာ မတ် ၂၉

မိတ္ထီလာမြို့နယ် တောမကျေးရွာအုပ်စု ဥယျာဉ်ကျေးရွာ ကွင်းအမှတ် ၈၅၅ ရှိ မိုးကြိုးချည်မျှင်ရှည်ဝါ အထူးဇုန် ဧက ၁၀၀ တွင် တစ်ဧက ဝါပိသာတစ်ထောင် ထွက်ရှိရေးအတွက် မတ် ၂၇ ရက်က စိုက်ပျိုးရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးအေးကိုကို၊ တိုင်းဒေသကြီးဦးစီးမှူး ဦးကျင်မောင်၊ ခရိုင်ဦးစီးမှူး ဦးစိုးသိန်းနှင့် မြို့နယ်ဦးစီးမှူး ဦးမောင်မောင်ငြိမ်းတို့ ကွင်းဆင်းအသိပညာပေး ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ထိုသို့ ဆောင်ရွက်ရာတွင် မိုးကြိုးချည်မျှင်ဝါစိုက်တောင်သူများအား စိုက်ပျိုးရေး ဝန်ထမ်းများနှင့် ပူးပေါင်း၍ ဝါတစ်ဧက ဝါပိသာ တစ်ထောင်ထွက်ရှိရေး စနစ်တကျ ဆောင်ရွက်ရန်၊ ထိုသို့ ဆောင်ရွက်ရာတွင် စိုက်ပျိုးမြေတစ်ဧကတွင် ဝင်ဆံ့သည့် ဝါပင် အရေအတွက်နှင့် တစ်ပင်ပါ သီးလုံးပြည့်မီလျှင် မလွဲမသွေ ဝါတစ်ဧကကို ဝါပိသာ တစ်ထောင်ထွက်ရှိမည်ဖြစ်ကြောင်း ဒုတိယညွှန်ကြားရေးမှူးချုပ်က အသိပညာပေး ပြောကြားသည်။

ထို့နောက် မြို့နယ်ဦးစီးမှူးက ဒုတိယညွှန်ကြားရေးမှူးချုပ်၏ လမ်းညွှန်ချက်နှင့်အညီ အပင်ဖြစ်ရေး စနစ်တကျသွင်းရေး၊ ဝါစိုက်တောင်သူများအတွက် လိုအပ်သည့် ဓာတ်မြေဩဇာနှင့် နည်းပညာများ ပံ့ပိုးကူညီဆောင်ရွက်ပေးမည့် အခြေအနေများကို ရှင်းလင်းပြောကြားပြီး ဝါစိုက်တောင်သူများက သိလိုသည်များကို မေးမြန်းဆွေးနွေးရာ တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဖြေကြားခဲ့ကြောင်း သိရသည်။

ချမ်းသာ (မိတ္ထီလာ)

ရမည်းသင်းမြို့နယ် ပါဠိပထမပြန်နှင့် ပါဠိပါဒကစာအောင်သံဃာတော်များဆုနှင်း

ရမည်းသင်း မတ် ၂၉

ရမည်းသင်းမြို့နယ်အတွင်းရှိ သံဃာတော်များ ၂၀၁၇ ခုနှစ် နိုင်ငံတော်မှ ကြီးမှူး ကျင်းပသော ပါဠိပထမ ပြန်စာမေးပွဲနှင့် ပါဠိပါဒက စာမေးပွဲများတွင် အောင်မြင်တော်မူကြသော သံဃာတော်များအား ဆုနှင်းသဘင်အောင်လက်မှတ်နှင့် ဆုတော်ငွေများဆက်ကပ်လှူဒါန်းပွဲကို ရန်အောင်မြင်သာသနာ့ဗိမာန်တော်ကြီး၌ မတ် ၂၇ ရက်က ကျင်းပရာ အခမ်းအနားသို့ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးဇော်ဝင်း၊ ခရိုင်အုပ်ချုပ်ရေးမှူး ဦးကျော်မင်းညို၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဇော်မင်းဟန်၊ မြို့မိမြို့ဖများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ တက်ရောက်ကြသည်။

စာအောင်သံဃာတော်များဖြစ်ကြသည့် အကြီးတန်း ၁၇ ပါး၊ အလယ်တန်း အပါး ၃၀၊ အငယ်တန်း ၃၈ ပါး၊ မူလတန်း ၄၇ ပါး၊ ပါဠိပါဒက စာအောင်သံဃာ ၁၅၅ ပါး စုစုပေါင်း ၂၈၇ ပါးနှင့် ပင့်သံဃာအပါး ၆၀ တို့အား နေ့ဆွမ်း ဘောဇဉ်များ ဆက်ကပ်ပြီး စာအောင်သံဃာတော်များအား တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ အလှူရှင်မိသားစုများက စာအောင် ဆုလက်မှတ်နှင့် ဆုတော်ငွေများ ဆက်ကပ်လှူဒါန်း ကြပြီးနောက် ရန်အောင်မြင်ကျောင်း မြို့နယ်သံဃ နာယက ဥက္ကဋ္ဌ ဆရာတော် ဦးနန္ဒောဘာသထံမှ ရေစက်ချတရားတော်များ နာယူခဲ့ကြောင်း သိရသည်။

တင်ဦး (ရမည်းသင်း)

မြစ်သားမြို့တွင် ပါဠိပထမပြန်စာမေးပွဲ စတင်ဖြေဆို

မြစ်သား မတ် ၂၉

မန္တလေးတိုင်းဒေသကြီး မြစ်သားမြို့နယ်တွင် ပါဠိပထမပြန်စာမေးပွဲကို အခြေခံပညာအထက်တန်းကျောင်း (မြစ်သား)၌ မတ် ၂၈ ရက်က စတင်ဖြေဆိုကြောင်း သိရသည်။

အဆိုပါ စာမေးပွဲတွင် ပထမကြီးတန်းတွင် ၁၂ ပါး၊ ပထမလတ်တန်းတွင် ၁၇ ပါး၊ ပထမငယ်တန်းတွင်ငါးပါးနှင့် အခြေပြု မူလတန်းတွင် ၁၆ ပါး ဝင်ရောက်ဖြေဆိုခဲ့ပြီး စာရင်းရှိအပါး ၆၀ ရှိကာ ၁၀ ပါးဖြေဆိုရန် ပျက်ကွက်ခဲ့ကြောင်း သိရသည်။

ရဲဝင်းထွန်း(မြစ်သား)

မြန်မာနိုင်ငံမှလမ်းများ ရေရှည်တည်တံ့ခိုင်မြဲ ကောင်းမွန်ရေး

ခရမ်းစိုးမြင့်

ဆောက်လုပ်ရေးဝန်ကြီးဌာန လမ်းဦးစီးဌာနသည် ပြည်ထောင်စု သမ္မတမြန်မာနိုင်ငံ၌ လမ်းသစ်ဖောက်လုပ်ခြင်း၊ ရှိပြီးသောလမ်းများကို အဆင့်မြှင့်တင်ပြုပြင်ခြင်း စသောလုပ်ငန်းများအား တစ်နှစ်ထက်တစ်နှစ် အရှိန်ဟုန်မြှင့်တင်၍ အင်တိုက်အားတိုက် ဆောင်ရွက်လျက်ရှိရာ ၁၉၈၈ ခုနှစ်တွင် မြန်မာတစ်ပြည်လုံး၌ လမ်းမိုင်အရှည် စုစုပေါင်း ၁၃၆၃၅ မိုင်သာရှိခဲ့ရာမှ ယခု ၂၀၁၇ ခုနှစ် ဩဂုတ်လအထိ စုစုပေါင်း လမ်းမိုင် ၂၅၈၆၇ မိုင် ရှိနေပြီဖြစ်သောကြောင့် လမ်းမိုင်ပေါင်း ၁၂၂၃၂ မိုင် တိုးတက်ဖောက်လုပ်ထားရှိနိုင်ခဲ့ကြောင်း သိရသည်။

အကျိုးကျေးဇူးများ ရရှိလာ

နိုင်ငံတော်အတွင်း လမ်းပန်းဆက်သွယ်မှု ချောမွေ့ကောင်းမွန်မှုလည်း နိုင်ငံတော်နှင့်ပြည်သူများ၏ လူမှုရေး၊ စီးပွားရေး၊ ဒေသဖွံ့ဖြိုးရေးနှင့်လူနေမှုအဆင့်အတန်းမြင့်မားရေး စသည့် အကျိုးကျေးဇူးများ ရရှိလာမည် ဖြစ်သည်။

အထူးသဖြင့် မြန်မာနိုင်ငံတွင် လမ်းများ ယခင်ကထက် တိုးတက်များပြားလာသကဲ့သို့ လမ်းအသုံးပြုသွားလာနေသော ယာဉ်များလည်း တိုးတက် များပြားလျက်ရှိသည်မှာ မျက်မြင်ပင် ဖြစ်သည်။ လမ်းပေါ်မှ ယာဉ်များကိုလေ့လာပါက နိစ္စဓူဝ သွားလာ လုပ်ရှားနေသော လူများပို့ဆောင်ပေးနေသည်။ ခရီးသည် ပို့ဆောင်ရေးယာဉ်များရှိသလို ကုန်တင်ယာဉ်ကြီးများ သွားလာမောင်းနှင်လျက်ရှိနေသည်ကို တွေ့ရမည်ဖြစ်သည်။

တန်ပိုတင် မောင်းနှင်မှုကို တားဆီးခဲ့

လမ်းများသည် လူစီးခရီးသည် ပို့ကားများကြောင့် ပြဿနာမရှိသော်လည်း ကုန်တင်(ဝန်လေး) ယာဉ်များကြောင့် လမ်းပျက်ယွင်းမှုများ ဖြစ်ပွားနေရကြောင်း၊ သို့ဖြစ်၍ ၂၀၀၉- ၂၀၁၀ ဘဏ္ဍာနှစ်အတွင်းက ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းက ယင်းပိုင် လမ်းဂိတ်များလေလံစနစ်ဖြင့် ကောက်ခံသော လမ်းအသုံးပြုခ ကောက်ခံရေးဂိတ်များ၊ BOT လုပ်ကိုင်ခွင့်ရ ကုမ္ပဏီများ၏ ဂိတ်များနှင့်ပူးပေါင်း၍ ဂိတ်များတွင် ကတ္တားများထားကာ ကုန်တင်ကားများ၏ တန်ပိုတင်မောင်းနှင်မှုကို တားဆီးခဲ့သည်။

ပြဿနာအမျိုးမျိုး ကြုံတွေ့

ထိုအစီအစဉ်သည် မြန်မာနိုင်ငံရှိ လမ်းများ ကြံ့ခိုင်ကောင်းမွန်ရေးအတွက် ကောင်းသော အစီအစဉ်ဖြစ်သည်။ သို့သော် မကြာမကြာ ကုန်တင်ယာဉ်ကြီးများနှင့်ဂိတ်အသီးသီးရှိ ကတ္တားတို့ကြား ပြဿနာအမျိုးမျိုး ကြုံတွေ့ခဲ့ရကြောင်း သိရသည်။

ရန်ကုန်-ပြည် BOT လမ်းပိုင်းရှိ မက်(စ်) ဟိုင်းဝေးကုမ္ပဏီလီမိတက်၏ ဇီးကုန်းတိုးဂိတ်တွင် ၂၂-၁၂-၂၀၁၇ ရက်နေ့ ညပိုင်းသုံးတွဲယာဉ်များ ဆန်အိတ်တင်ဆောင်၍ ဖြတ်သန်းရာ၌ သတ်မှတ်ခွင့်ပြုတန်ချိန်ထက် ပိုမိုတင်ဆောင်လာခြင်းကြောင့် အငြင်းပွားမှု ဖြစ်ခဲ့ရသည်။

ကတ္တားမှန်ကန်မှုရှိကြောင်း စစ်ဆေးတွေ့ရှိ

ယင်းအငြင်းပွားမှုအပေါ် ဆောက်လုပ်ရေးဝန်ကြီးဌာန လမ်းဦးစီးဌာနမှ အင်ဂျင်နီယာချုပ် (မြို့ပြ) ဦးဦးစောသိန်း ဦးစီးသောအဖွဲ့သည် ဇီးကုန်းမြို့နယ်မှ တိုင်းဒေသကြီး လွှတ်တော် ကိုယ်စားလှယ်တစ်ဦး၊ မြို့နယ်အုပ်ချုပ်ရေးမှူးတစ်ဦး၊ မြို့နယ် ဒုတိယအုပ်ချုပ်ရေးမှူးတစ်ဦး၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင် အရာရှိတစ်ဦး၊ ဇီးကုန်းမြို့နယ်ရဲတပ်ဖွဲ့မှ ဒုတိယရဲမှူးတစ်ဦး၊ ယာဉ်ပိုင်ရှင်နှင့် ဆန်စက်ပိုင်ရှင်များ၊ လမ်းဦးစီးဌာနမှ သက်ဆိုင်ရာ ခရိုင်လက်ထောက်ညွှန်ကြားရေးမှူး (မြို့ပြ) နှင့် မြို့နယ်ဦးစီးအရာရှိ (မြို့ပြ)များ၊ Max Co.,Ltd မှ မန်နေးဂျင်း ဒါရိုက်တာ၊ အထွေထွေမန်နေဂျာနှင့် တိုးဂိတ်တာဝန်ခံများဖြင့် အဖွဲ့အစည်း စုံညီစွာ ပူးပေါင်းပါဝင်ကြီးကြပ်၍ နိုင်ငံတကာအသိအမှတ် ပြု ISO လက်မှတ်ရ စီထွာ(Zin-9) ကတ္တားကုမ္ပဏီမှ ကျွမ်းကျင်ပညာရှင်များဖြင့် အဆိုပါကတ္တားမှန်ကန်မှု ရှိ မရှိ ကို Standard Weight တုံးများ အသုံးပြုလျက် ဆန်အိတ်တင်ယာဉ်များဖြင့် တိုက်ရိုက်စစ်ဆေးဆောင်ရွက်ခဲ့ရာ ကတ္တားမှန်ကန်မှုရှိကြောင်း စစ်ဆေးတွေ့ရှိရသဖြင့် တက်ရောက်ပူးပေါင်းပါဝင်သည့် ကုန်သည်များ၊ ယာဉ်ပိုင်ရှင်များမှ တစ်ပြည်လုံးရှိ ကတ္တားများကိုလည်း ယခုကဲ့သို့ ISO ရ နိုင်ငံတကာ အသိအမှတ်ပြု ကတ္တားကုမ္ပဏီတို့ဖြင့် ပြန်လည်စစ်ဆေးပေးရန် တောင်းဆိုတင်ပြလာခဲ့ပါသည်။

ဖြေလျှော့ဖြတ်သန်းခွင့်ပြု

ထိုသို့ တစ်နိုင်ငံလုံးရှိ ကတ္တားများကိုလည်း စစ်ဆေးပေးရန် တောင်းဆိုချက်အရ ဆောက်လုပ်ရေးဝန်ကြီးဌာနမှ အသုံးပြုလျက်ရှိသည့် နိုင်ငံတကာ အသိအမှတ်ပြု ISO လက်မှတ်ရ ပြည့်စုံဟိန်းကုမ္ပဏီ (Zin-9) နှင့် မြပန်ဝါကုမ္ပဏီတို့ကို တာဝန်ပေးအပ်ရန် ၂၈-၁၂-၂၀၁၇ ရက်နေ့ ဒုတိယညွှန်ကြားရေးမှူးချုပ် (စီမံ/တည်ဆောက်ရေး) ပါဝင်သည့် အစည်းအဝေးတွင် ဆုံးဖြတ်ခဲ့ပြီး ၁၁-၁-၂၀၁၈ ရက်နေ့မှ ၃-၂-၂၀၁၈ ရက်နေ့အထိ သတ်မှတ်ပေးသော လမ်းကြောင်းနှင့် တိုးဂိတ်များရှိ ကတ္တားများအားလုံး စံကိုက်ညှိခြင်း လုပ်ငန်းဆောင်ရွက်ခဲ့သည်။ ထိုသို့ ဆောင်ရွက်နေစဉ်အတွင်း တိုးဂိတ်များ၌ တန်ချိန်ကွာဟမှုတို့ကြောင့် အငြင်းပွားမှုမဖြစ်စေရေးအတွက် သတ်မှတ်ထားသော တန်ချိန်ထက် ပိုမိုခဲ့သော်လည်း ဖြေလျှော့ဖြတ်သန်းခွင့်ပြုပေးခဲ့သည်ဟု ဆို၏။

> **“မြန်မာနိုင်ငံသည် အရှေ့တောင်အာရှနိုင်ငံများအသင်း အာဆီယံအဖွဲ့ဝင်နိုင်ငံဖြစ်သည့် အားလျော်စွာ အာဆီယံတွင် သဘောတူပြီးဖြစ်သည့် ယာဉ်များနှင့် ပတ်သက်သည့် ဝင်ရိုးတစ်ခု၏အများဆုံး အလေးချိန်သတ်မှတ်ချက် ဝင်ရိုးအလိုက် စုစုပေါင်းအလေးချိန်နှင့် ယာဉ်၏သတ်မှတ်ချက် အတိုင်းအတာများနှင့်အညီ လိုက်နာဆောင်ရွက်လျက်ရှိ”**

ယခုအခါ ကတ္တားများအားလုံး အလေးချိန် စံကိုက်ညှိခြင်း လုပ်ငန်း ဆောင်ရွက်စစ်ဆေးပြီးဖြစ်၍ ၂၂-၂-၂၀၁၈ ရက်နေ့မှစတင်ပြီး တန်ပိုတင်ဆောင်ခြင်း မပြုရန်အတွက် တိုးဂိတ်များတွင် ကုန်တင်ယာဉ်များ ကတ္တားချိန်တွယ်ရာ၌ ၎င်းတိုးဂိတ်ရှိ ကတ္တား၏ အလေးချိန်အတိုင်း သတ်မှတ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများပြည်သူများ သိရှိလိုက်နာဆောင်ရွက်နိုင်ရန် ၁၁-၂-၂၀၁၈ ရက်နေ့ နိုင်ငံပိုင်ကြေးမုံသတင်းစာနှင့် ၁၃-၂-၂၀၁၈ ရက်နေ့ မြန်မာ့အလင်း သတင်းစာတို့တွင် ထည့်သွင်းဖော်ပြခဲ့သည်။

(က) ကတ္တားများစစ်ဆေးရာတွင် နိုင်ငံတကာမှ အသိအမှတ်ပြု ISO လက်မှတ်ရ ပြည့်စုံဟိန်း ပြည့်စုံဟိန်းကုမ္ပဏီ(Zin-9) နှင့် ISO လက်မှတ်ရ မြပန်ဝါကုမ္ပဏီတို့ဖြင့် စစ်ဆေးခဲ့ခြင်းဖြစ်သည်။

(ခ) ထိုသို့စစ်ဆေးနိုင်ရန် ဆောက်လုပ်ရေး ဝန်ကြီးဌာန၊ လမ်းဦးစီးဌာန၊ လမ်းအခွန်ထိန်းသိမ်းရေးဌာနခွဲမှ ကတ္တားကုမ္ပဏီတစ်ခုစီတွင် ဦးစီးအရာရှိ(စီမံ) တစ်ဦးစီမှ ဦးစီး၍ သက်ဆိုင်ရာမြို့နယ်ဦးစီးအရာရှိ(မြို့ပြ) တို့နှင့် ပူးပေါင်းပြီး ကတ္တားကုမ္ပဏီမှ ကျွမ်းကျင်ပညာရှင်ဖြင့် စစ်ဆေးခဲ့ခြင်းဖြစ်သည်။

(ဂ) စစ်ဆေးရာတွင်လည်း ကတ္တားကုမ္ပဏီ နှစ်ခုအား စံကိုက်သည့် ဂိတ်တုံးများ ယူဆောင်၍ Max Co.,Ltd ၏ ထောက်ကြန့်တိုးဂိတ်တွင် စုစည်းတွေ့ဆုံပြီး အလေးချိန်များ တူညီရန် ကုမ္ပဏီနှစ်ခုမှ ပါရှိသော ဂိတ်တုံးများကို ဦးစွာ စံကိုက်ဆောက်ရွက်ပြီးမှ သတ်မှတ်လမ်းကြောင်းနှင့် တိုးဂိတ်များရှိ ကတ္တားများကို ဇီးကုန်းဂိတ်တွင် စံကိုက်စစ်ဆေးဆောင်ရွက်သကဲ့သို့ ကတ္တားများ စံကိုက်စစ်ဆေးဆောင်ရွက်ခဲ့သည်။

(ဃ) စစ်ဆေးနေစဉ်တွင် ရုံးချုပ်မှ တာဝန်ခံဦးစီးအရာရှိ(စီမံ)၊ သက်ဆိုင်ရာ မြို့နယ်ဦးစီးအရာရှိ (မြို့ပြ)၊ တိုးဂိတ်တာဝန်ခံတို့မှ ကြပ်မတ်၍ ကတ္တားကုမ္ပဏီမှ လုပ်ငန်းကျွမ်းကျင်ပညာရှင်ဖြင့် စံကိုက်စစ်ဆေးဆောင်ရွက်စေခြင်းနှင့် ပြုပြင်ရမည့်အချက်၊ လဲလှယ်ရမည့်ပစ္စည်းတွေ့ရှိချက်တို့အပေါ် ဆောင်ရွက်ပေးခဲ့သည်။

(င) စစ်ဆေးဆောင်ရွက်ချက်ကိုလည်း ဓာတ်ပုံမှတ်တမ်းထားရှိခြင်း၊ စစ်ဆေးချက်မှတ်တမ်းစာရွက်ထားရှိ ရေးသွင်းပြီး ယင်းစစ်ဆေး ချက်စာရွက်ပေါ်တွင် ရုံးချုပ်မှတာဝန်ခံဦးစီးအရာရှိ(စီမံ)၊ သက်ဆိုင်ရာ မြို့ပြဦးစီးအရာရှိ (မြို့ပြ)၊ သက်ဆိုင်ရာ တိုးဂိတ်တာဝန်ခံနှင့် ကတ္တားကုမ္ပဏီမှ စစ်ဆေးသူ တာဝန်ခံတို့က အတည်ပြုလက်မှတ်ရေးထိုးပြီး သက်ဆိုင်ရာကုမ္ပဏီသို့ မိတ္တူတစ်စောင်ပေးပို့ဆောင်ရွက်ခဲ့သည်။

(စ) ရာသီဥတုအပူ၊ အအေးဒဏ်ကြောင့် လည်းကောင်း၊ ကတ္တားများ ချိန်တွယ်မှုအကြိမ်အရေအတွက် များပြားလာမှုတို့ကြောင့်လည်းကောင်း ကတ္တားတစ်ခုနှင့်တစ်ခု အလေးချိန်ကွာဟမှုရှိနိုင်သောကြောင့် ကတ္တားကွာဟမှုအတွက် ဆောက်လုပ်ရေးဌာနအနေဖြင့် ၀ ဒသမ ၉ တန်အား ယခင်ကတည်းက ခွင့်ပြုပေးထားပြီးဖြစ်ပါကြောင်းနှင့် ယခုအချိန်ထိလည်း ဆက်လက်ခွင့်ပြုပေးလျက်ရှိသည်။

(ဆ) စံကိုက်ခြင်း (Calibration) လုပ်ဆောင်ရာတွင် Europe Standard အသုံးပြုပြီးကတ္တားချိန်သည့်အခါ တန်ဖိုးအတိအကျကို သုညနောက်တွင် ဒသမ ၄ လုံး ထုတ်ပေးခြင်းသည် စိန်၊ ရွှေချိန်သော စက်များတွင်သာရှိပြီး ကားကတ္တားများ ချိန်တွယ်ရာတွင် တန်၏ နောက်တွင် ဒသမ နှစ်လုံးသာ နိုင်ငံတကာမှ ထုတ်ပေးခြင်းဖြစ်ကြောင်း သိရှိရသည်။

(ဇ) ကတ္တားချိန်တွယ်ရာတွင် ကတ္တားမှ ထွက်လာသောအလေးချိန်သည် တိုက်ရိုက် ကွန်ပျူတာသို့ ထွက်ပေါ်လာစေသဖြင့် ကတ္တား ဝန်ထမ်းသီးသန့်ထားရှိရန် မလိုအပ်ကြောင်း သိရှိရသည်။

(ဈ) ကတ္တားများသည် အမျိုးအစား တူညီမှုမရှိသော်လည်း စံကိုက်ပုံ တိုက်နည်းများသည် အတူတူပင်ဖြစ်ကြောင်းနှင့် စံကိုက်ညှိမှု ဆောင်ရွက်ရာတွင် ချွတ်ယွင်းချက်များ ရှိခဲ့လျှင်လည်း ဆောက်လုပ်ရေးဝန်ကြီးဌာနမှ မှန်ကန်ရေးအတွက် ချက်ချင်းကြီးကြပ် ဆောင်ရွက်လျက်ရှိနေသည်ဟု သိရသည်။

မြန်မာနိုင်ငံသည် အရှေ့တောင် အာရှနိုင်ငံများအသင်း အာဆီယံအဖွဲ့ဝင်နိုင်ငံဖြစ်သည့် အားလျော်စွာ အာဆီယံတွင် သဘောတူပြီးဖြစ်သည့် ယာဉ်များနှင့် ပတ်သက်သည့် ဝင်ရိုးတစ်ခု၏အများဆုံး အလေးချိန် သတ်မှတ်ချက် ဝင်ရိုးအလိုက် စုစုပေါင်း အလေးချိန်နှင့် ယာဉ်၏သတ်မှတ်ချက် အတိုင်းအတာများနှင့်အညီ လိုက်နာဆောင်ရွက်လျက်ရှိသည်။ ယာဉ်အသုံးပြုသူများနေဖြင့်လည်း မော်တော်ယာဉ်ထုတ်လုပ်သူက သတ်မှတ်ထားသည့် Catalouge ပါ တင်ဆောင်နိုင်သည့် စွမ်းအား Pay Load နှင့် အညီသာ တင်ဆောင်ပြေးဆွဲမှသာ လမ်းများ ရေရှည်ကြံ့ခိုင် ကောင်းမွန်နိုင်မည်ဖြစ်ပေသည်။

ရထားပို့ဆောင်ရေးဝန်ကြီးဌာနမှလည်း မှတ်ပုံတင်ထားသည့် မော်တော်ယာဉ်များအတွက် မော်တော်ယာဉ်တွင် တပ်ဆင်ထားသည့် ဝင်ရိုးအရေအတွက်ပေါ်မူတည်၍ ယာဉ်နှင့် ကုန်စုစုပေါင်းအလေးချိန် (G.V.W. Gross Vehicle Weight) ခံနိုင်ဝန်အားကို အောက်ပါအတိုင်း သတ်မှတ်ပြီး ရုံးအမိန့် ညွှန်ကြားချက် ၂၉/၉၉နှင့် ၁၁/၂၀၀၀ တို့ဖြင့် သတ်မှတ်ထုတ်ပြန်ထားပြီးဖြစ်သည်ဟု သိရသည်။ ၎င်းသတ်မှတ်ချက်မှာ-

Truck with 3 Axles	-	21000kg (21 T)
Truck with 4 Axles	-	25000kg (25 T)
Articulated Truck (Max.)	-	20000kg (20 T) For 20' Container

တို့ဖြစ်သည်။

ဒီဇိုင်းစံချိန် စံညွှန်းအတိုင်း တည်ဆောက်

ယခုအခါ နိုင်ငံတိုင်း၌ လမ်းအင်ဂျင်နီယာများသည် လမ်းပျက်ယွင်းမှုနည်းစေရန် လမ်းများကို ဒီဇိုင်းစံချိန်စံညွှန်းအတိုင်း တည်ဆောက်လျက် လမ်းပေါ် သွားလာသည့် ယာဉ်များ၏ ဖိအားသက်ရောက် မှု လျော့နည်းစေရန် (လမ်းခံနိုင်ရည် ဘောင်အတွင်းရှိစေရန်) သက်ဆိုင်ရာ အဖွဲ့အစည်းများနှင့် ညှိနှိုင်းပြီး ဥပဒေစည်းကမ်းများ ထုတ်လျက်ယာဉ်များကို ထိန်းသိမ်းနေကြပါသည်။ ဥပမာအားဖြင့် လမ်းပေါ်သို့ ကျရောက်မည့် ယာဉ်ဖိအား ပျံ့နှံ့လျော့နည်းစေရန် ယာဉ်ဝင်ရိုး (AXLE) တစ်ခုလျှင် ဘီးတစ်ဘီးမှ နှစ်ဘီး၊ နှစ်ဘီးမှ လေးဘီး၊ လေးဘီးမှ ရှစ်ဘီး စသည်ဖြင့် ဘီးအရေအတွက်တိုး၍ ဒီဇိုင်းပြုလုပ်ခဲ့ကြပါသည်။

ကုန်စည်စီးဆင်းမှု တိုးတက်ရန်အတွက် ယာဉ်စီးရေနည်းနည်းနှင့် ကုန်များများပို့နိုင်ရန် လိုအပ်သော်လည်း တစ်ဖက်မှ လမ်းပျက်ယွင်းစေမည်ဖြစ်သဖြင့် မြန်မာနိုင်ငံအဝေးပြေးလမ်းမပေါ်တွင် ပြေးဆွဲလျက်ရှိကြသည့် ကုန်တင်ယာဉ်များအနေဖြင့် ဆောက်လုပ်ရေးဝန်ကြီးဌာနပိုင် တိုးဂိတ်များနှင့် BOT လမ်းတံတားဂိတ်များတွင်ရှိသည့် ကုန်ချိန် ကတ္တားများကို အလေးချိန် စံကိုကိုက်ညှိခြင်း ဆောင်ရွက်ထားရှိပြီးဖြစ်သဖြင့် ကုန်တင်ကားကြီးများ သတ်မှတ်တန်ချိန်အတိုင်း တင်ဆောင်ပြေးဆွဲခြင်းဖြင့် မြန်မာနိုင်ငံမှ လမ်းများ ရေရှည်တည်တံ့ ခိုင်မြဲကောင်းမွန်စေရန် ဝိုင်းဝန်းကြိုးပမ်းကြပါစို့ ဟု တိုက်တွန်းရေးသားလိုက်ရပါသည်။ ။

တိုးဂိတ်များရှိ ကတ္တားများကို စံကိုက်စစ်ဆေးပေးနေစဉ်။

စက်ရုံလွှင့်ထုတ် လေညစ်ပုပ်၊ တောတွင်းသစ်ပင် အကုန်စုပ်၊ တို့တွေရှုသွင်း လေသန့်ရှင်း၊ မခြင်းရမှာ တောကသာ။

လီဝန်ဒေါ့စကီပုစ္ဆာအတွက် အဖြေရှာရမယ့် ဘိုင်ယန်

● အောင်က

ဘိုင်ယန်မြူးနစ်အသင်းအတွက်တော့ တိုက်စစ်မှူး လီဝမ်ဒေါ့စကီဟာ မရှိမဖြစ် ကစားသမား တစ်ဦးဖြစ်ပါတယ်။ ဒါပေမယ့်အခုတော့ လီဝန်ဒေါ့စကီဟာ အသင်းကိုစွန့်ခွာဖို့ပြင်ဆင်နေတယ်ဆိုတဲ့ သတင်းတွေကလည်း ဆက်တိုက်ဆိုသလို ကြားနေရပါတယ်။ အထူးသဖြင့် ရီးရဲမက်ဒရစ်အသင်းက နေခေါ်ယူမယ်ဆိုတဲ့သတင်းပဲ ဖြစ်ပါတယ်။ ဒါဟာ ဘိုင်ယန်မြူးနစ်အသင်းအတွက်တော့ ကြီးမားတဲ့စိုးရိမ်စရာလို့လည်း ပြောရမှာပါ။ ရီးရဲမက်ဒရစ်လို အသင်းမျိုးဟာ သူလိုချင်တဲ့ကစားသမားတိုင်းကို မဖြစ်မနေ ခေါ်ယူနိုင်စွမ်းရှိတဲ့အသင်းဖြစ်တာကြောင့် လီဝမ်ဒေါ့စကီရဲ့အနာဂတ်ဟာ ဘိုင်ယန်မြူးနစ်အသင်းနဲ့တော့ ဝေးကွာနိုင်တယ်လို့ဆိုရမှာပါ။ ဒ့ါအပြင် လီဝမ်ဒေါ့စကီအနေနဲ့ကလည်း အသင်းကို စွန့်ခွာဖို့စတင်စဉ်းစားနေတဲ့ အခြေအနေတွေကြောင့်လည်း ဖြစ်ပါတယ်။

လီဝမ်ဒေါ့စကီ အခြေအနေ

လီဝမ်ဒေါ့စကီဟာ ဘွန်ဒက်စ်လီဂါရဲ့ ရော်နယ်ဒိုလို့ တင်စားရမယ့်သူလည်း ဖြစ်ပါတယ်။ သူဟာ ၂၀၁၁-၁၂ ရာသီကတည်းက ဘိုင်ယန်မြူးနစ်အသင်းအတွက်တော့ အနည်းဆုံး ၂၅ ဂိုး သွင်းပေးနေတဲ့သူလည်း ဖြစ်ပါတယ်။ လက်ရှိ ဘောလုံးလောကမှာတော့ သူလိုဆက်တိုက်ခြေစွမ်းပြကစားနိုင်တဲ့ ကစားသမားမျိုးကတော့ လက်ချိုးရေလို့ တောင်ရနိုင်ပါတယ်။ ဒီနှစ်ရာသီမှာဆိုရင်လည်း လီဝမ်ဒေါ့စကီဟာ ဘိုင်ယန်မြူးနစ်အသင်းအတွက် ဘွန်ဒက်စ်လီဂါမှာ ၂၃ ဂိုးသွင်းယူပေးထားပြီး ပြိုင်ပွဲစုံမှာတော့ စုစုပေါင်းသွင်းဂိုးဟာ ၃၂ ဂိုးရှိခဲ့ပြီလည်း ဖြစ်ပါတယ်။ ဒါပေမယ့် လီဝမ်ဒေါ့စကီအနေနဲ့ ရီးရဲမက်ဒရစ်အသင်းကို ပြောင်းရွှေ့ဖို့အဖြစ်နိုင်ဆုံး ရည်ရွယ်ချက်က ချန်ပီယံလိဂ်ဆုဖလားလို့ ပြောရမှာပါ။ လီဝမ်ဒေါ့စကီဟာ ဒေါ့မွန်အသင်းနဲ့အတူ ချန်ပီယံလိဂ်ဗိုလ်လုပွဲကိုရောက်ခဲ့ပေမယ့် ဆုဖလားတော့ မရခဲ့ပါဘူး။ လီဝမ်ဒေါ့စကီဟာ လက်ရှိအသက်ဟာ ၂၉ နှစ်ရှိပြီဖြစ်တာကြောင့် ဘိုင်ယန်မြူးနစ်အသင်းနဲ့အတူ ဆက်ကစားမယ်ဆိုရင်တော့ ချန်ပီယံလိဂ်ဆုဖလားက ရနိုင်ကောင်းရနိုင်ပေမယ့် ရီးရဲမက်ဒရစ်အသင်းလောက်တော့ မျှော်လင့်ချက်မများဘူးလို့ ပြောရမှာပါ။ ဒါတွေကြောင့်လည်း လာမယ့် နွေရာသီဟာ လီဝမ်ဒေါ့စကီရဲ့ စိန်ခေါ်မှုအသစ်တွေအတွက် အသင်းကို စွန့်ခွာဖို့ရှိနေတဲ့အချိန်လို့ ပြောရမှာပါ။

အစားထိုးမှု

ဘိုင်ယန်မြူးနစ်အသင်းရဲ့အကြီးအကဲတွေကတော့ နွေရာသီဖြစ်လာနိုင်တဲ့အခြေအနေတွေနဲ့ပတ်သက်ပြီး အခုကတည်းကကြိုတင်ပြင်ဆင်မှုတွေကိုတော့ လုပ်ဆောင်ထားတယ်လို့ပြောရမှာပါ။ လက်ရှိအချိန်မှာ ဘိုင်ယန်မြူးနစ်အသင်းအနေနဲ့ လီဝမ်ဒေါ့စကီရဲ့နေရာမှာအစားထိုးဖို့အတွက်လျာထားတဲ့ကစားသမားတွေကတော့ အများကြီးရှိပါတယ်။ အဲဒီထဲမှာတော့ အဖြစ်နိုင်ဆုံးကစားသမားတွေကတော့ သုံးဦး၊ လေးဦး လောက်သာ ရှိတယ်လို့လည်း ပြောရမှာပါ။ အဲဒီထဲမှာမှ အဓိကအဖြစ်နိုင်ဆုံးသူ တစ်ဦးကတော့ လိုက်ပဇစ်တိုက်စစ်မှူး တီမိုဝင်နာ ဖြစ်ပါတယ်။ လီဝမ်ဒေါ့စကီအနေနဲ့ ရီးရဲမက်ဒရစ်အသင်းကို ပြောင်းရွှေ့ကစားဖို့ သေချာသွားပြီဆိုရင်တော့ ဘိုင်ယန်မြူးနစ်အသင်းရဲ့ အဓိကပစ်မှတ်ဟာ လိုက်ပဇစ် တိုက်စစ်မှူးတီမိုဝင်နာ ဖြစ်ပါတယ်။ အသက် ၂၁ နှစ်သာရှိနေသေးတဲ့ တိုက်စစ်မှူးတီမိုဝင်နာဟာ ဒီနှစ်ရာသီမှာတော့ ဘွန်ဒက်စ်လီဂါမှာ ၂၁ ဂိုး သွင်းယူပေးပြီး အကောင်းဆုံးတိုက်စစ်မှူးတစ်ဦးအဖြစ် ရပ်တည်နိုင်နေတဲ့သူတစ်ဦးလည်း ဖြစ်ပါတယ်။ သူ့ရဲ့အဓိကအားသာချက်က အဆုံးသတ်ပိုင်းကောင်းမွန်မှု၊ အခွင့်အရေးရှာတက်မှု၊ ဘောလုံးထိန်းသိမ်းနိုင်စွမ်းကောင်းမွန်မှုနဲ့ ဆုံးဖြတ်ချက်ကောင်းမွန်မှုတို့ ဖြစ်ပါတယ်။ သူဟာ ၂၀၁၇ ကွန်ဖက်ဒရေးရှင်းဖလားပြိုင်ပွဲမှာဆိုရင်လည်း ခြေစွမ်းပြကစားနိုင်ခဲ့သူဖြစ်ပါတယ်။ သူဟာ အဲဒီပြိုင်ပွဲမှာတော့ သုံးဂိုးသွင်းယူပေးပြီး ဂိုးရရှိအောင် နှစ်ကြိမ်တိုင်ပံ့ပိုးပေးနိုင်ခဲ့တာကြောင့် ရွှေဖိနပ်ဆုကို ရရှိခဲ့တဲ့သူလည်း ဖြစ်ပါတယ်။

နောက်တစ်ဦးကတော့ တိုရီနို တိုက်စစ်မှူးဘီလော့တီဖြစ်ပါတယ်။ ဘီလော့တီကိုခေါ်ယူဖို့ ဘိုင်ယန်မြူးနစ်အသင်းဟာ ယခင်ရာသီတွေကတည်းက စိတ်ဝင်စားနေခဲ့တာဖြစ်ပါတယ်။ ဘီလော့တီရဲ့ အားသာချက်ကတော့ ခြေနှစ်ချောင်းလုံးနဲ့ဂိုးသွင်းနိုင်စွမ်းရှိသလို လျင်မြန်စွာကစားနိုင်စွမ်းရှိတဲ့သူလည်းဖြစ်ပါတယ်။ ဒ့ါအပြင်ဂိုးရအောင် ဘယ်လိုစွမ်းဆောင်ရမလဲဆိုတာကိုလည်းကောင်းကောင်းသိတဲ့သူ ဖြစ်ပါတယ်။ ပြီးခဲ့တဲ့နွေရာသီဈေးကွက်ကဆိုရင် သူ့ကိုခေါ်ယူဖို့အတွက် ပရီမီယာလိဂ်ထိပ်တန်းအသင်းတွေဖြစ်တဲ့ မန်ယူနဲ့ ချယ်လ်ဆီးတို့က စိတ်ဝင်စားနေခဲ့သလို စီးရီးအေကလပ်အေစီမီလန်အသင်းကလည်းခေါ်ယူဖို့ ပြင်ဆင်ခဲ့ပါသေးတယ်။ ဒါပေမယ့်တရားဝင်ကမ်းလှမ်းမှုတော့ ရောက်မလာခဲ့တာကြောင့် အပြောင်းအရွှေ့ကလည်းမဖြစ်မြောက်ခဲ့ပါဘူး။ဘိုင်ယန်မြူးနစ်အသင်းနေနဲ့ ဘီလော့တီကိုခေါ်ယူမယ်ဆိုရင်တော့ အနည်းဆုံး ယူရိုသန်း ၁၀၀ ပေးရမှာဖြစ်ပါတယ်။ ဘီလော့တီဟာ ဒီနှစ်ရာသီမှာတော့ဒဏ်ရာပြဿနာနဲ့ ရုန်းကန်နေရတာကြောင့် ၂၅ ပွဲမှာ ၉ ဂိုးသာ သွင်းယူထားနိုင်ပါသေးတယ်။ ဒါပေမယ့် သူ့ရဲ့ခြေစွမ်းနဲ့ အရည်အချင်းတွေကတော့ လျှော့တွက်လို့မရတာကြောင့် ဘိုင်ယန်မြူးနစ်အသင်း အတွက်တော့ လီဝမ်ဒေါ့စကီရဲ့နေရာအတွက် သင့်တော်တဲ့သူလို့ပြောရမှာပါ။

ဘိုင်ယန်မြူးနစ်အသင်းအတွက်ကတော့ လီဝမ်ဒေါ့စကီ အသင်းကနေထွက်ခွာဖို့ ပြင်နေခြင်းဟာ အသင်းအတွက် ပြဿနာတစ်ရပ်အနေနဲ့ ရှိနေပါတယ်။ ဒါကြောင့် လာမယ့် နွေရာသီမှာတော့ ဘိုင်ယန်မြူးနစ်ရဲ့ လီဝမ်ဒေါ့စကီပုစ္ဆာကို ဘယ်လိုဖြေရှင်းမလဲဆိုတာကို စိတ်ဝင်စားစွာစောင့်ကြည့်ရဦးမှာ ဖြစ်ပါတယ်။ ။

စာချုပ်သစ်ချုပ်ဆိုရန်အတွက် မန်စီးတီး၏ ကမ်းလှမ်းမှုကို တိုက်စစ်မှူး ဂျီးဆက် ငြင်းဆိုထား

ပရီမီယာလိဂ်ကလပ် မန်စီးတီးအသင်း တိုက်စစ်မှူး ဂါဘရီရယ်ဂျီးဆက်သည် မန်စီးတီးအသင်းက တစ်ပတ် လုပ်ခငွေ ပေါင် ၉၀၀၀၀ ဖြင့် စာ ချုပ်သစ်ချုပ်ဆိုရန် ကမ်းလှမ်းလာမှုကို ငြင်းဆိုခဲ့ကြောင်း သတင်းများတွင် ရေးသားဖော်ပြထားသည်။ ဘရာဇီးတိုက်စစ်မှူး ဂါဘရီရယ် ဂျီးဆက် (၂၀နှစ်) နှင့် မန်စီးတီးအသင်းတို့ ချုပ်ဆိုထားသည့် လက်ရှိစာချုပ်သက်တမ်းမှာ ၂၀၂၁ ခုနှစ်တွင် ကုန်ဆုံးမည်ဖြစ်သည်။ တိုက်စစ်မှူး ဂါဘရီ ရယ်ဂျီးဆက်သည် မန်စီးတီးအသင်းနှင့် ၂၀၂၃ ခုနှစ်အထိ သက်တမ်းရှိ စာချုပ် သစ်တစ်ရပ် ချုပ်ဆိုကာ စာချုပ်ပါ အချက်အလက်များကိုလည်း ပြင်ဆင် ပြောင်းလဲရန် ဆန္ဒရှိနေသူဖြစ်သည်။ သို့သော်လည်း တိုက်စစ်မှူး ဂျီးဆက်နှင့် မန်စီးတီးအသင်းတို့ကြား ဆွေးနွေးမှုများသည် အောင်မြင်မှုမရှိခဲ့ကြောင်း Daily Mail သတင်းစာက ရေးသားဖော်ပြခဲ့သည်။

တိုက်စစ်မှူး ဂျီးဆက်သည် မန်စီးတီးအသင်းနှင့် ချုပ်ဆိုထားသည့် လက်ရှိစာချုပ်အရ တစ်ပတ်လုပ်ခငွေအဖြစ် ပေါင် ၆၅၀၀၀ သာ ရရှိနေသူ ဖြစ်သည်။ မန်စီးတီးအသင်းတာဝန်ရှိသူများက တိုက်စစ်မှူး ဂျီးဆက်အနေဖြင့် မန်စီးတီးအသင်းနှင့် စာချုပ်သစ် ချုပ်ဆိုလိမ့်မည်ဟု ယုံကြည်ထားသော်လည်း လာမည့် ၂၀၁၈ ခုနှစ် ဖီဖာကမ္ဘာ့ဖလားပြိုင် ပွဲမတိုင်မီတွင် မန်စီးတီးအသင်းနှင့် တိုက်စစ်မှူး ဂါဘရီရယ်ဂျီးဆက်တို့ စာချုပ်သစ်အတွက် လက်မှတ်ရေးထိုးဖြစ်ဖွယ်မရှိကြောင်း သတင်းများတွင် ဆက်လက်ရေးသားထားသည်။ တိုက်စစ်မှူး ဂျီးဆက်သည် တစ်ပတ်လုပ်ခငွေအဖြစ် အနည်းဆုံး ပေါင် ၁၀၀၀၀၀ ရရှိရန် လိုလားလျက်ရှိသည်ဟုဆိုသည်။ **ထက်အောင်**

ဂါရတ်ဘေးလ်အား နွေရာသီဈေးကွက်ကာလအတွင်း ရီးရဲအသင်း ရောင်းချမည်



စပိန်ကလပ် ရီးရဲမက်ဒရစ်အသင်းသည် လာမည့် နွေရာသီဈေးကွက်ကာလအတွင်းတွင် အသင်း၏ တောင်ပံကစားသမား ဂါရတ်ဘေးလ်အား ရောင်းချသွားမည်ဖြစ်သော်လည်း ဂါရတ်ဘေးလ်၏ ပြောင်းရွှေ့ကြေးပမာဏမှာ ပေါင် ၈၈ သန်းထက် လျှော့နည်းမည် မဟုတ်ကြောင်း သတင်းများတွင် ရေးသားဖော်ပြထားသည်။

ဝေလကစားသမား ဂါရတ်ဘေးလ်၏ ရီးရဲကစားသမားဘဝ အနာဂတ်နှင့်ပတ်သက်၍ ထင်ကြေးပေးမှုများမှာ ပြီးခဲ့သည့် လအနည်းငယ်ကတည်းက ထွက်ပေါ်နေခဲ့ခြင်းဖြစ်သည်။

စပါးကစားသမားဟောင်း ဂါရတ်ဘေးလ် (၂၈နှစ်) နှင့် ရီးရဲမက်ဒရစ်အသင်းတို့ ချုပ်ဆိုထားသည့် စာချုပ်သက်တမ်းမှာ ၂၀၂၂ ခုနှစ်မှ ကုန်ဆုံးမည်ဖြစ်သော်လည်း ရီးရဲအသင်းဥက္ကဋ္ဌ ဖလော်ရင်တီနိုပီရက်ဇ်သည် လာမည့်နွေရာသီဈေးကွက်ကာလအတွင်း ဂါရတ်ဘေးလ်အား ရောင်းချရန် ခွင့်ပြုချက်ပေးထားခဲ့ပြီဖြစ်ကြောင်း စပိန်သတင်းစာ AS တွင် ရေးသားဖော်ပြထားသည်။

ဂါရတ်ဘေးလ်အား ခေါ်ယူရေးအတွက် ပထမဆုံးကြိုးစားလာနိုင်သည့် အသင်းမှာ မန်ယူအသင်းဖြစ်နိုင်သည် ဟုဆိုသည်။

ဂါရတ်ဘေးလ်သည် ယခုနှစ် ဘောလုံးရာသီတွင် ရီးရဲအသင်းအတွက် စုစုပေါင်း ၂၉ ပွဲ ပါဝင်ကစားထားကာ ၁၂ ဂိုး သွင်းယူထားသူဖြစ်သည်။ **ထက်အောင်**

မန်ယူတွင်သာ ဆက်နေဖြစ်နိုင်သည်ဟု ဂိုးသမား ဒီဂီယာ အရိပ်အမြွက် ပြောဆို

မန်ယူအသင်း၏ ပထမဦးစားပေးဂိုးသမားဖြစ်သူ ဒေးဗစ် ဒီဂီယာသည် ရီးရဲမက်ဒရစ်အသင်း၏ စိတ်ဝင်စားမှုကို ခံနေရသော်လည်း မန်ယူအသင်းတွင်သာ ဆက်လက်ကစားဖြစ်နိုင်ကြောင်း အရိပ်အမြွက် ထုတ်ဖော်ပြောဆိုလိုက်သည်။

အက်သလက်တီကိုမက်ဒရစ် အသင်းဂိုးသမားဟောင်း ဒီဂီယာသည် ပြီးခဲ့သည့် ရာသီများအတွင်း လက်စွမ်းပြကာကွယ်နိုင်မှုများ ပြုလုပ်ခဲ့ခြင်းကြောင့် ကမ္ဘာ့အကောင်းဆုံး ဂိုးသမားများအနက်မှ တစ်ဦးအဖြစ် အသိအမှတ်ပြုခံထားရသူဖြစ်ပြီး ရီးရဲမက်ဒရစ် အသင်းက စပိန်ဂိုးသမား ဒီဂီယာအား စပိန်လာလီဂါပြိုင်ပွဲသို့ ပြန်လည်ခေါ်ယူရန် ရည်မှန်းနေခြင်းဖြစ်သည်။

သို့သော်လည်း ဂိုးသမား ဒီဂီယာ (၂၇နှစ်)က လာမည့် နွေရာသီအတွင်း ရီးရဲမက်ဒရစ်အသင်းသို့ ပြောင်းရွှေ့ရန် စိတ်ပါဝင်စားမှုမရှိဟု ပြောဆိုခဲ့သည်။

ဒီဂီယာက “အင်္ဂလန်မှာ ကျွန်တော့်ကို ချစ်ခင်နှစ်သက်မှုတွေ၊ လေးစားမှုတွေ ရှိနေပါတယ်၊ စပိန်လက်ရွေးစင်အသင်းနဲ့အတူ လာရောက်ကစားချိန်မှာလည်း ချစ်ခင်မှုတွေကို ကျွန်တော် ခံစားရပါတယ်၊ ဒါက အလွန်အရေးကြီးတယ်”ဟု ပြောဆိုခဲ့သည်။

ဂိုးသမား ဒီဂီယာသည် မန်ယူ အသင်းနှင့် နှစ်ရှည်စာချုပ်သစ်ချုပ်ဆိုရန် ဆွေးနွေးမှုများ ပြုလုပ်နေသည်ဟု ထင်ကြေးပေးသတင်းများလည်း ထွက်ပေါ်နေသည်။ ဂိုးသမား ဒီဂီယာနှင့် မန်ယူအသင်းတို့ ချုပ်ဆိုထားသည့် လက်ရှိစာချုပ်သက်တမ်းမှာ လာမည့် ၂၀၁၉ ခုနှစ် နွေရာသီတွင် ကုန်ဆုံးမည်ဖြစ်သည်။ **ထက်အောင်**

ဝေ မိုး ဆက်

ချန်ပီယံလိဂ်ဝင်ခွင့်အတွက် ကွန်တီနဲ့ပိုချက်တီနိုရဲ့စိန်ခေါ်သံ

ပရီမီယာလိဂ်ပြိုင်ပွဲရဲ့ပွဲစဉ် ၃၂ ကို လာမယ့် မတ်လ ၃၁ ရက်နေ့နဲ့ ဧပြီလ ၁ ရက်နေ့တွေမှာ ကျင်းပသွားဖို့ ရှိနေပါတယ်။ အဆိုပါ ပွဲစဉ်မှာတော့ ချန်ပီယံလိဂ်ဝင်ခွင့်အတွက် အရေးပါတဲ့ဆုံတွေ့မှုအဖြစ် ချယ်လ်ဆီးနဲ့ စပါးတို့ရဲ့လန်ဒန်ဒါဘီ ပွဲစဉ်ပါဝင်နေတာကြောင့် စိတ်ဝင်စားဖို့ ကောင်းနေပါတယ်။ ဒါ့အပြင် ချယ်လ်ဆီးနဲ့ စပါးတို့ဆုံတွေ့နေချိန်မှာ မန်ယူ၊ လီဗာပူး၊ အာဆင်နယ်တို့လည်း နိုင်ပွဲတွေရယူထားနိုင်ကြမလားဆိုတာ စောင့်ကြည့်ရဖို့ရှိပါတယ်။

ချယ်လ်ဆီး Vs စပါး

ပကျော့	စပါး	၁	၂	ချယ်လ်ဆီး

လက်ရှိအချိန်မှာ ချယ်လ်ဆီးဟာအဆင့် ၄ နေရာက စပါးနဲ့ ငါးမှတ်အထိကွာနေတာကြောင့် ဒီပွဲသာရှုံးခဲ့ရင် ရှစ်မှတ်အထိကွာဟသွားနိုင်ကာ ချန်ပီယံလိဂ်ဝင်ခွင့်ကိုဆုံးရှုံးရဖို့ သေချာသလောက်ရှိသွားမှာဖြစ်တာကြောင့် ချယ်လ်ဆီးအားစိုက်မှာဖြစ်သလို အိမ်ကွင်းဖြစ်နေပါတယ်။ စပါးကလည်း အနိမ့်ဆုံးသရေရယူဖို့ ကြိုးစားမှာဖြစ်ပေမယ့် ဟယ်ရီကိန်းပါဖို့ မသေချာပါဘူး။ ချယ်လ်ဆီးနိုင်ပွဲရမယ်။

ကာဆယ် Vs ဟက်ဒါဖီးလ်

ပကျော့	ဟက်ဒါဖီးလ်	၁	၀	ကာဆယ်

တန်းဆင်းဇုန်နဲ့ သုံးမှတ်သာကွာတဲ့ ဟက်ဒါဖီးလ်တို့ တန်းမဆင်းရဖို့ အားစိုက်ကစားနေပေမယ့် ခြေစွမ်းပိုင်းကျဆင်းနေသလို အဝေးကွင်းစွမ်းဆောင်မှု တည်ငြိမ်ခြင်း မရှိဘူး။ ကာဆယ်ကလည်းတန်းဆင်းဇုန်နဲ့ လေးမှတ်သာကွာလို့ အိမ်ကွင်းမှာအားစိုက်လာမှာဖြစ်ပြီး အိမ်ကွင်းစွမ်းဆောင်ရည်ကောင်းတယ်။ တန်းမဆင်းရဖို့အတွက် နှစ်သင်းစလုံးရုန်းကန်ကြမယ့်ဒီပွဲမှာ အိမ်ရှင်ကာဆယ်ပဲ အနိုင်ရမယ်။

အဲဗာတန် Vs မန်စီးတီး

ပကျော့	မန်စီးတီး	၁	၁	အဲဗာတန်

မန်စီးတီးတို့ ပရီမီယာလိဂ်ချန်ပီယံဆုကို စောစောရယူနိုင်ဖို့ပွဲတိုင်းကို အားစိုက်ကစားနေပေမယ့် ဒီပွဲမှာတော့ ခြေကုန်ထုတ်နိုင်ဖို့ခက်တယ်။ အထူးသဖြင့် ဒီပွဲအပြီးမှာ မန်စီးတီးတို့ လီဗာပူးနဲ့ ချန်ပီယံလိဂ်အဝေးကွင်းပွဲကစားရမှာဖြစ်လို့ ဒီပွဲထက်အဆိုပါလီဗာပူးနဲ့ပွဲကိုပိုမိုအား စိုက်ဖို့ရှိနေပါတယ်။ အဲဗာတန်ကတော့ အိမ်ကွင်း ဖြစ်တယ်။ မန်စီးတီးအနိုင်ရနိုင်ပေမယ့် ဂိုးပြတ်ဖို့ခက်တယ်။

ပဲလေ့စ် Vs လီဗာပူး

ပကျော့	လီဗာပူး	၁	၀	ပဲလေ့စ်

လီဗာပူးအနေနဲ့ ချယ်လ်ဆီးနဲ့ စပါးတို့ဆုံတွေ့နေချိန်မှာ ချန်ပီယံလိဂ်ဝင်ခွင့်သေချာစေဖို့ အားစိုက်ကစားမှာဖြစ်ပေမယ့် ဒီပွဲအပြီးမှာ မန်စီးတီးနဲ့ ချန်ပီယံလိဂ်အိမ်ကွင်းပွဲရှိနေတဲ့အတွက် ခြေကုန်ထုတ်နိုင်ဖို့တော့ခက်တယ်။ ပဲလေ့စ်ကလည်း တုံ့ပြန်ကစားပုံကောင်းမွန်နေကာတန်းမဆင်းရဖို့ အားစိုက်လာမှာဖြစ်တယ်။ ပဲလေ့စ်တိုက်စစ်က ဂိုးသွင်းခြေရှိနေတာကြောင့် လီဗာပူး ခံစစ်ကို တုံ့ပြန်ဖိအားပေးနိုင်ဖို့ရှိနေပါတယ်။ လီဗာပူးနိုင်ရင်တောင် ဂိုးပြတ်ဖို့ခက်လွန်းပါတယ်။

ဘရိုက်တန် Vs လက်စတာ

ပကျော့	လက်စတာ	၂	၀	ဘရိုက်တန်

ဘရိုက်တန်က တန်းမဆင်းရဖို့အမှတ်လိုနေသေးတယ်။ ဒါကြောင့်အခုလို အိမ်ကွင်းပွဲမှာ အားစိုက်ကစားလာမှာ သေချာတယ်။ လက်စတာကတော့ ခြေစွမ်းအရ တည်ငြိမ်မှုမရှိဘူး။ အထူးသဖြင့် လက်စတာအနေနဲ့ အဝေးကွင်းပွဲတွေမှာဆိုရင် ခံစစ်ပိုင်းကလည်း တည်ငြိမ်မှုမရှိတာကြောင့် ဘုန်းမောက်ရဲ့အိမ်ကွင်း တန်ပြန်တိုက်စစ်ကို ထိန်းချုပ်နိုင်ဖို့ခက်ပါတယ်။ လက်စတာတို့ အခက်တွေ့နိုင်ကာ အနိုင်ရခဲ့မယ်ဆိုရင်တောင် ဂိုးပြတ်ဖို့ ခက်လွန်းပါတယ်။

ဝက်စ်ဟမ်း Vs ဆောက်သမ်တန်

ပကျော့	ဆောက်သမ်တန်	၃	၂	ဝက်စ်ဟမ်း

ဆောက်သမ်တန်ကတန်းဆင်းဇုန်အတွင်း ရောက်ရှိနေပေမယ့်အဆင့် ၁၈ နေရာမှာရပ် တည်နေကာအဆင့် ၁၇ နေရာက ဝက်စ်ဟမ်းနဲ့လည်း နှစ်မှတ်သာကွာပါတယ်။ ဒါကြောင့် ဒီပွဲမှာသာ ဆောက်သမ်တန်တို့ နိုင်ပွဲရယူနိုင်ခဲ့ရင် တန်းဆင်းဇုန်ပြင်ပကို ရောက်ရှိသွားနိုင်တာကြောင့် အားစိုက်ကစားလာမှာပါ။ အနိုင်ရခဲ့ရင် ဝက်စ်ဟမ်းအတွက်လည်း တန်းမဆင်းရဖို့ ပိုမိုမျှော်လင့်နိုင်မှာဖြစ်တဲ့အတွက် ဝက်စ်ဟမ်းတို့အားစိုက်ကစားလာမှာဖြစ်တယ်။ သရေကျမယ့်ပွဲပါ။

ဝက်ဖို့ဒ် Vs ဘုန်းမောက်

ပကျော့	ဘုန်းမောက်	၀	၂	ဝက်ဖို့ဒ်

နှစ်ပွဲဆက်ဂိုးပြတ်တွေနဲ့အရေးနိမ့်ခဲ့ပေမယ့် ဝက်ဖို့ဒ်က အိမ်ကွင်းစွမ်းဆောင်ရည် ကောင်းမွန်ပါတယ်။ ဘုန်းမောက်ကလည်း တုံ့ပြန်ကစားအားကောင်းမွန်တဲ့အသင်း ဖြစ်ပါတယ်။ ဒါပေမယ့်လည်း ဘုန်းမောက်အနေနဲ့ အဝေးကွင်းပွဲတွေမှာဆိုရင်တော့ ခြေစွမ်းပိုင်းအရ အနည်းငယ်အားနည်းတတ်တာကြောင့် ဒီပွဲမှာ ဝက်ဖို့ဒ်တို့အခွင့်အရေးရနိုင်ပါတယ်။ အိမ်ကွင်းမှာ ဝက်ဖို့ဒ်ပဲနိုင်ပွဲကပ်ရမယ်။

အာဆင်နယ် Vs စတုတ်

ပကျော့	စတုတ်	၁	၀	အာဆင်နယ်

ချန်ပီယံလိဂ်ဝင်ခွင့်ရဖို့မျှော်လင့်ချက် အနည်းငယ်ရှိနေသေးတဲ့ အာဆင်နယ်အနေနဲ့ ချယ်လ်ဆီးနဲ့ စပါးဆုံနေချိန်မှာနိုင်ပွဲရယူထားနိုင်ဖို့ အားစိုက်လာမှာဖြစ်တဲ့အပြင် အိမ်ကွင်းလည်း ဖြစ်တယ်။ စတုတ်ကတော့ တန်းမဆင်းရဖို့ရုန်းနေပေမယ့် ခြေစွမ်းမတည်ငြိမ်သလို အဝေးကွင်းမှာ စွမ်းဆောင် ရည်ပိုကျတတ်တယ်။ ယူရိုပါလိဂ်ကစားရဖို့ရှိပေမယ့်လည်း အာဆင်နယ်တို့အိမ်ကွင်းမှာ နှစ်ဂိုးပြတ်အနိုင်ရမယ်။

မန်ယူ Vs ဆွမ်ဆီး

ပကျော့	ဆွမ်ဆီး	၀	၄	မန်ယူ

မန်ယူတို့ ချန်ပီယံလိဂ်ကနေလည်းထွက်ခဲ့ရပြီဖြစ်တာကြောင့် ပရီမီယာလိဂ်မှာ ဒုတိယနေရာတည်မြဲဖို့ကိုသာ အားစိုက်တော့မှာဖြစ်ပါတယ်။ မန်ယူအနေနဲ့ လက်ရှိအချိန်မှာ ခြေစွမ်းပိုင်းမတည်ငြိမ်ပေမယ့် အိမ်ကွင်းပွဲတွေမှာတော့ ခြေစွမ်းပိုင်းကောင်းမွန်တတ်ပါတယ်။ ဆွမ်ဆီးက တန်းမဆင်းရဖို့ အားစိုက်နေတာ မှန်ပေမယ့်အဝေးကွင်းမှာ ခြေစွမ်းပိုင်းက တည်ငြိမ်မှုမရှိဘူး။ ချယ်လ်ဆီးနဲ့ စပါးဆုံတွေ့နေချိန်မှာ အိမ်ကွင်းနိုင်ပွဲရယူထားဖို့အားစိုက်လာမယ့် မန်ယူပဲ အနိုင်ရဖို့ရှိပါတယ်။

ဝက်စ်ဘရွန်း Vs ဘန်လေ

ပကျော့	ဘန်လေ	၀	၁	ဝက်စ်ဘရွန်း

ဝက်စ်ဘရွန်းတို့ တန်းမဆင်းရဖို့အတွက် အားစိုက်ကစားနေပေမယ့် အစစအရာရာ အားနည်းမှုတွေကြောင့်ရလဒ်တွေ ဆက်တိုက်ဆိုးနေပါတယ်။ ဘန်လေကဥရောပဝင်ခွင့်အနည်းငယ်မျှော်လင့်နိုင်လို့ အားစိုက်ကစားလာ မှာဖြစ်တယ်။ ဘန်လေကခံစစ်ကျစ်လစ်ပြီး တန်ပြန်တိုက်စစ်ကစားပုံလည်းကောင်းမွန်တတ်လို့ ခံစစ်ပိုင်းအားနည်းမှုတွေရှိနေတဲ့ ဝက်စ်ဘရွန်း ရှုံးပွဲကြုံသွားနိုင်ပါတယ်။

ပရီမီယာလိဂ်ပွဲစဉ် (၃၂)

စနေနေ့			၃၁-၃-၁၈
ပဲလေ့စ်	-	လီဗာပူး	ည ၆း၀၀
ဝက်စ်ဟမ်း	-	ဆောက်သမ်တန်	ည ၈း၃၀
ဘရိုက်တန်	-	လက်စတာ	ည ၈း၃၀
မန်ယူ	-	ဆွမ်ဆီး	ည ၈း၃၀
ကာဆယ်	-	ဟတ်ဒါဖီးလ်	ည ၈း၃၀
ဝတ်ဖို့ဒ်	-	ဘုန်းမောက်	ည ၈း၃၀
ဝက်စ်ဘရွမ်း	-	ဘန်လေ	ည ၈း၃၀
အဲဗာတန်	-	မန်စီးတီး	ည ၁၁း၀၀
တနင်္ဂနွေနေ့			**၁-၄-၁၈**
အာဆင်နယ်	-	စတုတ်	ည ၇း၀၀
ချယ်လ်ဆီး	-	စပါး	ည ၉း၃၀

စပိန်လာလီဂါပွဲစဉ် (၃၀)

စနေနေ့			၃၁-၃-၁၈
ဂျီရိုနာ	-	လီဗန်တေး	ည ၅း၃၀
ဘီဘာအို	-	ဆဲလ်တာဗီဂို	ည ၈း၄၅
လက်ပဲလ်မက်စ်	-	ရီးရဲ	ည ၁၁း၀၀
ဆီဗီလာ	-	ဘာစီလိုနာ	နံနက် ၁း၁၅
တနင်္ဂနွေနေ့			**၁-၄-၁၈**
အက်စ်ပန်ညို	-	အလာဗက်စ်	ည ၄း၃၀
လီဂါနက်စ်	-	ဗလင်စီယာ	ည ၈း၄၅
အီဘာ	-	ဆိုစီဒက်စ်	ည ၁၁း၀၀
မာလာဂါ	-	ဗီလာရီးရဲ	ည ၁၁း၀၀
အက်သလက်	-	ဒီပိုတီဗို	နံနက် ၁း၁၅
တနင်္လာနေ့			**၂-၄-၁၈**
ဂီတာဖေး	-	ဘက်တစ်	နံနက် ၁း၃၀

စီးရီးအေပွဲစဉ် (၃၀)

စနေနေ့			၃၁-၃-၁၈
ဘိုလော့ဂ်နာ	-	ရိုးမား	ညနေ ၅း၀၀
လာဇီယို	-	ဘီနီဗန်တို	ည ၇း၃၀
ဖီအိုရင်တီးနား	-	ခရိုတိုနီ	ည ၇း၃၀
အင်တာ	-	ဗီရိုနာ	ည ၇း၃၀
ဂျီနိုအာ	-	SPAL	ည ၇း၃၀
ကယ်ဂလီယာရီ	-	တိုရီနို	ည ၇း၃၀
အတ္တလန်တာ	-	အူဒီးနိစ်	ည ၇း၃၀
ဆက်ဆူအိုလို	-	နာပိုလီ	ည ၁၀း၃၀
ချီယေဗို	-	ဆမ့်ဒိုးရီးယား	ည ၁၀း၃၀
ဂျူဗင်တပ်စ်	-	မီလန်	နံနက် ၁း၁၅

စီးရီးအေပွဲစဉ် (၂၇) ပွဲကျန်

အင်္ဂါနေ့			၃-၄-၁၈
ဂျီနိုအာ	-	ကယ်ဂလီယာရီ	ည ၁၁း၀၀
အူဒီးနိစ်	-	ဖီအိုရင်တီးနား	ည ၁၁း၀၀
အတ္တလန်တာ	-	ဆမ့်ဒိုးရီးယား	ည ၁၁း၀၀
ဗုဒ္ဓဟူးနေ့			**၄-၄-၁၈**
ဘီနီဗန်တို	-	ဗီရိုနာ	ည ၉း၃၀
တိုရီနို	-	ခရိုတိုနီ	ည ၁၁း၀၀
မီလန်	-	အင်တာ	ည ၁၁း၀၀
ချီယေဗို	-	ဆက်ဆူအိုလို	ည ၁၁း၀၀

ပြင်သစ်လိဂ်ဖလားဗိုလ်လုပွဲ

စနေနေ့			၃၁-၃-၁၈
ပီအက်စ်ဂျီ	-	မိုနာကို	နံနက် ၁း၁၅

UEFA CHAMPIONS LEAGUE

ချန်ပီယံလိဂ်ကွာတားဖိုင်နယ်ပထမအကျော့

အင်္ဂါနေ့			၃-၄-၁၈
ဆီဗီလာ	-	ဘိုင်ယန်	နံနက် ၁း၁၅
ဂျူဗင်တပ်စ်	-	ရီးရဲ	နံနက် ၁း၁၅
ဗုဒ္ဓဟူးနေ့			**၄-၄-၁၈**
ဘာစီလိုနာ	-	ရိုးမား	နံနက် ၁း၁၅
လီဗာပူး	-	မန်စီးတီး	နံနက် ၁း၁၅

အသံဝင်တာတွေသက်သာစေဖို့ ဘာတွေစားပြီး ဘာတွေရှောင်ရမလဲ

ဖြိုးပြည့်ပြည့်၊ ဆေးပညာပိုင်းဆိုင်ရာတည်းဖြတ်သူ - ဒေါက်တာ သူရိန်လှိုင်ဝင်း

အသံဝင်တာတွေသက်သာစေဖို့ ဘာတွေစားပြီး ဘာတွေရှောင်ရမလဲ

အသံကုန်အောင် အာခေါင်ခြစ်အော်ခြင်း၊ အပူအအေးမမျှတခြင်းနဲ့ အအေးမိတာတွေကြောင့် အသံဝင်တာတွေ ဖြစ်နိုင်ပါတယ်။ အသံဝင်မယ်ဆိုရင် စကားသေချာမပြောနိုင်ဘဲ စိတ်ညစ်ရမှာပါ။ ဒီလိုမျိုး စိတ်ညစ်ရတာတွေ မဖြစ်စေဖို့အတွက် အသံဝင်တဲ့အခါ စားရမယ့်အစားအစာနဲ့ ရှောင်ရမယ့် အစားအစာတွေကို ဖော်ပြလိုက်ပါတယ်။

စားသုံးရမယ့်အစားအစာများ

အသံဝင်နေပြီဆိုရင်တော့ ပြန်လည်ကောင်းလာဖို့အတွက် ရေဓာတ်များများ လိုအပ်ပါတယ်။ တစ်နေ့ကိုရေဖန်ခွက်နဲ့ ရှစ်ခွက်လောက် သောက်နိုင်ပါတယ်။ ဒါ့အပြင်ရေဓာတ်များတဲ့ အသီးတွေ၊ အရွက်တွေလည်း စားပေးဖို့လိုပါတယ်နော်။ ခရမ်းချဉ်သီး၊ သခွားသီးတွေအပြင် ပန်းသီး၊ စပျစ်သီးတွေကလည်း ရေဓာတ်ပါတာမို့ အသံဝင်တာကို သက်သာစေပါတယ်။

ဗီတာမင်အေကြွယ်ဝတဲ့ အစားအစာတွေစားမယ်ဆိုရင်လည်း အသံဝင်တာသက်သာနိုင်ပါတယ်။ ဗီတာမင်အေဟာ တစ်သျှူးတွေကို ပျော့ပျောင်းစေတာမို့ လည်ချောင်းနာတာတွေ မဖြစ်စေနိုင်ပါဘူး။ ဥအမျိုးမျိုးနဲ့ အသားတွေစားပေးလို့ရတယ်နော်။ လိမ္မော်သီး၊ မုန်လာဥနီ၊ ဟင်းနုနယ်ရွက်နဲ့ ကိုက်လန်တွေစားဖို့ မမေ့နဲ့နော်။

ဖျော်ရည်အနေနဲ့ တစ်ခုခုသောက်ချင်တယ်ဆိုရင်တော့ ပန်းသီးဖျော်ရည်ကိုသာ ရွေးချယ်လိုက်ပါ။ ပန်းသီးဖျော်ရည်မှာ ရေဓာတ် ၉၀ ရာခိုင်နှုန်းလောက် ပါဝင်တာမို့



အသံဝင်တာတွေ သက်သာစေနိုင်မှာပါ။ ချင်းပြုတ်ရည်ကတော့ အသံဝင်တဲ့လူတိုင်းအတွက် အကောင်းဆုံးအစားအစာဆိုတာ သိထားပြီးဖြစ်မှာပါနော်။ ချင်းကို ရေသေသေချာချာဆေးပြီး ပါးပါးလေးတွေ လှီးကာ ရေဆူဆူထဲထည့်ပြီး ပြုတ်သောက်တာမျိုး လုပ်နိုင်ပါတယ်။ ဒါမှမဟုတ် ချင်းကို ရေသေသေချာချာဆေးပြီး ပါးပါးလေးတွေ လှီးပြီး ရေနွေးထဲထည့်စိမ်ကာ သောက်နိုင်ပါတယ်နော်။ ချင်းကပေးတဲ့ အပူဓာတ်က လည်ချောင်းရှင်းစေပြီး အသံဝင်တာတွေ သက်သာစေနိုင်ပါတယ်။

ရှောင်စားရမယ့် အစားအစာများ

အသံဝင်နေတဲ့အချိန်မှာတော့ ရေခဲမုန့်စားတာကို ရှောင်လိုက်ပါ။ ရေခဲမုန့်မှာ သကြားနဲ့ Lactose ပမာဏများများ ပါဝင်တာကြောင့် အသံကိုပိုဝင်စေနိုင်ပါတယ်။ ဝက်သားခြောက်ကြိုက်တဲ့သူတွေကတော့ စိတ်ညစ်ရမှာပါ။ အသံဝင်နေချိန်မှာတော့ ဝက်သားခြောက်ကို ရှောင်ရမယ်နော်။ ဘာလို့လဲဆိုတော့ ဝက်သားခြောက်မှာ ဆားများများပါဝင်ပြီး ရေဓာတ်ဆုံးရှုံးတာတွေ ဖြစ်စေတာကြောင့်ပါ။ အကယ်လို့ ဝက်သားခြောက် စားချင်တယ်ဆိုရင်တော့ ဆားလျှော့ရမှာပါ။ နွားနို့ သို့မဟုတ် နို့ထွက်ပစ္စည်းတွေက လည်ချောင်းကိုချွဲတွေ ပိုထစေတာမို့ အသံဝင်တာ သက်သာချင်ရင်တော့ မစားပါနဲ့ဦး။

Citrus အက်ဆစ်များတဲ့အသီးတွေလည်း မစားပါနဲ့ဦး။ ဒီအသီးအနှံတွေဟာ ခြောက်သွေ့စေတာမို့ အသံဝင်ခြင်းကို မသက်သာစေနိုင်ပါဘူး။ ကဖင်းနဲ့ အရက်လည်း ဘယ်လောက်ပဲကြိုက်ကြိုက် အသံဝင်နေချိန်မှာတော့ ရှောင်ရပါမယ်။ ကဖင်းဓာတ်များတဲ့ အစားအစာတွေဟာ အသံကို ထိခိုက်စေပြီး လည်ချောင်းကြွက်သားတွေ တင်းမာခြင်းနဲ့ ရေဓာတ်ခန်းခြောက်ခြင်းကို ဖြစ်စေနိုင်ပါတယ်။

ဒီအခါမှာ ကြွက်သားတွေ တင်းမာနေပြီး အသံထွက်မရတာမျိုး ဖြစ်နိုင်ပါတယ်။ အသံဝင်တာတွေ မြန်မြန်ပျောက်ဖို့ဆိုရင်တော့ စားရမယ့် အစားအစာလေးတွေပဲ ရွေးစားပါနော်။ ။

ရှားတောမြို့နယ်အတွင်း သောက်သုံးရေဖူလုံစွာ ရရှိရေးလုပ်ငန်းများ ဆောင်ရွက်

ရှားတော မတ် ၂၉

ကယားပြည်နယ် လွိုင်ကော်ခရိုင် ရှားတောမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ မြို့ပေါ်ရပ်ကွက်များနှင့် ကျေးရွာများတွင် သောက်သုံးရေဖူလုံစွာရရှိစေရေးအတွက် ရေတွင်းတူးဖော်ပေးခြင်း၊ သဘာဝရေထွက်ပေါက်များမှ ရေကို ရေပိုက်သွယ်တန်း၍ ရယူပေးခြင်း၊ အုတ်ရေကန်တည်ဆောက်ပေးခြင်း စသည့် လုပ်ငန်းခုနစ်ခုတို့ကို ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်အတွင်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ရှားတောမြို့ ဈေးပိုင်းရပ်ကွက်တွင် အနက်ပေ ၂၀၀၊ အကျယ် နှစ်လက်မရှိ အဝီစိတွင်းတူးဖော်ခြင်းလုပ်ငန်းကို ရန်ပုံငွေကျပ် ၄ ဒသမ ၃ သန်းဖြင့် နိုဝင်ဘာ ၂၇ ရက်မှ စတင်၍ လည်းကောင်း၊ အောင်ချမ်းသာရပ်ကွက်တွင် အနက်ပေ ၂၀၀၊ အကျယ် နှစ်လက်မရှိ အဝီစိအတွင်းတူးဖော်ခြင်းလုပ်ငန်း ရန်ပုံငွေကျပ် ၄ ဒသမ ၃ သန်းဖြင့် နိုဝင်ဘာ ၂၉ ရက်မှ စတင်၍လည်းကောင်း၊ တောင်ပိုင်းစုစည်းကျေးရွာတွင် အနက် ပေ ၂၀၊ အကျယ် ခြောက်ပေရှိ လက်တူးတွင်းတူးဖော်ခြင်းလုပ်ငန်းကို အောက်တိုဘာ ၁၀ ရက်မှ စတင်၍ လည်းကောင်း၊ သရီးဒါးကျေးရွာသို့ ငါးမိုင်အကွာရှိ ရေထွက်ပေါက်မှ သွယ်တန်းထားရှိသည့် ရေပိုက်ပြုပြင်ခြင်းလုပ်ငန်းကို ရန်ပုံငွေကျပ် ၀ ဒသမ ၇ သန်းဖြင့် နိုဝင်ဘာ ၂၀ ရက်မှစတင်၍ လည်းကောင်း၊ မြောက်ပိုင်းစုစည်းကျေးရွာတွင် ဂါလန် ၂၀၀၀ ဆံ့ အုတ်ရေကန်တည်ဆောက်ခြင်း လုပ်ငန်းကို ရန်ပုံငွေကျပ် ၁ ဒသမ ၆ သန်းဖြင့် နိုဝင်ဘာ ၅ ရက်မှ စတင်၍ လည်းကောင်း၊ ဒေါကလဲတေကျေးရွာတွင် သဘာဝရေထွက်ပေါက် ပေ ၄၈၀၀ အနက်မှ ပေ ၂၀၀၀ အရှည် ရေပိုက်ဖြည့်စွက် သွယ်တန်းခြင်းလုပ်ငန်းကို ရန်ပုံငွေကျပ် ၂ ဒသမ ၃၂၂ သန်း ဖြင့် ဒီဇင်ဘာ ၂၁ ရက်မှ စတင်၍ လည်းကောင်း လုပ်ငန်းများ ဆောင်ရွက်အကောင်အထည်ဖော်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ပြီးစီးပြီဖြစ်သည်။

မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်အတွင်း သောက်သုံးရေရရှိရေးအတွက် လုပ်ငန်းများဆောင်ရွက်ရာတွင် ရန်ပုံငွေကျပ် ၁၈ ဒသမ ၄၅၂ သန်းကို အသုံးပြုခဲ့ပြီး အိမ်ခြေ ၅၀၀ ကျော်တို့မှ လူဦးရေ ၃၀၀၀ ခန့်တို့ကို အကျိုးပြုနိုင်မည်ဖြစ်ကြောင်း သိရသည်။

ကြီးမြင့်နိုင်(လွိုင်ကော်)

နေပြည်တော် ဇေယျာသီရိမြို့နယ် ကျည်တောင်အုပ်စု ကျည်တောင်ကျေးရွာ၌ ရွှေတွင်းကုန်းမြို့မရဲစခန်းမှ မြို့နယ်ရဲတပ်ဖွဲ့မှူး ယာယီ ရဲမှူးဝင်းဇော်ဦးက သင်္ကြန်ကာလအတွင်း မှုခင်းကျဆင်းရေးအတွက် မတ် ၂၆ ရက်က မှုခင်းအသိပညာပေး ဟောပြောစဉ်။
ဇော်ဘီ

ရွှေကျင်ရေအားလျှပ်စစ်စီမံကိန်းအတွင်း ကျရောက်ခဲ့သည့် ကျေးရွာမြေများအတွက် ထောက်ပံ့ငွေပေးအပ်

ရွှေကျင် မတ် ၂၉

ပဲခူးတိုင်းဒေသကြီး ရွှေကျင်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ရွှေကျင်ရေအားလျှပ်စစ် စီမံကိန်းဆောင်ရွက်မှုကြောင့် ရေလှောင်တမံအတွင်းကျရောက်ခဲ့ပြီး နစ်နာခဲ့သော ဒေသခံတောင်သူများအား ထောက်ပံ့ငွေပေးအပ်ပွဲကို မတ် ၂၇ ရက်က ကျင်းပသည်။

အခမ်းအနားတွင် တိုင်းဒေသကြီး လမ်းပန်းဆက်သွယ်ရေးနှင့် လျှပ်စစ်ဝန်ကြီးဌာန ဝန်ကြီး ဦးသန်းဝင်းနှင့် ကရင်တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး နော်ပွယ်စေးတို့က အမှာစကားပြောကြားပြီး ရေအားလျှပ်စစ်စီမံကိန်းဆောင်ရွက်မှုကြောင့် ရေလှောင်တမံရေဝပ်ဧရိယာအတွင်း ကျရောက်ခဲ့သည့် အောက်မဲဇောင်းကျေးရွာနှင့် ကျောက်နဂါးကျေးရွာများမှ ဒေသခံပြည်သူများအတွက် နစ်နာကြေးငွေများကို ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်ငွေလုံးငွေရင်းရန်ပုံငွေမှ အိမ်ထောင်စု ၁၁၅ စုနှင့် ဘုန်းတော်ကြီးကျောင်း သုံးကျောင်း၊ လယ်၊ ယာနှင့် ဥယျာဉ်ခြံမြေ စုစုပေါင်း ၂၆၈ ဒသမ ၇၅ ဧကတို့အတွက် ထောက်ပံ့ငွေကျပ်သိန်းပေါင်း ၁၂၁၁၀ နှင့် သုံးသောင်း ငါးထောင်တိတိကို နစ်နာခဲ့ရသည့် ဒေသခံပြည်သူ ၄၃၉ ဦး အား တစ်ဦးချင်းစီ ပေးအပ်ခဲ့သည်။

အဆိုပါအခမ်းအနားသို့ လမ်းပန်းဆက်သွယ်ရေးနှင့် လျှပ်စစ်ဝန်ကြီးဌာန၊ ကရင်တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး၊ လွှတ်တော်ကိုယ်စားလှယ်များနှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

သောက်သုံးရေအခက်အခဲမရှိစေရေး ဆောင်ရွက်

မြိတ် မတ် ၂၉

တနင်္သာရီတိုင်းဒေသကြီး မြိတ်ခရိုင် မြိတ်မြို့နယ်အတွင်းရှိ ကျေးရွာများ၌ အပူချိန်မြင့်မားသည့် နွေရာသီကာလများတွင် ရေတွင်း၊ ရေကန်များ ရေခန်းခြောက်ခြင်း၊ သဘာဝရေအရင်းအမြစ်များ ဆုတ်ယုတ်ခြင်းတို့ကို နှစ်စဉ်ကျေးရွာအချို့တို့တွင် ကြုံတွေ့နေရသည်ဖြစ်၍ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၁၇-၂၀၁၈ ခုနှစ် ဘဏ္ဍာခွင့်ပြုရန်ပုံငွေနှင့် အလှူရှင်များ၏ လှူဒါန်းငွေများဖြင့် ကျေးရွာများ၌ ရေရရှိရေးဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ဆောင်ရွက်လျက်ရှိရာ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ အငယ်တန်းအင်ဂျင်နီယာ(၂) ဒေါ်ဖြူဖြူဆွေနှင့် အင်ဂျင်နီယာဝန်ထမ်းများက ရေရှိရေးဆောင်ရွက်မှုများကို မတ် ၂၈ ရက်က ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။ မြိတ်မြို့နယ်အတွင်းရှိ ကျေးလက်နေပြည်သူများသန့်ရှင်းပြီး ကျန်းမာရေးနှင့် ညီညွတ်သောသောက်သုံးရေများ ပိုမိုရရှိစေရေးအတွက် EAC ဖောင်ဒေးရှင်း၏လှူဒါန်းငွေဖြင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက တာဝန်ယူဆောင်ရွက်ခဲ့သော ပင်းအိုကျေးရွာအုပ်စု ဘူတောင်ငယ်ကျေးရွာတွင် ငွေကျပ် ၄ ဒသမ ၈ သန်းဖြင့် စက်ရေတွင်းနှစ်တွင်း တူးဖော်မှုလုပ်ငန်းများ ရာနှုန်းပြည့်ပြီးစီး ၍ ယင်းကျေးရွာရှိ အိမ်ခြေ ၈၀ ခန့် ရေရရှိပြီဖြစ်သည်။ ထို့ပြင် ပသောင်းကျေးရွာအုပ်စု တောင်ပုလဲကျေးရွာတွင် (EAC) ဖောင်ဒေးရှင်း၏ လှူဒါန်းငွေကျပ် ၄ ဒသမ ၈ သန်း ဖြင့် စက်ရေတွင်း တစ်တွင်း အသစ်တူးဖော်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

မြင့်ဦး(မြိတ်)

အစိုးရပါဠိပထမပြန်စာအောင် သံဃာတော်များအား အောင်လက်မှတ်ဆု ဆက်ကပ်

ပျဉ်းမနား မတ် ၂၉

နေပြည်တော် ဒက္ခိဏခရိုင် ပျဉ်းမနားမြို့နယ်၌ ၂၀၁၇ခုနှစ် အစိုးရပါဠိပထမပြန်စာမေးပွဲတွင် ဖြေဆိုအောင်မြင်ခဲ့ကြသော စာအောင်သံဃာတော်များအား အောင်လက်မှတ်နှင့် စာအောင်ဆုဆက်ကပ်လှူဒါန်းပွဲကို မတ် ၂၈ ရက်က ပျဉ်းမနားမြို့ မင်္ဂလာဇူဟာခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသိုက်ဝေဖြိုးနှင့် တာဝန်ရှိသူများက မြို့နယ်သံဃနာယကအဖွဲ့ဥက္ကဋ္ဌ နံတော်စဉ်ပရိယတ္တိစာသင်တိုက် ပဓာန နာယကဆရာတော် ဘဒ္ဒန္တကုသလအရှင်သူမြတ်ထံမှ ငါးပါး သီလခံယူဆောက်တည်ပြီး ပင့်သံဃာတော်များအား အလှူငွေများ ဆက်ကပ်လှူဒါန်းသည်။ ထို့နောက် ဖြေဆိုအောင်မြင်ခဲ့ကြသော ပထမကြီးတန်း တစ်ပါး၊ ပထမလတ်တန်း ၁၄ ပါး၊ ပထမငယ်တန်း ၃၇ ပါးနှင့် အခြေပြုမူလတန်းအပါး ၃၀၊ စုစုပေါင်းသံဃာတော် ၈၂ ပါးတို့အား အောင်လက်မှတ်နှင့် စာအောင်ဆုငွေများကို မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသိုက်ဝေဖြိုးနှင့် တာဝန်ရှိသူများက ဆက်ကပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

စိုးမိုး(ပြန်/ဆက်)

မြို့နယ်သုံးမြို့နယ်၌ ပိုမိုလုံခြုံစိတ်ချရသော ရေဘေးကာကွယ်မှုဧရိယာ မကြာမီရရှိလာတော့မည်

စိုးမင်းဦး(ပြန်/ဆက်)

ငါးသိုင်းချောင်းမြို့အဝင် ပုသိမ်-မုံရွာလမ်းမကြီးပေါ်ရှိ ဝန်မြစ်ကူးတံတားပေါ်မှ မြို့အတွင်းပိုင်း ဝန်မြစ်အရှေ့ဘက်ကမ်း ရေကာတာရိုးပေါ်သို့ လှမ်း၍ကြည့်မိလျှင် စက်ယန္တရားများ၊ မြေမှုန်ဖုန်စများ၊ တာတံတိုင်းအုတ်ရိုးသစ်အချို့နှင့် ရေကာတာပြုပြင်မွမ်းမံတည်ဆောက်ရေး လုပ်ငန်းခွင် လှုပ်ရှားမှုများကို တွေ့မြင်ရမည်ဖြစ်သည်။

လွန်ခဲ့သော နှစ်နှစ်တာကာလ မိုးရာသီ ဝန်မြစ်ရေကြီးမြင့်စဉ်အခါက ဤနေရာဒေသတွင် ရေကာတာကြံ့ခိုင်မှု ကောင်းမွန်ရေးအတွက် သက်ဆိုင်ရာတာဝန်ရှိသူများ၊ ဝိုင်းဝန်းကူညီသူများ၊ ဒေသခံပြည်သူများ စုပေါင်းအားဖြင့် နေ့ညမပြတ်စောင့်ကြည့်ကာ ရေကာတာရေယိုစိမ့်ပေါက်များကို ရှာဖွေဖာထေးပြုပြင်ခဲ့ကြရပေသည်။ နှစ်စဉ် မိုးရာသီကာလတွင် ဝန်မြစ်ရေလျှံတက်မှုကို ကာကွယ်တားဆီးခဲ့သော ငါးသိုင်းချောင်းမြို့တွင်းနှင့် ပတ်ဝန်းကျင်ရှိ မြေသားတာတမံတို့ကို ပိုမိုတောင့်တင်းခိုင်မာ လုံခြုံစိတ်ချရသောအခြေအနေ ရရှိစေရန်အတွက် ယခုလက်ရှိအချိန်တွင် အကြီးစား ပြင်ဆင်မွမ်းမံမှုများ ပြုလုပ်လျက်ရှိနေပြီဖြစ်သည်။

ဝန်ရေကာတာ၏ သမိုင်းအစ

၁၈၅၂-၁၈၅၃ ခုနှစ် အင်္ဂလိပ်-မြန်မာ ဒုတိယစစ်ပွဲအပြီးတွင် အောက်မြန်မာပြည်ကို အင်္ဂလိပ်တို့သိမ်းယူခဲ့ကြသည်။ ထိုအချိန်ကာလအထိ ဧရာဝတီမြစ်ဝကျွန်းပေါ်ဒေသအတွင်း တာတမံများမရှိသေးဘဲ လယ်သမားများက စပါးစိုက်ပျိုးရေးအတွက် စုပေါင်းကာရံတည်ဆောက်ခဲ့သော လယ်သမားတာအချို့သာ ရှိခဲ့ပေသည်။ ၁၈၆၂ ခုနှစ်အရောက်တွင် အောက်မြန်မာပြည် ဗြိတိသျှအစိုးရက ဗိုလ်မှူးကြီးရှော့ခ်(Colonel Short)ဆိုသူအား တာတမံများတည်ဆောက်ရန် ဖြစ်နိုင်ခြေရှိ/မရှိ စူးစမ်းလေ့လာစေခိုင်းသည်မှစ၍ တာတမံသမိုင်း စတင်ခဲ့လေသည်။

၁၈၆၄ ခုနှစ်တွင် ဟင်္သာတမြို့အနီး၌ အလျား တစ်မိုင်ရှိသော တာတမံတစ်ခုကို စတင်စမ်းသပ်တည်ဆောက်ခဲ့ပြီး ၁၈၆၄-၁၈၆၈ ခုနှစ်အတွင်းတွင် အလျားခြောက်မိုင်ရှိသော ကြံခင်းတာနှင့် အလျား ၄၄ ဒသမ ၅ မိုင်ရှိသော မြန်အောင်တာများကို တည်ဆောက်ခဲ့သည်။ ၁၈၇၁-၁၈၇၆ ခုနှစ်အတွင်း ဟင်္သာတမြို့အထက်ဘက် ပေါက်တောကျေးရွာမှစတင်၍ ဝန်မြစ် အရှေ့ဘက်ကမ်းတစ်လျှောက်တွင် အလျား ၇၅ မိုင် ၄ ဖာလုံ ရှိသော ဧရာဝတီ ဟင်္သာတ တစ်ဖက်ကမ်းတာကို တည်ဆောက်ခဲ့သည်။ ထိုသို့ ဟင်္သာတလွင်ပြင်ကို မြင်းခွာသဏ္ဌာန် ဝန်တာနှင့် ဧရာဝတီ ဟင်္သာတတစ်ဖက်ကမ်းတာတို့ကို တည်ဆောက်ခဲ့ခြင်းအားဖြင့် လယ်မြေဧကပေါင်း ရှစ်သိန်းကျော်ကို ရေလွှမ်းမိုးမှုမှ ကာကွယ်ပေးလျက်ရှိသည်။ ထိုရေကာတာတို့အနက်မှ ဝန်ရေကာတာသည် ဧကနှစ်သိန်းကျော်ကို ကာကွယ်နိုင်သည်။

ရေကာတာများပြုပြင်ထိန်းသိမ်းခြင်း

ဟင်္သာတခရိုင် အင်္ဂပူမြို့နယ် ညောင်ကျိုးကျေးရွာအနီး ဧရာဝတီမြစ်ကြီးမှ ခွဲထွက်လာသော ဝန်မြစ်သည် ဟင်္သာတမြို့နယ်၊ လေးမျက်နှာမြို့နယ် ငါးသိုင်းချောင်းမြို့ ရေကြည်မြို့နယ်၊ သာပေါင်းမြို့နယ်၊ ပုသိမ်မြို့နယ်နှင့် ငပုတောမြို့နယ်များကိုဖြတ်သန်းပြီး ပင်လယ်အတွင်းသို့ စီးဝင်သည်။ ဧရာဝတီမြစ်ရေကြီးမှုဖြစ်စဉ်များ ဖြစ်ပေါ်လာသည်နှင့်အမျှ ဝန်မြစ်ရေသည်လည်း တစ်ရှိန်ထိုးမြင့်တက်လာတတ်ပြီး မြစ်၏အရှေ့ဘက်ကမ်းတစ်လျှောက် တည်ဆောက်ထားသော ဝန်မြစ်ရေကာတာကို အန္တရာယ်ပေးခဲ့သည့်အချိန်များ ရှိခဲ့သည်။

ရေကာတာများကျိုးပေါက်ပါက လူနှင့် တိရစ္ဆာန်များ သေကျေပျက်စီးနိုင်ပြီး သီးနှံစိုက်ခင်းများ၊ လူနေအိမ်ခြေ တိုက်တာအဆောက်အအုံများ၊ လမ်းတံတားများ ရေနစ်မြုပ် ပျက်စီးဆုံးရှုံးနိုင်သည်။ ထို့ကြောင့် ကြိုတင်ကာကွယ်သည့်အနေဖြင့် ရေကာတာများကို ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ လုပ်သားများ၊ စက်ယန္တရားများဖြင့် နှစ်စဉ်ပြုပြင်ထိန်းသိမ်းဆောင်ရွက်လျက်ရှိသည်။

လက်ရှိအချိန်ကာလတွင် ဧရာဝတီတိုင်းဒေသကြီးအတွင်း ရေဘေးအန္တရာယ် လုံခြုံစိတ်ချရမှုရရှိစေရေးအတွက် အထူးဂရုပြု အလေးထားဆောင်ရွက်ပေးလျက်ရှိရာ တာတမံများဖြင့် မြစ်ရေကြီးမှုကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်သကဲ့သို့ ရေကြီးနစ်မြုပ်မှုလျှော့ချရေး လုပ်ငန်းများဖြစ်သော ချောင်းကော၊ မြောင်းကောများ ပြန်လည်တူးဖော်ခြင်းကိုလည်း ဆောင်ရွက်ပေးလျက်ရှိသည်။ တာတမံများဖြင့် မြစ်ရေကြီးမှုကာကွယ်ရေးလုပ်ငန်းမှာ ပို၍အရေးကြီးသော လုပ်ငန်းတစ်ခုဖြစ်သောကြောင့် ဦးစားပေးအနေဖြင့် ဆောင်ရွက်ပေးလျက်ရှိသည်။

ဝန်မြစ်ရေကာတာ

ဧရာဝတီတိုင်းဒေသကြီးအတွင်း ဝန်မြစ်ရေကာတာသည် ဟင်္သာတခရိုင်နှင့် ပုသိမ်ခရိုင်နှစ်ခု၌ ဝန်မြစ်ရိုး အရှေ့ဘက်ကမ်းတစ်လျှောက် လိပ်ချောင်းကျေးရွာအနီးမှ ခွဲထွက်ပြီး တာမိုင်အမှတ်(၂/၀)မှစ၍ ဟင်္သာတ၊ လေးမျက်နှာနှင့် ရေကြည်မြို့နယ်တို့ကိုဖြတ်သန်း၍ သာပေါင်းမြို့နယ်အဆုံး တာမိုင်အမှတ် ၇၅/၇ အထိ အလျား ၇၃ မိုင် ၇ ဖာလုံ ရှည်လျားသည်။ ရေကြည်မြို့နယ်အတွင်း၌ ဝန်ရေကာတာသည် ဘုတ်ချောင်းကျေးရွာ တာမိုင် ၃၉/၀ မှ မြေရဲကွင်းကျေးရွာ တာမိုင် ၆၁/၀ အထိ အလျား ၂၂ မိုင် ရှည်လျားပြီး ရေဘေးကာကွယ်မှုဧရိယာအတွင်း၌ ရေကြည်၊ ကျုံပျော်နှင့် ကျောင်းကုန်း မြို့နယ်သုံးခုမှ စုစုပေါင်းဧရိယာဧက ၂၀၀၂၇၄ ဧက ဖြစ်သည်။

၂၀၁၅ ခုနှစ်နှင့် ၂၀၁၆ ခုနှစ်များတွင် ဝန်မြစ်ရေသည် နှစ်နှစ်ဆက်တိုက် ထူးခြားစွာမြင့်တက်ခဲ့ခြင်း၊ မြေသားတာတမံ အမျိုးအစားဖြစ်ပြီး နှစ်ပေါင်း ၁၀၀ ကျော် သက်တမ်းရှိခြင်း၊ မြစ်ရေအချိန်ကြာမြင့်စွာတိုက်စားမှုဒဏ်ကို ခံထားရခြင်း၊ လူ၊ ကျွဲ၊ နွား တိရစ္ဆာန်များကြောင့် တာထိပ် နိမ့်ကျနေခြင်း၊ မြစ်ဘက်ခြမ်းတာစောင်းများ ကြံ့ခိုင်မှုယိုယွင်းလာခြင်း၊ သတ်မှတ်တာထိပ်အမြင့်များ မပြည့်မီခြင်းတို့ကြောင့် နှစ်စဉ်မိုးရာသီ မြစ်ရေကြီးမြင့်ချိန်၌ သက်ဆိုင်ရာ တာဝန်ရှိသူများနှင့် ဒေသခံပြည်သူများ ပူးပေါင်း၍ နေ့ည အဆက်မပြတ် ရေကာတာကြံ့ခိုင်မှု စစ်ဆေးပြုပြင်ရခြင်း၊ ရေဘေးကြိုတင်ကာကွယ်ရေးလုပ်ငန်းများ လုပ်ဆောင်ရခြင်း၊ ကယ်ဆယ်ရေးစခန်းများ အရေးပေါ် ဖွင့်လှစ်ပေးရခြင်းတို့ကို ဆောင်ရွက်ခဲ့ရသည်။ ထိုသို့ ရေဘေးအန္တရာယ် စိုးရိမ်ကြောင့်ကြရမှုများကို နှစ်စဉ်ကြုံတွေ့ခံစားခဲ့ကြရခြင်းများကြောင့် တိုင်းဒေသကြီးအတွင်းရှိ လွှတ်တော်ကိုယ်စားလှယ်များက သက်ဆိုင်ရာ လွှတ်တော်အသီးသီး၌ ဝန်ရေကာတာ ပြုပြင်မွမ်းမံမှုလုပ်ငန်း ဆောင်ရွက်နိုင်ရန် အဆိုပြုတင်ပြချက်များနှင့် သက်ဆိုင်ရာ ဆည်မြောင်း ပညာရှင်များ၏ ကွင်းဆင်းတိုင်းတာတွက်ချက်မှုများကြောင့် ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်တွင် ရေကြည်မြို့နယ်အတွင်း ငါးသိုင်းချောင်းမြို့တွင်း ဝန်ရေကာတာနှင့် မြို့ပတ်ဝန်းကျင် ဝန်ရေကာတာ စုစုပေါင်း အလျား ၁၆ မိုင်ကို ပြင်ဆင်ဆောင်ရွက်ခွင့် ရရှိခဲ့သည်။

ပိုမိုလုံခြုံစိတ်ချရသောအခြေအနေသို့

၂၀၁၇ ခုနှစ် ဒီဇင်ဘာလ ပထမပတ်နှင့် နောက်ဆုံးပတ်များအတွင်း ငါးသိုင်းချောင်းမြို့အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးခန်းမ၌ ရေကြည်မြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာစံရွှေဝင်း၊ သက်ဆိုင်ရာ မြို့နယ်ဆည်မြောင်းဌာနတာဝန်ရှိသူများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ငါးသိုင်းချောင်းမြို့အတွင်း ဝန်ရေကာတာအနီးရှိ ဒေသခံပြည်သူများ နှစ်ကြိမ်တိုင်တိုင် တွေ့ဆုံဆွေးနွေး၍ မြို့တွင်းဝန်ရေကာတာ ပြုပြင်ရန်အတွက် လုပ်ငန်းများညှိနှိုင်းဆောင်ရွက်ခဲ့ရပါသည်။

ထို့နောက် ၂၀၁၈ ခုနှစ် နှစ်ဦးပိုင်းမှစတင်၍ ပုသိမ်ခရိုင် ရေကြည်မြို့နယ်အတွင်း ဝန်ရေကာတာ ပြုပြင်မွမ်းမံခြင်း လုပ်ငန်းကို အရှိန်အဟုန်ဖြင့် ဆောင်ရွက်လျက်ရှိရာ ငါးသိုင်းချောင်းမြို့အပြင်ပိုင်း ရေကာတာ တာမိုင် (၃၉/၀) မှ (၄၆/၆) နှင့် (၄၈/၀ မှ ၅၅/၀)အတွင်း စုစုပေါင်းတာမိုင် အရှည် ၁၅ မိုင်ခွဲတွင် မြေသားတာခြေကန် တာမြှင့်ခြင်းလုပ်ငန်း ဆောင်ရွက်ခဲ့ရာ လက်ရှိအချိန်တွင် ၈၇ ရာခိုင်နှုန်းအထိ ပြီးစီးနေပြီဖြစ်ပါသည်။

ငါးသိုင်းချောင်းမြို့အတွင်း ဝန်ရေကာတာ တာမိုင် (၄၆/၆) မှ (၄၇/၃+၅၀၀)ပေ စုစုပေါင်း တာအရှည် ၅၁၅၀ ပေတွင်မူ ရေကာတာအနီးရှိ ဒေသခံပြည်သူများ၏ အိမ်ခြေများနှင့် အများပိုင်အဆောက်အအုံများ ရှိနေရာ ထိခိုက်ပျက်စီးဆုံးရှုံးမှု အနည်းဆုံးဖြစ်ရန်နှင့် ရေကာတာကြံ့ခိုင်မှုအခြေအနေ အကောင်းဆုံးရရှိစေရန်အတွက် သက်ဆိုင်ရာ ဆည်/ရေ (ဒီဇိုင်းဌာန)မှ ပညာရှင်များက သုံးကြိမ်တိုင်တိုင် စိစစ်တွက်ချက် ဒီဇိုင်းထုတ်လုပ်၍ ကုန်းဘက်ခြမ်းတာခြေတွင် ကွန်ကရစ်မြေထိန်းနံရံ၊ မြစ်ဘက်ခြမ်းတာခြေတွင် အုတ်စီမြေထိန်းနံရံ တာပေါင်မြေသားဖြည့်ခြင်းစနစ်ဖြင့် ဆောင်ရွက်လျက်ရှိရာ လက်ရှိအခြေအနေတွင် မြို့တွင်းရေကာတာပြုပြင်ခြင်းလုပ်ငန်းသည်လည်း ၈၅ ရာခိုင်နှုန်း ပြီးစီးပြီဖြစ်ပါသည်။

အဆိုပါ ရေကာတာပြုပြင်မွမ်းမံမှုလုပ်ငန်းအားလုံး ၂၀၁၈ ခုနှစ် မိုးရာသီမတိုင်မီ ရာနှုန်းပြည့် ပြီးစီးတော့မည်ဖြစ်ပြီး သက်ဆိုင်ရာ ဆည်/ရေဦးစီးဌာန၏ အနီးကပ်ကြီးကြပ်မှု၊ တိုင်းဒေသကြီးအစိုးရအဖွဲ့၊ လွှတ်တော်ကိုယ်စားလှယ်များနှင့် ဒေသခံပြည်သူများ အင်တိုက်အားတိုက် ပူးပေါင်းဆောင်ရွက်မှုနှင့်အတူ ဧရာဝတီတိုင်းဒေသကြီးအတွင်း ရေကြည်မြို့နယ် ဝန်ရေကာတာ၏ ရေဘေးကာကွယ်မှု ဧရိယာအတွင်းရှိ ရေကြည်၊ ကျုံပျော်၊ ကျောင်းကုန်း မြို့နယ်သုံးခုမှ စုစုပေါင်းဧရိယာ ၂၀၀၂၇၄ ဧက၌ ပိုမိုလုံခြုံစိတ်ချရသော ရေဘေးကာကွယ်မှုကို မကြာမီရရှိလာတော့မည်ဖြစ်ကြောင်း၊ ပူးပေါင်းဆောင်ရွက်ခဲ့ကြသော အဖွဲ့အစည်းများနှင့် ဒေသခံပြည်သူလူထုအားလုံးကို အထူးကျေးဇူးတင်ရှိပါကြောင်းနှင့် ရေကာတာ ရေရှည်တည်တံ့ခိုင်မြဲ ကောင်းမွန်နေစေရေးနှင့် ရေကြီးရေလျှံမှု ကြိုတင်ကာကွယ်ရေးအတွက် အခြားလိုအပ်သော ရေထုတ်မြောင်းများ တူးဖော်ခြင်း၊ ချောင်းကောမြောင်းကောများတူးဖော်ခြင်းအစရှိသည့် လုပ်ငန်းများကိုလည်း တစ်ပြိုင်တည်း ဆောင်ရွက်ပေးလျက်ရှိကြောင်း မြို့နယ်ဆည်မြောင်းနှင့်ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာန ဦးစီးအရာရှိ ဦးဝင်းမော်က ပြောကြားသည်။

ဝန်ရေကာတာ ဖြတ်သန်းတည်ရှိရာ ဝန်မြစ်အရှေ့ဘက်ကမ်း ရေကြည်မြို့နယ် ငါးသိုင်းချောင်းမြို့ ပတ်ဝန်းကျင်၌ ရေကာတာ၏ ရေဘေးကာကွယ်မှုဧရိယာအတွင်း ရပ်ကွက်နှင့် ကျေးရွာအုပ်စု ၁၁ စု၊ ရေကာတာ ရေဘေးကာကွယ်မှုဧရိယာပြင်ပ ရပ်ကွက်နှင့် ကျေးရွာအုပ်စု ၂၇ စု စုစုပေါင်း ရပ်ကွက်နှင့် ကျေးရွာအုပ်စု ၃၈ ခုရှိရာ ရေဘေးကာကွယ်မှုဧရိယာအတွင်း ပိုမိုလုံခြုံစိတ်ချရသော အခြေအနေနှစ်စဉ်ရရှိလာစေရန် တာတမံဥပဒေများအား လေးစားလိုက်နာဆောင်ရွက်မှု၊ ရေကာတာသန့်ရှင်းရေးနှင့် ရေရှည်ကောင်းမွန်ခိုင်မာရေးအတွက် သက်ဆိုင်ရာ တာဝန်ရှိသူများနှင့် ဒေသခံပြည်သူများ အစဉ်မပြတ် ချိတ်ဆက်ပူးပေါင်း ထိန်းသိမ်းစောင့်ရှောက်ခြင်းများဖြင့် ပိုမိုလုံခြုံစိတ်ချရသော ရေဘေးကာကွယ်မှု အကျိုးကျေးဇူးများကို ရေရှည်ခံစားကြရမည်ဖြစ်ပါကြောင်း ဖော်ပြအပ်ပါသည်။ ။

ဓာတ်ပုံ - ရေကြည်မြို့နယ် ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန

ဓာတ်ပုံ - ရေကြည်မြို့နယ် ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန

နေပြည်တော်၌ သဘာဝဘေးလျော့ပါးရေး စေတနာ့ဝန်ထမ်း လူငယ်သင်တန်းဖွင့်

နေပြည်တော် မတ် ၂၉

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ပြည်ထောင်စုနယ်မြေ နေပြည်တော် ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနက ကြီးမှူး၍ ပြည်သူလူထုအတွင်း သဘာဝဘေးအသိပညာ တိုးပွားစေရေးနှင့် သဘာဝဘေးအန္တရာယ် စီမံခန့်ခွဲမှုလုပ်ငန်းများကို ကိုယ်တိုင်ထိထိရောက်ရောက် ပါဝင်ပူးပေါင်း ဆောင်ရွက်နိုင်ရန်အတွက် သဘာဝဘေးလျော့ပါးရေး စေတနာ့ဝန်ထမ်းလူငယ်(မွမ်းမံ)သင်တန်း ၁/၂၀၁၈ ကို ဒက္ခိဏခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ မတ် ၂၈ ရက်က ဖွင့်လှစ်ခဲ့သည်။ သင်တန်းဖွင့်ပွဲတွင် နေပြည်တော်ကောင်စီဝင် ဦးအောင်မြင့်ထွန်းက အမှာစကားပြောကြားပြီး နေပြည်တော် ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန တိုင်းဒေသကြီးဦးစီးမှူး ဦးကျော်ကျော်ထွန်းက သင်တန်းဖွင့် လှစ်ခြင်း၏ ရည်ရွယ်ချက်များနှင့် သင်တန်းတွင် ဆွေးနွေးပို့ချပေးသွားမည့် သဘာဝဘေးအန္တရာယ်ဆိုင်ရာ ကြိုတင်ကာကွယ်ရေးနှင့် ပြန်လည်ထူထောင်ရေး သင်ခန်းစာများအကြောင်းကို ရှင်းလင်းပြောကြားသည်။ အဆိုပါသင်တန်းတွင် ပြည်ထောင်စုနယ်မြေ နေပြည်တော်အတွင်းရှိ မြို့နယ်များမှ စိတ်ပါဝင်စားသူ စေတနာ့ဝန်ထမ်း ၅၀ တက်ရောက်ပြီး သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး၊ တုံ့ပြန်ဆောင်ရွက်ခြင်း၊ ရပ်ရွာ အခြေပြု သဘာဝဘေးစီမံခန့်ခွဲမှု၊ ပြန်လည်ထူထောင်ခြင်းနှင့် ပြန်လည်တည်ဆောက်ခြင်း၊ သဘာဝဘေးအန္တရာယ်ဆိုင်ရာ မူဝါဒများနှင့် ဖွဲ့စည်းဆောင်ရွက်မှု၊ ကြိုတင်သတိပေးစနစ်အပေါ် ခြုံငုံလေ့လာခြင်း စသည့် သင်ခန်းစာများကို မတ် ၃၀ ရက်အထိ သုံးရက်ကြာ သင်ကြားပို့ချမည်ဖြစ်ကြောင်း သိရသည်။ **ရွှေကုက္ကို**

မြန်မာနိုင်ငံလုံးဆိုင်ရာ အီလက်ထရွန်နစ်နည်းပညာရှင်များ တွေ့ဆုံနှီးနှောဖလှယ်ပွဲ မန္တလေးမြို့၌ ကျင်းပ

မန္တလေး မတ် ၂၉
နိုင်ငံအတွင်းရှိ နည်းပညာလိုအပ်နေသူများအား နည်းပညာပံ့ပိုးကူညီရန်၊ နည်းပညာ အတတ်ပညာရှင်များ တိုးတက်မြင့်မားလာစေရန်၊ နည်းပညာလိုအပ်ချက်ကြောင့် အီလက်ထရွန်နစ်နှင့်သက်ဆိုင်သော ကုန်ပစ္စည်းထုတ်လုပ်ရန် ခက်ခဲနေသူ လုပ်ငန်းရှင်များအား နည်းပညာပံ့ပိုးကူညီပေးရန်၊ နည်းပညာရှင်များနှင့် လုပ်ငန်းရှင်များ စည်းလုံးညီညွတ်စွာပူးပေါင်း၍ နည်းပညာများ တိုးတက်မြင့်မားအောင်ဆောင်ရွက်ရန်၊ IT & Electronic သုံးစွဲသူများ နည်းစနစ်တကျ အသုံးပြုနိုင်စေရန် ရည်ရွယ်ချက်များဖြင့် မြန်မာအီလက်ထရွန်နစ်နည်းပညာတိုးတက်မြင့်မားရေးအဖွဲ့-Myanmar Electronic Technology Development Association (MEDA) အဖွဲ့ဝင် နည်းပညာရှင်များ နည်းပညာနှီးနှောဖလှယ်ပွဲနှင့် တွေ့ဆုံမိတ်ဆက်ပွဲကို မတ် ၂၅ ရက်မှ ၂၇ ရက်အထိ မန္တလေးမြို့ စက်မှုဇုန်စီမံခန့်ခွဲရေးကော်မတီရုံး ကနောင်ခန်းမ၌ ကျင်းပခဲ့ကြောင်း သိရသည်။

တွေ့ဆုံပွဲတွင် မန္တလေးစက်မှုဇုန် စီမံခန့်ခွဲရေးကော်မတီ ဥက္ကဋ္ဌ ဦးခင်မောင်လုက အမှာစကားပြောကြားပြီး မြန်မာအီလက်ထရွန်နစ်နည်းပညာ တိုးတက်မြင့်မားရေးအဖွဲ့ ယာယီအမှုဆောင် ဦးမင်းမင်းထွန်းက အသင်းဖြစ်ပေါ်လာပုံနှင့် ရှေ့ဆက်လုပ်ဆောင်မည့် လုပ်ငန်းစဉ်များကို ရှင်းလင်းပြောကြားသည်။ ထို့နောက် အလုပ်သမားညွှန်ကြားမှုဦးစီးဌာန ကျွမ်းကျင်မှုသင်တန်းကျောင်း ကျောင်းအုပ်ကြီး ဦးမြင့်သန်းက(NSSA) နှင့်ပတ်သက်၍ ရှင်းလင်းပြောကြားပြီး IE (Integrated Electronic) Trading ကုမ္ပဏီလီမိတက်မှ မန်နေဂျင်းဒါရိုက်တာ ဦးကျော်ခိုင်လင်းက နည်းပညာရပ်များ တိုးတက်ရေးအတွက် အကြံပြုဆွေးနွေးသည်။ ထို့နောက် မြန်မာအီလက်ထရွန်နစ် နည်းပညာတိုးတက်မြင့်မားရေးအဖွဲ့-Myanmar Electronic Technology Development Association(MEDA)သို့ အလှူငွေ ကျပ်သိန်းငါးဆယ် ပေးအပ်လှူဒါန်းရာ အဖွဲ့မှ တာဝန်ရှိသူများက လက်ခံရယူခဲ့ပြီး အဖွဲ့ကိုယ်စား ယာယီအမှုဆောင် ဦးဇော်မင်းထွန်းက ကျေးဇူးတင်စကားပြောကြားသည်။

နေပြည်တော်မှ အီလက်ထရွန်နစ်နည်းပညာရှင် ကိုနေမင်းထွန်းက “မြန်မာနိုင်ငံရဲ့ အချို့သောနေရာဒေသတွေက အီလက်ထရွန်နစ် လုပ်ကိုင်နေတဲ့သူတွေမှာ နည်းပညာလိုအပ်ချက်တွေ ရှိနေပါတယ်၊ လွယ်ကူစွာသင်ကြားနိုင်တဲ့ အခွင့်အလမ်းတွေ နည်းပါးခဲ့ကြပါတယ်၊ အဲဒီလို နည်းပညာလိုအပ်နေသူတွေကို ကူညီပံ့ပိုးနိုင်အောင် တတ်ကျွမ်းတဲ့ နည်းပညာရှင် ဆရာကြီးတွေကို ဖိတ်ကြားပြီး ပညာရပ်ဆိုင်ရာများကို ထပ်ဆင့်မျှဝေခြင်းတွေ ပြုလုပ်သွားမှာ ဖြစ်ပါတယ်၊ အီလက်ထရွန်နစ်မှာက နယ်ပယ်က ကျယ်ပါတယ်၊ ကျွန်တော်က အပိုင်းတစ်ခုကိုပြောမယ်၊ နောက်ဆရာတွေက အပိုင်းတစ်ခုစီကိုပြောမယ်၊ ဆိုလိုတာက အပိုင်းသုံးပိုင်းနဲ့ တည်ဆောက်ထားတဲ့ ပတ်လမ်းတစ်ခုမှာ တစ်ယောက်ချင်းစီက နည်းပညာတစ်ပိုင်းစီ မျှဝေသွားမယ်ဆိုရင် သုံးယောက်ပေါင်း စက်တစ်လုံးစာ အသိပညာတွေ ရရှိသွားမှာဖြစ်ပါတယ်၊ နောက်နှစ်တွေဆိုရင် အလုပ်သမားညွှန်ကြားမှုဦးစီးဌာန ကျွမ်းကျင်မှုသင်တန်းကျောင်းတွေနဲ့ ချိတ်ဆက်ပြီး လက်တွေ့လုပ်ငန်းခွင်နည်းပညာဆိုင်ရာ သင်တန်းတွေ ပေးသွားဖို့ရှိပါတယ်”ဟု ပြောသည်။

အဆိုပါ တွေ့ဆုံနှီးနှောဖလှယ်ပွဲကို မတ် ၂၅ ရက်မှ ၂၇ ရက်အထိ သုံးရက်ကြာ ကျင်းပခဲ့ပြီး မြန်မာနိုင်ငံတစ်ဝန်းရှိ အီလက်ထရွန်နစ် အသိပညာရှင် အတတ်ပညာရှင်များ၊ နည်းပညာရှင်များ၊ စီးပွားရေးလုပ်ငန်းရှင်များ၊ အိမ်တွင်းစက်မှုလက်မှု လုပ်ငန်းရှင်များ၊ အီလက်ထရွန်နစ်လုပ်ငန်းဖြင့် အသက်မွေးဝမ်းကျောင်းပြုနေသူများ အစရှိသည့် အဖွဲ့ဝင်ပေါင်း ၁၀၀ ကျော်ပါဝင်သည့် ဒုတိယအကြိမ်မြောက် တွေ့ဆုံနှီးနှောဖလှယ်ပွဲဖြစ်ကြောင်း သိရသည်။

တင်မောင်(မန်းကိုယ်ပွား)

လေဘေးကာကွယ်ရေးအတွက် ပုလဲမြို့နယ်အတွင်း ကျေးရွာများသို့ အိမ်ဆောက်ပစ္စည်းများထောက်ပံ့

ပုလဲ မတ် ၂၉
စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင် ပုလဲမြို့နယ်အတွင်းရှိ ကျေးရွာများမှ ပြည်သူများ၏ နေအိမ်များ လေဘေးအန္တရာယ်ကြောင့် ပျက်စီးမှုများမရှိစေရန် ကြိုတင်ကာကွယ်သည့်အနေဖြင့် အိမ်ဆောက်ပစ္စည်းလိုအပ်ချက်များကို တိုင်းဒေသကြီး ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာန၏ အစီအစဉ်ဖြင့် ထောက်ပံ့ပေးလျက်ရှိကြောင်း သိရသည်။

မတ် ၂၇ ရက်တွင် မိုးကောင်းကျေးရွာအုပ်စု ဖိုမိုးအိုက်တောတိုက်သို့ တိုင်းဒေသကြီးလွှတ်တော် ကိုယ်စားလှယ် ဦးဇော်ထက်၊ မြို့နယ်ဒုတိယအုပ်ချုပ်ရေးမှူး ဦးဖြိုးဝေလင်း၊ ခေတ္တမြို့နယ်ရဲတပ်ဖွဲ့မှူး ဒုရဲမှူးမြင့်အောင်၊ မြို့နယ်သစ်တောဦးစီးဌာန တောအုပ်ကြီး ဦးစိုးနိုင်၊ မြို့နယ်မီးသတ်ဦးစီးဌာန ဒုတိယဦးစီးမှူး ဦးကျော်ဇင်၊ တိုင်းဒေသကြီးဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာန ဒုတိယဦးစီးမှူးနှင့် တာဝန်ရှိသူများက ကွင်းဆင်း၍ လေဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးအတွက် အိမ်ဆောက်ပစ္စည်းလိုအပ်ချက်များ ထောက်ပံ့ပေးခဲ့သည်။

တိုင်းဒေသကြီး ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာန ဒုတိယဦးစီးမှူး ဒေါ်ရည်မွန်သန့်က ယခင်နှစ်က လေဘေးဒဏ်ခံခဲ့ရသည့် ဖိုမိုးအိုက်တောတိုက်သို့ ကွင်းဆင်း၍ လေဘေးဒဏ်ခံရပါက အိမ်အမိုးလန်နိုင်ခြင်း၊ အိမ်ပြိုလဲနိုင်ခြင်း၊ အိမ်ကြံ့ခိုင်မှုမရှိခြင်း စသည့်အချက်များနှင့် ကိုက်ညီသည့် နေအိမ်များကို ကြံ့ခိုင်မှုရှိအောင်နှင့် လေဘေးအန္တရာယ် ကြံ့ကြံ့ခံနိုင်စေရေး ရည်ရွယ်၍ အိမ်ဆောက်ပစ္စည်း လိုအပ်ချက်များကို ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် ခွင့်ပြုရန်ပုံငွေကျပ် ၈၃၇၀၀၀ ဖြင့် လိုအပ်သောအိမ်ထောင်စု ၁၅ စုအတွက် ကွင်းဆင်းထောက်ပံ့ပေးခြင်းဖြစ်ကြောင်း ပြောကြားသည်။

ပုလဲမြိုင်ကျေးရွာရှိ ပြည်သူများ၏အိမ်များ ပြုပြင်ရာတွင် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်နှင့် ဌာနဆိုင်ရာများက ကူညီလုပ်ကိုင်ပေးနေစဉ်။

အိမ်ဆောက်ပစ္စည်းလိုအပ်ချက်များ ထောက်ပံ့ပေးသည့်အပြင် ဒေသခံပြည်သူများအား ခေတ္တမြို့နယ်ရဲတပ်ဖွဲ့မှူးက လူကုန်ကူးမှုအန္တရာယ်ကြိုတင်ကာကွယ်ရေးနှင့် သက်ငယ်မုဒိမ်းမှုမဖြစ်ပွားစေရေး သတိပြုရန်များ၊ မြို့နယ်သစ်တောဦးစီးဌာနမှ တောအုပ်ကြီး ဦးစိုးနိုင်က သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးအတွက် ဆောင်ရွက်ရမည့်လုပ်ငန်းစဉ်များ၊ မြို့နယ်မီးသတ်ဦးစီးဌာန ဒုတိယဦးစီးမှူး ဦးကျော်ဇင်က သဘာဝဘေးအန္တရာယ်ကျရောက်လာပါက ဆောင်ရွက်ရမည့်လုပ်ငန်းစဉ်များကို အသိပညာပေးဆွေးနွေးဟောပြောခဲ့သည်။

အလားတူ မတ် ၂၆ ရက်ကလည်း ပုလဲမြို့နယ် လက်ပန်ကျေးရွာအုပ်စု ပုလဲမြိုင်ကျေးရွာရှိ အိမ်ထောင်စု ၁၀၅ စုအတွက် လေဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး အိမ်ဆောက်ပစ္စည်း လိုအပ်ချက်များကို ရန်ပုံငွေကျပ် ၁၃၇၅၀၀၀ ဖြင့်လည်းကောင်း၊ လဲကန်ကျေးရွာအုပ်စု မုံပင်ကျေးရွာရှိ အိမ်ထောင်စု ၈၆ စုအတွက် အိမ်ဆောက်ပစ္စည်း လိုအပ်ချက်များကို ခွင့်ပြုရန်ပုံငွေ ကျပ် ၉၁၆၁၃၀ ဖြင့်လည်းကောင်း ထောက်ပံ့ပေးအပ်ခဲ့ပြီး အိမ်များ ကြံ့ခိုင်မှုရှိအောင် ပြုပြင်ရာတွင်လည်း တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးဇော်ထက်နှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ မြို့နယ်မီးသတ်ဦးစီးဌာနမှ မီးသတ်တပ်ဖွဲ့ဝင်များက ဒေသခံပြည်သူများနှင့်အတူ ပူးပေါင်း၍ ကူညီဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

ပုဏ္ဏားကျွန်းမြို့နယ်၌ ကိုးနဝင်းစေတီတော်တည်ရန် အုတ်မြစ်ချ

ပုဏ္ဏားကျွန်း မတ် ၂၉
ပုဏ္ဏားကျွန်းမြို့နယ် ဖောင်ဆိပ်ကျေးရွာ ဘုန်းတော်ကြီးကျောင်းဝင်းအတွင်း ကိုးနဝင်းစေတီတော်တည်ဆောက်ရေးအတွက် အုတ်မြစ်စီမင်္ဂလာအခမ်းအနားကို မတ် ၂၃ ရက်က ကျင်းပရာ မြို့နယ်သံဃနာယကဝန်ဆောင်ဆရာတော်ကြီးများနှင့် ပင့်သံဃာတော်များ၊ ရခိုင်ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌနှင့်ဇနီးသည်တော်များ မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ အလှူရှင်များနှင့် ဒေသခံပြည်သူများ တက်ရောက်ခဲ့သည်။ ပုဏ္ဏားကျွန်းမြို့မှ ၁၀ မိုင်ကျော်ကွာဝေးပြီး ယခင်က လမ်းပန်းဆက်သွယ်ရေးခက်ခဲခဲ့သော စမ်းပဒီးချောင်းဒေသမှ ဖောင်ဆိပ်ကျေးရွာကိုယခုအခါ ကားလမ်း(မြေသားလမ်း)ဖောက်လုပ်ပြီးဖြစ်ရာ ထိုဒေသသို့ သွားလာရေးလွယ်ကူလာသဖြင့် ကျေးရွာဘုန်းတော်ကြီးကျောင်းဝင်းအတွင်း၌ ကိုးနဝင်းစေတီတော်ကို တည်ထားရန် စတင်ဆောင်ရွက်ခြင်းဖြစ်ကာ ရခိုင်ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌမိသားစု၊ ကားလမ်းဖောက်လုပ်ပေးခဲ့သော ရက္ခိတစွမ်းအားကုမ္ပဏီမိသားစုနှင့် ဒေသခံစေတနာရှင်များ၏ စုပေါင်းပါဝင်လှူဒါန်းမှုများ စေတီတော်ကို တည်ထားမည်ဖြစ်ကြောင်း သိရသည်။

သူ(ပုဏ္ဏားမြို)

အသက် ၁၂ နှစ်အောက် ဘောလုံးပြိုင်ပွဲ ကျင်းပ

ဘိုကလေး မတ် ၂၉
ဧရာဝတီတိုင်းဒေသကြီး ဖျာပုံခရိုင် ဘိုကလေးမြို့နယ်ရှိ အောက်ပိုင်းအားကစားကွင်းတွင် မြို့နယ်အုပ်ချုပ်ရေးမှူးဖလား အသက် ၁၂ နှစ်အောက် ရပ်ကွက်၊ ကျေးရွာပေါင်းစုံ ဘောလုံးပြိုင်ပွဲကို မတ် ၂၇ ရက်က စတင်ကျင်းပခဲ့သည်။ ဘောလုံးပြိုင်ပွဲ ဖွင့်ပွဲတွင် ရပ်ကွက်၊ ကျေးရွာအသီးသီးမှ ဘောလုံးအသင်းများက နိုင်ငံတော်အလံအား ဘင်ခရာတပ်ဖွဲ့နှင့်အတူ အလေးပြုပြီး မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်ဇင်ဦးက အမှာစကားပြောကြားကာ ဘောလုံးပြိုင်ပွဲကို ဆက်လက်ကျင်းပခဲ့သည်။ **မြို့နယ်(ပြန်/ဆက်)**

တွံတေးမြို့ ရွှေဆံတော်စေတီတော်ကြီး (၂၅၈၇)နှစ်မြောက် ဗုဒ္ဓပူဇနိယပွဲတော်ဖွင့်လှစ်

တွံတေး မတ် ၂၉
ရန်ကုန် တောင်ပိုင်းခရိုင် တွံတေးမြို့နယ်၏ကျက်သရေဆောင် ဆံတော်ခြောက်ဆူကိန်းဝပ်တော်မူသော ရှေးဟောင်းသမိုင်းဝင် ရွှေဆံတော်စေတီတော်မြတ်ကြီး၏ ၂၅၈၇ နှစ်မြောက် ဗုဒ္ဓပူဇနိယပွဲတော် ဖွင့်ပွဲကို မတ် ၂၇ ရက်က မြောက်ဘက် စောင်းတန်းရှေ့၌ ကျင်းပခဲ့သည်။

ရွှေဆံတော်စေတီတော်မြတ်ကြီး၏ ဩဝါဒါစရိယဆရာတော်ကြီးများနှင့် မြို့နယ်သံဃနာယကဆရာတော်များက နံနက် ၅ နာရီတွင် ဗုဒ္ဓါဘိသေက အနေကဇာတင်လှူကြပြီး ဆက်လက်၍ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမြင့်လွင်၊ အမှတ်(၂) တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးနေနိုင်ဦး၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမိုးခိုင်ထွန်း၊ မြို့နယ်သာသနာရေးမှူး ဦးကျော်ဝင်းအောင်၊ ရွှေဆံတော်ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့ဥက္ကဋ္ဌ ဦးမင်းလွင်တို့က ပွဲတော်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ခဲ့သည်။

အဆိုပါ ဗုဒ္ဓပူဇနိယပွဲတော်တွင် ဆီမီးထွန်းညှိပူဇော်ခြင်း၊ မြန်မာနိုင်ငံ ခြင်းလုံးအဖွဲ့များ၏ ခြင်းလုံးအလှခတ်ပွဲ၊ ဇာတ်ပွဲ၊ ကလေးကစားကွင်းများ၊ မျက်လှည့်စသည့် ဖျော်ဖြေရေးအစီအစဉ်များဖြင့် ဧပြီ ၁ ရက်အထိ စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည် ဖြစ်ကြောင်း ရွှေဆံတော်ဂေါပကအဖွဲ့ဝင် ဦးသိန်းလှိုင်ထံမှသိရသည်။ ထို့အတူ တန်ခူးလပြည့် မတ် ၃၁ ရက်တွင် အနယ်နယ်အရပ်ရပ်မှ ဘုရားဖူးအပေါင်းအား နံနက်စာ ထမင်းဆွမ်းကျွေးမွေးပြီး နေ့လယ်ပိုင်းတွင် တွံတေးမြို့နယ်အတွင်းရှိ ဘုန်းတော်ကြီးကျောင်း ၂၅၉ ကျောင်းမှ ကျောင်းထိုင်ဆရာတော် ၂၅၉ ပါးတို့အား ဆွမ်းဆန်စိမ်းလောင်းလှူပူဇော်မည်ဖြစ်၍ လှူဒါန်းလိုသူများ လာရောက်လောင်းလှူနိုင်ကြောင်းလည်း သိရသည်။

မျိုးလှိုင်(တွံတေး)

တီးတိန်မြို့နယ် ဖွံ့ဖြိုးရေးလုပ်ငန်းများ ပြည်နယ်ဝန်ကြီး စစ်ဆေး

တီးတိန် မတ် ၂၉
ချင်းပြည်နယ် တီးတိန်မြို့နယ်တာဝန်ခံ စိုက်ပျိုးရေး၊ မွေးမြူရေး၊ သစ်တောနှင့် သတ္တုတွင်းဝန်ကြီး ဦးမန်ဟင်းဒါလ်းသည် တီးတိန်မြို့နယ်အတွင်း ဆောင်ရွက်နေသော ဒေသဖွံ့ဖြိုးရေးနှင့် တည်ဆောက်ရေးလုပ်ငန်းများကို မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဂိုဆွင့်ခိုင်၊ မြို့နယ်မြေစာရင်းဦးစီးမှူး ဦးဆန်းထန့်ဇဲလ်း၊ မြို့နယ်စိုက်ပျိုးရေးခေတ္တဦးစီးမှူး ဦးလျန်းကော့ပ်ဇကိမ်း၊ တီးတိန်မြို့နယ်စည်ပင်သာယာရေးဥက္ကဋ္ဌ ဦးဒမ်ခိုဇမ်းတို့က မတ် ၂၅ ရက်မှ ၂၇ ရက်အထိ လိုက်လံစစ်ဆေးပြီး ဒေသခံပြည်သူများနှင့်လည်း တွေ့ဆုံခဲ့ကြောင်း သိရသည်။

ဝန်ကြီးနှင့်အဖွဲ့သည် မတ် ၂၅ ရက်တွင် တီးတိန်မြို့မှ ပတ်ဇန်၊ ဆွောင်းဖေရွာနှင့် ဟေလေးကျေးရွာများသို့သွားရောက်ပြီး ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို စစ်ဆေးကာ မတ် ၂၆ ရက်တွင် ဆွောင်းဇန်နှင့် ကပ်တဲလ်ရွာများသို့ သွားရောက်ခဲ့ပြီး ခရီးစဉ်တစ်လျှောက် ဖြတ်သန်းသွားသည့် ကားလမ်းများ၊ ငါးတန့်တံတား ပြန်လည်ပြုပြင်နေမှု၊ မွာလ်ဘင်းတံတား အသစ်တည်ဆောက်နေမှု၊ တွီးထန်တံတား အသစ်တည်ဆောက်နေမှု၊ ဖီရ်လမ်းတွင် ကျောက်ချောခင်းနေမှု အခြေအနေ၊ တွီးထန် မဏီပူရ် မြစ်ကူးတံတားကြံ့ခိုင်မှုအခြေအနေနှင့် တွီးလန့်-လိုင်လိုး ကျေးရွာချင်းဆက်လမ်း ဖောက်လုပ်မှုအခြေအနေများကို စစ်ဆေးခဲ့သည်။

ဝန်ကြီးသည် အဆိုပါကျေးရွာများတွင် ဒေသခံပြည်သူများနှင့်လည်း တွေ့ဆုံပြီး ကျေးရွာအုပ်ချုပ်ရေးမှူးများက ကျေးရွာတိုးတက်ဖွံ့ဖြိုးရေးအတွက် လုပ်ငန်းဆောင်ရွက်ဆဲ၊ ဆောင်ရွက်ပြီးနှင့် ဆောင်ရွက်မည့် ရှေ့လုပ်ငန်းစဉ် တင်ပြချက်များအပေါ် ညှိနှိုင်းဖြည့်ဆည်းပေးကာ ရပ်ရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် စိုက်ပျိုးရေး၊မွေးမြူရေး၊ လမ်းပန်းဆက်သွယ်ရေး ပိုမိုတိုးတက်ကောင်းမွန်လာစေရန် အထူးအလေးပေး ပြောကြားခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

မိုးကောင်းမြို့နယ် လူထုဗဟိုပြုစီမံကိန်းအရ တည်ဆောက်ခဲ့သော ကျောင်းမုခ်ဦးဖွင့်လှစ်

မိုးကောင်း မတ် ၂၉
မိုးကောင်းမြို့နယ် လူထုဗဟိုပြုစီမံကိန်းအရ ပင်းဘောကျေးရွာအုပ်စု ပင်လုံကျေးရွာ အမကစာသင်ကျောင်း၌ တည်ဆောက်ခဲ့သော ကျောင်းမုခ်ဦးဖွင့်ပွဲကို မတ် ၂၇ ရက်က ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူးဦးရန်နိုင်ထွန်း၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှူး ဦးနေသူရိန်စိန်လှ၊ မြို့နယ်ပညာရေးမှူးကိုယ်စား နန်းခွင်ကျောင်းအုပ်ဆရာကြီး ဦးလှသောင်းနှင့် ကျေးရွာလူထုဗဟိုပြု စီမံကိန်းကော်မတီအဖွဲ့ဝင် ဒေါ်ကြည်မြိုင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ခဲ့ပြီး စာသင်ကျောင်းဆိုင်းဘုတ်ကို ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန(ရုံးချုပ်)မှ ဒုတိယညွှန်ကြားရေးမှူးချုပ်ဦးမျိုးနိုင်အောင်နှင့် ပြည်နယ်ညွှန်ကြားရေးမှူး ဦးတင်နုတို့က ဖွင့်လှစ်ပေးခဲ့သည်။ အဆိုပါ ကျောင်းဆောင်မုခ်ဦးနှင့် ခြံစည်းရိုး ပြုပြင်ခြင်းကို လူထုဗဟိုပြုစီမံကိန်းမှ ရန်ပုံငွေ ကျပ် ၁၇၂ သိန်းကျော်ဖြင့် ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ထို့နောက် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန (ရုံးချုပ်)မှ ဒုတိယညွှန်ကြားရေးမှူးချုပ်နှင့် အဖွဲ့သည် ဝန်ထမ်းများနှင့်တွေ့ဆုံပြီး မြို့နယ်၏ လူထုဗဟိုပြုစီမံကိန်းဒုတိယနှစ်စက်ဝန်း ရန်ပုံငွေဖြင့် ကျေးရွာများ၌ အကောင်အထည်ဖော် ဆောင်ရွက်ခဲ့သော ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းများ၊ လမ်းမြေထိန်းနံရံတည်ဆောက်ခြင်းလုပ်ငန်းများကို ကွင်းဆင်းစစ်ဆေးခဲ့သည်။

မိုးကောင်းမြို့နယ်တွင် လူထုဗဟိုပြုစီမံကိန်းကို ၂၀၁၆- ၂၀၁၇ ဘဏ္ဍာရေးနှစ်က ပထမနှစ်စက်ဝန်းအဖြစ် စတင်ဆောင်ရွက်ခဲ့ရာ စီမံကိန်းရန်ပုံငွေကျပ်သိန်းပေါင်း ၁၂၆၀ ရရှိခဲ့ပြီး ကျေးရွာ ၇၉ ရွာတွင် စီမံကိန်းလုပ်ငန်းခွဲပေါင်း ၁၂၀ ကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်ခဲ့ကြောင်း၊ ယခု ၂၀၁၇- ၂၀၁၈ ဘဏ္ဍာရေးနှစ်တွင် ဒုတိယနှစ်စက်ဝန်းအဖြစ် စီမံကိန်းရန်ပုံငွေကျပ်သိန်းပေါင်း ၁၂၉၀၀ ရရှိခဲ့ရာ ကျေးရွာ ၇၉ ရွာတွင် စီမံကိန်းလုပ်ငန်းခွဲပေါင်း ၁၀၁ ခုကို ဆောင်ရွက်နေကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

မယ်စဲ့မြို့၌ နှစ်နိုင်ငံနယ်စပ်ဈေး(ယာယီဈေး) ဖွင့်လှစ်မည်

မယ်စဲ့ မတ် ၂၉

ကယားပြည်နယ် လွိုင်ကော်မြို့နှင့် ထိုင်းနိုင်ငံ မယ်ဟောင်ဆောင်မြို့တို့သည် ညီအစ်မမြို့တော်(Sister City)အဖြစ် လက်မှတ်ရေးထိုးပြီးဖြစ်ရာ မြန်မာ-ထိုင်း နှစ်နိုင်ငံ ရင်းနှီးချစ်ကြည်မှု ပိုမိုတိုးတက်စေရန်ရည်ရွယ်၍ ထိုင်းနိုင်ငံနှင့်နယ်စပ်ဖြစ်သည့် မယ်စဲ့မြို့၌ နှစ်နိုင်ငံနယ်စပ်ဈေး(ယာယီဈေး)ကို တောင်ပိုင်းရပ်ကွက်ရှိ TVI သစ်စက်ဟောင်းနေရာ၌ ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါဈေးကို ကယားပြည်နယ် မယ်စဲ့မြို့နှင့် ထိုင်းနိုင်ငံ မယ်ဟောင်ဆောင်ခရိုင် ခွန်ယွန်းမြို့တို့၌ တစ်လလျှင်နှစ်ကြိမ် အလှည့်ကျ ဖွင့်လှစ်မည်ဖြစ်ပြီး နယ်စပ်ဈေး(ယာယီဈေး) ဖွင့်လှစ်နိုင်ရေးအတွက် ကယားပြည်နယ်အစိုးရအဖွဲ့၏ ခွင့်ပြုရန်ပုံငွေ ကျပ်သိန်း ၁၃၀ ဖြင့် ဈေးဆိုင်ခန်းများဆောက်လုပ်ခြင်း၊ အိမ်သာ၊ ရေချိုးခန်းများ အပါအဝင် လျှပ်စစ်မီးနှင့် ရေရရှိရေးတို့ကို စနစ်တကျ စီစဉ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်းနှင့် ကယားပြည်နယ်အစိုးရအဖွဲ့၏ လမ်းညွှန်မှုကိုခံယူ၍ မဟာသင်္ကြန်ပွဲတော်အပြီး ဧပြီလကုန်တွင် နယ်စပ်ဈေးကို စတင်ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း မယ်စဲ့မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမျိုးသန့်ထံမှ သိရသည်။

အဆိုပါ နှစ်နိုင်ငံနယ်စပ်ဈေးတွင် ကယားပြည်နယ်မှ ကုန်သည်များနှင့် ထိုင်းနိုင်ငံ မယ်ဟောင်ဆောင်မှ ကုန်သည်ကြီးများ ပူးပေါင်း၍ ဒေသထွက်ကုန်ပစ္စည်းများ၊ လူသုံးကုန်၊ စားသောက်ကုန်ပစ္စည်းများ စသည်ဖြင့် တရားဝင်ကန့်သတ်ထားသည့် ပစ္စည်းများမှအပ အခြားကုန်ပစ္စည်းများကို ရောင်းချကြမည်ဖြစ်ကြောင်း မြို့နယ်အုပ်ချုပ်ရေးမှူးက ဆက်လက်ပြောကြားသည်။

ယင်းနယ်စပ်ဈေး(ယာယီဈေး) ဖွင့်လှစ်နိုင်ရေးအတွက် ပြင်ဆင်ဆောင်ရွက်နေမှု အခြေအနေများကို မယ်ဟောင်ဆောင်ခရိုင်ဝန် Mr.SuebsakEaimvijarn နှင့် အဖွဲ့ မတ် ၂၇ ရက်က လာရောက်လေ့လာကြည့်ရှုရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမျိုးသန့်နှင့်အတူ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးကံထူး၊ တာဝန်ခံ အင်ဂျင်နီယာ ဒေါ်သိမ့်တွယ်တာတို့က လိုက်လံရှင်းလင်းပြသခဲ့ကြောင်း သိရသည်။

ဝတ်ရည်(ပြန်/ဆက်)

သင်္ကြန်ကာလအတွင်း ယာဉ်စည်းကမ်းလိုက်နာရေး အသိပညာပေးဟောပြော

နတ်တလင်း မတ် ၂၉

မြန်မာ့ရိုးရာသင်္ကြန်ပွဲတော် ကာလတွင် ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် နတ်တလင်းမြို့၌ ယာဉ်မတော်တဆမှုများ ဖြစ်ပွားခြင်းမရှိစေရန်နှင့် အခြားပြဿနာများ မဖြစ်ပေါ်စေရန်အတွက် ကြိုတင်သတိပေးခြင်းနှင့် အသိပညာပေးခြင်းများကို မြို့နယ်ရဲတပ်ဖွဲ့က မတ် ၂၇ ရက်က ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးဝင်းနိုင်နှင့် တပ်ဖွဲ့ဝင်များက နတ်တလင်းမြို့ ရန်ကုန်ပြည်လမ်း သံဖြူရုံလမ်းဆုံတွင် အခြေပြု၍ ယာဉ်မောင်းသူများအား သင်္ကြန်ကာလအတွင်း လိုက်နာရန် ယာဉ်စည်းကမ်း လမ်းစည်းကမ်းများကိုလည်းကောင်း၊ ဆိုင်ကယ်များကို နှစ်ယောက်ထက်ပိုမစီးရန်နှင့် အသံကျယ်သောအိတ်ဇောပိုက်များ တပ်ဆင်မောင်းနှင်ခြင်းမပြုရန်၊ အရက်သေစာသောက်စားပြီး ယာဉ်များကို မမောင်းကြရန် ဟောပြောခဲ့သည်။

ဟောပြောရာတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဇေဝဏ္ဏလှိုင်၊ မြို့နယ်မီးသတ်ဦးစီးမှူး ဦးသက်ချိုဦး၊ စည်ပင်သာယာရေးဦးဆောင်အရာရှိ ဦးစန်းအောင်နှင့် ရပ်ကွက်အုပ်ချုပ်ရေးမှူးများလည်း ပူးပေါင်းပါဝင်ခဲ့ပြီး ယာဉ်အန္တရာယ်ကင်းရှင်းရေး အသိပေးနှိုးဆော်ချက်စာသားပါ လက်ကမ်းစာဆောင် ၂၅၀ ကိုလည်း ပြည်သူများထံ ဝေငှပေးခဲ့သည်။

အဆိုပါ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေး ဟောပြောခြင်းများကို ကျေးလက်ဒေသတွေပါ လိုက်လံပြုလုပ်မည်ဖြစ်ကြောင်း၊ နတ်တလင်းမြို့နယ်အတွင်း ယာဉ်စည်းကမ်းမလိုက်နာသူများအား ဧပြီ ၁ ရက်မှစတင်၍ အရေးယူမှုများ ဆောင်ရွက်သွားမည်ဖြစ်ရာ စည်းကမ်းလိုက်နာမှု မရှိသူများ အရေးယူခြင်းခံရမှု နည်းပါးရေးအတွက် ပညာပေးခြင်းများ ကြိုတင်ပြုလုပ်ပေးနေခြင်းဖြစ်ကြောင်းလည်း မြို့နယ်ရဲတပ်ဖွဲ့မှူးက ပြောကြားသည်။

တင်မြင့်(နတ်တလင်း)

သုဝဏ္ဏဝတီမြို့တွင် ဆိုင်ကယ်စီးဦးထုပ်မဆောင်းသူများအား ရှောင်တခင်ဖမ်းဆီး

သုဝဏ္ဏဝတီ မတ် ၂၉

မွန်ပြည်နယ်အတွင်း စည်းကမ်းမဲ့မော်တော်ယာဉ်များအား ဖမ်းဆီးအရေးယူမှုများ ပြုလုပ်ရန် မွန်ပြည်နယ်ဝန်ကြီးချုပ်၏ ယခုလအတွင်း လမ်းညွှန်မှာကြားချက်အရ သထုံမြို့နယ် သုဝဏ္ဏဝတီမြို့၌ ဆိုင်ကယ်စီးဦးထုပ်မဆောင်းသူများအား ရှောင်တခင်စစ်ဆေး အရေးယူမှုကို မတ် ၂၈ ရက်က စတင်ပြုလုပ်ခဲ့ကြောင်း သိရသည်။

အမှတ်(၇၈) ယာဉ်ထိန်းတပ်ဖွဲ့စုမှူးရုံးမှ ယာဉ်ထိန်းတပ်ဖွဲ့ဝင်များနှင့် နယ်မြေခံရဲတပ်ဖွဲ့ဝင်များက သုဝဏ္ဏဝတီမြို့သိမ်ဆိပ်နယ်မြေရဲစခန်းရှေ့လမ်းပေါ်တွင် ရှောင်တခင်စစ်ဆေး အရေးမှုများကို ပထမအဆင့်အနေဖြင့် ပြုလုပ်ခြင်းဖြစ်ကြောင်း သိရသည်။ အရေးယူရာတွင် ဦးထုပ်မဆောင်းသူများနှင့် စည်းကမ်းမဲ့ ဆိုင်ကယ်စီးနင်းလာသူများအားဖမ်းဆီးကာ ဆိုင်ကယ်ကို ရဲစခန်းတွင် ထိန်းသိမ်းထား၍ ချလန်ဖြတ်စေပြီး ကျသင့်သည့် ဒဏ်ငွေကို မြို့နယ်တရားရုံးသို့ လူကိုယ်တိုင် သွားရောက်ပေးဆောင်စေပြီးမှ ရဲစခန်းတွင် ခေတ္တသိမ်းဆည်းထားသော ဆိုင်ကယ်ကိုပြန်လည်ထုတ်ယူနိုင်ကြောင်း သိမ်ဆိပ်နယ်မြေရဲစခန်းမှ သိရသည်။

"ရွာကနေ ဈေးလာဝယ်တာ ဆိုင်ကယ်မောင်းတဲ့သူက ဦးထုပ်ပါပေမယ့် ကျွန်မက မပါဘူးလေ၊ ဆိုင်ကယ်ကယ်ရီသမားလည်း ဒုက္ခ၊ ကျွန်မလည်း ပြန်ဖို့ခက်နေတယ်" ဟု ချောင်းစောင့်ကျေးရွာမှ ဈေးဝယ်လာသူတစ်ဦးကပြောသည်။

ရှောင်တခင် ဖမ်းဆီးစစ်ဆေးသည့် နာရီဝက်ခန့်အချိန်အတွင်း ဖမ်းဆီးအရေးယူခံရသည့် ဆိုင်ကယ် ၃၅ စီးရှိပြီး အများစုမှာ မြို့အနီးပတ်ဝန်းကျင်ကျေးရွာများမှ အများဆုံးဖြစ်သည့်အတွက် မြို့နယ်တရားရုံးသို့ ဒဏ်ကြေးများသွားရောက် ပေးဆောင်ရန် အခက်အခဲများရှိနေကြသည်ကိုလည်း တွေ့ရကာ ကျေးလက်တောရွာများမှ ပြည်သူများအနေဖြင့် ယာဉ်စည်းကမ်းများကို လိုက်နာနိုင်မှုတွင် အားနည်းနေကြောင်းလည်း သိရသည်။

ခွန်(ဝင်းပ)

လူကုန်ကူးမှုတားဆီးကာကွယ်ရေးနှင့် မူခင်းကျဆင်းရေး အင်းတော်မြို့နယ်၌ ပညာပေးဟောပြော

အင်းတော် မတ် ၂၉

စစ်ကိုင်းတိုင်းဒေသကြီး အင်းတော်မြို့နယ် မာန်ဟဲကျေးရွာအုပ်စု ပေကုန်းကျေးရွာနေပြည်သူများအား လူကုန်ကူးမှုတားဆီးကာကွယ်ရေး အသိပညာပေး ဟောပြောပွဲကို မုံရွာနှင့် ကသာခရိုင် ရဲတပ်ဖွဲ့တို့က ကြီးမှူး၍ ကျေးရွာဘုန်းတော်ကြီးကျောင်း ဓမ္မာရုံ၌ မတ် ၂၈ ရက်က ကျင်းပခဲ့သည်။

ဟောပြောပွဲတွင် လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့ တပ်ဖွဲ့စု(၁၄) မုံရွာနှင့် ကသာခရိုင် ရဲတပ်ဖွဲ့တို့မှ တပ်ဖွဲ့ဝင်များနှင့် ကုန်းနယ်မြေရဲကင်းစခန်းမှူး ရဲအုပ်ကျော်စိုးလွင်နှင့် တပ်ဖွဲ့ဝင်များက လူကုန်ကူးမှု ကာကွယ်ရေးဆိုင်ရာ သိကောင်းစရာများ၊ လူကုန်ကူးမှု တားဆီးနှိမ်နင်းရေးအတွက် ရဲတပ်ဖွဲ့က ဆောင်ရွက်နေမှုများ၊ မူးယစ်ဆေးဝါးအန္တရာယ်အကြောင်း သိကောင်းစရာများနှင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာများကို အသိပညာပေးဟောပြောခဲ့ကြကာ ဟောပြောပွဲသို့ ပေကုန်းကျေးရွာ အုပ်ချုပ်ရေးအဖွဲ့ဝင်များ၊ မိခင်နှင့်ကလေး၊ အမျိုးသမီးရေးရာ၊ အရန်မီးသတ်တပ်ဖွဲ့တို့မှ အဖွဲ့ဝင်များနှင့် ကျေးရွာနေပြည်သူများ တက်ရောက်ခဲ့သည်။

ဝ၆၉

ရေး-ရန်ကုန်-ထားဝယ် တိုက်ရိုက် ရထားခရီးစဉ်ကို သင်္ကြန်ရက်အတွင်း ပုံမှန်ပြေးဆွဲမည်

ရေး မတ် ၂၉

မြန်မာ့မီးရထားက ပြေးဆွဲလျက်ရှိသော ရေး-ရန်ကုန်-ထားဝယ် တိုက်ရိုက်ရထားခရီးစဉ်ကို ယခုရက်များအတွင်း စီးနင်းသည့်ခရီးသည် များပြားနေသလို လာမည့် သင်္ကြန်ကာလအတွင်းတွင်လည်း ပုံမှန်အတိုင်း ပြေးဆွဲသွားရန်ရှိကြောင်း ရေးဘူတာရုံ ရုံပိုင်ကြီး ဦးမောင်မောင်မြင့်က ပြောကြားသည်။

ယခုရက်ပိုင်းအတွင်း ရေးမြို့နယ်မှ ပင်လယ်ကမ်းခြေများသို့ လာရောက်လည်ပတ်သူများရှိနေသလို ပြည်တွင်းပြည်ပမှ ခရီးသွားများပါ ယခင်ကာလများကထက် လာရောက်လည်ပတ်မှု ပိုများနေကြောင်း၊ ယခင်က ရေး-ရန်ကုန်-ထားဝယ် ရထားခရီးစဉ်ကို စီးနင်းသူဦးရေမှာ တစ်ရက်လျှင် စီးနင်းသူ ၆၀၀ ဝန်းကျင်ခန့် ရှိရာမှ ယခုအချိန်တွင် တစ်ရက် လျှင် ၇၅၀ ဝန်းကျင်အထိရှိနေကြောင်း ရုံပိုင်ကြီးက ပြောသည်။

ရေး-ရန်ကုန်-ထားဝယ် တိုက်ရိုက်ရထားခရီးစဉ်များကို စီးနင်းသူများနေသဖြင့် သင်္ကြန်ကာလအတွင်း ခရီးသည်များ အဆင်ပြေချောမွေ့စေရေးအတွက် ပုံမှန်အတိုင်း ပြေးဆွဲသွားရန်ရှိသလို လူစီးလက်မှတ်ခ နှုန်းထားများကိုလည်း ပုံမှန်ဈေးနှုန်းအတိုင်းသာ ကျသင့်ပေးချေရမည်ဖြစ်ကြောင်းလည်း သိရသည်။

ရေး-ရန်ကုန်-ထားဝယ် ခရီးစဉ်ကို ပုံမှန်စီးနင်းနေသည့် ခရီးသည်တစ်ဦးဖြစ်သော သိမ်ဇရပ်မှ မကေသီဝင်းက "အရင်ကထက် ရထားစီးရတာ ကောင်းလာပါတယ်၊ ထိုင်ခုံကအစ အများသုံးသန့်စင်ခန်းလည်း ကောင်းလာပါတယ်၊ လိုက်ပါစီးတဲ့သူတွေလည်း သက်သောင့်သက်သာနဲ့စီးနိုင်လို့ သက်ကြီးရွယ်အိုတွေအတွက်ဆို ပိုပြီးအဆင်ပြေပါတယ်"ဟု ပြောသည်။

နေမျိုးထွန်း(ရေး)

ကျောက်ဆည်မြို့နယ်မှ ရိုးမြောင်းရေထွက်ပြွန်တိုးချဲ့ပြီးစီး

ကျောက်ဆည် မတ် ၂၉

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်မြို့နယ်သည် ဆန်စပါးကို အဓိကစိုက်ပျိုးသီးနှံအဖြစ် ဆည်ရေသောက်စနစ်ဖြင့် စနစ်တကျ စိုက်ပျိုးသောမြို့နယ်ဖြစ်ကာ စိုက်ပျိုးရေးအတွက် အဓိကထား သုံးစွဲလျက်ရှိသော မြောင်းများကောင်းမွန်ရန်လည်း ခေတ်အဆက်ဆက်အစိုးရများက ဆောင်ရွက်ပေးခဲ့သည်။ သို့သော် အချို့နေရာများတွင် အကြောင်းအမျိုးမျိုးကြောင့် ရေထွက်မကောင်းသည့်ရိုးမြောင်းများ ရှိနေသေးပြီး ထိုရိုးမြောင်းများ ဘေးရှိ စပါးစိုက်ခင်းများသည် မိုးရာသီတွင် ရေကြီးနစ်မြုပ်မှုများနှင့် ကြုံတွေ့နေရလျက်ရှိရာ မင်းရဲမြောင်း၊ သင်တောင်းလက်တံမြောင်း၊ ဘိုးဘေးရိုးနှင့် ရွှေလေးရိုးတို့ဘေးရှိ စပါးစိုက်ခင်းများမှာလည်း ရေနစ်မြုပ်မှုကို ကြုံရသော စိုက်ခင်းများဖြစ်သည်။

၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်အတွင်း မြို့နယ်ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီဌာနက တိုင်းဒေသကြီး ခွင့်ပြုရန်ပုံငွေ ကျပ် ၄၃ သန်းဖြင့် သင်တောင်းလက်တံမြောင်း၊ ဘိုးဘေးရိုးနှင့် ရွှေလေးရိုးတို့ တွေ့ဆုံဖြတ်သန်းသည့် ရေထွက်ပြွန်ပေါက်ကို ယခင် အကျယ် ၅ ပေနှင့် အမြင့်တစ်ပေခွဲ ရေထွက်ပေါက်နှစ်ပေါက်အစား အကျယ် ၅ ပေနှင့် အမြင့်သုံးပေရှိ ရေထွက်ပေါက်သုံးပေါက် အသစ်ပြုလုပ်ခဲ့ရာ လုပ်ငန်းများပြီးစီးပြီဖြစ်၍ ရေထွက်ကောင်းမွန်သွားပြီး နှစ်စဉ်ရေကြီးနစ်မြုပ်မှု ခံနေရသည့် ရိုးဘေးတစ်လျှောက်မှ စပါးစိုက်ဧက ၃၀၀ ခန့်မှာလည်း ရေကြီးနစ်မြုပ်ခြင်းမှ ကင်းဝေးတော့မည်ဖြစ်ကြောင်း သိရသည်။

သက်မောင်

ဇော်ဂျီရေလှောင်တမံမှ ရေလုံလောက်စွာပေးနိုင်သဖြင့် ကျောက်ဆည်ခရိုင်တစ်ခုလုံး နွေစပါး ပိုမိုစိုက်ပျိုးနိုင်မည်

ရပ်စောက် မတ် ၂၉

ရှမ်းပြည်နယ် တောင်ပိုင်း ရပ်စောက်မြို့နယ်နှင့် ရွာငံမြို့နယ်ရှိ ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနက ထိန်းသိမ်းထားသော ဇော်ဂျီရေလှောင်တမံကို ယခုနှစ်တွင် ပုံမှန်ထိန်းသိမ်းပြုပြင်မှုများပြုလုပ်ခဲ့ပြီး လက်ရှိ ရေသိုလှောင်မှုအရ စိုက်ပျိုးရေ ပိုမိုပေးဝေနိုင်မည်ဖြစ်၍ ကျောက်ဆည်ခရိုင်တစ်ခုလုံးတွင် နွေစပါးနှင့် အခြား သီးနှံများကို ယခင်နှစ်ကထက် ပိုမိုစိုက်ပျိုးနိုင်တော့မည်ဖြစ်ကြောင်း သိရသည်။

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်ခရိုင်အတွင်းရှိ ရေသောက်ဧရိယာဧက ၁၁၀၀၀၀ ကို မိုးရာသီနှင့် နွေရာသီ တစ်နှစ်ပတ်လုံး သီးနှံများ အောင်မြင်စွာစိုက်ပျိုးနိုင်ရေးအတွက် စိုက်ပျိုးရေ အလုံအလောက်ပေးဝေနိုင်ရန်နှင့် မိုးတွင်းကာလ ဇော်ဂျီချောင်းရေကြီးမှုကြောင့် သီးနှံစိုက်ခင်းများ ပျက်စီးဆုံးရှုံးရခြင်းမှကာကွယ်ရန်အတွက် အမြင့်ပိုင်းဒေသဖြစ်သော ရှမ်းပြည်နယ်တောင်ပိုင်းတွင် ဇော်ဂျီရေလှောင်တမံကို တည်ဆောက်ကာ စိုက်ပျိုးရေပေးဝေသော ဆည်ရေနှင့် မိုးတွင်းပိုလျှံရေကို အသုံးချလျက် ရေအားလျှပ်စစ်ဓာတ်အား

၁၂ မဂ္ဂါဝပ်ကိုလည်း ထုတ်လုပ်လျက်ရှိသည်။ ကျောက်ဆည်ခရိုင်ရှိ ဇော်ဂျီရေသောက်စနစ်၏ စိုက်ပျိုးရေလိုအပ်ချက် တောင်းခံမှုအပေါ်မူတည်၍ ပေးဝေခဲ့ပြီး ယခုအခါ ဇော်ဂျီရေလှောင်တမံ အောက်ဘက်တွင် မြို့ကြီးရေလှောင်တမံကိုလည်း တည်ဆောက်ပြီးစီးသွားသဖြင့် တိုက်ရိုက်ထုတ်လွှတ်ခြင်းမပြုတော့ဘဲ မြို့ကြီးရေလှောင်တမံသို့ ထုတ်လွှတ်ပေးကာ စိုက်ပျိုးရေလိုအပ်ချက်အတိုင်း မြို့ကြီးရေလှောင်တမံမှ ပေးဝေလျက်ရှိသည့်အပြင် ရေအားလျှပ်စစ်ဓာတ်အား ၃၀ မဂ္ဂါဝပ်ထုတ်လုပ်ပေးနေသဖြင့် ပြည်သူများ လျှပ်စစ်ဓာတ်အားကိုလည်း ပိုမိုသုံးစွဲနိုင်တော့မည်ဖြစ်ကြောင်း သိရသည်။

ဆည်မြောင်းနှင့်ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာနအနေဖြင့် တမံထိန်းသိမ်းပြုပြင်မှုများ ဆောင်ရွက်ရာတွင် ယခင်ကထက် လမ်းပန်းဆက်သွယ်ရေးကောင်းမွန်လာခြင်း၊ အချိန်အခါမရွေး သွားလာနိုင်ခြင်းတို့ကြောင့် ရေလှောင်တမံများကို ပုံမှန်ထိန်းသိမ်းပြုပြင်မှုများ လုပ်နိုင်ခဲ့ပြီး ဇော်ဂျီရေလှောင်တမံတွင် ယခုနှစ်အတွင်း ရေ ၃၂၅၀၈၂ ဒသမ ၅၁ဧကပေ သိုလှောင်ထားနိုင်ခဲ့ကာ မြို့ကြီးရေလှောင်တမံသို့ ရေပိုမိုလွှတ်ပေးနိုင်၍ မြို့ကြီးရေလှောင်တမံမှတစ်ဆင့် ကျောက်ဆည်ခရိုင်ရှိ ဇော်ဂျီဆည်ရေသောက် လယ်မြေများသို့ စိုက်ပျိုးရေလုံလောက်စွာ ပေးဝေနိုင်ပြီဖြစ်သဖြင့် ကျောက်ဆည်ခရိုင်အတွင်း၌ နွေစပါးကို ယခင်နှစ်များကထက် ပိုမိုစိုက်ပျိုးနိုင်ကာ တောင်သူလယ်သမားများအတွက် ပို၍ အဆင်ပြေလာမည်ဖြစ်ကြောင်း သိရသည်။

မြို့နယ် (ပြန်/ဆက်)

ပုသိမ်မြို့နယ်တရားရုံး အဆောက်အအုံသစ်ဖွင့်လှစ်

ပုသိမ် မတ် ၂၉

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ပုသိမ်မြို့နယ်တရားရုံး အဆောက်အအုံသစ်ဖွင့်ပွဲကို မတ် ၂၆ ရက် နံနက် ၈ နာရီက ပုသိမ်မြို့ အမှတ် ၁၃ နယ်မြေ မြက်တိုရပ်ကွက်၌ ကျင်းပခဲ့ရာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးလှမိုးအောင်နှင့်တိုင်းဒေသကြီး တရားလွှတ်တော်တရားသူကြီးချုပ် ဦးသန်းထွန်း၊ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးကျော်စွာလှိုင်၊ လျှပ်စစ်၊ စွမ်းအင်၊ စက်မှုလက်မှုနှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးဝင်းဌေးတို့က တက်ရောက်၍ ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးခဲ့ကြသည်။

အခမ်းအနားသို့ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် အစိုးရအဖွဲ့ ဝန်ကြီးများ၊ တိုင်းဒေသကြီး တရားလွှတ်တော်တရားသူကြီးချုပ်နှင့်တိုင်းဒေသကြီး တရားလွှတ်တော်တရားသူကြီးများ၊ တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်အဆင့်တရားသူကြီးများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် ရှေ့နေရှေ့ရပ်များ စုစုပေါင်း ၁၀၀ ကျော် တက်ရောက်ခဲ့ကြောင်း သိရသည်။

ပုသိမ်-လှကြည်

မြိုင်မြို့ ရွှေမြင်းတင်ဘုရားကြီး ဗုဒ္ဓပူဇနီယပွဲတော် ကျင်းပမည်

မြိုင် မတ် ၂၉

နှစ်စဉ်ကျင်းပမြဲဖြစ်သော မြိုင်မြို့သမိုင်းဝင်ရွှေမြင်းတင်မြတ်စွာဘုရားကြီး ဗုဒ္ဓပူဇနီယပွဲတော်ကြီးကို ကဆုန်လဆန်း ၁၁ ရက်မှ လပြည့်ကျော် ၃ ရက်အထိ ဘုရားကြီးကုန်းတော်ရင်ပြင်၌ ကျင်းပမည်ဖြစ်ကြောင်း ဂေါပကအဖွဲ့ထံမှ သိရသည်။

ကဆုန်လဆန်း ၈ ရက်မှ ၁၂ ရက်အထိတွင် ဘုရားကြီးအာရုံခံတိုက်တော်အတွင်း၌ သံဃာတော် အရှင်သူမြတ်များက အသံမစဲ ပဋ္ဌာန်းမြတ်ဒေသနာတော် ရွတ်ဖတ်ပူဇော်ကြပြီး လပြည့်နေ့နံနက်တွင် သံဃာတော်များအား ဆွမ်းလောင်းလှူပွဲ ကျင်းပမည်ဖြစ်ကြောင်း ဂေါပကအဖွဲ့ဥက္ကဋ္ဌ ဦးလှသောင်က ပြောသည်။ ထို့အပြင် ပွဲတော်ဈေးအတွက် ဆိုင်ခန်းများ နေရာချထားရေး၊ လုံခြုံရေးနှင့် လျှပ်စစ်မီးသုံးစွဲရေး စသည်တို့ကိုလည်း အဖွဲ့ငယ်များ ဖွဲ့စည်းဆောင်ရွက်ထားကာ ဖျော်ဖြေရေးအစီအစဉ်များလည်း ထည့်သွင်းကျင်းပရန် စီစဉ်ထားကြောင်း သိရသည်။

စိန်မြိုင်(မြိုင်)

ဟိုပင်မြို့၌ နွေရာသီ ရှမ်းစာပေသင်တန်းဆင်းပွဲနှင့် အလှူငွေပေးအပ်ပွဲကျင်းပ

ဟိုပင် မတ် ၂၉

ကချင်ပြည်နယ် ဟိုပင်မြို့ မြသီတာရပ်ကွက်ရှိ ရှမ်းစာပေနှင့် ယဉ်ကျေးမှုရုံးက ဖွင့်လှစ်ခဲ့သည့် (၁၅)ကြိမ်မြောက် နွေရာသီရှမ်းစာပေ သင်တန်းဆင်းပွဲနှင့် အလှူငွေပေးအပ်ပွဲကို မတ် ၂၅ ရက်က ကျင်းပခဲ့သည်။

အလှူငွေပေးအပ်ပွဲတွင် ရှမ်းစာပေနှင့် ယဉ်ကျေးမှု

ကျောင်းသို့ ဦးကြီးရွှေ မိသားစုက ကျပ်ဆယ်သိန်း၊ ရှမ်းယဉ်ကျေးမှုအက အမျိုးသမီးအဖွဲ့က ကျပ်သိန်းနှစ်ဆယ်နှင့် ဦးတင်မောင် မိသားစုက ကျပ်တစ်သိန်း စုစုပေါင်း ၃၁ သိန်းကို ပေးအပ်လှူဒါန်းရာ ရှမ်းစာပေနှင့် ယဉ်ကျေးမှုအဖွဲ့ဥက္ကဋ္ဌ ဦးသိန်းအောင်က လက်ခံရယူပြီး ကျေးဇူးတင်စကားပြောကြားခဲ့သည်။ ရှမ်းစာပေကို သင်ယူလေ့လာနေသူများ များပြားလာသဖြင့် အဆောက်အအုံနေရာ ကျဉ်းလာခြင်းကြောင့် ရေရှည်အသုံးပြုနိုင်ရန် ကျန်ရှိသောမြေနေရာတွင် သင့်တော်သော အဆောက်အအုံ ဆောက်လုပ်နိုင်ရေးအတွက် ယခုလို လာရောက်လှူဒါန်းခြင်းဖြစ်ကြောင်း အလှူရှင် ဦးကြီးရွှေက ပြောသည်။

ထို့နောက် သင်တန်းပို့ချပေးသော ဆရာမ ဒေါ်စွဲ့အေးမင်းခင်အား ဂုဏ်ပြုလက်ဆောင်များ ပေးအပ်ပြီးနောက် နွေရာသီ ရှမ်းစာပေသင်တန်းဆင်းပွဲကို ဆက်လက်ကျင်းပကာ ထူးချွန်သင်တန်းသား သင်တန်းသူများအား ဆုများချီးမြှင့်ခဲ့သည်။

မင်းမင်းဦး

လယ်ယာမြေသိမ်းဆည်းခံရမှု ပြန်လည်စိစစ်ရေး ကော်မတီဝင်များ စွမ်းဆောင်ရည်မြှင့်တင်ရေးသင်တန်းဖွင့်

ဇလွန် မတ် ၂၉

ဧရာဝတီတိုင်းဒေသကြီး ဇလွန်မြို့နယ်အတွင်းမှ ရပ်ကွက်၊ ကျေးရွာအုပ်စု လယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်းခံရမှုများ ပြန်လည်စိစစ်ရေးကော်မတီဝင်များ လုပ်ငန်းစွမ်းဆောင်ရည်မြှင့်တင်ရေးသင်တန်းကို မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ မတ် ၂၈ ရက်က ဖွင့်လှစ်ခဲ့သည်။

သင်တန်းဖွင့်ပွဲတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမျိုးသက်အောင်က သင်တန်းဖွင့်လှစ်ခြင်း ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားခဲ့ပြီး မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနမှူး ဦးအောင်ဆန်းဦးက သိမ်းဆည်းမြေများနှင့်ပတ်သက်သည့် မူဝါဒများ၊ စွန့်လွှတ်သည့်မြေများကို သက်ဆိုင်သူများ၏လက်ဝယ်သို့ အမြန်ဆုံးရောက်ရှိရေးအတွက် ချမှတ်ထားသောမူဝါဒများ၊ သိမ်းဆည်းမြေများနှင့်စပ်လျဉ်း၍ စိစစ်ရန်အချက်များ၊ စွန့်လွှတ်ခြင်းမရှိသည့် သိမ်းဆည်းမြေများနှင့်စပ်လျဉ်း၍ စိစစ်ရန်အချက်များ၊ စွန့်လွှတ်သည့်သိမ်းဆည်းမြေများနှင့်စပ်လျဉ်း၍ စိစစ်ရန်အချက်များ စသည်တို့ကို ရပ်၊ ကျေး လယ်ယာမြေနှင့်အခြားမြေများသိမ်းဆည်းခံရမှု ပြန်လည်စိစစ်ရေးကော်မတီဝင်များအား အသေးစိတ် ရှင်းလင်းပို့ချခဲ့ကာ သင်တန်းသို့ ရပ်ကွက်နှင့် ကျေးရွာများမှ ကော်မတီဝင် အင်အား ၁၅၀ ခန့် တက်ရောက်ခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

ပင်လည်ဘူးမြို့မှ လူထုဗဟိုပြုစီမံကိန်းလုပ်ငန်းခွဲများတိုးတက်မှုကို ကြည့်ရှုစစ်ဆေး

ပင်လည်ဘူး မတ် ၂၉

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် ပင်လည်ဘူးမြို့၌ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် ကမ္ဘာ့ဘဏ်တို့ပူးပေါင်း၍ ဆောင်ရွက်နေသော လူထုဗဟိုပြုစီမံကိန်း စတုတ္ထစက်ဝန်း လုပ်ငန်းခွဲများနှင့် တိုးတက်မှုအခြေအနေများကို တိုင်းဒေသကြီး ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးဝင်းကျော်မျိုး၊ မြို့နယ်ဦးစီးမှူး ဦးမင်းမင်းသန်းနှင့် မြို့နယ်လူထုဗဟိုပြု စီမံကိန်းတာဝန်ခံ ဦးကျော်သူဝင်းနှင့် ဝန်ထမ်းအဖွဲ့ မတ် ၂၇ ရက်က ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ပင်လည်ဘူးမြို့နယ်တွင် လူထုဗဟိုပြုစီမံကိန်း ရန်ပုံငွေဖြင့် ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်နေသော ကျေးရွာ ၁၄၄ ရွာ၊ လုပ်ငန်းခွဲ ၁၅၄ မျိုးရှိရာ လုပ်ငန်းခွဲအမျိုးအစားများမှာ ရွာချင်းဆက်လမ်း၊ ရွာတွင်းလမ်းနှင့် ရေမြောင်းတံတား ၈၄ ခု၊ စာသင်ကျောင်း၊ စာကြည့်တိုက်၊ ကျေးရွာခန်းမနှင့် အခြားအဆောက်အအုံ ၅၆ ခု၊ ရေပေးဝေရေးလုပ်ငန်း ခုနစ်ခုနှင့် လျှပ်စစ်မီးလင်းရေး ခုနစ်ခုရှိကြောင်း၊ အဆိုပါလုပ်ငန်းများအနက် ပြီးစီးသည့် လုပ်ငန်း ၆၇ ခုရှိကာ ဆောင်ရွက်နေဆဲလုပ်ငန်း ၈၇ ခု ကျန်ရှိနေသေးကြောင်း လူထုဗဟိုပြုစီမံကိန်းမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

လုပ်ငန်းစစ်ဆေးရေးအဖွဲ့သည် ကျေးရွာများတွင် ဆောင်ရွက်နေသော လူထုဗဟိုပြုစီမံကိန်းလုပ်ငန်းခွဲများနှင့် တိုးတက်မှုအခြေအနေများကို ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့ကြပြီး ကျန်ရှိနေသော လမ်း၊ အဆောက်အအုံ၊ ရေပေးဝေရေး၊ လျှပ်စစ်မီးလင်းရေးနှင့်အခြားလုပ်ငန်းများကို သတ်မှတ်စံချိန်စံညွှန်းနှင့်ကိုက်ညီရေး၊ အသုံးပြုသောပစ္စည်းများ အရည်အသွေးပြည့်မီရေး၊ ပုံစံများစနစ်တကျဖြစ်ရေးနှင့် အချိန်မီပြီးစီးရေးတို့အတွက် တာဝန်ရှိသူများအား မှာကြားခဲ့ကြောင်း သိရသည်။

မျိုးလွင် (ပင်လည်ဘူး)

ရခိုင်ပြည်နယ်ဝန်ကြီးချုပ် အမ်းမြို့နယ်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ကြည့်ရှုစစ်ဆေး

အမ်း မတ် ၂၉

ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးညီပုသည် လျှပ်စစ်၊ စက်မှုနှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးအောင်ကျော်ဇံ၊ ချင်းတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဦးပုန်ဘွေ၊ ပြည်နယ်/ မြို့နယ်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်အတူ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်တွင် မြို့နယ်အတွင်းဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှု မတ် ၂၆ ရက်က ကွင်းဆေးစစ်ဆေးခဲ့ကြောင်း သိရသည်။

အဆိုပါ ၂၀၁၇ -၂၀၁၈ ဘဏ္ဍာနှစ်တွင် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများဖြစ်သော အမှတ် ၃ ရပ်ကွက်နှင့်လေယာဉ်ကွင်းရပ်ကွက်တွင် Load Share ပြုပြင်ရန် ၁၁ ကေဗွီခတ်အားလိုင်း ၀ ဒသမ ၃၅ မိုင်၊ ၁၁ / ၀ ဒသမ ၄ ကေဗွီ ၂၀၀ ကေဗွီအေ ထရန်စဖော်မာတစ်လုံး ၄၀၀ ဗို့ ခတ်အားလိုင်း(၀ ဒသမ ၃ မိုင်)အားတိုးချဲ့တည်ဆောက်ခြင်းများ၊ ကွန်ကရစ်ခင်းခြင်း လုပ်ငန်းကိုးခု၊ အမ်းမြို့ရေပေးရေးပိုက်လိုင်းများ လဲလှယ်ခြင်းနှင့် လိုအပ်သောနေရာများကို အသစ်သွယ်တန်းခြင်း၊ ဈေးတောင်ရပ်ကွက်ရတနာလမ်းပေါ်ရှိ တံတားတည်ဆောက်ခြင်းလုပ်ငန်း၊ ကျေးရွာချင်းဆက် မြေသားလမ်းဖောက်လုပ်ခြင်းလုပ်ငန်း၊ မင်းဘူး- အမ်း- တပ်တောင်မြေသားလမ်းချဲ့ခြင်း၊ မြေကြီးတာပေါင်ချဲ့ခြင်းလုပ်ငန်း၊ ရေခပ်ဆိပ်ကာရီအခိုင်အမာ တည်ဆောက်ခြင်း၊ ရေတိုက်စားခြင်းမှ ကာကွယ်နိုင်ရန် ကျောက်စီမြေထိန်းနံရံ ပြုလုပ်ခြင်းလုပ်ငန်း၊ RCC ကျောင်းဆောင်သစ်တစ်ထပ်ဆောက်လုပ်ခြင်းလုပ်ငန်းနှင့် တပ်တောင်မြို့မီးသတ်စခန်းသံကူကွန်ကရစ်အဆောက်အအုံ တည်ဆောက်ခြင်းလုပ်ငန်းတို့ကို ဘဏ္ဍာနှစ်အတွင်း ပြီးစီးနိုင်မှု ရှိ မရှိစစ်ဆေးပြီး လုပ်ငန်းများဆောင်ရွက်ချက်အပေါ် လိုအပ်ချက်များကို ဖြည့်စွက်မှာကြားခဲ့ကြောင်း သိရသည်။

မြို့နယ် (ပြန် / ဆက်)

ဆည်တော်ကြီးရေဖြင့် မန္တလေးနှင့် အမရပူရမြို့နယ်များမှ လယ်သမားများသီးနှံဖွံ့ဖြိုးတိုးတက်နေ

မန္တလေး မတ် ၂၉

မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်ခရိုင် မတ္တရာမြို့နယ်ရှိ ချောင်းမကြီးချောင်းပေါ်တွင် ဆည်တော်ကြီး ရေလှောင်တမံကို ၁၉၇၆ ခုနှစ်က တည်ဆောက်ပြီး ဆည်တော်ကြီးမှ ဆည်ရေကို မတ္တရာ၊ ပုသိမ်ကြီး၊ မန္တလေးနှင့် အမရပူရမြို့နယ်များအတွင်းရှိ စိုက်ပျိုးမြေများကို စိုက်ပျိုးရေပေးဝေခဲ့သည်။

ရှေးမြန်မာမင်းများ လက်ထက်ကတည်းက ချောင်းမကြီးချောင်းပေါ်တွင် ရေလွှဲဆည်တစ်ခု တည်ဆောက်ပြီး ရွှေလောင်းတူးမြောင်းမှတစ်ဆင့် ရေသွင်း၍ သီးနှံများ စိုက်ပျိုးခဲ့သည်။ ၁၉၀၁ ခုနှစ်တွင် ဆည်တော်ကြီး ရေလွှဲဆည်နှင့် မန္တလေးတူးမြောင်းကို တည်ဆောက်ပြီး စိုက်ပျိုးမြေဧက ၉၅၀၀၀ ကို ရေသွင်းစိုက်ပျိုးခဲ့သည်။

ထိုဆည်မှာ ရေလွှဲဆည်ဖြစ်သဖြင့် ချောင်းတွင်းရေစီးရေလာပေါ်တွင် အမှီပြု၍ရေပေးဝေရသောကြောင့် ရေစီးရေလာ နည်းပါးသောနွေရာသီတွင် စိုက်ပျိုးရေလုံလောက်စွာ ပေးဝေနိုင်ခြင်းမရှိခဲ့ချေ။ ထို့ကြောင့် ချောင်းအတွင်း ရေစီးရေလာကို ရေလှောင်တမံပိတ်ဆို့ကာ သိုလှောင်ထိန်းသိမ်းပြီး ရာသီမရွေးစိုက်ပျိုးရေ အလုံအလောက်ပေးဝေနိုင်ရန်အတွက် ဆည်တော်ကြီးရေလှောင်တမံကို တည်ဆောက်ခဲ့ရခြင်းဖြစ်ပြီး အဆိုပါဆည်မှာ ချောင်းမကြီးချောင်းကိုပိတ်၍ ဆည်ထားသော ဆည်ကြီး ဖြစ်သည်။ တမံအမျိုးအစားမှာ မြေသားကွန်ကရစ်ကျောက်ဖြည့်တမံဖြစ်သည်။

တမံအလျားမှာ ပေ ၄၁၂၀ ဖြစ်သည်။ ဆည်တော်ကြီးတမံ၏ ထူးခြားချက်မှာ တမံအမျိုးအစားသုံးမျိုးဖြင့် တည်ဆောက်ထားသည်။

မြေသားတမံ ၂၇၅၈ ပေ၊ ကွန်ကရစ်တမံ ၇၇၇ ပေ၊ ကျောက်ဖြည့်တမံ ၅၈၅ ပေဖြစ်သည်။ တမံအမြင့်မှာ ၁၃၃ ပေ၊ တမံထိပ်အကျယ် ပေ ၂၀ ဖြစ်သည်။ ကန်ရေပြည့်ရေလှောင် တမံပမာဏမှာဧကပေ ၃၆၃၀၀၀ ဖြစ် သည်။

ဆည်တော်ကြီး ရေလှောင်တမံမှ ဆည်ရေကိုရေသောက်စနစ်သုံးမျိုးဖြင့် စိုက်ပျိုးမြေများကို ရေပေးဝေနေသည်။ မန္တလေးတူးမြောင်းရေသောက်စနစ်တွင် မန္တလေးတူးမြောင်းမကြီး ၄၂ မိုင်၊ လက်တံမြောင်းများ ၁၀၂ မိုင်မှ ရေမြောင်းမကြီးတစ်ခုနှင့် လက်တံမြောင်း ၁၈ ခုတို့မှ တစ်ဆင့် မတ္တရာ၊ ပုသိမ်ကြီး၊ မန္တလေးနှင့် အမရပူရမြို့နယ်များအတွင်းရှိ စိုက်ပျိုးမြေ ၇၁၆၇၀ ဧကကို စိုက်ပျိုးရေများပေးဝေနေသည်။

ရေစုပ်စက်ရေသောက်စနစ်တွင် တူးမြောင်းမကြီးနှစ်ခုနှင့် လက်တံမြောင်း ၂၉ ခုတို့မှတစ်ဆင့်မတ္တရာမြို့နယ်၊ ပုသိမ်ကြီး မြို့နယ်အတွင်းရှိ စိုက်ပျိုးမြေ ၆၈၃၃ ဧကကို စိုက်ပျိုးရေပေးဝေနေသည်။

ဆည်တော်ကြီး ရေလှောင်တမံ တည်ဆောက်ပြီးစီးနေသဖြင့် နှစ်ပေါင်း ၃၀ အကြာ မန္တလေး၊ အမရပူရ၊ မတ္တရာ၊ ပုသိမ်ကြီးမြို့နယ်များရှိ တောင်သူလယ်သမားများ နွေစပါး၊ မိုးစပါး၊ ကြံ၊ ပဲအမျိုးမျိုး၊ နွေနှမ်း၊ ဆောင်းနှမ်းများ စိုက်ပျိုးရေ အလုံအလောက်ရရှိနေသဖြင့် ဝင်ငွေတိုးကာ စီးပွားရေးဖွံ့ဖြိုးတိုးတက်နေကြသဖြင့် ဝမ်းသာကြည်နူးနေကြသည်။

စိုက်ပျိုးရေးအပြင် ရေအားလျှပ်စစ် ထုတ်ယူနိုင်ခြင်း၊ မန္တလေးမြို့သောက်သုံးရေပေးဝေနိုင်ခြင်း၊ ဒေသတွင်းစိမ်းလန်းစိုပြည်ပြီး ရာသီဥတုကောင်းမွန်မျှတလာခြင်းစသည့်အကျိုးကျေးဇူးများခံစားနေသော ဆည်ကြီးတစ်ခုဖြစ်ကြောင်း သိရသည်။

တင်လှိုင်(မိတ္ထီလာ)

ကျိုက်သလ္လံ စေတီတော်မြတ်ကြီးအား သန့်ရှင်းရေးဆောင်ရွက်

မော်လမြိုင် မတ် ၂၉

(၇၃) နှစ်မြောက်တပ်မတော်နေ့အား ဂုဏ်ပြုသောအားဖြင့် မွန်ပြည်နယ် ရဲတပ်ဖွဲ့မှူး ရဲမှူးကြီး ဘိုဘိုဦးစီစဉ်မှုဖြင့် မော်လမြိုင်မြို့ လှိုင်နယ်မြေရှိ သမိုင်းဝင် ကျိုက်သလ္လံစေတီတော်မြတ်ကြီးအား မတ် ၂၇ ရက်က ပြည်နယ်ဒုတိယရဲမှူးကြီး သောင်းဝင်း ဦးဆောင်သောတပ်ဖွဲ့ဝင်များ၊ မော်လမြိုင်မြို့ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူး မြင့်ဌေးဦးဆောင်သော တပ်ဖွဲ့ဝင်များ၊ သတင်းတပ်ဖွဲ့ ရဲမှူးအေးလွင်ဦးဆောင်သော တပ်ဖွဲ့ဝင်များ၊ ယာဉ်ထိန်းရဲတပ်ဖွဲ့ဝင်များ၊ အမျိုးသမီးရဲတပ်ဖွဲ့ဝင်များ စုစုပေါင်းအင်အား ၁၇၈ ဦးက စုပေါင်း သန့်ရှင်းရေးဆောင်ရွက်ပေးခဲ့ကြကြောင်း သိရသည်။

ကျော်သန်း(မော်လမြိုင်)

ပွင့်ဖြူမြို့နယ်၌ အစိုးရပါဠိပထမပြန်စာမေးပွဲ ဖြေဆို

ပွင့်ဖြူ မတ် ၂၉

မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ်တွင် ကျင်းပသည့် အစိုးရပါဠိပထမပြန်စာမေးပွဲကို မတ် ၂၈ ရက်မှ စတင်ကာ ပွင့်ဖြူမြို့အနောက်ပိုင်းရပ်ကွက်ရှိ အမှတ် ၂ အခြေခံပညာမူလတန်းလွန်ကျောင်း၌ ဖြေဆိုလျက်ရှိကြောင်း သိရသည်။

အဆိုပါ အစိုးရပါဠိပထမပြန်စာ မေးပွဲကစာမေးပွဲကို မတ် ၂၈ ရက်မှ ဧပြီ ၃ ရက်အထိ ဖြေဆိုကျင်းပသွားမည်ဖြစ်ပြီး ပထမကြီးတန်းတွင် ရဟန်းနှစ်ပါး၊ သီလရှင်နှစ်ပါး၊ ပထမလတ်တန်းတွင် သာမဏေတစ်ပါး၊ ရဟန်းလေးပါး ၊ သီလရှင်တစ်ပါး၊ ပထမငယ်တန်းတွင် သာမဏေတစ်ပါး၊ ရဟန်းသုံးပါး၊ သီလရှင်နှစ်ပါးနှင့် အခြေပြုမူလတန်းတွင် ရဟန်းတစ်ပါးတို့ဝင်ရောက် ဖြေဆိုလျက်ရှိကြောင်းသိရပြီး စာမေးပွဲဖြေဆိုချိန်တွင် မြို့နယ်သံဃနာယကဥက္ကဋ္ဌ ဆရာတော် ဦးပါမောက္ခနှင့် ဆရာတော် ၁၁ ပါးတို့က ကြီးကြပ်ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ထို့အပြင် မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် ဌာနဆိုင်ရာများမှ စာဖြေရဟန်း၊ သာမဏေ၊ သီလရှင်များနှင့် ကြီးကြပ်ဆရာတော်ကြီးများကို နေ့ဆွမ်းနှင့် မုန့်အချိုရည်များ နေ့စဉ်ဆက်ကပ်လှူဒါန်းပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ရဲဝင်းနိုင် (ညောင်ဦး)

မြို့နယ်လုံးဆိုင်ရာ သုတစုံလင်ဗုဒ္ဓဝင်ပြိုင်ပွဲ ရေနံချောင်းမြို့၌ ကျင်းပ

ရေနံချောင်း မတ် ၂၉

မကွေးတိုင်းဒေသကြီး ရေနံချောင်းမြို့ ဗုဒ္ဓမမ္မပရဟိတဖောင်ဒေးရှင်း လေးနှစ်ပြည့်အထိမ်းအမှတ် မြို့နယ်လုံးဆိုင်ရာ သုတစုံလင်ဗုဒ္ဓဝင်ပြိုင်ပွဲကို မတ် ၂၇ ရက်က ရေနံချောင်းမြို့ လည်ပေါ်သာသနာ့ဗိမာန်တော်၌ ကျင်းပခဲ့သည်။

အခမ်းအနားတွင် မြို့နယ်သံဃနာယကတွဲဖက် အကျိုးတော်ဆောင် တောင်ဇီလာကျောင်းတိုက် ဆရာတော်ဘဒ္ဒန္တပညာဝံသက သုတစုံလင်ဗုဒ္ဓဝင်ပြိုင်ပွဲကျင်းပရခြင်းနှင့် စပ်လျဉ်း၍ မြွက်ကြားတော်မူပြီး ပြိုင်ပွဲကို စတင် ကျင်းပရာ ပထမဆု၊ ဒုတိယဆု၊ တတိယဆုရရှိသူများနှင့် ရိုးရိုး အောင် ၂၆ ဦး၊ နှစ်သိမ့်ဆုခုနစ်ဦးတို့အား စိတ္တသုခကျောင်းတိုက်ဆရာတော် ဦးစန္ဒာသီရိနှင့် ဆရာတော်သံဃာတော်များ၊ ဌာန ဆိုင်ရာတာဝန်ရှိသူများက ဆုများပေးအပ်ချီးမြှင့်ခဲ့သည်။

အဆိုပါပြိုင်ပွဲကို လိမ္မာယဉ်ကျေးသော လူမှုအဖွဲ့အစည်းတစ်ခု ဖြစ်စေရေး၊ ဗုဒ္ဓ၏အကြောင်းအရာများ သိရှိနိုင်စေရေး၊ ဗုဒ္ဓမြတ်စွာဘုရားသာသနာတော်ကြီး ရေရှည်တည်တံ့ပြန့်ပွားစေရန်နှင့် သာသနာပြုမည့် မျိုးဆက်သစ်များဆက်လက်ထွက်ပေါ်စေရန်နှင့် အနာဂတ်ခေါင်းဆောင်ကောင်းများပေါ်ထွက်စေရန် ကျင်းပခြင်းဖြစ်ပြီး မြို့နယ်အတွင်းရှိ ယဉ်ကျေးလိမ္မာသင်တန်းကျောင်း ၁၈ ကျောင်းမှ ဆရာဆရာမများ၊ ကျောင်းသားကျောင်းသူများနှင့် ဌာနဆိုင်ရာများ တက်ရောက်ခဲ့ကြောင်း သိရသည်။

ကိုစိုးကြီး

မြစ်ကြီးနားမြို့သည် အချိန်မရွေးငလျင်ဖြစ်ပေါ်နိုင်ပြီး ငလျင်ဒဏ်ခံရနိုင်သည့် အနေအထားတွင်ရှိ

မြစ်ကြီးနား မတ် ၂၉

မြစ်ကြီးနားမြို့သည် အချိန်မရွေး ငလျင်ဖြစ်ပေါ်နိုင်ပြီး ငလျင်ဒဏ်ခံရနိုင်သည့် အနေအထားတွင်ရှိကြောင်း ကချင်ပြည်နယ်၏ မိုးလေဝသနှင့် ဇလဗေဒဦးစီးဌာနမှ သိရသည်။

မြန်မာနိုင်ငံတွင် ငလျင်အများစုသည် အနောက်ရိုးမဒေသ၊ စစ်ကိုင်းပြတ်ရွေ့ဒေသနှင့် အရှေ့မြောက်ပိုင်းဒေသ စသည့်နေရာသုံးခုတွင် အဖြစ်များနေကြောင်း တွေ့ရှိရပြီး ကချင်ပြည်နယ်သည် ပဲခူး၊ တောင်ငူအပိုင်း စစ်ကိုင်းတကောင်းအပိုင်းနှင့်မြစ်ကြီးနား ပူတာအိုစသည့် တောင်မှမြောက်သို့ သွယ်တန်းနေသည့် စစ်ကိုင်းပြတ်ရွေ့ကြောပေါ်တွင် တည်ရှိနေခြင်းကြောင့် ငလျင်ဒဏ်ခံရနိုင်သည့် အနေအထားတွင် ရှိနေကြောင်း သိရသည်။

"မြစ်ကြီးနားမြို့က ကမ္ဘာ့ငလျင်ကြောကြီးပေါ်နဲ့ စစ်ကိုင်းဖော့ဆိုတဲ့ ကျောက်ဖျာကြီးပေါ်မှာရှိနေတာ ဆိုတော့ အချိန်မရွေးငလျင်လှုပ်ခတ်တာ ခံစားရနိုင်ပါတယ်၊ ငလျင်လှုပ်နိုင်တဲ့ မြို့တွေထဲမှာ မြစ်ကြီးနားမြို့ ပါပါတယ်၊ အောက်ကမ္ဘာမြေကြီးထဲက ဖော့ဆိုတဲ့ ကျောက်ဖျာတွေက ရွေ့သွားတဲ့အခါနဲ့ ရှပ်ထိသွားတဲ့အခါတို့မှာ ငလျင်လှုပ်ပါတယ်၊ ငလျင်လှုပ်မှာကို ကြိုတင်မသိနိုင်ပေမယ့် တော်လည်းသံတို့၊ အလင်းဖြာထွက်သွားတာတို့၊တွင်းအောင်းတိရစ္ဆာန် အုပ်စုလိုက်အလန့်တကြား ထွက်လာတာတို့တွေက ငလျင်လှုပ်တော့မယ်ဆိုတဲ့ ကြိုတင်နိမိတ်တွေအဖြစ် သိနိုင်ပါတယ်" ဟု ပြည်နယ်မိုးလေဝသနှင့် ဇလဗေဒဦးစီးဌာနဦးစီးမှူး ဦးတင်ထိုက်က ပြောသည်။

မြန်မာနိုင်ငံ၏ ငလျင်ဇုန်များပြမြေပုံတွင် အဆင့် ၁ အားနည်းဇုန် (I)၊ အဆင့် ၂ အားလတ်ဇုန်(II)၊ အဆင့် ၃ အားပြင်းဇုန်(III)၊ အဆင့် ၄ ပြင်းထန် ဇုန်(IV)၊ အဆင့် ၅ ပျက်စီးမှုများဇုန်(V) စသည့်ဖြင့် အဆင့်သတ်မှတ်ချက်များနှင့် နှိုင်းယှဉ်သတ်မှတ်ထားရာတွင် မြစ်ကြီးနားမြို့သည် အဆင့် ၅ ပျက်စီးမှုများဇုန်(V)တွင် ပါဝင်ကြောင်းသိရသည်။

မြန်မာနိုင်ငံတွင် အကြီးဆုံးငလျင်တိုင်းတာသည့် CEA (China Earthquake Angency)နှင့် ပူးပေါင်းတည်ဆောက်ထားသည့်စက်သည် ကချင်ပြည်နယ် မြစ်ကြီးနားခရိုင် မိုင်းနားကျေးရွာရှိ မင်းထင်တောင် (ဒေသအခေါ်တရုတ်တောင်)ပေါ်တွင်ရှိကာ ထိုတောင်ပေါ်ရှိ စက်များမှတစ်ဆင့် ပြင်းအားတိုင်းတာသည့် ရစ်ချ်စတာစကေးများကိုငလျင်လှုပ်ခတ်ပြီး ၂မိနစ်အကြာတွင် နေပြည်တော်၊ ရန်ကုန်နှင့် တရုတ်နိုင်ငံများ၏ ငလျင်တိုင်းတာသည့်စက်များတွင် သိနိုင်ကြောင်း သိရသည်။ မြန်မာတစ်နိုင်ငံလုံးတွင် သဘာဝဘေးအန္တရာယ်ကြောင့် ၂၀၁၇ ခုနှစ်အတွင်း မြို့နယ် ၂၂၈ မြို့နယ်မှ လူဦးရေ ၃၂ ဦးသေဆုံးခဲ့ပြီး ငါးသောင်းကျော်ခန့်ဘေးဒုက္ခခံစားခဲ့ရကာ ၂၀၁၆ ခုနှစ်တွင် မြို့နယ် ၅၉ မြို့နယ်မှ လူဦးရေ ၄၄ ဦးသေဆုံးခဲ့ကာ တစ်သိန်းခွဲခန့်ဘေးဒုက္ခခံစားခဲ့ရကြောင်း သိရသည်။

မင်းမင်းဦး

ကလေးသူငယ်များသည် သဘာဝအရ စူးစမ်းလိုစိတ် ရှိကြသည်။
ထို စူးစမ်းလိုစိတ်ကို ဖြည့်ဆည်းရန်နှင့် ဗဟုသုတ တိုးပွားစေရန်အတွက်
ဤစာအုပ်(၈)အုပ်သည် အကောင်းဆုံး ရေးစပ်ထားသည့် စာအုပ်များဖြစ်သည်။
ရောင်စုံရုပ်ပုံများနှင့် အကြောင်းအရာပေါင်းစုံ၊ ဗဟုသုတပေါင်းစုံ ပါဝင်သော
ကလေးများအတွက် သင်ကြားရေးစာအုပ်များ ဖြစ်သည်။

တစ်အုပ်(၁၀၀၀ ကျပ်)နှုန်းဖြင့် ဖုန်းနံပါတ် ၀၁ ၃၈၅၅၉၇ သို့ဖြစ်စေ
ရွှေဝံ စာအုပ်တိုက် Facebook page ၌ဖြစ်စေ မှာယူနိုင်ပါသည်။

ဖြန့်ချိရေး ရွှေဝံ စာအုပ်တိုက် အမှတ် ၂၁၂၊ ၃၁ လမ်း(အထက်)၊ ပန်းပဲတန်းမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း ၀၁ ၃၈၅၅၉၇၊ ၀၉ ၇၈၉၆၀၃၀၇၉

ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၁၈)၊ မြေကွက်အမှတ်(၄၈၅)၊(၄၈၆)၊ ပါမစ်မြေကွက်များအား အမည်ပေါက်ထံမှ အရပ်စာချုပ်များဖြင့် လက်ဝယ်ထားရှိပိုင်ဆိုင်သူဟု ဝန်ခံကတိပြုသူ ဦးညွန့်ဦး (၁၂/အစန(နိုင်)၁၃၉၄၇၂) ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေကဝယ်ယူရန်အတွက် ရောင်းဘိုးငွေ၏တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ အထက်ဖော်ပြပါမြေကွက် အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ခိုင်လုံသောစာချုပ် စာတမ်းအထောက်အထား(မူရင်း)များ ယူဆောင်၍ ကျွန်ုပ်တို့ထံသို့ ကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ အပြီးသတ်ဆောင် ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ

ဦးမျိုးသန့် (ခ) ဦးမောင်ကြီး	ဒေါ်တင်မိုးခိုင်
LL.B(စဉ် - ၁၀၅၇၇)	LL.B(စဉ် - ၄၂၁၆၉)
တရားလွှတ်တော်ရှေ့နေ	အထက်တန်းရှေ့နေ

အမှတ်(၁၂၁၂/ခ)၊ တိုးချဲ့(၂)လမ်း၊ ၂/မြောက်ရပ်ကွက်၊ သာကေတမြို့နယ်။ ဖုန်း - ၀၉-၇၉၇၁၆၃၈၆၅၊ ၀၉-၇၉၅၃၈၆၄၄၇

ကလေးနာမည်ပေး ဆရာကြီးရာဇာဇော်ဝင်း

(LL.B.)မှ ငံဆက်သွယ်ပါ (ပိတ်ရက်မရှိ)
01-399136, 09-73009994, 09-253997740
09-5152521 တိုက်အမှတ်(၉)၊ ၈၇လမ်း၊
တာထပ်မင်္ဂလာတောင်ညွန့်၊ ရန်ကုန်မြို့

အမည်မှန်နှင့် ဖခင်အမည်မှန်

ရန်ကုန်မြို့၊ ရွှေပြည်သာမြို့နယ်၊ အလက(၁-လှော်ကား)၊ သတ္တမတန်း (A)မှ မလဂျာမျိုးပန်၏ အမည်မှန်မှာ မBမျိုးပန်ဖြစ်ပြီး ဖခင်အမည်မှန်မှာ ဦးဘန်ငူဆင်ရမ် ၁/ပတအ(နိုင်)၀၁၉၉၀၄ ဖြစ်ပါသည်။

ဖခင်အမည်မှန်

မွန်ပြည်နယ်၊ ဘီးလင်းမြို့နယ်၊ အထက အလူးလေး သတ္တမတန်း(A) ဖြေဆိုထားဆဲမှ မောင်ခန့်ထူးသော် ၁၀/ဘလန(နိုင်)၁၈၉၄၄၁၏ ဖခင်အမည်မှန်မှာ ဦးစိုးမိုးဖြစ်ပါသည်။

ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၅၃ယ/၂၅၁၉၉ Yurde 110 ယာဉ်လက်ဝယ်ရှိသူ ဒေါ်နွယ်နွယ်ဦး ၉/အမဇ(နိုင်)၀၀၇၃၅၉ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး (မန္တလေးတောင်ပိုင်း) မန္တလေးမြို့

ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 7I/5772 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကညန၊ ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)

ကန့်ကွက်နိုင်ပါကြောင်း

အင်းစိန်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-6D(၁၄၊ ၁၅၊ ၁၆)၊ မြေကွက်အမှတ် ၇၂၊ ဧရိယာ ၀.၁၁၃ ဧက၊ မြေကွက်တည်နေရာအမှတ် ၁၀၆၊ ၃လမ်း(တောင်)လမ်း၊ ကြို့ကုန်းအရှေ့ရပ်ကွက်၊ အင်းစိန်မြို့နယ်၊ (ရန်ကုန်မြို့တော်စည်ပင်)သာယာရေးကော်မတီ အမည်ပေါက်၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီမှ စီမံခန့်ခွဲခွင့်ရှိသောမြေအား အရပ်ကတိအရောင်းအဝယ်စာချုပ်အဆက်အစပ်တင်ပြ၍ ဒေါ်နီနီအောင် ၁၃/ကလန(နိုင်)၀၁၅၅၉၉ မှ အထူးဝန်ဆောင်ခနှုန်းဖြင့် ဂရန်သစ် လျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေး ကြေညာအပ်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 8F/1326 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကညန၊ ခရိုင်ရုံး(ရန်ကုန်အရှေ့ပိုင်း)

ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ်၂၂ယ/၇၆၈၇၈ OBURMA 110 ယာဉ်လက်ဝယ်ရှိသူ ဦးရဲမင်းထွန်း ၈/အလန(နိုင်)၁၃၀၀၀၇က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး(သရက်မြို့)

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ (ည)ရပ်ကွက်၊ ဝေဘာဂီလမ်းမကြီး၊ အမှတ်(၇၇၉/ခ) တွင်ဆောက်လုပ်ထားသည့်တိုက်၏ စတုတ္ထထပ်(၅လွှာ) ဟုခေါ်တွင်သော(၁၈ပေ× ၅၄ပေ)ရှိတိုက်ခန်းနှင့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကိုရောင်းချပိုင်ခွင့်ရှိကြောင်း အဆိုပြုသူ ဦးကျော်မြင့် (၁၂/ဥကမ(နိုင်)၀၈၄၈၈၅) ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက ဦးသူရထွန်း (၇/နတလ(နိုင်)၁၂၆၉၂၃)ဝယ်ယူရန်အတွက်စရံငွေပေးချေထားပြီးဖြစ်ပါသည်။ အရောင်းအဝယ်အားကန့်ကွက်လိုပါက ကျွန်ုပ်တို့ထံသို့ စာရွက်စာတမ်းအထောက်အထားမူရင်းများဖြင့် ယနေ့မှစ၍ (၇)ရက်အတွင်း လာရောက် ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ

ဦးခင်မောင်ဦး	ဦးထိန်လင်းသန်း
LL.B, D.B.L, D.I.L,	LL.B, D.B.L, D.I.L, D.M.L,
တရားလွှတ်တော်ရှေ့နေ(စဉ်-၈၈၅၂)	တရားလွှတ်တော်ရှေ့နေ (စဉ်-၈၈၈၂)

Hein Htet San Law Firm ဖုန်း - ၀၉၅၅၀၆၁၄၆၊ ၀၉၅၅၀၄၂၆၅

အများသိစေရန်ကြေညာချက်

၁။ တောင်ဥက္ကလာပမြို့နယ်၊ (၅)ရပ်ကွက်၊ တကောင်း(၅)လမ်း၊ မြေတိုင်းရပ်ကွက်အမှတ်(၅)၊ မြေကွက်အမှတ်(၉၀)၊ အမှတ်(၉၀)တွင် (၂)ခန်းတွဲ (၆)ထပ်တိုက် အဆောက်အဦ ဆောက်လုပ်ခွင့်အား မြေရှင် ဒေါ်ရင်ရွှေ (GP) ဦးမြင့်သောင်း၊ လိုင်စင်ရကန်ထရိုက်တာ ဦးအောင်သက်ဇော် (LC-1003)၊ လိုင်စင်ရအင်ဂျင်နီယာ ဦးသန့်ဇင်ဝင်း (LS-1219)တို့မှ တင်ပြလျှောက်ထားလာပါသဖြင့် ဤဌာန၏ (၂၂-၃-၂၀၁၆) ရက်စွဲပါစာအမှတ်၊ ၄၅၅၈/ ၄၅၅၇/ စည်ပင်-ယာ(အုံ)ဖြင့် ဆောက်လုပ် ခွင့်ပြုခဲ့ပြီး ဖြစ်ပါသည်။

၂။ ယခုအခါ အဆိုပါ (၂)ခန်းတွဲ (၆)ထပ်တိုက် အဆောက်အဦ ဆောက်လုပ်ခွင့်အား ယခင်တင်ပြထားသော လိုင်စင်ရကန်ထရိုက်တာ ဦးအောင်သက်ဇော် (LC-1003)အစား လိုင်စင်ရကန်ထရိုက်တာ ဦးဇော်မိုးနိုင် (LC-699)သို့ ပြောင်းလဲ ဆောင်ရွက်ခွင့်ပြုပါရန် မြေရှင်နှင့် လိုင်စင်ရကန်ထရိုက်တာနှစ်ဦးတို့မှ လျှောက်ထားလာပါသဖြင့် ကန့်ကွက်ရန်ရှိပါက ခိုင်လုံသော အထောက်အထားများဖြင့် ဤကြေညာချက် ပါရှိသည့် နေ့မှစ၍ ရက်ပေါင်း(၁၅)ရက်အတွင်း လျှောက်ထား ကန့်ကွက်နိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

ဌာနမှူး၊ အင်ဂျင်နီယာဌာန(အဆောက်အအုံ) ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ကြောင်းကြော်ငြာစာ

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၄) ဆံ့ဘွားဝါးလမ်း၊ မြေကွက်အမှတ်(၁၃၂)၊ (၄၀×၆၀)ပေရှိ မြေချပါမစ်အမျိုးအစားမြေကွက်နှင့်ယင်းမြေကွက်ပေါ်ရှိအကျိုးခံစားခွင့်အရပ်ရပ်တို့အား မြေချပါမစ်မူလအမည်ပေါက် ဦးအေးထံမှ မြေချပါမစ်မူရင်းနှင့်အတူအဆက်အစပ်စာချုပ်များဖြင့် လက်ရောက်ဝယ်ယူပိုင်ဆိုင်ထားသူ ဦးသိန်းနိုင်ထွန်း (၁၂/ဒဂရ(နိုင်)၀၃၄၂၆၆) မှ ၎င်းလက်ရှိပိုင်ဆိုင်ကြောင်း ဝန်ခံအဆိုပြုပြီး မြေချပါမစ်မူရင်းနှင့်အတူ ရောင်းချရန်ကမ်းလှမ်းရာ ကျွန်ုပ်၏မိတ်ဆွေမှ အပြီးအပိုင်ဝယ်ယူရန်အတွက် စရံငွေပေးအပ်၍စရံပေးစာချုပ်ချုပ်ဆိုထားပြီးဖြစ်ပါသည်။ကန့်ကွက်လိုသူများရှိပါက ခိုင်မာသောစာရွက်စာတမ်းမူရင်းအပြည့်အစုံဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍(၇)ရက်အတွင်း ကျွန်ုပ်ထံသို့လာရောက် ကန့်ကွက်နိုင်ပြီး ကန့်ကွက်မှုမရှိပါကအရောင်းအဝယ်ကို ဥပဒေနှင့်အညီတရားဝင်ပြီးမြောက်အောင်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ -

ဦးသိန်းထူး LL.B	ဦးဇော်မိုးလွင် LL.B
တရားလွှတ်တော်ရှေ့နေ(စဉ်-ရ၈၁၅)	အထက်တန်းရှေ့နေ(စဉ်- ၄၃၁၆၆)

ရုံး - ရုံးပတ်လမ်း၊ မြို့နယ်တရားရုံးအနီး၊ ဓဝတ(လမ်းဆုံ)၊(၁၇)ရပ်ကွက်၊ ဒဂုံမြို့သစ် (မြောက်ပိုင်း)မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း - ၀၉ ၄၄၃၀၁၄၄၁၄၊ ၀၉ ၂၅၆၂၈၆၃၉၁

ပျောက်ဆုံးကြောင်း

ကျွန်တော် ဦးခမ်ခန့်ထန် (ဘ)ဦးဝင့်ခိုလျန်း ၅/စကန(နိုင်)၀၄၉၂၆၅ ၏ နိုင်ငံကူးလက်မှတ်(မမှတ်မိ)သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပါရန်။

ဦးခမ်ခန့်ထန် ဖုန်း-၀၉-၄၀၀၃၀၁၁၂၂

ပိဋကတော် ပုဏ္ဏောဝါဒ သုတ္တံအလာ သာသနာဝင် မြန်မာပြည် စုဒ္ဓဂါယာ၊ စန္ဒကူးနံ့သာကျောင်းတော်ရာဘုရားသို့ ဘုရားဖူးကြွရောက်ပါရန် ဖိတ်ကြားခြင်း။

ရှေးသမိုင်းဆောင်ပုဒ် = (စက်တော်ရာအစ ကျောင်းတော်ရာက၊ စက်တော်ရာရောက်လျှင် ကျောင်းတော်ရာရောက်မှ၊ သမိုင်းစုံ၍ အကျိုးထူးမည်) ဟူသော ဆောင်ပုဒ်နှင့်အညီ စက်တော်ရာဘုရား၊ ကျောင်းတော်ရာဘုရား ပွဲတော်ကာလဖြစ်၍ ဘုရားဖူးကြွရောက်ပါရန် ဖိတ်ကြားပါသည်။ မင်းဘူးမြို့မှ မြောက်သို့ မိုင် (၂၀)၊ စန္ဒကူးနံ့သာကျောင်းတော်ရာဘုရားအရောက် (၁၈) ပေအကျယ်၊ ကတ္တရာလမ်းအချော၊ ပြီးမြောက်ပြီးဖြစ်၍လမ်းကောင်းပါသည်။ တည်းခိုခန်းများ၊ စားသောက်ဆိုင်များ၊ လုံခြုံရေးစခန်းများ၊ ရေမီးအစုံ ပြည့်စုံစွာ တည်ရှိပါသည်။

ဂေါပကအဖွဲ့
စန္ဒကူးနံ့သာကျောင်းတော်ရာဘုရား
ကျောင်းတော်ရာမြို့သစ်၊ ပွင့်ဖြူမြို့နယ်၊ မင်းဘူးခရိုင်။

Drecome Myanmar Co.,Ltd

ဝန်ထမ်းအလိုရှိသည်။(ပြည်တွင်း၌သာခန့်ထားရန်)

Sales & Marketing(Executive Level)အပါအဝင်

အသက် ၃၀-၅၀ (ကျား/မ)

200 USD ~ 400 USD

မီဒီယာကြော်ငြာနှင့် သတင်းရယူခြင်းကိုလုပ်ဆောင်ပေးရမည်။
တစ်နှစ်စာချုပ်ဖြင့် အလုပ်ဝင်နိုင်သူများသာ လျှောက်ထားရန်။
နိုင်ငံခြားကုမ္ပဏီတွင် နှစ်ရှည်လုပ်ကိုင်ဖူးသူနှင့် အင်္ဂလိပ်၊ တရုတ်၊ ကိုရီးယားစကားပြောနိုင်သူဦးစားပေးမည်။
(မပြောနိုင်သူများလည်းလျှောက်ထားနိုင်ပါသည်။)
အရည်အချင်းပေါ် မူတည်၍ အချိန်တိုအတွင်း ရာထူး၊ လစာ တိုးမည်။

၂၇၂၊ အခန်း(၆၀၁)၊ နေလှိုင်တာဝါ၊ ပြည်လမ်း၊ စမ်းချောင်းမြို့နယ်။
01 2305578, 09 5036761
zinnwehtoo@drecomemm.com

E-mail ဖြင့်လည်း CVပေးပို့လျှောက်ထားနိုင်ပါသည်။

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊(၁၀)ရပ်ကွက်၊ ဗေယျာ(၁၅)လမ်း၊ အမှတ်(၄၈၆)၊(၁၈×၅၀)ပေအကျယ်ရှိဒုတိယထပ်(တိုက်ကိုမျက်နှာမူလျှင် ဘယ်)သုံးလွှာဟုခေါ်တွင်သည့်တိုက်ခန်းအပါအဝင်အကျိုးခံစားပိုင်ခွင့်အရပ်ရပ်အားလုံးတို့အားလက်ရှိထားပိုင်ဆိုင်လျက်ရှိပြီးလွှတ်လပ်စွာလွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်းအဆိုပြုကမ်းလှမ်းသူဦးလင်းကျော်(၁၂/တကန(နိုင်)၀၀၀၆၁၉) ဒေါ်တင်တင်နု(၁၁/သတန(နိုင်)၀၀၅၉၉၀)တို့ထံမှကျွန်ုပ်၏မိတ်ဆွေ ဒေါ်အေးအေးနိုင်(၈/ပခက(နိုင်)၂၁၁၆၀၈)ကအပြီးအပိုင်လွှဲပြောင်းဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကိုပေးချေထားပြီးဖြစ်ပါသည်။

အဆိုပါတိုက်ခန်း အရောင်းအဝယ်ကိစ္စနှင့်စပ်လျဉ်း၍ ဆိုင်ရေးဆိုင်ခွင့်ရှိသူများအနေဖြင့်ကန့်ကွက်လိုပါကခိုင်လုံသောအထောက်အထားစာချုပ်စာတမ်းမူရင်းများနှင့်တကွဤကြော်ငြာပါသည့်နေ့ရက်မှစ၍(၁၀)ရက်အတွင်း ကျွန်ုပ်ထံသို့(ကိုယ်တိုင်)လာရောက်ကန့်ကွက်တင်ပြနိုင်ပါသည်၊ သတ်မှတ်ရက်ကျော်လွန်သည့်တိုင်ကန့်ကွက်မည့်သူမရှိပါကအရောင်းအဝယ်ကိစ္စအားပြီးမြောက်သည်အထိဥပဒေနှင့်အညီဆက်လက်ပြုလုပ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်အသိပေးကြေညာအပ်ပါသည်၊

လွှဲအပ်ညွှန်ကြားချက်အရ-

ဦးဝဏ္ဏဇော်(စဉ်-၉၇၈၀)	ဦးမင်းမင်း(စဉ်-၂၇၃၂၀)
ဒေါ်စန်းစန်းနု(စဉ်-၁၄၁၈၄)	ဒေါ်စုမြတ်နွယ်(စဉ်-၃၃၄၅၉)
ဒေါ်စိုးစိုးနွယ်(စဉ်-၁၄၁၈၃)	ဒေါ်အေးမွန်သိန်း(စဉ်-၃၆၆၄၂)
(တရားလွှတ်တော်ရှေ့နေများ)	(အထက်တန်းရှေ့နေများ)

အမှတ်(၁၅၆)၊အခန်း(၂/ခ)၊ပထမထပ်၊ရေစက်လမ်း၊(၉)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ၀၉-၄၅၃၃၈၂၂၉၂

ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 3J/2839 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကညန၊ ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)

ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် ၆C/၃၀၉၅ ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကညန၊ ခရိုင်ရုံး(ရန်ကုန်အရှေ့ပိုင်း)

ငြင်းချက်ထုတ်ရန်သမ္မန်စာ (တရားမကျင့်ထုံးကိုဒဥပဒေအမိန့်၅၊ နည်းဥပဒေ ၂၀) မိတ္ထီလာမြို့နယ်တရားရုံး ၂၀၁၈ခုနှစ်၊ တရားမကြီးမှုအမှတ် ၂၈

ဒေါ်ခင်စန်းအေး		ဦးကျော်ဝင်း
တရားလို	နှင့်	တရားပြိုင်

မန္တလေးတိုင်းဒေသကြီး၊ မိတ္ထီလာမြို့၊ ကျီတော်ကုန်းနယ်မြေ၊ ကန်ဦးရပ်နေ ဦးကျော်ဝင်း(ယခုနေရပ်လိပ်စာမသိသူ)သိစေရမည်။

သင့်အပေါ်၌ တရားလို ဒေါ်ခင်စန်းအေးက အိမ်ဝိုင်းမြေအရောင်းအဝယ်မှတ်ပုံတင်စာချုပ်ချုပ်ဆိုပေးစေလိုမှုရလိုကြောင်း နှင့်လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံးအခွင့်အမိန့်ရ ရှေ့နေနှင့်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့် အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၁၈ခုနှစ်၊ ဧပြီ ၆ရက် (၁၃၇၉ခုနှစ်၊ တန်ခူးလပြည့်ကျော် ၆ရက်) မွန်းမတည့်မီ ၁၀နာရီတွင် အထက် အမည်ရေးသားပါရှိသူ တရားလို၏ အဆိုလွှာကို ထုချေရှင်းလင်းရန် ဤရုံးတော်သို့ လာရောက်ရမည်။ ၎င်းအပြင် သင်သိစေရမည်မှာ အထက်က ဆိုခဲ့သည့် နေ့ရက်တွင် သင်မလာရောက်ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင်တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့်သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမတိုင်မီ (၄)ရက်က တင်သွင်းရမည်။

၂၀၁၈ခုနှစ်၊ မတ်လ ၁၅ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

(အေးအိခိုင်) မြို့နယ်တရားသူကြီး မိတ္ထီလာမြို့နယ်တရားရုံး

Sea View Condo အထပ်မြင့် အိမ်ရာစီမံကိန်း

၁။ တနင်္သာရီတိုင်းဒေသကြီး၊ မြိတ်မြို့နယ်၊ ကမ်းနားလမ်း၊ ရေပုန်းရပ်ကွက်ရှိ မြေဧရိယာ ၁၁ဒသမ၀၉၂မြေဧကပေါ်တွင် (၂၂)ထပ်အမြင့်ရှိ လူနေအိမ်ခန်းများ ပါဝင်သော ကွန်ဒိုနှစ်လုံး၊ (၂၈)ထပ် အမြင့်ရှိ လူနေအိမ်ခန်းများ ပါဝင်သော ကွန်ဒိုနှစ်လုံး၊ (၃၂)ထပ်အမြင့်ရှိ လူနေအိမ်ခန်း များ ပါဝင်သော ကွန်ဒို(၈)လုံးပါဝင်ပြီး ပင်လယ်ဘက်သို့ မျက်နှာမူထားသော မြန်မာနိုင်ငံ၏ပထမဦးဆုံးသော အထပ်မြင့် ကွန်ဒိုအဆောက်အဦ တစ်လုံးဖြစ်ပါသည်။

၂။ ကွန်ဒိုမီနီယံဥပဒေနှင့်အညီ မြေပိုင်ဆိုင်မှု အချိုးချ ပိုင်ဆိုင်ခွင့်ရရှိနိုင်မှာဖြစ်ပါတယ်။ မြန်မာနိုင်ငံ၏စီးပွားရေးဖွံ့ဖြိုးမှု အတိုးတက်ဆုံးသော တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့မှာ တည်ရှိပြီး အနာဂတ်ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်လာနိုင်မှု အများဆုံးဖြစ်သည့်အတွက် ရင်းနှီးမြှုပ်နှံရန် အကောင်းဆုံး အခွင့်အလမ်းဖြစ်ပါတယ်။

၃။ Sea View Condo စီမံကိန်းဧရိယာအတွင်းတွင် ဈေးဆိုင်ခန်းများ၊ လူနေတိုက်ခန်းများ၊ အများပြည်သူအနားယူအပန်းဖြေနိုင်သော ပန်းခြံ၊ ကလေးကစားကွင်း၊ ရေကူးကန်၊ ရုပ်ရှင်ရုံများပါဝင်ပြီး စီးပွားရေးလုပ်ငန်းများအနေဖြင့် ဘဏ်လုပ်ငန်း၊ စားသောက်ဆိုင်လုပ်ငန်း၊ ကျန်းမာရေး အထောက်အကူပြုစင်တာ၊ အထည်ဆိုင်များ၊ လက်ဝတ်ရတနာဆိုင်များ၊ ဖျော်ဖြေရေးလုပ်ငန်းများစွာ လာရောက်ရင်းနှီးမြှုပ်နှံကြမှာဖြစ်ပါတယ်။ ဈေးဆိုင်ခန်းများ တည်ဆောက်နေမှုမှာလည်း ၇၀%ခန့် ပြီးစီးနေပြီဖြစ်သည်။ လက်ရှိဈေးဆိုင်ခန်းပေါင်း ၁၄၇ခန်းတွင် ၃-၂-၂၀၁၈ရက် စတင်ရောင်းချခြင်း အခမ်းအနားတွင် ၁၁၇ခန်းကို အောင်မြင်စွာ ရောင်းချနိုင်ခဲ့ပါတယ်။

၄။ မိဘပြည်သူများအတွက် ၂၄နာရီရေပေးဝေမှုစနစ်၊ မီးပေးဝေမှုစနစ်၊ အရန်မီးသတ်စနစ်များနှင့် CCTV Control System၊ ကောင်းမွန်သော Card System၊ ၂၄နာရီလုံခြုံရေး၊ လုံလောက်သော ကားပါကင်၊ ကောင်းမွန်သော အမှိုက်စွန့်ပစ်စနစ်၊ ရေဆိုးထုတ်စနစ်၊ ဂန္ထဝင်ဆန်သော အနောက်ဥရောပလက်ရာ ဒီဇိုင်းများနှင့် ခြယ်သသော မြိတ်မြို့ Sea View Condo Project ကြီးကို ၂၀၁၆ခုနှစ်တွင် လုပ်ငန်းစတင်ခဲ့တာဖြစ်ပြီး ယခုအချိန်တွင် စီမံကိန်းတစ်ခုလုံး၏ ၃၀%ခန့် ပြီးစီးနေပြီဖြစ်ပါတယ်။

၅။ လူနေအိမ်ခန်းများကို လာမည့်ဧပြီလ မြန်မာ့နှစ်သစ်ကူးမတိုင်မီ စတင်ရောင်းချတော့မှာ ဖြစ်ပါတယ်။ စီမံကိန်း ပထမအရစ်အနေဖြင့် အိမ်ခန်းပေါင်း (၅၀၀)ကျော် ရောင်းချသွားမှာဖြစ်ပါတယ်။ သို့ဖြစ်ပါသော်လည်း အိမ်ခန်းပေါင်း(၅၀၀)တွင် Sea View Condo၏ Member ဝင်များမှ ၆၀%ခန့် ကြိုတင်စာရင်းပေးသွင်းထားပြီးဖြစ်ပါတယ်။ လက်ကျန်အခန်းများကို အချိန်မီဝယ်ယူနိုင်ရန်အတွက် ဝယ်ယူရင်းနှီးမြှုပ်နှံလိုသည့် မိဘပြည်သူများအား ကျွန်တော်တို့ Sea View Condo မိသားစုမှ လှိုက်လှဲစွာ ကြိုဆိုပါကြောင်း သတင်းကောင်းပါးအပ်ပါသည်။

Sea View Condo မိသားစု
No(6),Block B,Nawaday Housing, Hlaing Thar Yar Tsp, Yangon, Myanmar.
Ph-95 09-777718306, 09-777718307
Myeik Office Ph-09-79654666
Email.hkfuturegroup@gmail.com

တောတိုက်ဓမ္မရိပ်သာကျောင်းတိုက် မဟာသကြ်န်(၁၀)ရက် အဓိဋ္ဌာန်အထူးတရားစခန်းပွဲကျင်းပမည်

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ပိုင်းခရိုင်၊ မင်္ဂလာဒုံမြို့နယ်၊ တောတိုက်ရပ်ကွက်၊ တောတိုက်ဓမ္မရိပ်သာကျောင်းတိုက်များ၏ ဦးစီးပဓာနမဟာနာယက ကျေးဇူးတော်ရှင် သက်တော်ရှည်ဆရာတော်ကြီးကိုယ်တိုင်ဦးစီး၍ နှစ်စဉ်ကျင်းပပြုလုပ်သော မဟာသကြ်န်(၁၀)ရက် အဓိဋ္ဌာန်အထူးတရားစခန်းကို တပည့်အပေါင်းမှလည်း ဆရာတော်ကြီး၏ ဩဝါဒနှင့်အညီ ယခုနှစ်တွင် ၁၃-၄-၂၀၁၈ မှ ၂၂-၄-၂၀၁၈ အထိ ဟောကြားပြသပေးမည်ဖြစ်ပါ၍ ယောဂီများသည် ၁၂-၄-၂၀၁၈ ညနေ ၃း၀၀ နာရီအရောက် လာရမည်ဖြစ်ကြောင်း သိရသည်။

အသေးစိတ်သိရှိလိုပါက ဖုန်း-၀၉-၂၅၀၃၆၅၁၁၅ သို့ ဆက်သွယ်နိုင်ပါသည်။

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန မြန်မာ့မီးရထား အိတ်ဖွင့်တင်ဒါ(Open Tender) ခေါ်ယူခြင်း

၁။ အောက်ပါ ပစ္စည်းများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်-

စဉ်	တင်ဒါအမှတ်	ပစ္စည်းအမျိုးအမည်
၁	12(T)1/MR(ISN) 18-19	စက်ခေါင်းအရန်ပစ္စည်း (၁၀၄)မျိုး
၂	12(T)2/MR(YUG) 18-19	စက်ခေါင်းအရန်ပစ္စည်း (၇၅)မျိုး
၃	၀၃/မမ/(CME)(MIT) 18-19	တွဲအကြီးတန်းပြုပြင်ရန်ပစ္စည်းများ(၁၀၈)မျိုး
၄	၀၄/မမ/(CME)18-19	စက်ခေါင်းများတွင် တပ်ဆင်ရန် GPS (၃၄)စုံ
၅	၀၅/မမ/(CME)18-19	တွဲမီးသုံးလျှပ်စစ်ပစ္စည်း (၁၄)မျိုး
၆	၀၆/မမ/(CMO)18-19	ဆေးဝါးနှင့်ဆေးရုံသုံးပစ္စည်း (၁၂၉)မျိုး
၇	၀၇/မမ/(CRA)18-19	Ticket Cardboard for Railways Ticket (25-Tons)

တင်ဒါပိတ်မည့် နေ့/အချိန် - (၃.၅.၂၀၁၈) (ကြာသပတေး နေ့) (၁၄း၃၀)နာရီ

၂။ တင်ဒါပုံစံများကို အောက်ဖော်ပြပါဌာနတွင်(၃၀.၃.၂၀၁၈)ရက်နေ့မှစ၍ ရုံးချိန်အတွင်း ဝယ်ယူနိုင်ကြောင်း နှင့် အသေးစိတ် သိရှိလိုပါက ၎င်းဌာနသို့ မေးမြန်းနိုင်ပါသည်။

ထောက်ပံ့ဌာန၊ မြန်မာ့မီးရထား၊ ကုန်သည်လမ်းနှင့် ၅၁ လမ်းထိပ်၊
ပိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-294352, 291994

ပြန်ကြားရေးဝန်ကြီးဌာန မြန်မာ့အသံနှင့်ရုပ်မြင်သံကြားအတွက် စက်ပစ္စည်းများဝယ်ယူရန် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ပြန်ကြားရေးဝန်ကြီးဌာန၊ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားအတွက် လိုအပ်သော အောက်ဖော်ပြပါ စက်ပစ္စည်းများကို ပြည်တွင်းသုံးငွေ(ကျပ်)ဖြင့် ဝယ်ယူလိုပါသဖြင့် အိတ်ဖွင့်တင်ဒါများ တင်သွင်းကြရန် ဖိတ်ခေါ်ပါသည်-

(က) ရုပ်မြင်သံကြားလုပ်ငန်းသုံးပစ္စည်းများ 21 Items
(ခ) အသံလွှင့်လုပ်ငန်းသုံးပစ္စည်းများ 17 Items
(ဂ) ရုံးလုပ်ငန်းသုံးပစ္စည်းများ 6 Items

၂။ အိတ်ဖွင့်တင်ဒါပုံစံများကို ၂၆-၃-၂၀၁၈ရက်မှ ၂၅-၄-၂၀၁၈ရက်အထိ နေ့စဉ်နံနက် ၉း၃၀နာရီမှ ညနေ ၄း၃၀နာရီအတွင်း မြန်မာ့အသံနှင့်ရုပ်မြင်သံကြား၊ နေပြည်တော်(တပ်ကုန်း)တွင် လာရောက်ထုတ်ယူနိုင်ပါသည်။

၃။ အိတ်ဖွင့်တင်ဒါများကို ၂၆-၄-၂၀၁၈ရက် နံနက် ၉း၃၀နာရီမှ ညနေ ၄း၃၀နာရီအတွင်း မြန်မာ့အသံနှင့်ရုပ်မြင်သံကြား၊ နေပြည်တော်(တပ်ကုန်း)ရှိ တင်ဒါအဖွဲ့ဝင်များရှေ့မှောက်တွင် လာရောက်ပေးသွင်းရန်ဖြစ်ပါသည်။ သတ်မှတ်ချိန်ကာလထက်ကျော်လွန်ပေးပို့လာသော တင်ဒါများကို ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။

၄။ အိတ်ဖွင့်တင်ဒါပုံစံ စည်းကမ်းချက်များနှင့် စက်ပစ္စည်းစာရင်း အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် စုံစမ်းထုတ်ယူနိုင်ပါသည်။

စက်ပစ္စည်းများ ဝယ်ယူရေးကော်မတီ
မြန်မာ့အသံနှင့်ရုပ်မြင်သံကြား၊ နေပြည်တော်
ပြန်ကြားရေးဝန်ကြီးဌာန
ဖုန်း-၀၆၇-၇၉၄၈၃၊ ၀၆၇-၇၉၁၃၅၊ ၀၆၇-၇၉၄၁၁

ကန့်ကွက်နိုင်ကြောင်း အများသိစေရန် အသိပေးကြေညာခြင်း

ရန်ကုန်မြို့၊ မြေတိုင်းရပ်ကွက်အမှတ်-၃B၊ မြေကွက်အမှတ်-၄၃၈W/A (တနည်းအားဖြင့်)ရန်ကုန်မြို့ ကာမာရွတ်မြို့နယ်၊ နတ်မောက်ရပ်ကွက်၊ ဦးထွန်းမြတ်လမ်း၊ အမှတ်-၃(ဃ)ဟုခေါ်တွင်သော ဧရိယာ(၀.၃၅၈)ဧကရှိ မြေပိုင်မြေအမျိုးအစားမြေကွက်အား လွှဲပြောင်းရောင်းချခွင့်ရှိကြောင်းတာဝန်ယူဝန်ခံကတိပြုသည့် မြေအမည်ပေါက်ပိုင်ရှင်ဒေါ်မြမြတ်ဇင်(၁၂/တမန(နိုင်)၀၀၉၅၂၀)ထံမှဝယ်ယူရန်အတွက် ကျွန်ုပ်၏ မိတ်ဆွေက အရောင်းတန်ဘိုးငွေ၏တစိတ်တဒေသကို စရန်ငွေအဖြစ်ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါ အရောင်းအဝယ်နှင့်စပ်လျဉ်း၍ ပိုင်ရေးဆိုင်ခွင့်ရှိသဖြင့်ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်နေ့မှ (၇)ရက်အတွင်း တိကျခိုင်လုံသောစာရွက်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံလာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိုဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ -
ဒေါ်ခင်ငြိမ်းချမ်းဝေ (LL.B.)
အထက်တန်းရှေ့နေ(စဉ်-၄၁၀၉၇)
အမှတ်-၃၇၆၊ ၅-လွှာ၊ မဟာဗန္ဓုလလမ်း(အနောက်)၊ ၃-ရပ်ကွက်၊
သာကေတမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၉၇၇၉၆၃၀၀၆၁၆

လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန လျှပ်စစ်ဓာတ်အားပို့လွှတ်ရေးနှင့်ကွပ်ကဲရေးဦးစီးဌာန အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန၊ လျှပ်စစ်ဓာတ်အားပို့လွှတ်ရေးနှင့် ကွပ်ကဲရေးဦးစီးဌာနမှ ဓာတ်အားခွဲရုံများအတွက် Terminal Clamp များကို နိုင်ငံခြားငွေ (အမေရိကန်ဒေါ်လာ)ဖြင့် ဝယ်ယူလိုပါသည်။

တင်ဒါတင်သွင်းရမည့်နောက်ဆုံးရက် - ၃၀-၄-၂၀၁၈ရက်
တင်ဒါပိတ်မည့်အချိန်နှင့်နေရာ - ၁၄း၀၀နာရီ
ပစ္စည်းစီမံရေးဌာန၊ လျှပ်စစ်ဓာတ်အား ပို့လွှတ်ရေးနှင့် ကွပ်ကဲရေးဦးစီးဌာန၊ ရုံးအမှတ် (၂၇)၊ နေပြည်တော်

တင်ဒါစည်းကမ်းချက်နှင့် တင်ဒါပုံစံများအား လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန (www.moee. gov.mm) တွင် download ဆွဲယူနိုင်ပါသည်။

လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန
လျှပ်စစ်ဓာတ်အားပို့လွှတ်ရေးနှင့်ကွပ်ကဲရေးဦးစီးဌာန
ဖုန်း-၀၆၇-၃၄၁၀၂၀၉၊ ၀၆၇-၃၄၁၀၂၈၂

ကန့်ကွက်နိုင်ကြောင်း အများသိစေရန်အသိပေးကြေညာခြင်း

နေပြည်တော်၊ ဒက္ခိဏသီရိမြို့နယ်၊ ဒက္ခိဏရပ်ကွက်၊ မြေကွက်အမှတ် (ဒ-၂၂၈၈)၊ အကျယ်အဝန်း(၁၀၀×၁၀၀)ပေခန့်၊ ဧရိယာ ၀ဒသမ၂၃၉ဧကခန့်ရှိမြေကွက်နှင့် အဆောက်အအုံကို ဦးဇော်မင်းဦး(ဘ)ဦးအေးဇော် ၁၁/ရသတ(နိုင်)၀၄၁၈၂၇ အမည်ဖြင့် နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့/မြေဌာနတွင် အမည်ပေါက်ထားပြီး ၎င်းထံမှ အပြီးအပိုင်ဝယ်ယူရန် ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသကို ကျွန်ုပ်မိတ်ဆွေက စရန်ငွေအဖြစ်ပေးချေထားပြီးဖြစ်ပါသဖြင့် အဆိုပါ မြေကွက်နှင့် အဆောက်အအုံအကျိုးခံစားခွင့်အရပ်ရပ်တို့နှင့် ပတ်သက်၍ ကန့်ကွက်လိုပါက ကျွန်ုပ်ထံသို့ခိုင်လုံသောစာရွက်စာတမ်းမူရင်းများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဦးဇော်မင်း
တရားလွှတ်တော်ရှေ့နေ(စဉ်-၁၃၉၀၂)
အမှတ် ၁၀၄၀၊ ၁၇ လမ်း၊ ပေါင်းလောင်း(၃)ရပ်ကွက်၊ ပျဉ်းမနားမြို့
ဖုန်း-၀၉-၄၂၀၇၁၈၄၄၂၊ ၀၉-၄၄၂၂၆၁၆၁၆

အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန၊ မွန်ပြည်နယ်မှ ၂၀၁၈ ဧပြီလမှ စက်တင်ဘာလအထိ ခြောက်လတာကာလတွင် အောက်ပါပစ္စည်းအမျိုးအစားများကို မြန်မာကျပ်ငွေဖြင့် အိတ်ဖွင့် တင်ဒါခေါ်ယူဆောင်ရွက်လိုပါသည်-

(က) **စက်ကိရိယာ(၂)မျိုး**-ပြဒါးတိုင်းကိရိယာ(Protable) ၁ခု၊ ခရမ်းလွန်ရောင်ခြည်တိုင်းကိရိယာ (Violet Radition index) ၁ခု၊

(ခ) **ရုံးသုံးစက်ကိရိယာများ (၁၂)မျိုး**-Projector (Panasonic) ၁ခု၊ Aircon 1.5HP (Chigo)၅လုံး၊ မြက်ဖြတ်စက်(S Power) ၂လုံး၊ Camera (Canon EOS 750D) ၁လုံး၊ Desktop Computer (i5 Ram 8GB)(ပရင်တာ အပါ) ၄စုံ၊ Copier (IR 2520) ၂လုံး၊ Colour Printer(Inkjet)(Epson L360)၂လုံး၊ Fax (KXFP 701)၁လုံး၊ Scanner (Canon)၁လုံး၊ Binding Machine (JVC Wire Bind)၂ခု၊ Lap Top(i7, Ram-8GB) ၁လုံး၊ မီးခံသေတ္တာ ၁လုံး

(ဂ) **ရုံးသုံးပရိဘောဂ(၇)မျိုး**-အရာရှိစားပွဲ(၅ပေ×၃ပေ)နှင့် လက်တန်းပါကုလားထိုင် ၆စုံ၊ စားပွဲကြီး (U ပုံ)(၃ပေ×၈ပေ)၁လုံး၊ ကုလားထိုင်(လက်တန်းပါ) ၂၀လုံး၊ သံဘီရို(၆ပေ×၃ပေ)၁၀လုံး၊ ကွန်ပျူတာစားပွဲ ၄စုံ၊ Aluminum Computer Partition ၁စုံ၊ ဆက်တီ ၁စုံ၊

၂။ **တင်ဒါပုံစံစတင်ထုတ်ယူနိုင်မည့်ရက်** - ၂-၄-၂၀၁၈ရက် (တနင်္လာနေ့)
တင်ဒါပိတ်မည့်ရက်နှင့်အချိန် - ၂၇-၄-၂၀၁၈ရက်(သောကြာနေ့) ညနေ၃နာရီ

၃။ ပစ္စည်းအမျိုးအစားတစ်မျိုးစီအတွက် အိတ်ဖွင့်တင်ဒါတစ်စောင်နှုန်းဖြင့် ရုံးချိန်အတွင်း ဝယ်ယူနိုင်ပါကြောင်းနှင့် အသေးစိတ်အချက်အလက်များကို ပတ်ဝန်းကျင် ထိန်းသိမ်းရေးဦးစီးဌာန၊ မွန်ပြည်နယ်-ဖုန်း-၀၅၇-၂၀၃၀၁၅တွင် စုံစမ်းမေးမြန်း နိုင်ပါသည်။

တင်ဒါကော်မတီ

အမည်နှင့်မွေးသက္ကရာဇ်အမှန်

ဧရာဝတီတိုင်းဒေသကြီး၊ ပန်းတနော်မြို့နယ်၊ ထိန်ကုလားကုန်းကျေးရွာအုပ်စု၊ ရွှေဒင်္ဂါးကျွန်းကျေးရွာနေ (ဘ)ဦးဝင်းအောင်၏သား မောင်ပြည့်ဖြိုးအောင် ၁၄/ပတန(နိုင်)၁၂၀၀၅၄ မှာ အမည်မှန်ဖြစ်ကြောင်းနှင့် မွေးသက္ကရာဇ်အမှန်မှာ (၁၂-၁၂-၁၉၈၅) ဖြစ်ပါကြောင်း။

ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန သတင်းအချက်အလက်နည်းပညာနှင့် ဆိုက်ဘာလုံခြုံရေးဦးစီးဌာန အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

တင်ဒါအမှတ်စဉ် (ITCSD -၁/၂၀၁၈)

၁။ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန၊ သတင်းအချက်အလက်နည်းပညာနှင့် ဆိုက်ဘာလုံခြုံရေးဦးစီးဌာနအတွက် လိုအပ်သော အောက်ပါလုပ်ငန်းများအား မြန်မာကျပ်ငွေဖြင့် ဝယ်ယူ/လုပ်ငန်း အပ်နှံဆောင်ရွက်သွားမည်ဖြစ်ပါ၍ စိတ်ပါဝင်စားသည့် လုပ်ငန်းရှင်များအနေဖြင့် အိတ်ဖွင့်တင်ဒါများ ပေးသွင်းနိုင်ပါကြောင်း ဖိတ်ခေါ်အပ်ပါသည်။

၂။ ဝယ်ယူ/လုပ်ငန်းအပ်နှံဆောင်ရွက်သွားမည့် လုပ်ငန်းများမှာ-

(က) ကွန်ကရစ်လမ်း၊ ရေမြောင်း၊ ကားရပ်နားကွင်း တည်ဆောက်ခြင်းလုပ်ငန်း
(ခ) Government Secure Service Network တည်ဆောက်ခြင်းလုပ်ငန်း
(ဂ) HPA (High Power Amplifier) Ku-Band SSPA 300 Watts-2Nos
(ဃ) L band to Fiber- 3Sets

၃။ တင်ဒါပုံစံနှင့်စည်းမျဉ်းစည်းကမ်းများအား ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန၊ သတင်းအချက်အလက်နည်းပညာနှင့် ဆိုက်ဘာလုံခြုံရေးဦးစီးဌာန၊ စီမံ/ဘဏ္ဍာ/ထောက်ပံ့ဌာန၊ ရုံးအမှတ် (၂)၊ နေပြည်တော်တွင် ၂၈-၃-၂၀၁၈ရက်မှ ၁၀-၄-၂၀၁၈ရက်ထိ ရုံးချိန်အတွင်း ဝယ်ယူနိုင်ပြီး အိတ်ဖွင့်တင်ဒါ အဆိုပြုလွှာများအား ၂၇-၄-၂၀၁၈ရက်၊ ၁၃း၀၀နာရီနောက်ဆုံးထား၍ ဤဦးစီးဌာနသို့ သတ်မှတ်ထားသော စည်းကမ်းချက်များနှင့်အညီ ပေးသွင်းပါရန်နှင့် သတ်မှတ်ကာလထက်ကျော်လွန်သော တင်ဒါအဆိုပြုလွှာများအား ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။

၄။ အသေးစိတ်အချက်အလက်များအား အောက်ပါလိပ်စာများတွင် စုံစမ်းနိုင်ပါသည်။

အမှတ်စဉ် (၂)(က)နှင့်(ခ)အား၊ ညွှန်ကြားရေးမှူး၊ အမျိုးသားဆိုက်ဘာလုံခြုံရေးဗဟို ဌာန၊ S-12 အိတ်ချိန်းရုံး၊ နေပြည်တော်၊ ဖုန်း-၀၆၇-၄၂၂၆၃၃(ရုံးချိန်အတွင်းသာ)
အမှတ်စဉ် (၂) (ဂ) နှင့် (ဃ)အား၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ ရုံးအမှတ် (၂)၊ နေပြည်တော် ဖုန်း-၀၆၇-၄၀၇၇၁၃ (ရုံးချိန်အတွင်းသာ)

တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ
သတင်းအချက်အလက်နည်းပညာနှင့် ဆိုက်ဘာလုံခြုံရေးဦးစီးဌာန
ရုံးအမှတ် (၂)၊ နေပြည်တော်

အင်္ဂလိပ်ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 1N/5250 ၏ အင်္ဂလိပ်ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးပါရန် လျှောက်ထားလာပါသဖြင့် ယခင်ထုတ်ပေးခဲ့သည့် ဖောင်းကြွနံပါတ်ပြားပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **ကညန၊ ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)**

ရောင်းရန်

မိတ္ထီလာမြို့၊ ရန်ကုန်-မန္တလေးလမ်းမပေါ်၊ မင်းရပ်ရပ်ကွက်ဈေးနှင့်နီး၊ ထုထည်ကြီး၍ ၂ ထပ်တိုက် ၂ လုံးတွဲလျက်၊ လူစည်ကားသောနေရာ၊ ဘဏ်နှင့်စူပါမားကက်ဖွင့်ရန်ကောင်း၊ မြို့၏အချက်အချာ ကျသောနေရာ။

အလျား - ၈၅ ပေ၊ အနံ - ပေ ၄၀ (ဧက၀ဒသမ၀၇၃)
ဆက်သွယ်ရန် - ဖုန်း-၀၁-၄၀၀၈၅၅၊၀၁-၅၅၄၂၈၁၊ ၀၉-၁၂၃၉၃၈

Invitation for Bids (IFB)

Loan/Credit No. : EDCF-MYA-7

1. The Government of the Republic of the Union of Myanmar has received Loan from the Export-Import Bank of Korea from the resources of the Economic Development Cooperation Fund (EDCF) of the Republic of Korea for the Design, Supply and Installation for 500kV Taungoo-Kamanat Transmission Line.

2. The Project Executing Agency now invites sealed bids from eligible bidders for **Design, Supply and Installation for 500kV Taungoo-Kamanat Transmission Line on turnkey basis.** The eligible bidders shall be Korea Company by the EDCF Guide Lines.

3. Interested eligible bidders may obtain further information from the tender Office or the Website (http://www.moee.gov. mm) in the head office of below address and inspect the bidding documents during office hour exclusive of public holidays.

4. A complete set of bidding documents may be purchased by any interested Bidder on the submission of a written application to the address below and upon payment of non - refundable fee of **US$ 1,000.**

5.Bids must be delivered to the address below between **13:00 to 14:00 (Local Time) on 18th May, 2018.** All bids must be accompanied by a bid security of not less than one million one hundred thousand US Dollars (USD 1,100,000). Bids will be opened in the presence of the Bidder's representatives, who choose to attend at the address below after 14:00 (Local Time) on 18th May, 2018. Address: Meeting Room, Material Planning Department, Department of Power Transmission and System Control, Building No.27, MOEE, Nay Pyi Taw.

Tender Committee
Department of Power Transmission and System Control
Ministry of Electricity and Energy, office No.27,
Nay Pyi Taw, Myanmar
Telephone : 067- 3410282, 3410209

ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 8L/4604 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကညန၊ ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)

ဖခင်အမည်မှန်

ပခုက္ကူမြို့နယ် အနောက်နံ့ဂါတ်အလယ်တန်းကျောင်း အဋ္ဌမတန်းမှ မောင်ရဲမာန်ဟိန်း၏ ဖခင်အမည်မှန်မှာ ဦးမျိုးလှိုင် ၉/ညဥန(နိုင်)၀၇၅၀၆၀ ဖြစ်ပါကြောင်း။

ဦးမျိုးလှိုင်

အမည်ပြောင်း

ဦးအောင်အောင်ထက် ၇/သကန(နိုင်)၀၇၇၇၅၈ ၏သား ပြည်မြို့ Shining Star ကိုယ်ပိုင်အလယ်တန်းကျောင်း စတုတ္ထတန်းမှ မောင်မင်းသန့်အား မောင်ကောင်းဆက်သာဟု ပြောင်းလဲခေါ်ဆိုပါရန်။**မောင်ကောင်းဆက်သာ**

ပိုင်ဆိုင်ကြောင်း

ကျွန်မ ဒေါ်တင်ငွေး (N/RGN ၀၄၆၁၄၈) ၁၂/ကမန(နိုင်)၀၇၁၄၃၁ သည် ဖခင်ဦးသိန်း အမည်ပေါက် ပိုင်ဆိုင်ခဲ့သော မြောက်ချောင်ကျေးရွာအုပ်စု၊ သပြေအိုင်အရှေ့ကွင်း၊ ကွင်းအမှတ် ၃၀၆ ငး၊ ဦးပိုင်အမှတ်N-၃/ဧရိယာ ၆ဒသမ၉၀ဧက နှင့် ဦးပိုင် N-၂၀/ဧရိယာ ၆ဒသမ ၀၃ဧက မြေအမျိုးအစား(G)မြေ၊ ကော့မှူးမြို့နယ်အား လက်ရှိလက်ငုပ် လုပ်ကိုင်စားသောက် ပိုင်ဆိုင်သူဖြစ်ကြောင်းနှင့် မည်သူတစ်ဦးတစ်ယောက်မှပိုင်ဆိုင်မှုအား ခွဲဝေထားခြင်း ပေါင်နှံပေးကမ်းထားခြင်းမရှိဘဲ ယနေ့ထက်တိုင်တစ်ဦးတည်းပိုင်ဆိုင်သူဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဒေါ်တင်ငွေး (N/RGN ၀၄၆၁၄၈)
၁၂/ကမန(နိုင်)၀၇၁၄၃၁
မြောက်ချောင်ကျေးရွာ၊
ချောင်ကော်ခြံ၊ ကော့မှူးမြို့နယ်၊
ရန်ကုန်မြို့

ကန့်ကွက်နိုင်ကြောင်း အသိပေးကြေညာခြင်း

ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး(၈)၊ အကွက်အမှတ် ၉၊ ပဒေသာမြို့သစ်၊ ဦးပိုင်အမှတ် ၁၊ မြေယာအမှတ် ၁၊ ဧရိယာ ၀ဒသမ၀၂၈ရှိမြေကွက်အား မြေငှားဂရန်သစ်/ဦးပိုင်ခွဲ/ အမည်ပြောင်းလျှောက်ထားနိုင်ရေး ဒေါ်ပြုံးပြုံးရီမှ ဆောင်ရွက်သွားမည်ဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများရှိပါက ပြင်ဦးလွင်ခရိုင်နှင့် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ ကြော်ငြာပါသည့်ရက်မှစ၍ ၁၄ ရက်အတွင်း မြေပိုင်ဆိုင်မှုအထောက်အထားပြည့်စုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ကြောင်း ကြေညာအပ်ပါသည်။

ဒေါ်ပြုံးပြုံးရီ
၉/မမန(နိုင်)၀၂၅၉၃၁
အမှတ် ၁၊ နဝရတ်လမ်းနှင့် စံပါယ်လမ်းထောင့်၊
ရပ်ကွက်ကြီး(၈)၊
ပဒေသာမြို့သစ်၊
ပြင်ဦးလွင်မြို့

ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန
ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန
(အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ ၂၀၁၈ ခုနှစ် (ဧပြီလမှစက်တင်ဘာလအထိ) ခွင့်ပြုရန်ပုံငွေမှ ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနတွင် အောက်ဖော်ပြပါပစ္စည်းများအား မြန်မာကျပ်ငွေဖြင့် ဝယ်ယူခြင်းတို့အတွက် အိတ်ဖွင့်တင်ဒါပေးသွင်းရန် ဖိတ်ခေါ်အပ်ပါသည်-

(က) ရုံးအသုံးအဆောင်ပစ္စည်းများ (၃၀)မျိုး

၂။ တင်ဒါတင်သွင်းရမည့်လိပ်စာမှာ ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှု ဦးစီးဌာန၊ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန၊ ရုံးအမှတ် (၂၉)၊ နေပြည်တော် ဖြစ်ပါသည်။

၃။ တင်ဒါနောက်ဆုံးတင်သွင်းရမည့် ရက်နှင့်အချိန် ၂၅-၄-၂၀၁၈ရက် (ဗုဒ္ဓဟူးနေ့) ညနေ ၄:၃၀ နာရီ နောက်ဆုံးထား၍ တင်သွင်းရမည်။

၄။ တင်ဒါခေါ်ယူသည့်အကြောင်းအရာနှင့် စံချိန်စံညွှန်းအရည်အသွေးသတ်မှတ်ချက်များ၊ တင်ဒါတင်သွင်းသူ၏ အရည်အချင်းဆိုင်ရာလိုအပ်ချက်များ၊ တင်ဒါစာရွက်စာတမ်းများအတွက် ကျသင့်သည့်ဈေးနှုန်း၊ တင်ဒါတင်သွင်းရမည့် နည်းလမ်းများကို အထက်အပိုဒ်(၂)ပါ လိပ်စာတွင် ၂၈-၃-၂၀၁၈ရက်မှစ၍ ရုံးချိန်အတွင်း ရယူနိုင်ပြီး အသေးစိတ်အချက်အလက်များကိုလည်း ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ
ဖုန်း-၀၆၇-၄၀၅၃၆၂၊ ၀၆၇-၄၀၅၀၉၈

ကယားပြည်နယ်အစိုးရအဖွဲ့
စည်ပင်သာယာရေးနှင့် လူမှုရေးဝန်ကြီးဌာန
ကယားပြည်နယ်စည်ပင်သာယာရေးအဖွဲ့
အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ကယားပြည်နယ်အစိုးရအဖွဲ့၊ စည်ပင်သာယာရေးနှင့် လူမှုရေးဝန်ကြီးဌာန၊ ကယားပြည်နယ် စည်ပင်သာယာရေးအဖွဲ့ ကွပ်ကဲမှုအောက်ရှိ မြို့နယ်စည်ပင်သာယာရေးအဖွဲ့များတွင် ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ် ကယားပြည်နယ်အစိုးရအဖွဲ့ ငွေလုံးငွေရင်းခွင့်ပြု ရန်ပုံငွေဖြင့် အောက်ဖော်ပြပါ ပစ္စည်းဝယ်ယူရေးနှင့် တည်ဆောက်ရေးလုပ်ငန်းများအတွက် မြန်မာနိုင်ငံသားလုပ်ငန်းရှင်/ကုမ္ပဏီများထံမှ အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်-

(က) **ပစ္စည်းဝယ်ယူရေးလုပ်ငန်း**
(၁) ကတ္တရာဝယ်ယူခြင်း - (၂၁၁ ဒသမ ၅၆)တန်
(ခ) **တည်ဆောက်ရေးလုပ်ငန်း**
(၁) လမ်း၊ တံတား၊ ရေပေးရေး - Lot (14) ခု

၂။ **တင်ဒါလျှောက်လွှာ စတင်ရောင်းချမည့်ရက်** - ၂၄-၃-၂၀၁၈ ရက်
၃။ **တင်ဒါလျှောက်လွှာပိတ်သိမ်းမည့်ရက်** - ၂၃-၄-၂၀၁၈ ရက် ၁၆:၀၀ နာရီ

၄။ တင်ဒါအဆိုပြုလွှာများကို ကယားပြည်နယ် စည်ပင်သာယာရေးအဖွဲ့ရုံးတွင် ဝယ်ယူနိုင်ကြောင်း ကြေညာအပ်ပါသည်။

၅။ အသေးစိတ်အချက်အလက်များကို ကယားပြည်နယ်စည်ပင်သာယာရေးအဖွဲ့ ဖုန်း-၀၈၃-၂၂၂၂၀၂၆၊ ၀၈၃-၂၂၂၁၆၈၇ သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

တင်ဒါရောင်းချရေးကော်မတီ

ဆံတော်ရှင်ကျိုက်ထီးရိုးစေတီတော်ဂေါပကအဖွဲ့
အိတ်ပိတ်ဈေးပြိုင်တင်ဒါကြော်ငြာ

၁။ ဆံတော်ရှင်ကျိုက်ထီးရိုးစေတီတော်၏ ၂၀၁၇-၂၀၁၈ ဘုရားပွဲတော်ရာသီတွင် ရင်ပြင်တော်စခန်းရှိ ဆည်းလည်းအရောင်းဌာနတွင် ရောင်းချရန်အတွက် လိုအပ်လျက်ရှိသော အောက်ဖော်ပြပါ ဆည်းလည်းများကို အိတ်ပိတ်ဈေးပြိုင်တင်ဒါစနစ်ဖြင့် တတိယအကြိမ် ဝယ်ယူမည်ဖြစ်ပါသည်-

ဆည်းလည်းအမျိုးအစား	အရေအတွက်
(က) ၁၀ ကျပ်သား၊ မန္တလေး(အထူ)	၁၀၀၀၀ လုံး
(ခ) ၁၅ ကျပ်သား၊ မန္တလေး(အလတ်)	၈၀၀၀ လုံး
(ဂ) ၂၀ ကျပ်သား၊ မန္တလေး(အကြီး)	၆၀၀၀ လုံး
(ဃ) ၂၅ ကျပ်သား၊ မန္တလေး(အသေးပါး)	၁၀၀၀၀ လုံး

၂။ သို့ဖြစ်ပါ၍ အိတ်ပိတ်ဈေးပြိုင်တင်ဒါ တင်သွင်းလုပ်ကိုင်လိုသူများသည် ၆-၄-၂၀၁၈ရက် ညနေ ၄:၀၀ နာရီ နောက်ဆုံးထား၍ အောက်ဖော်ပြပါ အထောက်အထားများပူးတွဲလျက် ကင်မွန်းစခန်း ဂေါပကအဖွဲ့ရုံးသို့ တင်ဒါလျှောက်ထားရန်နှင့် ၇-၄-၂၀၁၈ရက် နံနက် ၁၀:၀၀နာရီတွင် တင်ဒါဖွင့်ဖောက်မည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်-

(က) လုပ်ငန်းမှတ်ပုံတင်ရှိရမည်။
(ခ) အခွန်စည်းကြပ်မှုအတွက် ဝင်ငွေခွန်ပြေစာ (၂၀၁၆-၂၀၁၇ခုနှစ်၊ ၂၀၁၇-၂၀၁၈ခုနှစ်)အတွက် ဝင်ငွေခွန်ဆောင်ထားမှု အထောက်အထား ပူးတွဲတင်ပြရမည်။ တင်ပြရာတွင် အိမ်ထောင်ဦးစီး(သို့)ဇနီးတို့၏ အမည်ပေါက်သာဖြစ်ရမည်။
(ဂ) အိမ်ထောင်စုစာရင်း မူရင်းတင်ပြရမည်။

ကျိုက်ထီးရိုးစေတီတော်ဂေါပကအဖွဲ့၊ ကျိုက်ထိုမြို့

သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန
အနုပညာဦးစီးဌာန
အနုပညာအထက်တန်းကျောင်းများအတွက် သင်တန်းသားသစ်ခေါ်ယူခြင်း

၁။ ရန်ကုန်မြို့နှင့် မန္တလေးမြို့များရှိ အနုပညာအထက်တန်းကျောင်းများတွင် (ပထမနှစ်) ပန်တျာသင်တန်းနှင့် ပန်းချီ၊ ပန်းပုသင်တန်းသို့ တက်ရောက်ရန်အတွက် လျှောက်လွှာများခေါ်ယူလျက်ရှိပါသည်။

၂။ အခြေခံပညာအလယ်တန်း(သတ္တမတန်း)အောင်မြင်ပြီးသူများ လျှောက်ထားနိုင်ပြီး ဂီတ၊ သဘင်၊ ပန်းချီ၊ ပန်းပုပညာရပ်များအပြင် အခြေခံပညာ(အဋ္ဌမတန်း၊ နဝမတန်းနှင့် တက္ကသိုလ်ဝင်တန်း) စာပေပညာများကို ပူးတွဲသင်ကြားခွင့်ရရှိမည်ဖြစ်ပါသည်။

၃။ လျှောက်ထားလိုသူများသည် အနုပညာဦးစီးဌာနနှင့် သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ် အစိုးရအဖွဲ့ရုံးများ၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးများတွင် စုံစမ်းမေးမြန်း၍ ၂၇-၄-၂၀၁၈ ရက် နောက်ဆုံးထား လျှောက်ထားနိုင်ပါသည်။

